## တက္ကသိုလ်သောတဇုန

(မဟာဓမ္မာစရိယ)

# ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားရှင်သန်စေဖို့



GRAPHIC NAY WINN AUNG

ဗုဒ္ဓဘာသာယဉ်ကျေးမှု
ထွန်းကားရှင်သန်စေဖို့

**တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)**

အမှတ် ......
ရက်စွဲ ၂၇၉၃၇
စာကြည့်တိုက်

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၁၁၉/၀၁ (ပုံနှိပ်)သသန-၀၉ |
| တာဝန်ခံထုတ်ဝေသူ | - ဦးဝင်းနိုင်၊ ညွှန်ကြားရေးမှူး ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ သာသနာရေးဦးစီးဌာန |
| မျက်နှာဖုံးဒီဇိုင်း | - နေဝင်းအောင် |
| မွမ်းမံစီစဉ် | - မြေလတ်မင်းလွင် (ဖုန်း ၀၉၅၀၃၀၆၉၆) |
| ကွန်ပျူတာစာစီနှင့် အတွင်းအပြင်အဆင် | - ဝင်းဝင်းရွှေ |
| အတွင်းဖလင် | - ပုံရိပ်ရှင်(အောင်ဇော်) |
| ပုံနှိပ် | - ကိုတင်အောင်ကျော် "စွယ်တော်" ပုံနှိပ်တိုက် ၅၁-လမ်း၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - မျိုးဆက်သစ်စာပေ၊ အမှတ်(၂၄၂)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ဖုန်း - ၂၄၅၁၃၄ |
| အုပ်ရေ | - ၁၀၀၀ |
| ထုတ်ဝေသည့်လ | - ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ် |
| တန်ဖိုး | - ၁၂၀၀ ကျပ် |

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

# ဓမ္မဒါနစာအုပ်အလှူရှင်

ဤစာအုပ်ကို နိုင်ငံကျော်ဓမ္မကထိက 'ကိုးဘွဲ့ရ ဆရာတော်အရှင်အာစာရလင်္ကာရ' ဇါမိခင် ရဟန်း၊ ကျောင်း၊ သိမ်၊ ဘုရားအလှူ ဒါယိကာမကြီး 'အမေညို' က ဓမ္မဒါနအဖြစ် လှူဒါန်းပါသည်။ ။

# မာတိကာ


ဘဒ္ဒန္တအာသဘ(တက္ကသိုလ်သောတဖုနှ-မဟာဓမ္မာစရိယ)

ထေရုပ္ပတ္တိအကျဉ်းချုပ် ၅

စကားဦး ၉

ဗုဒ္ဓ၏လောကဝတ်စကား ၁၁

ကျေးဇူးသိစိတ် ၁၉

အရှင်သာရိပုတ္တရာ၏ရှိသေမှု ၂၉

ဆုံးမမှုကျင့်ဝတ် ၃၇

ယဉ်ကျေးမှုနှင့်ချမ်းသာခြင်း ၄၃

ယဉ်ကျေးသော ရှင်ရဟန်းများဖြစ်ဖို့ ၅၃

ဗုဒ္ဓဘာသာ သာသနာပြုနည်း ၅၉

မင်္ဂလသုတ် ဆွမ်းတစ်အုပ် ၆၅

ယဉ်ကျေးကြစေဖို့ ၇၅

အသက်သိက္ခာကြီးသူတို့၏နေရာ ၈၁

အရိုအသေပြုပုံများ ၈၇

တရားတော်ကို အလေးဂရုပြုပုံများ ၉၉

စာချစာသင်သီးသန့်တရားစခန်း ၁၀၉

ကသာမြို့မှ ဓမ္မသံစဉ်များ ၁၂၁

ကြီးပွားခြင်း၏ လက္ခဏာ ၁၃၃

အောင်မြင်ခြင်းအကြောင်းနည်းလမ်းကောင်း ၁၄၁

ကြီးပွားခြင်း၏ အကြောင်းများ ၁၄၉

ထူးချွန်သူဖြစ်လိုပါသလား ၁၅၇

လက်တွေ့အသုံးချပဋ္ဌာန်းပစ္စည်း ၁၆၃

ဒီပနီကျမ်းများက ပြောပြသော

လယ်တီဆရာတော်ဘုရားကြီးအကြောင်း ၁၇၃

ဒီပနီကျမ်းများကပြောပြသော သမိုင်းအပိုင်းအစများ ၁၉၉



## ဘဒ္ဒန္တအာသဘ(တက္ကသိုလ်သောတုဇန-မဟာဓမ္မာစရိယ)
### ထေရုပ္ပတ္တိအကျဉ်းချုပ်

ဘဒ္ဒန္တအာသဘ (တက္ကသိုလ်သောတုဇန-မဟာဓမ္မာစရိယ) ကို မန္တလေးတိုင်း၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းရွာ အဖ ဦးအောင်ကြည်+အမိ ဒေါ်စောကြွယ်တို့မှ သက္ကရာဇ် ၁၃၂၂ ခုနှစ်၊ နယုန်လဆန်း(၁၂)ရက် (၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်) တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။

ရှင်ပြုခြင်း

၁၃၃၇ ခုနှစ် တပို့တွဲလဆန်း(၁၂)ရက်၊ (၁၉၇၆-ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ရက်)နေ့တွင် မိဘနှစ်ပါးတို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟကိုခံယူကာ ဘိုတက်ကုန်းရွာ၊ ရွာဦးကျောင်းဆရာတော် ဦးပဒုမကို ဥပဇ္ဈာယ် ပြုလျက် ရှင်ပြုခဲ့သည်။ ဘွဲ့အမည်မှာ ရှင်အာသဘဖြစ်သည်။

မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခြင်း

၁၃၄၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၁)ရက်၊ (၁၉၈၀-ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်) ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းမြို့နယ်၊ အုန်းတောတောင်ရွာနေ ဦးကျော်သိန်း+ဒေါ်ငွေးမိသားစုနှင့် ဘိုတက်ကုန်းရွာသူရွာသားများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းရွာ၊ ရွာဦးကျောင်း ခဏ္ဍသိမ်တော်၌ သန့်စင်ကုန်းရွာကျောင်းဆရာတော်ဦးပညာဝံသကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

ပိဋကတ်စာပေကို သင်ယူခြင်း

၁၃၃၉-ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်၊ (၁၉၇၇-ခုနှစ်၊ မေ ၂၁-ရက်) ကြာသပတေးနေ့တွင် ဝါခင်းကုန်း တိုက်ကျောင်းဆရာတော်ဦးဇဋိလ(အဂ္ဂမဟာပဏ္ဍိတ)ထံ ပညာသင်ရန် ရောက်ရှိသည်။

၁၃၄၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော်(၁၁)ရက် (၁၉၇၈-ခုနှစ်၊ ဇူလိုင်လ ၁ ရက်) တွင် မန္တလေးမြို့၊ အနောက်တောင်မြို့နယ် (ယခု အောင်မြေသာစံမြို့နယ်) ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန် စာချကျောင်းဆရာတော် ဦးဇောတိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်) ထံ ပညာသင်ရန် ရောက်ရှိခဲ့သည်။

၁၃၄၅ ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲအောင်၍ "သာသနဓဇဓမ္မာစရိယဘွဲ့" ကို ရရှိခဲ့သည်။

၁၃၄၈ ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက် (၁၉၈၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်) နေ့တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)သို့ ပညာသင်ရန် ရောက်ရှိခဲ့သည်။

၁၃၅၁ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက် (၁၉၈၉ခုနှစ်၊ ဇူလိုင်လ ၁၀ရက်)တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)သို့ ပညာသင်ရန် ရောက်ရှိခဲ့သည်။

၁၃၅၆ ခုနှစ်၊ နတ်တော်လပြည့်နေ့ (၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်)တွင် "မဟာဓမ္မာစရိယ" ဘွဲ့ကို ရရှိသည်။

ပရိယတ္တိစာပေများပို့ချခြင်း

၁၃၅၄ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက် (၁၉၉၂ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်)နေ့မှစ၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ အဘိဓမ္မမဟာဌာန၌ နယဒေသက (နည်းပြ) တာဝန်ဖြင့် စာဝါများပို့ချသည်။

၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်နေ့မှစ၍ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာနသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် မြန်မာစာပေ ပို့ချပေးခဲ့သည်။

၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း(၁၁)ရက် (၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)နေ့တွင် ဂဏာဝါစက(ကထိက)ရာထူး တိုးမြှင့်ခြင်းခံရသည်။

၂၀၀၅-ခုနှစ်၊ မတ်လတွင် ပိဋကတ်ဆိုင်ရာမြန်မာစာဌာန၊ ဌာနမှူး(ပါမောက္ခ) ရာထူးတိုးမြှင့်ခြင်းခံရသည်။

၁၃၆၅ ခုနှစ် ပြာသိုလဆန်း(၁၃)ရက် (၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက်)နေ့တွင် "မဟာဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့တံဆိပ် ရရှိတော်မူသည်။

## ဘာသာရေးစာပေများရေးသားခြင်း

၁၉၈၆-ခုနှစ်မှစ၍ ဝါခင်းကုန်းအရှင်အာသဘကလောင် အမည်ဖြင့် ဘာသာရေးစာပေများ စတင်ရေးသားခဲ့သည်။

၁၉၉၀-ပြည့်နှစ်တွင် တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)ဟူသော ကလောင်အမည်တစ်မျိုးတိုးပြီး ရေးသားခဲ့သည်။

ယခုအချိန်တွင် ဘာသာရေး ဆောင်းပါးပေါင်း (၄၂၀)မျှ ဖော်ပြပါရှိပြီးဖြစ်သည်။

## ထုတ်ဝေပြီးစာအုပ်များ

၁။ ပုဂ္ဂိုလ်ထူးဆိုလျှင် ကြည်ညိုစရာလားနှင့် ကိုးကွယ်မှု မှန်ကန်ရေး ဓမ္မစာစုများ(၁၉၉၇ ခုနှစ်)

၂။ ဗုဒ္ဓဘာသာဝင်တို့၏အသက် (၁၉၉၈ ခုနှစ်)

၃။ သတိစွမ်းအား (၂၀၀၀ ပြည့်နှစ်)

၄။ ဗုဒ္ဓအဘိဓမ္မာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး (၂၀၀၃ ခုနှစ်)

## သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိခြင်း

ယခုအချိန်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)၊ ပိဋကတ်ဆိုင်ရာ မြန်မာစာဌာန၌ ဌာနမှူး(ပါမောက္ခ) တာဝန်ဖြင့် ပိဋကတ်စာပေများ ပို့ချပေးကာသာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

❑

# စကားဦး

စာရေးသူတို့ မြန်မာနိုင်ငံ၌ ယောကျ်ား၊ မိန်းမ၊ ကလေး လူကြီး အတော်များများသည် တရုတ်လူမျိုး၊ ကိုးရီးယားလူမျိုးနှင့် အတော်ရင်းနှီးနေကြပါပြီ။ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ စိတ်နေစိတ်ထားများကို သိရှိနေကြပါပြီ။ ရုပ်/သံလွှင့်ဌာနများက ယင်းလူမျိုးတို့၏ ဇာတ်လမ်းတွဲများကို နေ့စဉ်ပြသနေကြသော ကြောင့်ဖြစ်သည်။

ယင်းဇာတ်လမ်းတွဲများကိုကြည့်လျှင် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်စရာ၊ မနှစ်မြို့စရာ အပြုအမူ မျိုး၊ အပြောအဆိုမျိုးကို ပြုမိပြောဆိုမိသွားလျှင် တောင်းပန်စကား ပြောဆိုတတ်ကြသည်။ တစ်ယောက်ယောက်နှင့်တွေ့လျှင် ဦးခေါင်း ညွှတ်ကာ အရိုအသေပေးတတ်ကြသည်။ တစ်စုံတစ်ယောက်၏ အခန်းတွင်းသို့ဝင်လိုလျှင် တံခါးခေါက်ခြင်း၊ ချောင်းဟန့်ခြင်းအမှု များပြုကာ အသံပေးတတ်ကြသည်။ ဝင်ခွင့်တောင်း၍ ဝင်ခွင့်ပြုမှ ဝင်တတ်ကြသည်။ ဤသို့သော အပြုအမူမျိုးများကို တွေ့ကြရမည် ဖြစ်သည်။ ဤအပြုအမူမျိုးကို ယဉ်ကျေးသော အပြုအမူမျိုးဟု အများက ပြောဆိုလက်ခံထားကြသည်။

စာရေးသူအရှင်သည် ထိုယဉ်ကျေးသော အပြုအမူဓလေ့ များကို မြင်တွေ့ရသောအခါ "ဒါတွေဟာ တို့ပိဋကတ်စာပေမှာလဲ ရှိတာပဲ၊ ဒီအပြုအမူတွေဟာ မြတ်စွာဘုရားနဲ့ ရဟန္တာအရှင်မြတ် ကြီးများပင်ပြုခဲ့တဲ့ အပြုအမူမျိုးတွေပဲ" ဟု အောက်မေ့ကာ မိမိဖတ်ရှု ခဲ့ဖူးသော ပိဋကတ်စာပေ၌ပါရှိသော အကြောင်းအရာများကို ပြန် လည်ဖတ်ရှုကာ မှတ်စုထုတ်ဖြစ်ခဲ့သည်။ ထို့နောက် ဆောင်းပါးများ ရေးသားကာ လစဉ်ထုတ်မဂ္ဂဇင်းများ၌ ထည့်ဖြစ်ခဲ့သည်။

ယခု ထိုယဉ်ကျေးမှုနှင့် ပတ်သက်သော၊ ဆီလျော်သော ဘာသာရေးဆောင်းပါးများကို စုစည်းကာစာအုပ်အဖြစ် ထုတ်ဝေ

လိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်ထုတ်ဝေရာ၌ အရင်းအနှီးစိုက်ထုတ် လှူဒါန်းသော "**ဓမ္မကထိကကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ**" အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ထို့နောက် စာမူများကို မဂ္ဂဇင်းထက်တွင်ဖော်ပြလျက် စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သော ဓမ္မရံသီမဂ္ဂဇင်းနှင့် ဓမ္မရတနာမဂ္ဂဇင်း အယ်ဒီတာချုပ်ဆရာကြီးဦးလေးမြိုင်၊ စာအုပ်ထုတ်ဝေရာ၌ ကိုယ်အားစိတ်အားဖြင့်ပါဝင်ကူညီကြသော တက္ကသိုလ်တေဇာလင်း၊ မင်းသာကီသွေး၊ ဇေယျာနရိန်(မြောင်းမြ)၊ အရှင်ရေဝတ (သာသနာ့ပျိုးခင်း)၊ မောင်ထက်အောင်(မန္တလေး)၊ မြေလတ်မင်းလွင်၊ ကိုရွှေသောင်းဝင်း၊ မင်းနန်(မော်ကျွန်း) ပန်းဒကာကိုတင်မြင့်တို့အား ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းနေကြသော ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းရွာ၊ ရွာဦးကျောင်းဆရာတော် ဦးပညာကိတ္တိ၊ မိဘနှစ်ပါးနှင့် ဒကာ, ဒကာမများ၊ မန္တလေးမြို့မှ ဒေါ်ဥညိုမိသားစု (အေးသုခသင်္ကန်းတိုက်)၊ ဦးသန်းဇော်+ ဒေါ်မြင့်မြင့်ငွေ့ (ငြိမ်းချမ်းရုပ်သံပြုပြင်ရေး)၊ ကသာမြို့မှ ဒေါ်စန်းကြိုင်၊ ဒေါ်လှလှမြင့် (ခ)ဒေါ်တူးနှင့် ဆွမ်းကပ်အဖွဲ့၊ ထီးချိုင့်မြို့မှ ဒေါ်ခင်သက်ဦး၊ ဒေါ်ခင်စန်းလှခေါင်းဆောင်သော ဆွမ်းကပ်အဖွဲ့၊ ပုသိမ်ခရိုင်၊ ဒါးကရွာမှ ဦးမောင်ခ+ဒေါ်တင်သန်း မိသားစု၊ ဦးစိန်ဝင်း+ဒေါ်ကြိုတီ၊ မအေးအေးကြူ၊ မပုံ့ပုံ့၊ မမူမူဝင်း၊ မရေယ်စိုး၊ မဇွန်မေရီစိုး၊ ဒေါက်တာနိုင်ဝင်း+မသင်းသင်း၊ ဒေါက်တာစိုးမင်း+မမိမိတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တက္ကသိုလ်သောတနေ(မဟာဓမ္မာစရိယ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့

❑

## ဗုဒ္ဓ၏ လောကဝတ်စကား

လူလောကတွင် လူတို့လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးသူအား လူယဉ်ကျေးဟုခေါ်ပါသည်။ ထိုသူများသည် လူအများ၏နှစ်လိုခြင်းကိုလည်း ခံရပါသည်။

လူအများနှင့် ဆက်ဆံရာတွင် လူ့ကျင့်ဝတ်များစွာရှိသည်။ သူတစ်ပါး၏ အိမ်ရုံးခန်းစသော ပိုင်နက်သို့ဝင်လိုလျှင် ခွင့်တောင်းရခြင်း၊ အသံပြုရခြင်း၊ တံခါးခေါက်ရခြင်း၊ ပြန်တော့မည်ဆိုလျှင်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်အားအသိပေးပြီးမှ ပြန်ရခြင်း၊ မိတ်ဆွေအချင်းချင်းတွေ့ကြရာ၌ သာကြောင်းမာကြောင်းစသော သတင်းစကားမေးရခြင်းစသည်များစွာရှိပေသည်။

ယခုခေတ် လူယဉ်ကျေးဟု အခေါ်ခံရသူများ လိုက်နာပြုကျင့်သည့်အပြုအမူများကို ဘုရားရဟန္တာများလည်း ပြုမူလေ့ရှိသည်ကိုတွေ့ရပါသည်။

ဘုရားရဟန္တာအရှင်မြတ်များသည် လောကတွင် အယဉ်ကျေးဆုံး ပုဂ္ဂိုလ်များပင်ဖြစ်သည် မဟုတ်ပါလော။

**အသိပေးနှုတ်ဆက်ခြင်း**

မြတ်စွာဘုရားရှင် ၁၂-ဝါမြောက် ဝေရဥ္စာပြည်၌ ဝါကပ်

တော်မူစဉ်က ဖြစ်သည်။ ဝေရဉ္ဇပုဏ္ဏားကြီးသည် မြတ်စွာဘုရား ရောက်တော်မူကြောင်းကြားသိလျှင် ရောက်လာပြီး သာကြောင်းမာကြောင်းစကားများဖြင့် မေးမြန်းနှုတ်ဆက်သည်။ ထို့နောက် "အရသရူပေါ ဘဝံ ဂေါတမော= အရှင်ဂေါတမသည် သာမဂ္ဂီဟူသော ဝုမ္မာပစာယနတရားကို သာယာခြင်းသဘောမရှိ (မိမိထက် အသက်ကြီးသူတို့ကို အရိုအသေပြုရခြင်း၊ ခရီးဦးကြိုဆိုရခြင်းသဘောကိုသာယာခြင်းမရှိ၊ လိုက်နာခြင်းမရှိ)" စသော စကားရှစ်ခွန်းတို့ဖြင့်စွပ်စွဲသည်။ ယင်းစွပ်စွဲချက်များကို မြတ်စွာဘုရားရှင်က ပုဏ္ဏားကြီးပြောသော စကားလုံးတို့ဖြင့်ပင် (ရူပါရုံစသည်၌ သာယာခြင်းသဘောမရှိဟု ပြောဆိုပါက ကောင်းစွာပြောဆိုရာရောက်၏) အဓိပ္ပါယ်တစ်မျိုးဆောင်လျက် ဟောပြောတော်မူသည်။ ဈာန်မဂ်ဖိုလ်တရားအထိပင် ဟောတော်မူသည်။ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကိုကြည်ညိုသဖြင့် ၄င်း၏တိုင်းပြည်၌ပင် ဝါကပ်တော်မူရန် တောင်းပန်လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က ဆိတ်ဆိတ်နေတော်မူလျက် လက်ခံတော်မူသည်။

ဝေရဉ္ဇပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကို ဝါကပ်ရန် တောင်းပန်လျှောက်ထားပြီးနောက် ပြန်သွားသည်မှစ၍ မြတ်စွာဘုရားကို သတိမရတော့ပေ။ ထိုဝါတွင်း၌ ယင်းတိုင်းပြည်တွင် မိုးခေါင်သဖြင့် ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်သည်။ လူတွေ အစားအစာပြတ်ကာ သေသူသေကုန်သည်။ လူတွေ အစားအစာပြတ်သဖြင့် ရဟန်းတော်များလည်း ဆွမ်းခံမရတော့ပေ။ ကံကောင်းထောက်မသဖြင့် ဥတ္တရာပထတိုင်းမှလာကြသော မြင်းကုန်သည်များက မုယောဆန်ကြမ်းကိုလှူကြသဖြင့် ယင်းဆန်ကိုပင် ထောင်းထုကာ ရေနွေးဘုဉ်းပေးကြရရှာလေသည်။ ဝါတွင်းသုံးလပတ်လုံးဖြစ်သည်။

ဝါကျွတ်သောအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာ ခေါ်တော်မူလျက် ဝေရဉ္စပုဏ္ဏားကြီးအိမ်သို့ ကြွတော်မူကာ အသိပေး နှုတ်ဆက်သည်။

"ပုဏ္ဏားကြီး၊ သင်တောင်းပန်သဖြင့် ငါတို့ ဝါကပ်ခဲ့ပြီ၊ ယခု ဝါကျွတ်ပြီ၊ ငါတို့ အရပ်တစ်ပါး ကြွတော့မည်"

မြတ်စွာဘုရားရှင်တို့သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တောင်းပန်လျှောက်ထားချက်အရ ယင်းမြို့ရွာ၌ ဝါကပ်သီးတင်းသုံး၍ အရပ်တစ်ပါးသို့ ကြွတော့မည်ဆိုလျှင် ထိုတောင်းပန်လျှောက် ထားသူအား အသိပေး(နှုတ်ဆက်)ပြီးမှ ကြွတော်မူလေ့ရှိကြသည်။ ဤသည်မှာ ဘုရားရှင်တို့၏ အလေ့အထပင်ဖြစ်သည်။

## ခွင့်တောင်းခြင်း

မြတ်စွာဘုရားရှင် အာဠာဝကဘီလူးကို တရားဟောချေ ချွတ်တော်မူရန် သာဝတ္ထိပြည်မှ အာဠဝီပြည် အာဠာဝကဗိမာန် တည်ရှိရာ ပဉ္စောင်ပင်သို့ ကြွတော်မူလာသည်။ ထိုအချိန်တွင် အာဠာဝကဘီလူးမှာ ဟိမဝန္တာတောင်ဝယ် ဘီလူးတို့၏ အစည်း အဝေးသို့ သွားရောက်နေချိန်ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် တံခါးစောင့်ဂဒြဘထံ ခွင့်တောင်းသည်။

"ဂဒြဘ၊ ငါဘုရားသည် ထိုအာဠာဝကဘီးလူး၏ ခက်ထန် ကြမ်းတမ်းမှုကိုသိပေ၏။ ငါဘုရားမှာ အန္တရာယ်မျိုးတစ်စုံတစ်ခုဖြစ် လိမ့်မည်မဟုတ်။ အကယ်၍ သင့်အားဝန်မလေးလျှင် ငါဘုရားသည် အာဠာဝကဘီလူး၏ ဗိမာန်၌ ယနေ့တစ်ညဉ့်မျှနေလိုသည်။"

သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ခွင့်မတောင်းဘဲ သူများ ပိုင်နက် ကျူးကျော်ဝင်ရောက်ခြင်းမှာ မယဉ်ကျေးသူတို့၏ အပြုအမူ

ဖြစ်သည်။ မြတ်စွာဘုရားသည် လောကတွင် အယဉ်ကျေးဆုံး ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် လူယဉ်ကျေးတို့ပြုမူလေ့ရှိသည့် ကျင့်ဝတ် များအတိုင်း ပြုမူခြင်းဖြစ်ပေသည်။

ခွင့်တောင်းသည့်အပြုအမူကို ဘုရားရှင်၏ တပည့်သာဝက များလည်း လိုက်နာကျင့်သုံးလေ့ရှိသည်ကို တွေ့ရပါသည်။ အရှင် အနုရုဒ္ဓါ ကောသလတိုင်းအတွင်း၌ ဒေသစာရီလှည့်လည်စဉ် ညနေ ချမ်းအချိန်တွင် ရွာတစ်ရွာသို့ရောက်သွားပါသည်။တည်းခိုဆောင် တစ်ခုကို တွေ့၍ ညကျိန်းစက်ရန်ပြင်ပါသည်။ မကျိန်းစက်မီ တည်း ခိုဆောင်ကုသိုလ်ရှင် အမျိုးသမီးထံ သွားရောက်ခွင့်တောင်းပါသည်။ ခွင့်ရမှ တည်းခိုပါသည်။ လမ်းဘေးက တည်းခိုဆောင်(ဇရပ်)ပဲဆိုကာ ပိုင်စိုးပိုင်နင်းတက်မနေပေ။ သက်ဆိုင်ရာပုဂ္ဂိုလ်ကို ခွင့်တောင်း၍ နေခွင့်ရမှ နေပါသည်။ ယဉ်ကျေးသူတို့၏ အပြုအမူဖြစ်ပါသည်။

### လောကဝတ်စကား

လူလောကတွင် ခင်မင်ရင်းနှီးသော မိတ်ဆွေအချင်းချင်း တွေ့ကြရာ၌ (ကျန်းမာနေသည်ကို မြင်တွေ့နေလျက်ပင်) သာ ကြောင်းမာကြောင်း မေးလေ့ရှိကြသည်။ သားရေးသမီးရေး, စီးပွား ရေးစသောကိစ္စများကို မေးမြန်းလေ့ရှိကြသည်။ လူတို့ကလည်း မိမိတို့ကိစ္စကို ဂရုတစိုက်မေးဖော်ရပါမှ ကျေနပ်ကြသည်။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များ, လူဝတ်ကြောင် များ လာရောက်ကန်တော့သောအခါ၌လည်းကောင်း၊ ၎င်းတို့ထံ ရောက်ရှိသွားသောအခါ၌လည်းကောင်း ခံ့ကျန်း၏လော၊ မျှတ၏ လောစသော လောကဝတ်စကားများဖြင့် မေးမြန်းသည့်အပြုအမူကို ပြုမူလေ့ရှိသည်ကို တွေ့ရပါသည်။ ယင်းသို့ပြုမူရာတွင် ရဟန်း

တစ်ပါးအလိုက်၊ ရဟန်းအများအလိုက်၊ လူဝတ်ကြောင်အလိုက် မေးမြန်းနှုတ်ဆက်သည့်စကားကတော့ မတူတတ်ပေ။အနည်းငယ် ကွဲပြားတတ်သည်။

## ရဟန်းတစ်ပါး နှုတ်ခွန်းဆက်

မြတ်စွာဘုရားရှင်သည် မညီမညွတ်ခိုက်ရန်ဖြစ်နေကြသော ကောသမ္ဗီရဟန်းများ ညီညွတ်စေရန် ခိုက်ရန်ဖြစ်ခြင်း၏ဆိုးကျိုး၊ ညီညွတ်ခြင်း၏ကောင်းကျိုး ပြဇာတ်ဝတ္ထုပေါင်းများစွာဖြင့် ဆုံးမတော်မူသည်။ သို့သော် ဆုံးမမရပေ။ မည်သို့မျှ ဆုံးမမရသောအခါ ခိုက်ရန်ဖြစ်သူတို့ကို အားမပေး မချီးမြှောက်ချင်၊ ညီညွတ်စွာနေသူတို့ကိုသာ အားပေးချီးမြှောက်ချင်သည့် စိတ်ရှိကြောင်းပြသသည့် အနေဖြင့် ကောသမ္ဗီရဟန်းများကို ကျောခိုင်းခဲ့ပြီးညီညွတ်စွာနေကြသော အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့ သီတင်းသုံးရာ အရှေ့ဝါးတောအရပ်သို့ ကြွသွားတော်မူလေသည်။ ယင်းသို့ ကြွသွားတော်မူရာတွင် လမ်းခုလတ်တွင်ရှိသော ဗာလကလောဏကရွာ၌ ကေစာကျင့်နေသော အရှင်ဘဂုမထေရ်ထံ ခေတ္တဝင်ရောက်ကာ သာကြောင်းမာကြောင်း သတင်းစကား မေးမြန်းတော်မူသည်။အရှင်ဘဂုမထေရ် ရွှင်လန်းအားတက်စေရန်ဖြစ်သည်။

"ကစ္စိ ဘိက္ခု ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ပိဏ္ဍကေန န ကိလမသိ = ရဟန်း...ခံ့ကျန်း၏လော၊ မျှတ၏လော၊ ဆွမ်းဖြင့် မပင်ပန်းဘဲရှိ၏လော"

လူတို့သည် မိမိတို့၏ အလှူ၊ မင်္ဂလာဆောင်စသော အခမ်းအနားများသို့လည်းကောင်း၊ မိမိတို့အိမ်ဂေဟာသို့လည်း ကောင်း ဂုဏ်အသရေရှိသူတစ်ဦးဦး ကြွရောက်ချီးမြှောက်လျှင်

ဝမ်းသာလေ့ရှိကြပေသည်။ ဂုဏ်ယူလေ့ရှိကြပေသည်။ ဤလောက တွင် မြတ်စွာဘုရားထက်မြင့်မြတ်သူ ရှိပါသေး၏လော။အရှင်ဘဂ မထေရ်အဖို့ မည်မျှဝမ်းသာမည်ကို ခံစားကြည့်ပါက သိနိုင်ပေသည်။

## ရဟန်းအများနှုတ်ခွန်းဆက်

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်များ၌ အလေ့အထနှစ်မျိုးရှိသည်။ ဝါဆိုခါနီး၌ ကမ္မဋ္ဌာန်းတောင်းခြင်းငှာ မြတ်စွာဘုရားထံ ချဉ်းကပ်လေ့ရှိခြင်း၊ ဝါကျွတ်သောအခါ၌ မိမိရရှိ သည့် တရားထူးကိုလျှောက်ထားရန် ချဉ်းကပ်လေ့ရှိခြင်းတို့ဖြစ်သည်။

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တောရှိ အထွတ် ပြာသာဒ်တပ်သော ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။ ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါကပ်ကြသော ရဟန်းတော်များသည် ဝါကျွတ်သောအခါ မြတ်စွာဘုရားထံ ဘုရားဖူးရန် ချဉ်းကပ်ကြသည်။ ထိုရဟန်းတော်များအား အောက်ပါအတိုင်း သတင်းစကားမေးမြန်း တော်မူသည်။

"ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ဖာသုကံ ဝဿံ ဝသိတ္ထ၊ န စ ပိဏ္ဍကေန ကိလမိတ္ထ=ရဟန်းတို့၊ ခံ့ကျန်းကြကုန်၏လော၊ မျှတကြ ကုန်လော၊ အညီအညွတ်ဝမ်းမြောက်ဝမ်းသာမငြင်းခုံဘဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရကုန်လော၊ ဆွမ်းအတွက်လည်း မပင်ပန်းဘဲရှိကြကုန်၏ လော"

ရဟန်းအများကို သတင်းစကားမေးမြန်းတော်မူရာ၌ "အညီ အညွတ်ဝမ်းမြောက်ဝမ်းသာ မငြင်းခုံဘဲချမ်းသာစွာ" ဟူသော အထူး ပြုစကားပါရှိသည်။ အများစုပေါင်းနေထိုင်ရာ၌ အယူအမျိုးမျိုး၊

အမြင်အဖုံဖုံရှိတတ်၍ အယူမတူအမြင်ကွဲပြားဖြစ်ကာ ငြင်းခုံခိုက်ရန်ဖြစ်တတ်၍ စိတ်မချမ်းမသာနေရတတ်သောကြောင့် အထူးပြုမေးတော်မူရခြင်းဖြစ်ပေသည်။

## လှူဝတ်ကြောင်များ နှုတ်ခွန်းဆက်လောကဝတ်

မြတ်စွာဘုရားရှင်ထံသို့ အမျိုးဇာတ်အထက်တန်းကျသူများ၊ သူဌေးသူကြွယ်များ၊ ပဏ္ဍိတ်ကြီးများ သိလိုသော ဘာသာရေးပြဿနာများ မေးမြန်းလျှောက်ထားရန်အတွက်လည်းကောင်း၊ ပညာပြိုင်လိုသောကြောင့်လည်းကောင်း အခါအားလျော်စွာ ချဉ်းကပ်တတ်ကြသည်။ ချဉ်းကပ်ပြီးနောက် အချင်းချင်း သာကြောင်းမာကြောင်း လောကဝတ်စကားမေးမြန်းပြောဆိုပုံကို ပိဋကတ်စာပေတို့၌ "ဘဂဝတာ သဒ္ဓိံ သမ္မောဒိ၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ" ဟု ပြဆိုထားသည်။

အဓိပ္ပါယ်မှာ မြတ်စွာဘုရားရှင်က "ခံ့ကျန်း၏လော၊ မျှတ၏လော၊ (ခေါင်းကိုက်ရောဂါ စသော) ရောဂါအကြီးစားကင်း၏လော၊ (ညောင်းညာခြင်းစသော) ရောဂါ အငယ်စားကော ကင်း၏လော" စသည်မေးမြန်းသည်။ ချဉ်းကပ်လာသူ လှူဝတ်ကြောင်ပုဂ္ဂိုလ်များကလည်း မြတ်စွာဘုရားနည်းတူ ပြန်လည်မေးမြန်းသည်။ ဤသို့ အချင်းချင်းမေးမြန်းကြလျက် ဝမ်းမြောက်မှုအတူဖြစ်ကြရသည်။ ထို့နောက် နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သည့်စကား၊ တစ်သက်တာလုံးအမှတ်ရထိုက်သော စကားကိုပြောဆိုကြသည်။ ပြီးမှ ချဉ်းကပ်လာသူ လှူဝတ်ကြောင်က အပြစ်ခြောက်ပါးလွတ်ကင်းရာနေရာ၌ထိုင်ပြီး မိမိသိလိုရာကို မေးမြန်းလေ့ရှိသည်။

လူဝတ်ကြောင်တို့နယ်ပယ်တွင် ယဉ်ကျေးသောလူများသည် ခွင့်တောင်းခြင်း၊ နှုတ်ဆက်ခြင်း၊ သာကြောင်းမာကြောင်းမေးခြင်းစသော လောကဝတ်များကို လိုက်နာပြုကျင့်လေ့ရှိကြသည်။ ဘုရား၊ ရဟန္တာအရှင်မြတ်များသည်လည်း ယဉ်ကျေးသူများဖြစ်ကြသည့်အလျောက် ယင်းလောကဝတ်များကို ပြုကျင့်လေ့ရှိကြပေသည်။ ပစ်ပယ်လေ့မရှိကြပေ။ ။

ဓမ္မရံသီမဂ္ဂဇင်း (ဇန်နဝါရီလ၊ ၂၀၀၇ခုနှစ်)

❑

# ကျေးဇူးသိစိတ်

မျက်မှောက်ခေတ်တွင်မီဒီယာများ (သတင်းစာ၊ ရုပ်သံလွှင့်ဌာနများ)၌ လောကဝတ်စကားတစ်ခွန်းကို အတွေ့ရများ၊ အကြားရများနေပါသည်။ "ကျေးဇူးတင်ရှိခြင်း၊ ကျေးဇူးတင်ပါတယ်" ဟူသောစကားပင်ဖြစ်သည်။ အလှူအတန်းကိစ္စများ၊ ကျန်းမာရေးကိစ္စများ၌ကူညီဆောင်ရွက်သဖြင့် ကျေးဇူးတင်ပါကြောင်း သတင်းစာများမှပြောကြားလေ့ရှိကြသည်။ ရုပ်သံလွှင့်ဌာနများ "ပဟေဠိနန်းတော်၊ ဆိုကြမယ်၊ ပျော်ကြမယ်" စသော အစီအစဉ်များ၌ ကူညီသူများအား ဆုရသူများက ကျေးဇူးတင်ပါကြောင်းပြောကြားလေ့ရှိကြသည်။

"ကျေးဇူးတင်ပါတယ်" ဟူသော လောကဝတ်စကားကို ပြောကြားခြင်းသည် လူအချင်းချင်းဆက်ဆံရာတွင် ဘာမျှမပင်ပန်းဘဲများစွာထိရောက်သောစကားဖြစ်သည်။ မိမိအား တစ်စုံတစ်ရာကူညီသူအား "ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်လျှင်ပင် ကူညီသူမှာ စိတ်ချမ်းသာမှုဖြစ်ကာ ကျေနပ်သွားသည်။ အကယ်ဒမီပေးပွဲတစ်ခုတွင် အကယ်ဒမီဆုရရှိသူများက စာရေးဆရာမအား ကျေးဇူးတင်စကားထည့်မပြောမိကြသဖြင့် စိတ်မသက်မသာ ဖြစ်သွားရရှာသည်။ စာပေမိတ်ဆွေများက အားပေးစကားပြောကြားလိုက်ရသည်

ဟု ဆိုသည်။ ထို့ကြောင့် "ကျေးဇူးတင်ပါတယ်" ဟူသော လောကဝတ်စကားလေးကိုတော့ ပြောဖြစ်အောင် ပြောတတ်ရပေမည်။

စင်စစ်အားဖြင့် ယဉ်ကျေးသော လူအသိုင်းအဝန်း၌ သူတစ်ပါး၏ကျေးဇူးကို သိတတ်ဖို့လိုပေသည်။ သူတစ်ပါး၏ကျေးဇူးကို သိတတ်ခြင်းသည် အဆင့်မြင့်စိတ်ထားတစ်ခုဖြစ်ပေသည်။ မင်္ဂလသုတ်တော်တွင် သူတစ်ပါး၏ ကျေးဇူးကိုသိတတ်ခြင်းသည် "ကတညုတာ" မင်္ဂလာဖြစ်၍ ကြီးပွားခြင်း၏အကြောင်းဟု ဘုရားရှင်ဟောတော်မူသည်။

ဘုရားရှင်သည် လောကတွင် အယဉ်ကျေးဆုံးပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ကျေးဇူးတရားကို လွန်စွာအလေးအနက်ထားတော်မူသည်။ မြတ်စွာဘုရားရှင် သူတစ်ပါးကျေးဇူးသိတတ်ပုံနှင့် အလေးအနက်ထားပုံကို အောက်ပါစာပိုဒ်များဖြင့် သိနိုင်ပါသည်။

"ရွာကြီးရွာငယ်တိုင်းလှည့်လည်၍ တရားတံခွန်ကို ဆောက်လေကုန်၊ ပစ္စည်းလေးပါးသကြီုဟ်၍ ကျေးဇူးတင်သော ဒါယကာတို့ကို တရားဟောခြင်းဖြင့် ကျေးဇူးဆပ်လေကုန်"

"ရဟန်းတို့၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတည်းဟူသော အသုံးအဆောင်တို့ဖြင့် လုပ်ကျွေးကြကုန်သော အမျိုးသားတို့သည် သင်တို့အား ကျေးဇူးများလှကုန်၏။ ရဟန်းတို့၊ ထိုအမျိုးသားတို့အား အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော၊ အနက်နှင့် ပြည့်စုံသော ၊ သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြားကြကုန်။ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်စင်ကြယ်သော အကျင့်မြတ်ကို ပြသကြသော သင်ချစ်သားတို့သည်လည်း ထိုအမျိုးသားတို့အပေါ်၌ ကျေးဇူးများလှကုန်၏။ ရဟန်းတို့၊

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန



ဤသို့လျှင် အချင်းချင်းအမှီပြုကြလျက် သံသရာဝဲသြဃမှ ထွက်မြောက်ခြင်းငှါ ဤမြတ်သောအကျင့်ကို ကောင်းစွာကျင့်သုံးအပ်၏" (ဣတိဝုတ်၊ ဗဟုကာရသုတ်)

သာသနာတော်လောကတွင် ရှင်ရဟန်းများအနေဖြင့် စားဝတ်နေရေးအတွက် သာသနာတော်ကို ကြည်ညိုကြသော ဒကာ, ဒကာမများအပေါ် အားထားမှီခိုနေကြရသည်။ ဒကာ, ဒကာမများ အနေဖြင့်လည်း ရှင်ရဟန်းများအား သာသနာတော်သုံးရပ်ကို ထမ်းဆောင်နိုင်ပါစေဟူသော ရည်သန်ချက်ဖြင့် နေ့စဉ်ဆွမ်းလောင်းခြင်း မှအစ ပစ္စည်းလေးပါးတို့ကို ထောက်ပံ့နေကြသည်။ မိမိတို့ ပင်ပန်းကြီးစွာရှာဖွေထားသည့်ပစ္စည်းထဲမှ မစားရက်မသောက်ရက် ခွဲဝေလှူနိုင်ခြင်းမှာ သာမန်သဒ္ဓါတရားရှိရုံနှင့်မရပေ။ သဒ္ဓါတရားအား ကောင်းလွန်း၍ သာသနာတော်ကို ကြည်ညိုကြသောကြောင့်သာ ဖြစ်သည်။ ထိုကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် မြတ်စွာဘုရားရှင်က ဒကာ, ဒကာမများ၏ ကျေးဇူးသိတတ်ဖို့နှင့် သိသည့်အားလျော်စွာ ကျေးဇူးဆပ်ကြဖို့မိန့်တော်မူရခြင်းဖြစ်သည်။

## အရှင်သာရိပုတ္တရာ၏ ကျေးဇူးသိတတ်မှု

မြတ်စွာဘုရားရှင် ဟောကြားဆုံးမချက်နှင့်အညီ မြတ်စွာဘုရားရှင်၏ တပည့်သာဝကများသည် သူတစ်ပါး၏ ကျေးဇူးကို သိတတ်ကြပါပေသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက ရာဓအမည်ရှိပုဏ္ဏားကြီးတစ်ယောက်ရှိခဲ့ဖူးသည်။ လွန်စွာဆင်းရဲရှာသည်။ ကျောင်းကပ်နေရလျက် ရဟန်းတော်များ၏ အကြွင်းအကျန်ကိုသာ မှီခိုစားသောက်နေရရှာသည်။ သင်္ကန်းဝတ်ချင်ရှာသော်လည်း ဝတ်ပေးမည့်သူမရှိဖြစ်နေသည်။

၂၇၉၃၇

တစ်နေ့တွင် မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကြီး အကျွတ်တရားရရှိမည့်အရေးကို မြင်တော်မူသဖြင့် ရဟန်းတော်များ ကိုခေါ်တော်မူ၍ ထိုပုဏ္ဏားကြီး၏ ကျေးဇူးတစ်စုံတစ်ရာရှိ၊ မရှိ မေးတော်မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာက တစ်ချိန်က ထိုပုဏ္ဏားကြီးက ဆွမ်းတစ်ဇွန်းလောင်းလှူဖူးပါကြောင်း လျှောက်ထား ပြီး ထိုပုဏ္ဏားကြီးအားသင်္ကန်းဝတ်ပေးလိုက်သည်။

အရှင်သိဂ္ဂဝမထေရ်၏ ကျေးဇူးစကားဆိုမှု

တတိယသင်္ဂါယနာဝတ္ထုတွင် သိဂ္ဂဝမထေရ်သည် သံဃာ ပေးသည့်ပြစ်ဒဏ်ကို ခံယူသည့်အနေဖြင့် မောဂ္ဂလိပုဏ္ဏားအိမ်သို့ နေ့စဉ်ဆွမ်းခံကြွကာ မောဂ္ဂလိပုတ္တတိဿလောင်းလျာကို စောင့် ရှောက်ရလေသည်။ ခုနစ်နှစ်ကြာသည့်တိုင်အောင် ဆွမ်းမလောင်း ရုံသာမက "ကန်တော့ဆွမ်းပါ" ဟူသော စကားကလေးကိုပင် ပြောဖော်မရကြပေ။

ခုနစ်နှစ်ပြည့်ပြီးနေ့တစ်နေ့တွင်ကား ပုဏ္ဏားကြီးအိမ်ပြင်သွား နေခိုက် ဖနီးဖြစ်သူပုဏ္ဏေးမကြီးက "ကန်တော့ဆွမ်းပါ" ဟု လျှောက် လိုက်သည်။ ထိုအချိန်တွင် ပုဏ္ဏားကြီးနှင့်လမ်းမှာတွေ့ရာ "တို့အိမ်က ဘာများရခဲ့ပါသလဲ"ဟု ပုဏ္ဏားကြီးကမေးလျှင် "ရခဲ့ကြောင်း" အရှင် မြတ်က ပြန်လည်မိန့်ကြားလိုက်ပါသည်။ ထိုအခါ ပုဏ္ဏားကြီးသည် "ငါမရှိတုန်း ပုဏ္ဏေးမကြီး ဒီကိုယ်တော်ကို ဘာများလှူလိုက်သလဲ" ဟု ဒေါနှင့်မောနှင့်ပြန်လာပြီး ပုဏ္ဏေးမကြီးအားမေးလေသည်။ ပုဏ္ဏေး မကြီးက ဘာမှမလှူလိုက်ရကြောင်းပြောလျှင် "ဒီကိုယ်တော် ဘာမှမရ ပါဘဲရတယ်လို့ပြောတယ်၊ နက်ဖြန်လာရင် မုသာဝါဒနဲ့စွပ်စွဲရဦးမယ်" ဟုကြိမ်းကာ အရှင်မြတ်ဆွမ်းခံကြွလာချိန်ကို စောင့်မျှော်နေလေသည်။

အရှင်မြတ် ဆွမ်းခံကြွလာသောအခါ ၄င်းကြံစည်ထားသည့်အတိုင်း စွပ်စွဲသည်။ အရှင်မြတ်က "ငါ သင်တို့အိမ် ဆွမ်းခံကြွတာ ခုနစ်နှစ်ကြာခဲ့ပြီ၊ ဒီအတောအတွင်း သင်တို့အိမ်က ကန်တော့ဆွမ်းပါဆိုတဲ့စကားလေးကိုတောင် မရခဲ့ဘူး၊ မနေ့ကတော့ ကန်တော့ဆွမ်းပါဆိုတဲ့ စကားလေးကို ရခဲ့ပါတယ်၊ အဲဒီစကားလေး ရခဲ့တာကို ရခဲ့တယ်လို့ ပြောရခြင်းဖြစ်တယ်"ဟု ရှင်းပြလိုက်ပါသည်။ ထိုအခါ ပုဏ္ဏားကြီးစိတ်တွင် "ရဟန်းတော်တွေဟာ စကားလေးတစ်ခွန်း ရတာကိုပင်ရတယ်လို့ ကျေးဇူးစကားကို ပြောနိုင်ကြပါပေတယ်၊ ဆွမ်းစသည်ရခဲ့လျှင် ဒီထက်ပိုပြီး ဂုဏ်ကျေးဇူးစကားကို ပြောနိုင်ကြမှာပဲ"ဟု အောက်မေ့ကာ အရှင်မြတ်ကို ကြည်ညိုသွားလေသည်။

ကျွန်ုပ်တို့ သာသနာတော်တွင် ဆရာဖြစ်သူ မြတ်စွာဘုရားမှစ၍ တပည့်သာဝကတို့သည် သူတစ်ပါးတို့၏ ကျေးဇူးကိုသိတော်မူတတ်ကြပါပေသည်။ သိသည့်အားလျော်စွာ အလေးအမြတ်လည်းထားတော်မူကြပါပေသည်။

ပိဋကတ်စာပေ၌ ကျေးဇူးတရားနှင့် ပတ်သက်၍ဟောထားသော တရားတော်များစွာရှိပါသည်။ မင်္ဂလသုတ်၌ "ကတညုတာ" ဟုလည်းကောင်း၊ ဇာတက(၂၊ ၁၀)၌ "ယော ကတညူ ကတဝေဒီ ဓီရော" ဟုလည်းကောင်း ဟောတော်မူထားပါသည်။ ဇာတ်တော်များ၌ဆိုလျှင် မိဘကျေးဇူး၊ ဆရာကျေးဇူး၊ မိတ်ဆွေကျေးဇူး သိတတ်သူများအကြောင်း၊ မသိတတ်သူများအကြောင်း ဟောကြားထားသော ဇာတ်တော်များစွာပါရှိပါသည်။ မိဘကျေးဇူးသိတတ်သော သုဝဏ္ဏသာမအမျိုးသားအကြောင်း၊ သုတနုအမျိုးသားအကြောင်း၊ ဆရာ့ကျေးဇူးသိတတ်သော သံဝရမင်းသားနှင့် ဂါမဏိမင်းသားအကြောင်းတို့ကို သိသူများပါသည်။

## ကျေးဇူးသိတတ်သော မြန်မာ

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် မြတ်ဗုဒ္ဓအဆုံးအမ၏ အောက်တွင် ကြီးပြင်းလာကြသော ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် အားလျော်စွာ သူတစ်ပါး၏ကျေးဇူးကို သိတတ်ကြပါပေသည်။ မြန်မာတို့၏ ကျေးဇူးသိတတ်သော စိတ်ထားကို အစောဆုံးမြန်မာစာပေ ပညာရှင်များ အသိအမှတ်ပြုထားသည့် ရာဇကုမာရ်ကျောက်စာတွင် ရေးထိုးမှတ်တမ်းတင်ထားပေသည်။

## ရာဇကုမာရ်၏ ကျေးဇူးသိစိတ်

ပုဂံပြည့်ရှင် ငြိတြိဘုဝနာဒိတျဓမ္မရာဇ်မင်း (ကျန်စစ်သားမင်း) သည် ၄င်း၏ချစ်မယား တြိလောက ဝင်္ဋသကာ ဒေဝီအား ကျွန်သုံးရွာကို အပိုင်းစားပေးတော်မူသည်။ မိဖုရားကံကုန်သွားသောအခါ သားဖြစ်သူရာဇကုမာရ်အား မင်းကြီးက ထိုမိဖုရားပိုင် ကျွန်သုံးရွာကို ပေးသနားလိုက်ပါသည်။ ကျန်စစ်သားမင်းကြီး (၂၈)နှစ်နန်းစံပြီးနောက် မကျန်းမမာဖြစ်၍ နတ်ရွာစံခါနီးတွင် ရာဇကုမာရ်မင်းသားက မင်းကြီးမိမိအား ချီးမြှောက်ဖူးသည့်ကျေးဇူးကို အောက်မေ့လျက် ရွှေအတိပြီးသော ဆင်းတုတော်တစ်ဆူကိုထုလုပ်ပြီး မင်းကြီးရှေ့တော်သို့ ပင့်ဆောင်လာပြီး မင်းကြီးအတွက် ဤရွှေဆင်းတုသွန်းလုပ်သည့်အကြောင်း၊ မိမိအား မင်းကြီးပေးသော ကျွန်သုံးရွာကိုလည်း ရွှေဆင်းတုအားလှူသည့်အကြောင်းတို့ကို လျှောက်ထားရာ မင်းကြီးက ဝမ်းမြောက်စွာ သာဓုခေါ်တော်မူသည်။ ထို့နောက် သံဃာတော်များရှေ့မှောက်၌ ရေစက်သွန်းချ၍ ထိုရွှေဆင်းတော်ကို ဌာပနာထားကာဘုရား (ဂူပြောက်ကြီးဘုရား)တည်လိုက်ပါသည်။

## ကျစွာမင်းကြီး၏ ကျေးဇူးသိတတ်မှု

နောက်ထပ် ကျေးဇူးသိတတ်သော ပုဂံမင်းတစ်ပါးဖြစ်သော ကျစွာမင်းကြီးအကြောင်းကို တင်ပြလိုပါသည်၊ ကျစွာမင်း၏မယ်တော်မှာ ကျစွာမင်းငယ်စဉ်ကပင်ကံကုန်ခဲ့သည်။ ကျစွာမင်းပင် မယ်တော်ကို မသိလိုက်၊ မိထွေးတော်က သားအရင်းကဲ့သို့မွေး၍ ကြီးပြင်းလာရသည်၊ ကျစွာမင်းကလည်း မိထွေးတော်ကို မယ်တော်အရင်းကဲ့သို့ သဘောထားသည်။ ကျစွာမင်းနန်းတက်သောအခါ မိထွေးတော်ကို အိမ်ဆောက်ပေးသည်။ လယ်များ၊ ကျွန်များကိုလည်းပေးသည်။ မိထွေးတော်ကလည်း ထိုအိမ်ကို မိမိနေသည်ထက် သံဃာအား ကျောင်းအဖြစ်လှူဒါန်းရသည်က ပို၍မြတ်သည်ဟု ကြံစည်မိသဖြင့် ကျစွာမင်းကို လျှောက်ထားရာ ကျစွာမင်းက အသာတကြည်ခွင့်ပြုသည်၊ မိထွေးတော်သည် ဂူဘုရားလည်းတည်ပြီး၍ အိမ်ကိုလည်း ကျောင်းအဖြစ်လှူဒါန်းသည်၊ ဤအကြောင်းကို အောက်ပါအတိုင်းမှတ်တမ်းတင်ထားပါသည်၊

"ကျစွာမင်း ရွှေတောင်တက်ပြီး ငါ့မိကိုကား ငါမသိလိုက်၊ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်လည်း ငါ့မိဟူ၍ အိမ်ပြုနေပေ၏။ အိမ်ထောင် ကျွန်လယ်လည်း ပေးတော်မူ၏။ အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏။ အိမ်ငါနေသောထက်ကား သီတင်းပညာရှိသော သံဃာနေသော်မြတ်၏ဟူ၍ ငါကြံမိရကား ဂူလည်းပြု၏။ ဂူပြီးရကား ဘုရားလောင်းကို ငါကြံ၏။ မြတ်စွာသော ငါ့သခင်အတို့ ကျွန်ကိုပြုပေးသောအိမ်တည်း သာလည်းသာစွာ၏။ အတို့ကျွန်နေသောထက်ကား သံဃာနေသော်မြတ်၏ဟူ၍ ဂူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးတော်မူသော အိမ်တော်ကျွန်လယ်လည်း အတို့ကျွန်လှူ၏။ ငါကြားရကား မိထွေးတင့်အပ်နိုးသော သံဃာထားလင့်ဟု မိန့်တော်မူ၏"

မိထွေးတော်နှင့် သားတော်တို့ အပြန်အလှန်ပြောပုံကလေးပါ ကြားယောင်လာအောင် မှတ်တမ်းတင်ထားပုံမှာနှစ်သက်ဖွယ်ပင်၊ ကျွန်မင်း ၏ကျေးဇူးသိတတ်သောသဘောထားနှင့် မိထွေးတော်၏ရင့်ကျက်သော ဘာသာရေးခံယူချက်တို့ကို လေးစားဖွယ်တွေ့ရပါသည်။ (မောင်ခင်မင်၊ ဓနုဖြူ။ စာပေမှတ်တိုင်များကို ဖြတ်သန်းခြင်းစာအုပ်မှ။)

## ကျေးဇူးသိတတ်ရန် သွန်သင်ချက်များ

"မိကိုညာက၊ ဘကို လက်ဝဲ၊ ကိုင်စွဲချီလျက်၊ ပခုံးထက် ဝယ်၊ အသက်ဆုံးတိုင်၊ မြတ်နိုးဆောင်၍၊ အခေါင်အဖျား၊ လုပ်ကျွေး ငြားလည်း၊ မွေးဘွားပိုက်ကျုံး၊ ရှေးတင်ဘူးသည့်၊ ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့" (ကိုးခန်းပျို့၊ပိုဒ်ရေ-၅၅)

"မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမူ၊ ကတညုတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်" (မဃဒေဝ၊ပိုဒ်ရေ-၂၅၅)

"လူ့နိုက်ဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘ၊ ဘုရား စသား၊ ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊ သူတို့အားကား၊ တပါးရပ်ရွာ၊ သွားစပါလည်း၊ အစာအစား၊ မရှားပါးဘဲ၊ ရောက်သွား ရာရာ၊ ပူဇော်လာ၏" (မဃဒေဝ၊ပိုဒ်ရေ-၂၅၆)

ဖော်ပြပါ ပျို့၊ လင်္ကာတို့၏ ဆုံးမသွန်သင်မှုကို ခံယူရသော ရဟန်းရှင်လူများသည် မိဘဆရာတို့၏ ကျေးဇူးကို သိတတ်ကြ ပါပေသည်။ သိသည့်အားလျော်စွာ ကျေးဇူးတုံ့ပြန်လည်ပေးဆပ် တတ်ကြပါပေသည်။ ဆရာ့ ကျေးဇူးသိတတ်သော ဆရာတော်များ အနက် ဆရာတော်တစ်ပါးအကြောင်းကိုသာ အတိုချုပ်တင်ပြလိုပါ သည်။

## ဆရာ့ကျေးဇူးသိသော ဆရာတော်

စာရေးသူ၏ ဆရာဖြစ်သော ဝါခင်းကုန်းတိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တဇဋိလသည် ဆရာ့ကျေးဇူးကို သိတတ်သည့် ဆရာတော်ဖြစ်ရုံသာမက ဆရာ့ကျေးဇူးကို ပြန်လည်ပေးဆပ်သည့် ဆရာတော်လည်းဖြစ်သည်။ စာရေးသူ ၎င်းကျောင်းတိုက်သို့ရောက်သည့် ၁၃၃၉-ခုနှစ်က စစ်ကိုင်းတောင်ရိုးရှိ ၎င်း၏ ဆရာများဖြစ်သော သဇ္ဇနောဒယချောင်ဆရာတော်နှင့် ဓမ္မာစရိယချောင်ဆရာတော်တို့ကို တပည့်များနှင့်အတူ သွားရောက်ကန်တော့ခဲ့သည်။

သိတင်းကျွတ်ပြီးခါစကလည်း ဝါခင်းကုန်းဘုရားဝန်းကျင်ရှိ ဗိုလ်ကျောင်းဆရာတော်ဦးစိန္တာနှင့် ဇောတိကာရုံဆရာတော် ဦးဇောတိကတို့ကို တပည့်များနှင့်အတူ သွားရောက်ကန်တော့ခဲ့သည်။ ထိုဆရာတော်ကြီးများမှာ မိမိဝန်းကျင်၌ သက်တော်ကြီး ဝါတော်ကြီးဆရာတော်ကြီးများဖြစ်ကြ၍ ဆရာသမားအရာထားလျက် သွားရောက်ကန်တော့ခြင်းဖြစ်လေသည်။

သူတစ်ပါး၏ ကျေးဇူးကို သိတတ်မှု၊ ကျေးဇူးတင်စကားဆိုမှုသည် စာရေးသူတို့ ဗုဒ္ဓဘာသာ နယ်ပယ်၌သာ၊ မြန်မာလူမျိုးတို့ နယ်ပယ်၌သာ ရှိသည်မဟုတ်ပါ။အခြားဘာသာဝင်၊ အခြားလူမျိုးတို့ နယ်ပယ်၌လည်း ရှိသည်သာဖြစ်သည်။

အင်္ဂလန်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်း အမေရိကန်နိုင်ငံသို့ရောက်ခိုက် မီဒီယာသမားများနှင့် တွေ့ဆုံရာတွင် " ဆာအဲလက်ဖာဂူဆန်သည် မိမိအတွက်ဖခင်တစ်ဦးပမာဖြစ်ကြောင်း၊ ဖာဂူဆန်သာ မရှိခဲ့လျှင် မိမိသည် ဘောလုံးသမားကောင်းတစ်ဦးဖြစ်လာမည် မဟုတ်သကဲ့သို့ ယနေ့အခြေအနေမျိုးသို့ မိမိရောက်ရှိလာမည် မဟုတ်ကြောင်း" ပြောကြားသွားလေသည်။

(ကြေးမုံသတင်းစာ၊ ၁၂- ၆-၂၀၀၇)

ထိုနည်းအတူပင် ပေါ်တူဂီဘောလုံးသမား စီရိုနယ်ဒိုက လည်း ၂၀၀၈-ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ဆုကို လက်ခံရယူပြီးနောက် "ဒီဆုကိုရရှိတဲ့အတွက် ကျွန်တော့် မိသားစု, ကျွန်တော့်မိတ်ဆွေတွေနဲ့ ကစားဖော်တွေကို ကျေးဇူးတင် ပါကြောင်း၊ အထူးသဖြင့် ကျွန်တော့်အပေါ် အမြဲတမ်း သွန်သင် ပြသပြီး မှန်ကန်တဲ့လမ်းကြောင်းကို ညွှန်ပြပေးနေတဲ့ ဆရာကြီး ဖာဂူဆန်ကို ကျေးဇူးတင်ပါကြောင်း၊ ဆရာကြီးဖာဂူဆန်ဟာ ဒီဆုကို ရရှိဖို့အတွက် အဓိကကျတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါကြောင်း" အလေး အနက်ပြောကြားသွားသည်။

(မြန်မာ့အလင်းသတင်းစာ၊ ၁၄-၁-၂၀၀၉)

သူတစ်ပါးတို့၏ကျေးဇူးကို သိတတ်ခြင်းသည် လွန်စွာ မွန်မြတ်သည့်စိတ်ထားဖြစ်ပါသည်။ ထိုစိတ်ထားမျိုးရှိသူ (သူတစ်ပါး၏ ကျေးဇူးသိတတ်သော ပုဂ္ဂိုလ်) သည်လည်း ရခဲသော ဒုလ္လဘပုဂ္ဂိုလ် ဖြစ်ကြောင်း ဘုရားရှင်ဟောတော်မူပါသည်။ ကျွန်ုပ်တို့သည် ကျေးဇူးရှင်မိဘဆရာများနှင့် အခြားကျေးဇူးတစ်စုံ တစ်ရာပြုဖူးသော မိတ်ဆွေသင်္ဂဟတို့၏ ကျေးဇူးကိုသိတတ်ဖို့လိုပါကြောင်း၊ အခါ အခွင့်သင့်ပါက ပြန်လည်ကျေးဇူးဆပ်သင့်ပါကြောင်း တိုက်တွန်း ရေးသားအပ်ပါသည်။ ။

❑

# အရှင်သာရိပုတ္တရာ၏ ရှိသေမှု

ပါဠိပါရဂူဆရာကြီးဦးအောင်မိုးသည် ရှင်မဟာသီလဝံသ ရေးသားသည့် ပါရာယနဝတ္ထု၌ပါရှိသော အရှင်သာရိပုတ္တရာအကြောင်းကို တက္ကသိုလ်ကျောင်းသား/သူများအား သင်ကြားပို့ချပေးရာမှ အရှင်မြတ်ကြီးအပေါ် ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာကာ "အရှင်သာရိပုတ္တရာ" ဟူသော စာအုပ်ကြီးကိုပင် ရေးသားဖြစ်သွားသည်ဆို၏။

မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ(ငြိမ်း) ဒေါ်မိမိလေးသည်လည်း ပါရာယနဝတ္ထုကို သင်ကြားပို့ချပေးရာမှ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လာရသည်ဆို၏။

ဆရာကြီး၊ ဆရာမကြီးတို့နည်းတူပင် စာရေးသူသည်လည်း မဟာဓမ္မာစရိယပထမနှစ်သင်တန်းသားများအား ယင်းဝတ္ထုကြီး၌ ပါရှိသော အရှင်သာရိပုတ္တရာအကြောင်းကို ပို့ချပေးရသဖြင့် အရှင်မြတ်ကြီးအပေါ် ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်ပေါ်တိုးပွားလာခဲ့ရပါသည်။

ယင်းဝတ္ထုကြီးကိုပို့ချခါစ ပထမတစ်နှစ်၊ နှစ်နှစ်လောက်ကမူ နက်နက်နဲနဲမစဉ်းစားမိသေးပေ။ စာ၏အရသာကို မခံစားနိုင်ခဲ့ပေ။ သုံးနှစ်မြောက်ရှိလာသောအခါကျမှသာ နက်နက်နဲနဲစဉ်းစားဖြစ်လာသည်။ အရသာခံဖတ်ရှုဖြစ်လာသည်။ ထိုအခါ အရှင်မြတ်ကြီးအပေါ် ကြည်ညိုသဒ္ဓါစိတ်တွေ တစိမ့်စိမ့်ဖြစ်ပေါ် တိုးပွားလာရပေသည်။

အရှင်မြတ်ကြီးအပေါ် ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပေါ်စေသော စာပိုဒ်များအနက် အောက်ပါစာပိုဒ် တစ်ပိုဒ်လည်း ပါဝင်ပေသည်။

"အရှင်သာရိပုတ္တရာ၏ သဘောတော်ကား ဆရာဖြစ်သောသူကို ရိုသေသော အလေ့တော်တည်း။ အရှင်အဿဇိဟောာ၍ အစစွာသောတာပန်ဖြစ်ပေသည်ကို အကြောင်းမူ၍ ဆရာရင်းဟု ရိုသေစွာလျက် အရှင်အဿဇိနေလေရာ အရပ်သို့ရှေ့ရှု၍ ဦးခေါင်းရင်း၌ ငါ့ဆရာရှိသည်မည်စေသတည်းဟု ဆောက်တည် စရာပြုသည်ဟူ၏"

ဖော်ပြပါစာပိုဒ်ကို ထပ်ကာထပ်ကာ ဖတ်၍ "ဩော်... အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ ဆရာ့အပေါ် ရိုသေလေးစားစိတ်ရှိပုံကတော့ ပြိုင်ဘက်ကင်းတော်မူပါပေတယ်၊ အတုယူလောက်ပါပေတယ်" ဟုအောက်မေ့ကာ အရှင်မြတ်ကြီးအကြောင်းကို အတွေးနယ်ချဲ့ကြည့်မိပါသည်။

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿသည် သူငယ်ချင်း အရှင်မောဂ္ဂလာန်အလောင်း ကောလိတနှင့်အတူ ရာဇဂြိုဟ်ပြည် တောင်ထိပ်ပွဲသဘင် ကြည့်နေရင်းမှ သေခြင်းတရားကို စဉ်းစားမိသဖြင့် သံဝေဂရကာ သူငယ်ချင်းနှစ်ယောက်တို့ မသေတရားရှာရန် ထွက်ခဲ့ကြသည်။ ရှေးဦးစွာ သိဉ္စည်းဆရာကြီးထံ၌ တပည့်ခံ တရားအားထုတ်သည်။ သို့သော် မိမိတို့ အလိုရှိသော တရားမျိုးမဟုတ်သဖြင့် ထိုဆရာကြီးထံမှ ထွက်ခွာခဲ့ကြသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် "မသေတရားကို အရင်တွေ့သူက ပြောစတမ်း" ဟု ကတိကဝတ်ထားကာ လမ်းခွဲခဲ့ကြသည်။ တစ်လမ်းမှ တစ်လမ်း၊ တစ်ရပ်ကွက်မှ တစ်ရပ်ကွက်၊ တစ်မြို့မှတစ်မြို့သို့ လှည့်လည်လျက် မသေတရား(အမတတရား)ကို အပူတပြင်းရှာဖွေနေခဲ့ကြသည်။

တစ်ခုသော နံနက်ခင်းတွင် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံလှည့်လည်နေသော ပဉ္စဝဂ္ဂီစာရင်းဝင် အရှင်အဿဇိကို ဥပတိဿ ဖူးမြင်ရသည်။ အရှင်မြတ်၏ မျက်နှာသွင်ပြင် ကြည်လင်ဝင်းပနေမှုနှင့် သွားပုံလာပုံစသော ဣရိယာပုထ်တို့၌ ငြိမ်သက်တည်ကြည်နေမှုကို မြင်ရလျှင်ပင် "ဤအရှင်မြတ်သန္တာန်၌ တရားထူးကေန် ရှိပေလိမ့်မည်" ဟု ယုံကြည်ဆုံးဖြတ်ပြီးနောက် အရှင်မြတ်နောက်မှ လိုက်ခဲ့သည်။ လမ်းဆုံတစ်နေရာရှိ ဇရပ်တစ်ဆောင်၌ အရှင်မြတ် ဆွမ်းဘုဉ်းပေးပြီးသောအခါ "အရှင်မြတ်၏ ဆရာကား အဘယ်သူပါနည်း၊ အဘယ်တရားကို ဟောပါသနည်း၊ သိသမျှတရားကို အကျဉ်းချုပ်ဟောပြတော်မူပါဘုရား" ဟု တောင်းပန်လျှောက်ထားသည်။ အရှင်မြတ်က...

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော

အာဟ" ဟူသော ဂါထာထက်ဝက်ကို ဟောတော်မူသည်။ ယင်းဂါထာထက်ဝက်ကို ကြားနာလိုက်ရရုံဖြင့် သောတာပန်ဖြစ်သွားလေသည်။

သောတာပန်ဖြစ်သွားသည်ဆိုလျှင်ပင် မိမိရက်တွေ၊ နှစ်တွေ အတော်ကြာညောင်းလှအောင် ရှာဖွေနေခဲ့သော တရားထူးကို တွေ့လိုက်ရသဖြင့် ဥပတိဿရင်ထဲ၌ ဖရဏာပီတိတွေ ဖြိုးဖြိုးဖြန်းဖြန်းဖြစ်သွားလေသည်။ ဥပတိဿသောတာပန်ဖြစ်သွားရာ၌ ဝမ်းသာကြည်နူးဖြစ်နေပုံကို ဥပမာပေးစမ်းကြည့်ချင်ပါသည်။ ငွေကြေးမပြည့်စုံသဖြင့် စားဝတ်နေရေး အကျပ်အတည်းတွေ့နေသော လူတစ်ယောက် အိုင်ယာလန်ထီဆုကြီး ဝင်ပေါက်လိုက်သကဲ့သို့လည်းကောင်း၊ ၂၀၀၂-ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်ခွင့်ရဖို့ စိတ်မအေးဖြစ်နေကြသော အင်္ဂလန်အသင်း ဂရိအသင်းနှင့် ကစားသောပွဲ၌ အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း၏ ဖရီးကစ်တစ်ကိုးဖြင့်အနိုင်ရလိုက်သောအခါ တစ်နိုင်ငံလုံး ဝမ်းသာပျော်မြူးသွားကြသကဲ့သို့လည်းကောင်း၊ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဝင်ခွင့်ရရန် ခြေစစ်ပွဲအောင်ဖို့ စိတ်မအေးဖြစ်နေရချိန်တွင် ဥရုဂွေးအသင်းနှင့် ကစားသောပွဲ၌ ပွဲချိန်မိနစ်(၈၀)ကျော်မှသွင်းနိုင်သော တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ခြေစစ်ပွဲအောင်သွားသောအခါ နည်းပြကြီး မာရာဒိုနာ ဝမ်းသားပျော်မြူးသွားသကဲ့သို့လည်းကောင်း ဖြစ်ပေလိမ့်မည်။ ဉာဏ်မီသမျှ ဥပမာများပေးကြည့်ခြင်းဖြစ်ပါသည်။ တကယ့်တကယ်ဆိုလျှင် ဤဥပမာများဖြင့်ပင် မလုံလောက်နိုင်သေးပါ။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဆရာဖြစ်သူအပေါ် အလေးအမြတ်ထားကာ ရှိသေသမှု ပြုမည်ဆိုကလည်း ပြုစရာပင်။ ဆရာဖြစ်သူတို့၏ကျေးဇူးမှာ "အာစရိယဂုဏော အနန္တော" စကား

နှင့်အညီ ရေတွက်မပြနိုင်လောက်အောင်ပင် များလှသည်မဟုတ်ပါလား။

များစွာသော လူတို့သည် ဆရာဖြစ်သူတို့၏ ဆုံးမသွန်သင်မှုကို မခံယူရသေးမီက အသိဉာဏ်နုကြသည့်အားလျော်စွာ ကိုယ်နှုတ်အမူအရာများ ရိုင်းစိုင်းတတ်ကြသည်။ မယဉ်ကျေးကြပေ။ "အသိပညာ၊ မဲ့တို့မှာကား၊ ပြည်ရွာမနီး၊ကြီးသည့်ကြက်လို၊နေ့ညကိုလျှင်၊ ပဟိုရ်မသိ၊ တွန်မိတွန်ရာ၊ တွန်တတ်စွာသို့၊ အခါအရာ၊ မလိမ္မာတည့်"(မဃဒေဝ၊ပိုဒ်ရေ-၂၁၇)လာစကားနှင့်အညီ ပြည်ရွာမနီးသည့်တောကြီးထဲ၌ ကြီးပြင်းရသည့်ကြက်သည် နေ့ညပဟိုရ်ကို မသိ၊ တွန်ချင်သည့်အချိန် တွန်တတ်သကဲ့သို့ ပုဂ္ဂိုလ်၊နေရာဌာန၊ အချိန်ကာလကို မသိတတ်၊ ပြောချင်သည့် စကားကို ပြောတတ်သည်။ ထိုအခါ ပညာရှိလူယဉ်ကျေးတို့၏ အထင်အမြင်သေးမှု၊ ကဲ့ရဲ့မှုကို ခံရတတ်လေသည်။

ဆရာဖြစ်သူတို့၏ ဆုံးမသွန်သင်မှုကို ခံယူရပြီးနောက်၌ကား အသိအလိမ္မာပြည့်ဝလာသည့် အလျောက် ကိုယ်နှုတ်အမူအရာယဉ်ကျေးလာသည်။ ပြောတတ်ဆိုတတ်ဆက်ဆံတတ်လာသည်။ လူရေးလူရာနားလည်လာသည်။

တရုတ်ပုံပြင်တစ်ပုဒ်၌ မိဘနှစ်ပါးက သားဖြစ်သူ ရှောင်ထန်းလွီကို ပညာသင်ရန် ဆရာကြီး တစ်ယောက်ထံ၌ အပ်နှံသည်။ ရှောင်ထန်းလွီသည် ဆရာဖြစ်သူ၏ ဆုံးမသွန်သင်မှုကို မခံယူရသေးမီက ကိုယ်နှုတ်အမူအရာ ရိုင်းစိုင်းသည်။ ဆရာဖြစ်သူထိုင်မည့် ကုလားထိုင်၌ ဒေါက်တွေဖြုတ်ထားသည်။ ဆရာကြီးထိုင်လိုက်လျှင် နောက်လန်ကျသွားစေရန်ဖြစ်သည်။ သို့သော် ဆရာဖြစ်သူက သတိထားထိုင်သဖြင့် လဲကျမသွားပေ။

ကျောင်းရောက်သောအခါ၌လည်း ဆရာဖြစ်သူက ထင်းခွဲနိုင်းသည်။ ရေခပ်နိုင်းသည်။ ပဲစေ့များမှ ခဲများကိုအကောက်နိုင်းသည်။ အလုပ်လုပ်နိုင်းတိုင်း ညည်းညူနေသည်။ တဗျစ်တောက်တောက်ပြောနေသည်။ ကျောင်းမှ ခဏခဏ ထွက်ပြေးသည်။ သို့သော် ဆရာကြီးက သည်းခံသင်ကြားပေးသည်။ ဆုံးမသွန်သင်သည်။ ပညာသင်ကြား၍ မကြာမီမှာပင် အသိဉာဏ်နှင့် ပြည့်စုံလာသည်။ ဆရာ့ကျေးဇူးများ သိလာသည်။

တစ်နေ့တွင် ဆရာကြီးကို အိမ်သို့ ဖိတ်ခေါ်ခဲ့ပြီးနောက် မိဘဖြစ်သူတို့အား "အဖေတို့၊ အမေတို့၊ ကျွန်တော်ဟာ အရင်တုန်းက ဆရာကြီးကို မရိုမသေဆက်ဆံမိခဲ့ပါတယ်၊ အခု ကျွန်တော်ဟာ ဆရာကြီးရဲ့သင်ကြားပေးမှုကြောင့် ပညာတတ်လာပါပြီ၊ ဆရာကြီးကို ကန်တော့ချင်ပါတယ်" စသည်ဖြင့်ပြောပြီး ဆရာကြီးကို မိဘနှစ်ပါးရှေ့မှာပင် ရိုသေစွာထိုင်ကန်တော့လေသည်။

တိလမုဋ္ဌိဇာတ်တော်၌လည်း တက္ကသိုလ်ကျောင်းသားတစ်ယောက်သည် နှမ်းခိုးစားသဖြင့် ဆရာဖြစ်သူက ရိုက်ဆုံးမသည်ကို မကျေမနပ်ဖြစ်သွားပြီး နောင်တစ်ချိန်တွင် လက်စားချေမည်ဟုတေးမှတ်သွားသည်။ နောင်ရှင်ဘုရင်ဖြစ်လာသောအခါ ဆရာကြီးကိုသတ်ဖို့ လိမ်ညာဖိတ်ခေါ်သည်။ ဆရာကြီးလည်း တပည့်ဖြစ်သူအသိဉာဏ်နုသေးချိန်ဖြစ်၍ မသွားသေးပေ။ အသိဉာဏ်ရင့်သောအချိန်ရောက်၍ ဖိတ်ခေါ်သော အခါကျမှသာ သွားလေသည်။ ဘပည့်ဖြစ်သူက ဒဏ်ရာဟောင်းကို ပြောပြ၍ လက်စားချေသတ်မည်ဟုပြောရာ ဆရာကြီးက "အရှင်မင်းကြီး၊ အဲဒီအချိန်တုန်းကသာကျွန်ုပ်က ရိုက်နှက်မဆုံးမခဲ့ပါလျှင် အရှင်မင်းကြီးဟာ ခိုးတဲ့အမှုမှာအထုံပါသွားပြီး ခိုးမှုတွေ ဆက်ကာ ဆက်ကာ ကျူးလွန်နေသဖြင့်

သူခိုးကြီးဘဝ, ဓားပြကြီးဘဝ ရောက်သွားနိုင်ပေသည်။ ကျွန်ုပ်က ရိုက်နှက်ဆုံးမခဲ့၍သာ သူခိုးကြီးဘဝ, ဓားပြကြီးဘဝမရောက်ဘဲ အခုလို ရှင်ဘုရင်ဘဝရောက်နေရတာပါ"ဟု သံတော်ဦး တင်လိုက်လေသည်။ ထိုအခါ အမတ်ကြီးများကလည်း ဝိုင်းဝန်းထောက်ခံကြသဖြင့် ရှင်ဘုရင်မှာ အမြင်မှန်ရသွားပြီး ဆရာကြီးကို တောင်းပန်ကန်တော့လေသည်။

ဆရာဖြစ်သူတို့သည် တပည့်ဖြစ်သူတို့ ပညာတတ်မြောက်ရေးအတွက် လွန်စွာအရေးပါသည့် ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ မရှိမဖြစ်လွန်စွာလိုအပ်သည့် ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ဆရာဖြစ်သူတို့၏ ဆုံးမသွန်သင်မှု, နည်းပေးသင်ကြားပေးမှုကို ခံယူကြရမှသာလျှင် စိတ်နေစိတ်ထားအချိုးကျ, ဉာဏ်ရည် ဉာဏ်သွေး မြင့်မားလာ၍ ကိုယ်နှုတ်ယဉ်ကျေးသူ ဖြစ်လာနိုင်ပေသည်။ လူအများနှင့်ပေါင်းသင်းဆက်ဆံရာ၌ လူရေးလူရာနားလည်၍ အဆင်ပြေပြေဆက်ဆံတတ်လာသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အဆင်ပြေလာ၍ အထက်တန်းကျကျ နေထိုင်စားသောက်လာနိုင်ပေသည်။ ဆရာဖြစ်သူတို့၏ ကျေးဇူးကား ကြီးမားလှပါတကား။

ဤသို့ ဆရာဖြစ်သူတို့၏ ကျေးဇူးကြီးမားလှပုံကို သိတော်မူသည့်အတွက် အရှင်သာရိပုတ္တရာသည် ဆရာဖြစ်သူအပေါ် ဤမျှရိုသေလေးစားသည့် အပြုအမူကို ပြုနေရခြင်းဖြစ်ပါသည်။ အရှင်မြတ်ကြီး၏ အပြုအမူမှာ ကြည်ညိုဖွယ်ဖြစ်ရုံမျှမက အတုယူလိုက်နာကျင့်သုံးသင့်သည့် အပြုအမူလည်းဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ နောင်လာနောက်သားများအနေဖြင့် အရှင်မြတ်ကြီး၏ အပြုအမူကို အတုယူလိုက်နာကျင့်သုံးသည့်အနေဖြင့် ဆရာဖြစ်သူတို့၏ကျေးဇူးကို သိတတ်အောင် အားထုတ်ကြဖို့, သိသည့်အား

လျှော်စွာ ဆရာဖြစ်သူအပေါ် ရှိသေလေးစားကြဖို့ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြစ်ကြီးနားမြို့၊ မြို့ဦးကျောင်းတိုက်၊
ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ၏
သက်တော်(၈၅)နှစ်ပြည့် ဂုဏာပူဇာစာစောင်။
ဇန်နဝါရီလ၊ ၂၀၀၅-ခုနှစ်

❑

# ဆုံးမမှု ကျင့်ဝတ်

လူ့လောကကြီးကို ကြီးပွားတိုးတက်စေနိုင်သည့် ကျင့်ဝတ်များစွာရှိပါ၏။ ယင်းတို့အနက် "ဆုံးမမှုကျင့်ဝတ်" လည်း တစ်ပါးအပါအဝင်ဖြစ်လေသည်။ "ဆုံးမ" ဟူသော ဝေါဟာရကို မြန်မာအဘိဓာန် အကျဉ်းချုပ်၌ "လိမ္မာယဉ်ကျေးအောင်လုပ်သည်၊ သွန်သင်သည်၊ ပဲ့ပြင်သည်၊ အပြစ်ဒဏ်ပေးသည်၊ ဒဏ်ခတ်သည်"ဟု ဖွင့်ဆိုထားပါသည်။

ဆုံးမမှုကျင့်ဝတ်သည် လူဝတ်ကြောင်လောက၌ရော သာသနာတော်လောက၌ပါ မရှိမဖြစ် လွန်စွာလိုအပ်သည့် ကျင့်ဝတ်ပင်ဖြစ်လေသည်။ ယင်းကျင့်ဝတ်ကို လိုက်နာကျင့်သုံးသောအားဖြင့် လူ့လောက၊ သာသနာတော်လောကကြီးသည် ကောင်းကျိုးတရားများဖြစ်ပေါ်လာ၍ ကြီးပွားတိုးတက်လာနိုင်ပေသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လူကြီးနှင့်လူငယ် အချင်းချင်းချစ်ခင်ရင်းနှီး၍ စည်းလုံးညီညွတ်လာနိုင်ပေသည်။

လူတို့သည် ငယ်ရွယ်စဉ်အချိန်၌ အသိဉာဏ်နုနယ်သေးသည့်အလျောက် ကိုယ်အမူအရာ၊ နှုတ်အမူအရာ ရိုင်းစိုင်းတတ်ကြသည်။ ရိုသေလေးစားရမည့်သူ၊ မရိုသေရမည့်သူဟူ၍ ခွဲခြားမသိ၊ ပြောချင်ရာပြောတတ်သည်။ လုပ်ချင်ရာလုပ်တတ်သည်။ ထိုအခါ

မယဉ်ကျေးသည့် အပြောအဆို၊ အပြုအမူများ ပြောဆိုပြုလုပ်မိပါက လူအများ စက်ဆုပ်ဖွယ်, ကဲ့ရဲ့ရှုတ်ချဖွယ်အဖြစ်မျိုးရောက်သွားတတ်သည်။ ထိုလူကို လူအများ ရှောင်ကြဉ်သွားပေမည်။ ဆက်ဆံလိုစိတ်နည်းသွားတတ်လေသည်။ ထိုအခါ ထိုသူ၏ ကြီးပွားတိုးတက်မှု ဆုတ်ယုတ်သွားနိုင်ပေသည်။ ထို့ကြောင့် ဆုံးမမှုကျင့်ဝတ်သည် မရှိမဖြစ် လွန်စွာလိုအပ်သောကျင့်ဝတ်ပင်ဖြစ်ပေသည်။

ယင်းဆုံးမမှုကျင့်ဝတ်၌ ဆုံးမသူနှင့် အဆုံးမခံရသူ နှစ်ဦးစလုံး၌ ကုသိုလ်တရားများဖြစ်နိုင်ပါ၏။ ဆုံးမသူ၌ ဆုံးမခံရသူ၏ အကျိုးစီးပွားကို လိုလားသော မေတ္တာ(အဒေါသ)ပြဋ္ဌာန်းသော ကုသိုလ်စိတ်များ ဖြစ်ပါ၏။ တစ်ဖန် အဆုံးမခံရသူ၌လည်း ဆုံးမသည်ကို ရိုသေစွာနားထောင်သောအားဖြင့် မဟာကုသိုလ်စိတ်များ ဖြစ်ပါ၏။ "သောဝစဿတာမင်္ဂလာ" ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ မင်္ဂလာဟူသည် ကြီးပွားတိုးတက်ခြင်း၏ အကြောင်းပင် မဟုတ်ပါလော။ ယင်းသို့ ဆုံးမသူ, ဆုံးမခံရသူ နှစ်ဦးစလုံး၌ ကုသိုလ်စိတ်များဖြစ်ခြင်းသည်ပင် ကောင်းကျိုးတရားများ ဖြစ်ပေါ်ထွန်းကားခြင်း၏အကြောင်းဖြစ်လေရကား ဆုံးမမှုကျင့်ဝတ်သည် မရှိမဖြစ်၊ လွန်စွာလိုအပ်သည့် ကျင့်ဝတ်ပင်ဖြစ်လေသည်။

ဆုံးမမှုကျင့်ဝတ်၏ အကျိုးသက်ရောက်မှုမှာ လွန်စွာထိရောက်ပေရကား ဘုရားရှင်သည် သာသနာတော်ကြီးကို တည်ထောင်ရာတွင် သံဃအဖွဲ့အစည်းကြီး၌ ဥပဇ္ဈာယ်ဆရာဟု သတ်မှတ်ထားပေသည်။ ဥပဇ္ဈာယ်ဆရာဟူသည် တပည့်ဖြစ်သူ အပြစ်ကြီးအပြစ်ငယ်ရှိသောအခါ ဆုံးမရသူပင်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ရှင်, ရဟန်းပြုသောအခါ ဥပဇ္ဈာယ်လုပ်နိုင်သည့် အရည်အချင်းရှိ ရဟန်းတော်တစ်ပါးပါးထံတွင် ဥပဇ္ဈာယ်ယူ၍ နေရ

လေသည်။ ငါးဝါမပြည့်မချင်း ဥပဇ္ဈာယ်ဆရာနှင့် ကင်း၍မနေရပေ။ ဥပဇ္ဈာယ်ဆရာကလည်း မိမိတပည့်ကို လျစ်လျူရှုမထားရပေ။ အမြင်မတော်တာ၊ ဝိနည်းတော်နှင့်မညီတာရှိပါက ဆုံးမရလေသည်။

ထို့ပြင် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့၌ "သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ" စသည်ဖြင့် ရွတ်ဆို၍ ပဝါရဏာပြုရလေသည်။ ပဝါရဏာပြုဟူသည် မိမိ၌ အပြစ်တစ်စုံတစ်ရာရှိကြောင်း မြင်ခဲ့သော်၊ ကြားခဲ့သော်၊ ယုံမှား သံသယရှိခဲ့သော် ပြောဆိုဆုံးမဖို့ သံဃာတော်များကို ဖိတ်မန္တက ပြုလျှောက်ထားခြင်းဖြစ်လေသည်။

ဘုရားရှင်၏ သားတော်ရှင်၊ ရဟန်းဘဝဟူသည် အထက် တန်းကျ၍ မြင့်မြတ်သောဘဝဖြစ်၏။ လူနတ်တို့ရှိခိုးဦးခိုက် ပူဇော် ထိုက်သောဘဝဖြစ်၏။ သို့ဖြစ်၍ ၎င်းတို့၏ ကိုယ်နှုတ်အမူအရာသည် လူဝတ်ကြောင်တို့ထက် ယဉ်ကျေးသိမ်မွေ့ရမည်ဖြစ်၏။ ကြည်ညို ဖွယ်ပါသာဒိကဂုဏ်နှင့် ပြည့်စုံရမည်ဖြစ်၏။ ယင်းသို့ ကိုယ်နှုတ် အမူအရာ ယဉ်ကျေးသိမ်မွေ့စေရန် ဆရာဥပဇ္ဈာယ်တို့က ဆုံးမရမည် ဖြစ်၏။ သွန်သင်ပြသပေးရမည်ဖြစ်၏။ တပည့်ဖြစ်သူကလည်း ရိုသေစွာနာယူသင့်၏။ လိုက်နာကျင့်သုံးသင့်၏။ ယင်းသို့မဟုတ်ဘဲ ကိုယ်ထင်သလိုနေပါက ကိုယ်နှုတ်အမူအရာတို့ ရိုင်းစိုင်းသွားဖွယ်ရှိ၏။ ကြည်ညိုဖွယ်ရှိတော့မည်မဟုတ်ပေ။

ထိုအခါ မြင်ရသူ ဒကာ၊ ဒကာမများစိတ်တွင် အောင့်သက် သက်ဖြစ်၍ အကြည်ညိုပျက်သွားနိုင်၏။ ၎င်းတို့ အကြည်ညိုပျက် သွားပါက ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းကြတော့မည် မဟုတ်ပေ။ ယင်းသို့ ဖြစ်လျှင် ရှင်ရဟန်းများ သာသနာ့ဘောင်၌ ရပ်တည်နိုင်ကြ တော့မည်မဟုတ်ပေ။ ရပ်တည်နိုင်စေကာမူ မကောင်းသဖြင့်သာ

ရပ်တည်နေကြပေလိမ့်မည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် သဒ္ဓမ္မသမ္မောသသုတ်၌ သာသနာတော်ကွယ်ပျောက်ကြောင်း တရားများကို ဟောကြားရာတွင် "ရဟန်းတော်များ ဆုံးမရခက်ခြင်း၊ ဆုံးမစကားနားမထောင်ခြင်း"ကို သာသနာတော်ကွယ်ပျောက်ကြောင်းတရားတစ်ပါးအဖြစ်ဖြင့် ထည့်သွင်းဟောတော်မူခဲ့ခြင်းဖြစ်လေသည်။

ဤသို့ ဆုံးမမှုကျင့်ဝတ်၏ သာသနာတော်အရှည်တည်တံ့ရေး၌ အရေးပါသောအကြောင်းတစ်ပါးဖြစ်နေသည့်အတွက် ရဟန်းတစ်ပါးပါး ဝိနည်းတော်နှင့်မညီ ပြုမူပြောဆိုနေကြောင်း ကြားသိကြသော အခြားရဟန်းတော်များက သွားရောက်ဆုံးမရမည်ဖြစ်၏။ "ဩော်... ဒီရဟန်းတော်ဟာ ငါ့ရဲ့ဝေယျာဝစ္စတွေ ပြုလုပ်ပေးနေတဲ့ ရဟန်းတော်ဖြစ်တယ်၊ ငါ့အကျိုးစီးပွားဆောင်ရွက်ပေးနေတဲ့ ရဟန်းတော်ဖြစ်တယ်၊ တကယ်လို့ ငါပြောဆိုဆုံးမလိုက်ရင် စိတ်ခုသွားပြီး ငါ့ဝေယျာဝစ္စအကျိုးစီးပွားတွေ လုပ်ပေးတော့မယ်မဟုတ်ဘူး" စသည်ဖြင့် ကိုယ်ရေးကိုယ်တာတွေငဲ့ကွက်ပြီး မဆုံးမဘဲ မနေရပေ။ ယင်းသို့မနေသင့်ကြောင်းကို ဒုဗ္ဗစသိက္ခာပုဒ်, ကုလဒူသနသိက္ခာပုဒ်စသော သိက္ခာပုဒ်များတွင် ဆုံးမပုံနည်းလမ်းများဟောတော်မူလျက် ညွှန်ပြထားပေသည်။

မိဘဆရာသမားတို့ ဆုံးမရာ၌ ရိုက်နှက်ဆုံးမသည်လည်း ရှိ၏။ ပြောဆိုဆုံးမသည်လည်း ရှိ၏။ အကြမ်းနည်းလမ်းလည်းရှိ၏။ အနုနည်းလည်းရှိ၏။ မည်သို့ပင် ဆုံးမဆုံးမ , မိမိအကျိုး တကယ်လိုလားသောစိတ်ဖြင့် ဆုံးမခြင်းဖြစ်ပါမူ လက်ခံသင့်၏။ နာယူသင့်၏။

နောင်တော်ကြီးမင်းတရားလက်ထက်က ဖြစ်၏။ မင်းကြီးက အတုလဆရာတော်ဘုရားအား "မင်းရေးစာကို စီရင်တော်မူကြပါ၊ သာလွန်မင်းတရားလက်ထက် စီရင်သည့်ပေပေါ်မင်စာသည်ကောင်းလှသည် ဒကာတော်ထင်ပါ၏" ဟုလျှောက်၏။ ဆရာတော်က

"သိကြားလာ၍စီရင်သော် ဖြစ်ကောင်း၏"ဟု မိန့်၍ ပယ်မြစ်လိုက်၏။ ဆရာပယ်မြစ်လိုက်သည်ကို တပည့်ဝက်လက်ဆရာတော်က နွားရှေ့ထွန်ကျူးသဘောဖြင့် စီရင်ပေးလိုက်သည်။ ထိုအကြောင်း ဆရာတော်သိလျှင် "မင်ရေးစာသည် ကြာရှည်မတည်တာတစ်ကြောင်း၊ စာချစာသင်အလုပ်ပျက်မည်တစ်ကြောင်း၊ ငါပယ်မြစ်လိုက်သည်ကို သင်ကထင်ပေါ်ကျော်စောချင်တာနဲ့ စီရင်ပေးရာသလော" ဟု မိန့်၍ တပည့်ဝက်လက်ဆရာတော်ကို ခြေဖြင့်ထကန်လေသည်။ တပည့်ဖြစ်သူလည်း အပြစ်အလျောက်ဆုံးမခြင်းပေပဲဟု အောက်မေ့၍ အသာပင်နေလိုက်သည်။(သီလဝိသောဓနီ။ စာ-၈၄)

သာလွန်မင်းတရားလက်ထက် တောင်ဖီလာဆရာတော်သည် ရွှေဥမင်ဆရာတော်ဘုရားထံရောက်ခိုက် "ပရိသတ် အခြွေအရံနည်းသည်၊ ကြောက်တော်မမူလော" ဟုလျှောက်၏။ ရွှေဥမင်ဆရာတော်က "ကြောက်၍ပင် ပရိသတ်အနည်းနှင့် နေပါသည်"ဟု ပြန်လျှောက်၏။ ယင်းသို့လျှောက်ခြင်းသည် တောင်ဖီလာဆရာတော်အား ပညာရှိဆုံးမနည်းမျိုးဖြင့် ဆုံးမလိုက်ခြင်းပင်ဖြစ်၏။ သို့အတွက် တောင်ဖီလာဆရာတော်သည် ထိုမှပြန်သောအခါ စစ်ကိုင်းလေးထပ်ကျောင်းသို့ မဝင်တော့ဘဲ တောင်ဖီလာတောသို့ ကြွသွားလေတော့၏။ (သီလဝိသောဓနီ၊ စာ-၇၈)

မင်းတုန်းမင်းတရားကြီးငယ်စဉ် ကျောင်းသားဘဝက မန္တလေးတောင်ခြေ ရတနာပုံစံကျောင်းတိုက် ဆရာတော်ဦးစန္ဒိမာထံ၌ ပညာသင်နေစဉ်က ဖြစ်၏။ တစ်နေ့တွင် ဒကာတစ်ဦးက ငါးခြောက်ပြားကြီးတစ်ပြား လာလှူသွား၏။ ၎င်းကို မင်းတုန်းမင်းကြီးဖြစ်လာမည့် မောင်လွင်ကို သိမ်းခိုင်းလိုက်၏။ နောက်မကြာမီ ဆွမ်းနှင့်ဘုဉ်းပေးရန် ငါးခြောက်ဖုတ်ခိုင်း၏။ မောင်လွင်လည်း ထားသည့်နေရာ

သွားကြည့်ရာ မရှိတော့ပေ။ သို့အတွက် ဆရာဖြစ်သူက မောင်လွင်ကို ဝမ်းလျားမှောက်ခိုင်းလိုက်ပြီးနောက် ကြိမ်ဖြင့် ကျောကွဲအောင်ရိုက်လေ၏။ ထိုဒဏ်ရာများမှာ သေရာပါဒဏ်ရာများဖြစ်သွားလေ၏။ ယင်းသို့ဆုံးမသည်ကိုပင် ကြည်ဖြူစွာခံယူခဲ့လေသည်။

တင်ပြခဲ့သည့်အတိုင်း ရှေးခေတ်က ဆရာသမား၊ သူတော်ကောင်းများက အကြမ်းနည်း၊ အနုနည်းများဖြင့် ဆုံးမရာတွင် မည်သည့်နည်းဖြင့် ဆုံးမသည်ဖြစ်စေ ကြည်ဖြူစွာလက်ခံခဲ့ကြသည်ကို တွေ့ရသည်။ ယင်းသို့ ကြည်ဖြူစွာ လက်ခံခြင်း၊ ဆုံးမသည်ကို နာယူခြင်းသည် ကြီးပွားတိုးတက်ခြင်း၏ အကြောင်းပင်ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်က "အပြစ်ဖေါ်ပြဆုံးမလေ့ရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားသူကဲ့သို့ အောက်မေ့၍ ဆည်းကပ်ရာ၏။ ယင်းသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သူအား မြင့်မြတ်သူဖြစ်နိုင်၏။ ယုတ်ညံ့သူမဖြစ်နိုင်ပေ" ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူလေသည်။

ဆရာသမားဆုံးမသည်ကို နာယူ၍ ကြီးပွားတိုးတက်သူအချို့ကို ထုတ်ပြရသော် သံဝရမင်းသားသည် ဆရာ့စကားအတိုင်း လိုက်နာဆောင်ရွက်သဖြင့် မင်းစည်းစိမ်ကို ရရှိခံစားရလေသည်။ ရာဓရဟန်းတော်သည် အရှင်သာရိပုတ္တရာ၏ ဩဝါဒတော်အတိုင်း လိုက်နာကျင့်ကြံသဖြင့် ရဟန္တာဖြစ်သွားလေ၏။

ထို့ကြောင့် ကြီးပွားတိုးတက်လိုသူတိုင်းသည် မိဘ၊ ဆရာသမားများ၏ ဆုံးမသွန်သင်မှုကို ကြည်ဖြူစွာ နာယူလက်ခံကျင့်သုံးသင့်ကြပါကြောင်း ရေးသားတင်ပြအပ်ပါသတည်း။ ။

သာသနာ့ရောင်ခြည်စာစောင်၊

၁၃၅၇-ခုနှစ်၊ နတ်တော်လပြည့်နေ့။

# ယဉ်ကျေးမှုနှင့် ချမ်းသာခြင်း

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ဆက်ဆံရာတွင် သတိလွတ်သွား၍ဖြစ်စေ၊ တမင်သက်သက်ဖြစ်စေ မနှစ်လိုဖွယ်အပြုအမူ၊ ဒေါသဖြစ်ဖွယ်စကားမျိုးကို ပြုမူလိုက်မိသည့်အခါမျိုးတွင်ဖြစ်စေ၊ ပြောမိလိုက်သည့်အခါမျိုးတွင်ဖြစ်စေ တစ်ဖက်ပုဂ္ဂိုလ် မကျေမနပ်ဖြစ်သွားပါက၊ စိတ်အနှောင့်အယှက်ဖြစ်သွားပါက တောင်းပန်စကားပြောရပေမည်။ တောင်းပန်စကားပြောကြားခြင်းသည် ယဉ်ကျေးသူတို့၏ အပြုအမူမျိုးဖြစ်လေသည်။

တရုတ်လူမျိုး၊ ကိုးရီးယားလူမျိုးတို့သည် တစ်ဖက်သားစိတ်အနှောင့်အယှက်ဖြစ်ဖွယ် စကားမျိုး၊ အပြုအမူမျိုးကို ပြောဆိုပြုမူမိပါက အခြားပုဂ္ဂိုလ်များကို မဆိုထားဘိ၊ မိဘနှင့်သားသမီး အချင်းချင်းပင် တောင်းပန်စကားပြောကြားလေ့ရှိသည်ကို စာဖတ်ပရိသတ်များအသိပင်ဖြစ်ပါသည်။

တောင်းပန်စကားပြောလိုက်ပါလျှင် အတောင်းပန်ခံပုဂ္ဂိုလ်ကလည်း ကျေနပ်သွားတတ်ပေသည်။ ကျေလည်းကျေနပ်သွားရပေ

မည်။ မြတ်စွာဘုရားရှင်က "မိမိ၏ အပြစ်ကို အပြစ်ဟုမရှုသောသူ၊ တောင်းပန်ဝန်ချသူ၏အပြစ်ကို တရားသဘောအတိုင်း လက်မခံသော(ခွင့်မလွှတ်သော)သူသည် လူမိုက်၊ မိမိ၏ အပြစ်ကို အပြစ်ဟု ရှုသောသူ၊တောင်းပန်ဝန်ချသူ၏ အပြစ်ကို တရားသဘောအတိုင်း လက်ခံသော(ခွင့်လွှတ်သော)သူသည် ပညာရှိ" ဟုဟောတော်မူပါသည်။ (အံ၊၁၊ဒုကနိပါတ်၊ဗာလဝဂ်) ပြုမှားပြောမှားမိသော ကာယကံအပြစ်၊ ဝစီကံအပြစ်များကို တောင်းပန်ခြင်း၊ တောင်းပန်သည်ကို ခွင့်လွှတ်သည့်ဓလေ့များ ပိဋကတ် စာပေ၌ များစွာတွေ့ရပေသည်။

## အဇာတသတ်မင်း၏ တောင်းပန်မှု

အဇာတသတ်မင်းသည် အရှင်ဒေဝဒတ်၏ တိုက်တွန်းမှုကြောင့် အရိယာဖြစ်သော ဖခမည်းတော်ကို သတ်မိသည့် ပိတုဃာတကကံကြီးကို ကျူးလွန်မိလေသည်။ ထိုကံကြီးကို လွန်ကျူးမိပြီးနောက်တွင် နောင်တရကာ စိတ်တွေပူပန်နေပြီး အိပ်မရသည့် ညတွေလည်းများလာသည်။ တန်ဆောင်မုန်းလပြည့် ညတစ်ညတွင်မှ သမားတော်ဇီဝက၏အကူအညီဖြင့် မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ပြီး ရဟန်းပြုခြင်း အကျိုးများ(သာမညဖလ)ကို မေးလျှောက်သည်။ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူသည်။ တရားတော်ကို နာယူပြီးသည့်အဆုံးတွင် ဥပါသကာအဖြစ် ခံယူသည်။ ထို့နောက် ဖခမည်းတော်အပေါ် လွန်ကျူးမိသည့်အပြစ်ကို မြတ်စွာဘုရားထံ ဝန်ချတောင်းပန်သည်။

"အကျွန်ုပ်သည် တရားစောင့်သော၊ တရားသဖြင့်မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏။ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်

အခါ စောင့်စည်းစိမ့်သောငှာ အပြစ်ဟုလက်ခံတော်မူပါ (ခွင့်လွှတ်တော်မူပါ) အရှင်ဘုရား”

ထိုအခါ မြတ်စွာဘုရားရှင်က အပြစ်ကို ခွင့်လွှတ်တော်မူသည့်အကြောင်း အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

“မင်းကြီး မိုက်သည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ်လွှမ်းမိုးသွားခဲ့၏။ (သင့်မှာအပြစ်ဖြစ်သွားခဲ့ပြီ) သင်သည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော်ကို သတ်မိခဲ့၏။ မင်းကြီး သင်သည် အပြစ်ကို အပြစ်ဟု မြင်၍ အပြစ်အားလျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကို အပြစ်ဟု ငါတို့လက်ခံကုန်၏။ (ငါတို့ ခွင့်လွှတ်ကုန်၏။) မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ်ဟု မြင်၍ တရားအားလျော်စွာ ကုစား၏။ နောင်အခါ စောင့်စည်း၏။ ထိုသူ၏ ဤကုစားစောင့်စည်းခြင်းသည် ငါဘုရား၏ သာသနာတော်၌ ကြီးပွားခြင်းပင်တည်း” (ဒီ၊၁။သာမညဖလသုတ်)

## အရှင်သာရိပုတ္တရာ၏ တောင်းပန်မှု

အရှင်သာရိပုတ္တရာ နာလကရွာ ဖွားမြင်ရာ တိုက်ခန်းအတွင်း၌ ပရိနိဗ္ဗာန်စံခါနီးအချိန်က ဖြစ်သည်။ အရုဏ်တက်ချိန်တွင် ညီတော်စုန္ဒကို နောက်ပါရဟန်းငါးရာကို စုဝေးစေပြီးနောက် တောင်းပန်းစကား ပြောကြားတော်မူသည်။

“ငါ့ရှင်တို့၊ လေးဆယ့်လေးနှစ်တို့ကာလပတ်လုံး ငါနှင့်အတူ လှည့်လည်ကြကုန်သော သင်တို့အား ငါ၏ ကာယကံမှု၊ ဝစီကံမှုကို မနှစ်သက်ကြကုန်သည်ဖြစ်အံ့၊ ထိုမနှစ်သက်သော ကာယကံမှု၊ ဝစီကံမှုကို သည်းခံကြပါကုန်”

ထိုအခါ နောက်လိုက်ရဟန်းတော်ငါးရာတို့ကလည်း ပြန်လည်တောင်းပန်ကြသည်။

"အရှင်ဘုရား၊ဤမျှသော လေးဆယ့်လေးနှစ်တို့ကာလပတ်လုံး အရှင်ဘုရားတို့ကို အရိပ်ကဲ့သို့မလွှတ်မူဘဲ လှည့်လည်ကြကုန်သော တပည့်တော်တို့အား မနှစ်သက်ဖွယ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာသည် မရှိပါဘုရား၊ အရှင်ဘုရားတို့ကသာ တပည့်တော်တို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို သည်းခံတော်မူကြပါကုန်ဘုရား" (ဒီ၊ဋ္ဌ၊၂။၁၄၃)

## သောတာပန်ရဟန်းငယ်၏ တောင်းပန်မှု

ရွာငယ်တစ်ရွာရှိ ကျောင်းငယ်တစ်ကျောင်းတွင် ရဟန္တာမထေရ်ကြီးတစ်ပါးနှင့် သောတာပန် ရဟန်းငယ်တစ်ပါးအတူ သီတင်းသုံးနေထိုင်ကြသည်။ တစ်နံနက်ခင်းတွင် ရွာထဲ ဆွမ်းခံကြွဝင်ကြစဉ် ပထမဆုံးအိမ်က တစ်ယောက်ချိုးမျှသော ယာဂု(ဆန်ပြုတ်) ပူပူလေးလောင်းလှူလိုက်သည်။ မထေရ်ကြီးလည်း လေနာရောဂါရှိသဖြင့် ယာဂုပူပူရှိတုန်း သစ်တုံးတစ်တုံးပေါ်ထိုင်ကာ ဘုဉ်းပေးလိုက်သည်။ အမြင်မတော်ဖွယ်ဖြစ်သွားသည်။ ရဟန်းငယ်လည်း နှာခေါင်းရှုံ့ကာ "ဒီကိုယ်တော်ကြီးနှယ် ဆာ၊ဆာတတ်လွန်းတယ်၊ ငါတို့အဖို့ ရှက်ဖွယ်အမှုကို ပြုလုပ်ရက်ပေစွ" ဟု စွပ်စွဲပြောဆိုလိုက်မိသည်။

ကျောင်းပြန်ရောက်လျှင် မထေရ်ကြီးက မေးတော်မူသည်။

"ငါ့ရှင် သင့်အား ဒီသာသနာတော်မှာ ထောက်တည်ရာ ရပြီလော"

"အရှင်ဘုရား၊ တပည့်တော် သောတာပန်ဖြစ်ပါပြီဘုရား"

"ဒါဖြင့်ရင် အထက်မဂ်သုံးပါးအတွက် ဆက်လက်အား

ထုတ်မနေနဲ့တော့၊ သင်သည် ရဟန္တာကို စွပ်စွဲပြောဆိုမိပြီ"

ရဟန်းငယ်က ခွင့်လွှတ်ဖို့ တောင်းပန်ကန်တော့လိုက်သည်။ ထိုသို့ တောင်းပန်ကန်တော့လိုက်သည့်အတွက် ပြစ်မှားမိသော ဝစီကံ အကုသိုလ်လည်း ပြေပျောက်သွားလေသည်။(ဝိ၊၄၊၁။၁၃၄)

## သူဌေးမတစ်ဦး၏ တောင်းပန်မှု

အသျှင်အနုရုဒ္ဓါ ကောသလတိုင်း ရွာတစ်ရွာရှိ သူဌေးမ တစ်ယောက်အိမ်၌ ညကျိန်းစက်ရန် ပြင်ဆင်စဉ်က အဆိုပါ သူဌေးမ က သူမနှင့်သူမပိုင်ပစ္စည်းဥစ္စာများကို သိမ်းပိုက်ဖို့(လင်ယောကျ်ား အဖြစ်ဖြင့် လက်ခံဖို့) လျှောက်သည်။ လျှောက်မရသောအခါ အမြင် မတော်ဖွယ်အမူအရာများ ပြုမူပြလျက် ဖြားယောင်းသည်။ အသျှင် အနုရုဒ္ဓါလည်း စက္ခုန္ဒြေချလျက်သာ နေတော်မူလေသည်။ ထိုအခါ ကျမှ အိမ့်ရှင်သူဌေးမလည်း တောင်းပန်ရှာသည်။

"အသျှင်ဘုရား၊ မိုက်သည့်အလျောက် တွေဝေသည့် အလျောက် အပြစ်သည် တပည့်တော်မကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ။ (တပည့်တော်မမှာ အပြစ်ဖြစ်သွားပါပြီ) တပည့်တော်မသည် ဤသို့ မတော်မလျော်သော အမှုကို ပြုမိပါ၏။ အသျှင်ဘုရား၊ အသျှင်သည် တပည့်တော်မ၏အပြစ်ကို နောင်အခါစောင့်စည်းစိမ့်သောငှာ အပြစ် ဟု လက်ခံတော်မူပါလော့ (သည်းခံတော်မူပါလော့)"

(ပါစိတ်ပါဠိတော်။ဒုတိယသဟသေယျသိက္ခာပုဒ်)

## စကားပြောမှုဆိုင်ရာ ယဉ်ကျေးမှု

တစ်ယောက်ချင်းချင်း စကားပြောရာ၌ဖြစ်စေ၊ အများဝိုင်းဖွဲ့ ပြောဆိုကြရာ၌ဖြစ်စေ တစ်ဖက်သား၏ စကားကို ဂရုတစိုက်နား

ထောင်ပေးရမည်၊ တစ်ဖက်သားစကားမဆုံးမီ ကြားထဲမှဖြတ်မပြောရပေ၊ လုလည်းမပြောရပေ။ တစ်ဖက်သား၏စကားကို စိတ်မဝင်စားသည့် အမူအရာဖြင့် ဟိုငေးဒီငေးလုပ်ခြင်း၊ တစ်ဖက်သားစကားမဆုံးမီ ကြားထဲမှဖြတ်၍ ဝင်ဖောက်၍ပြောခြင်း၊ စကားလုပြောခြင်းများသည် လွန်စွာရိုင်းသည့်အပြုအမူဟု ပညာရှင်အများက သတ်မှတ်ထားကြသည်။

## ကာပဋိကလုလင်၏ ကြားဖြတ်ပြောဆိုမှု

မြတ်စွာဘုရားရှင် ကောသလတိုင်း ဩပါသာဒပုဏ္ဏားရွာ မြောက်ဖက်ရှိ အင်ကြင်းတောဌ် သီတင်းသုံးနေတော်မူစဉ် ထိုရွာသား ပညာတတ်ပုဏ္ဏားကြီးများရောက်လာပြီး မြတ်စွာဘုရားနှင့် တရားစကားပြောဆိုဆွေးနွေးကြသည်။ မြတ်စွာဘုရားရှင် အသက်အရွယ်ကြီးပုဏ္ဏားကြီးများနှင့် စကားပြောနေစဉ် အသက်(၁၆)နှစ်မျှသာ ရှိသေးသော ကာပဋိကလုလင်သည် (၄င်းလည်းပညာတတ် တစ်ယောက်ပင်ဖြစ်သည်) ကြားဖြတ်၍ ကြားဖြတ်၍ ဝင်ပြော၏။

ထိုအခါ မြတ်စွာဘုရားရှင်က ၄င်းလုလင်ကို ကြားဖြတ်ဝင် မပြောဖို့ ငေါက်ငမ်းဟန့်တားပစ်လိုက်ရသည်။

"ငါ့သျှင်ဘာရဒွါဇ တိုင်ပင်ပြောဆိုနေကြသော ပုဏ္ဏားကြီးတို့၏စကားကို ကြားဖြတ်၍ကြားဖြတ်၍ မပြောဆိုပါနဲ့၊ ငါ့သျှင်ဘာရဒွါဇသည် စကားဆုံးသည့်တိုင်အောင် ဆိုင်းငံ့ပါဦးလော့"

(မ၊၂။၃၈၀။စင်္ကီသုတ်)

## အသျှင်စိတ္တ၏ ကြားဖြတ်ပြောဆိုမှု

မြတ်စွာဘုရားရှင် ဗာရာဏသီပြည် မိဂဒါဝုန်တောဌ် သီတင်းသုံးနေတော်မူစဉ်ကဖြစ်သည်။ မထေရ်ဖြစ်သော ရဟန်းတော်များစွာ

သည် ဆွမ်းဘုဉ်းပေးကြပြီးနောက် တန်ဆောင်းဝန်းတွင် စုဝေးကာ အဘိဓမ္မာတရားကို ဆွေးနွေးပြောဆိုနေကြသည်။ ထိုစဉ် ဆင်ဆရာ၏ သားအသျှင်စိတ္တသည် မထေရ်ကြီးတို့၏စကားကို ဆုံးအောင်နား မထောင်ဘဲ ကြားဖြတ်၍ ကြားဖြတ်၍ဝင်ပြောသည်။ ထိုအခါ အသျှင် မဟာကောဋ္ဌိကက ကြားဖြတ်မပြောဖို့ ဝင်ရောက်ဟန့်တားလိုက်သည်။

"အသျှင်စိတ္တသည် မထေရ်ကြီးတို့ အဘိဓမ္မာတရား ဆွေးနွေးကြစဉ် ကြားဖြတ်၍ ကြားဖြတ်၍ မပြောပါနဲ့၊ အသျှင်စိတ္တ သည် စကားဆုံးသည်တိုင်အောင် ဆိုင်းငံ့ပါဦးလော့"

(အံ၊၂။၃၄၄။ဟတ္ထိသာရိပုတ္တသုတ်)

## မြတ်စွာဘုရား၏ စကားပြီးအောင် စောင့်ဆိုင်းမှု

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေ တော်မူစဉ်က ဖြစ်သည်။ အသျှင်နန္ဒကသည် တန်ဆောင်ဝန်း၌ ရဟန်းတော်များအား တရားဟောလျက်ရှိသည်။ မြတ်စွာဘုရားရှင် သည် ညနေချမ်းအချိန်တွင် တစ်ပါးတည်းကိန်းအောင်းရာမှ ထတော် မူ၍ တန်ဆောင်းဝန်းသို့ ကြွတော်မူသွားသည်။ တရားစကားမပြီးဆုံး သေးသဖြင့် တံခါးမုခ်ပြင်ပ၌ပင် ပြီးဆုံးသည်တိုင်အောင် ရပ်စောင့် ဆိုင်းနေတော်မူ၏။ အသျှင်နန္ဒက၏ တရားစကားပြီးဆုံးသွားသည်ကို သိတော်မူမှသာလျှင် ချောင်းဟန့်အသံပြုလျက် တံခါးခေါက်တော် မူသည်။ ရဟန်းတော်များလည်း မြတ်စွာဘုရားရှင်အား တံခါးဖွင့်ပေး ကြလေ၏။ (အံ၊၃။၁၆၉။နန္ဒကသုတ်)

## တံခါးခေါက်ခြင်းနှင့် ချောင်းဟန့်ခြင်းယဉ်ကျေးမှု

လူတို့၏ ဆက်ဆံရေးနယ်ပယ်တွင် လိုက်နာကျင့်သုံးရသည့်

လူ့ကျင့်ဝတ်များစွာရှိပေသည်။ ထိုတွင် တံခါးခေါက်ခြင်းနှင့် ချောင်းဟန့်ခြင်းဟူသော ကျင့်ဝတ်များလည်းပါရှိပေသည်။ သူတစ်ပါးတို့၏ အိမ်၊ကျောင်း၊ ရုံးခန်းစသည် နေရာများသို့ ဝင်ရောက်လိုပါက တစ်စုံတစ်ရာအသံပြု အသိမပေးဘဲ (ခွင့်မတောင်းဘဲ) စွတ်ကနဲ ဝင်မသွားရပေ။ ထိုအပြုအမူကို ရိုင်းသည်ဟု မှတ်ယူထားတတ်ကြသည်။ သို့ဖြစ်၍ အသံပြုအသိပေး၍ ဝင်ခွင့်ပြုမှ ဝင်ကြရပေမည်။ မိမိကအသေးအဖွဲဟု ထင်နေစေကာမူ တစ်ဖက်လူမှာ စိတ်အနှောင့်အယှက် ဖြစ်တတ်သည်။ တံခါးခေါက်ခြင်း၊ ချောင်းဟန့်ခြင်းကျင့်ဝတ်သည် မြတ်စွာဘုရားကိုယ်တော်တိုင်သော်မှ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ်ဖြစ်ကြောင်း ပိဋကတ်စာပေတို့၌ များစွာတွေ့ရှိရပေသည်။

(မှတ်ချက်။ ။မြတ်စွာဘုရားကိုယ်တော်တိုင် တံခါးခေါက်ခြင်း၊ချောင်းဟန့်ခြင်းကျင့်ဝတ်များ လိုက်နာကျင့်သုံးပုံကို စကားပြောမှုဆိုင်ရာယဉ်ကျေးမှု-ခေါင်းစဉ်၌ တင်ပြခဲ့ပြီးပါပြီ။)

## အမ္ဗဋ္ဌလုလင်၏ ချောင်းဟန့်ခြင်း၊ တံခါးခေါက်ခြင်းပြုပုံ

မြတ်စွာဘုရားရှင် ကောသလတိုင်းအတွင်းရှိ ဣစ္ဆာနင်္ဂလ တောအုပ်၌ သီတင်းသုံးနေတော်မူ စဉ်ကဖြစ်၏။ အမ္ဗဋ္ဌလုလင်သည် ဆရာဖြစ်သူ ပေါက္ခရသာတိပုဏ္ဏားက ဘုရားအစစ်ဟုတ်၊ မဟုတ် စုံစမ်းရန်စေလွှတ်သဖြင့် ကျောင်းတော်သို့ သွားသည်။ လွင်ပြင်၌ စင်္ကြံလျှောက်နေကြသော ရဟန်းတော်များကို မြတ်စွာဘုရားသီတင်းသုံးရာ ကျောင်းတော်ကို မေးမြန်း၏။ ရဟန်းတော်များက "အမ္ဗဋ္ဌ၊ တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကိုခေါက်လော့၊ မြတ်စွာဘုရားသည် သင့်အား တံခါးဖွင့်ပေးလိမ့်မည်" ဟု

ပြောပြလိုက်ကြသည်။ အမ္ဗဋ္ဌလည်း ရဟန်းတော်များပြောပြသည့်အတိုင်း တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကိုခေါက်၏။ မြတ်စွာဘုရားသည် တံခါးကို ဖွင့်ပေးတော်မူ၏။အမ္ဗဋ္ဌလုလင်သည် ဝင်သွား၏။

(မှတ်ချက်။ ။မြတ်စွာဘုရားသည် တံခါးကို ဖွင့်သည်- ဆိုရာ၌ ကိုယ်တော်တိုင်ထဖွင့်သည် မဟုတ်ပေ။ "ပွင့်စေသတည်း"ဟု စိတ်တော်ကိုဖြစ်စေ၍ လက်ကိုဆန့်တန်းလိုက်ရုံဖြင့်ပင် တံခါးကသူ့အလိုလို ပွင့်သွားခြင်းသာ ဖြစ်သည်။ လက်ကို ဆန့်တန်းလိုက်ရုံဖြင့်ပင် သူ့အလိုလိုပွင့်သွားသော တံခါးမျိုးကို ရန်ကုန်ချမ်းမြေ့ရိပ်သာအတွင်း၌ မြင်ဖူးပါသည်။)

ပေါက္ခရသာတိမြို့စားမင်းသည် တပည့်ဖြစ်သူ အမ္ဗဋ္ဌလုလင်သေချာကျနစွာ စုံစမ်းခဲ့ပြီးနောက် ဘုရားအစစ်ဖြစ်ကြောင်း သေချာစွာသိရမှသာလျှင် တပည့်အပေါင်းခြံရံလျက် သွားရောက်ဖူးမြော်သည်။

(ဒီ၊၁။အမ္ဗဋ္ဌသုတ်)

မျက်မှောက်ခေတ်တွင် လူမှုဆက်ဆံရေးနယ်ပယ်၌ တောင်းပန်ခြင်း၊ချောင်းဟန့်အသံပြုခြင်း၊ တံခါးခေါက်ခြင်းစသော ကျင့်ဝတ်များကို လူကျင့်ဝတ်ကို တတ်သိနားလည်သူများ လိုက်နာကျင့်သုံးလေ့ရှိကြပါသည်။ အသေးအဖွဲဟု သဘောမထားကြပေ။ ထိုအပြုအမူများမှာ ယခုခေတ်မှသာ ရှိသည်မဟုတ်ပေ။ မြတ်စွာဘုရားရှင်လက်ထက်တော်ကတည်းကပင် ရှိခဲ့ပြီးကျင့်ဝတ်များဖြစ်၍ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များပင် လိုက်နာကျင့်သုံးသည့် ကျင့်ဝတ်များဖြစ်ကြောင်း သိရပါသည်။

ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များသည် လောကတွင် အယဉ်ကျေးဆုံးပုဂ္ဂိုလ်များပင် မဟုတ်ပါလော။ ။

ဓမ္မရံသီမဂ္ဂဇင်း (မေလ၊ ၂၀၀၇)

❑

# ယဉ်ကျေးသော ရှင်ရဟန်းများဖြစ်ဖို့

စာရေးသူအရှင်သည် လွန်ခဲ့သည့် နှစ်ပေါင်း(၂၅)နှစ်လောက်က မိမိဖြတ်သန်းခဲ့သည့် ဘဝခရီးကို ပြန်လည်သတိရနေမိသည်။ ထိုစဉ်က စာရေးသူအရှင်မှာ အသက်နှစ်ကျော်အရွယ် ဓမ္မာစရိယစာဝါများ လိုက်နေသော စာသင်သားတစ်ပါးဖြစ်ခဲ့သည်။ ပါရာဇိကဏ်စာဝါကို မိုးကောင်းကျောင်းတိုက် သိန်းသန်းကျောင်း ဆရာတော် ဦးပဏ္ဍိစ္စာဘိဝံသထံ လိုက်ခဲ့ရသည်။

ပါရာဇိကဏ်အဋ္ဌကထာ၊ ဝိနယပုဒ်အဖွင့် "ဝိဝိဓဝိသေသနယတ္တာ" အစရှိသော ဂါထာ၌ပါရှိသော "ဝိနယတောစေဝကာယဝါစာနံ အယံ ဝိနယော ဝိနယောတိ အက္ခာတော" အဖွင့်၏ အဓိပ္ပါယ်ကို ရှင်းပြပါသည်။ ခတ်ပစ္စည်းခွဲပြသည်။ ပစ္စည်း၏သတ္တိကို ရှင်းပြသည်။ "ကိုယ်နှုတ်တို့ကို ဆုံးမတတ်သောကြောင့် ဝိနည်း၊ ကိုယ်နှုတ်တို့ကို ဆုံးမခြင်းကြောင့် ဝိနည်း၊ ကိုယ်နှုတ်တို့ကို ဆုံးမကြောင်း၏အဖြစ်ကြောင့် ဝိနည်း"ဟု အနက်အမျိုးမျိုးပေးပြ၍ ပစ္စည်း၏ သာဓနအနက်ကို ဖေါ်ပြပါသည်။

ထိုစဉ်ကမူ စာမေးပွဲဖြေဆိုနိုင်ရေးသာ ဦးတည်ချက်ရှိနေ၍ စာချဆရာတော်ကရော စာသင်သားများကပါ စာမေးပွဲစည်းမျဉ်းဘောင်အတွင်းကသာ ပို့ချပေးခဲ့ပါသည်။ လေ့လာဖြစ်ခဲ့ပါသည်။ အခြားအဓိပ္ပါယ်များကိုမူ မလေ့လာဖြစ်ခဲ့ပါ။ မစဉ်းစားဖြစ်ခဲ့ပါ။

ယခုအခါတွင်မူ ခတ်ပစ္စည်းဝါကျခွဲတွေထက် ထိုပါဠိက ပြောသော အဓိပ္ပါယ်ကို ဦးစားပေးစဉ်းစားဖြစ်ပါသည်။အသက်အရွယ်ကလည်း ရလာ၊ စာပေဗဟုသုတကလည်း အထိုက်အလျောက် ပြည့်ဝလာသည့်အတွက် ယင်းအဖွင့်၏ အဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့်နားလည်ခဲ့သည်။ လေးနက် ကောင်းမွန်သည့်

အဓိပ္ပါယ်များကို သိခွင့်ရလာသည်။ စဉ်းစားရသည်မှာ အရသာရှိလှသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲကွာနေသော မိတ်ဆွေဟောင်းကို ပြန်လည်တွေ့လိုက်ရသကဲ့သို့ ကြည်နူးဝမ်းသာမိသည်။

ဝိနည်းဟူသည်မှာ

ဖော်ပြခဲ့ပါ အဋ္ဌကထာဖွင့်ပြချက်အရ ဝိနည်းဟူသည်မှာ ကိုယ်နှုတ်တို့ကို ဆုံးမကြောင်းဖြစ်သော တရားဟု သိရပါသည်။ မြတ်စွာဘုရားရှင်သည် တပည့်ရှင်ရဟန်းများကို ဆုံးမတော်မူရာတွင် ဝိနည်းသိက္ခာပုဒ်များဖြင့် ဆုံးမတော်မူပါသည်။ ဝိနည်းသိက္ခာပုဒ်တော်များသည် ဘုရားရှင်၏သာသနာတော်တွင် ဥပဒေများပင် ဖြစ်ပါသည်။ လူ့လောကတွင်နိုးမှု၊ လူသတ်မှုစသည် ပြစ်မှုတစ်ခုခု လွန်ကျူးပါက သက်ဆိုင်ရာပုဒ်မတပ်လျက် ထိုက်သင့်ရာပြစ်ဒဏ် ပေးလေ့ရှိပါသည်။ ထိုနည်းတူစွာ ဘုရားရှင်၏ သာသနာတော်တွင်လည်း ပြစ်မှုတစ်ခုခုလွန်ကျူးပါက သက်ဆိုင်ရာပုဒ်မ (ပါရာဇိက၊ သံဃာဒိသေသ် စသည်တစ်ခုခု)တပ်လျက် ပြစ်ဒဏ်(လူထွက်စေခြင်း၊ အာပတ်ကုစားစေခြင်း) ပေးပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်တွင်းသို့ ဝင်ရောက်နေကြသော ရဟန်းတော်များမှာ အရိယာရဟန်းတော်များချည်း မဟုတ်ကြပါ။ ပုထုဇဉ်ရဟန်းတော်များလည်း သိန်းသောင်းချီရှိနေပါသည်။ ပုထုဇဉ်ရဟန်းတော်များတွင်လည်း သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းတော်များရှိသလို သဒ္ဓါတရားနည်းပါးသော ရဟန်းတော်များလည်း ရှိသည်သာဖြစ်ပါသည်။ ယင်းရဟန်းတော်များသည် လောဘ၊ဒေါသ၊ မောဟဟူသော စိတ်မိုက်စိတ်ရိုင်းများ ရှိကြသေးသည့်အလျောက် ၄င်းတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာသည်လည်း ရိုင်းစိုင်းကြလေသည်။ မယဉ်ကျေးကြပေ။ ရဟန်းတော်များနှင့် မသင့်တော်သော ကာယကံမှု၊ ဝစီကံမှုများကို

လွန်ကျူးမိကြလေသည်။ လူအများ အမြင်မတော်ဖွယ်, ကဲ့ရဲ့ဖွယ် ကိုယ်အမူအရာ, နှုတ်အမူအရာများကို ပြုမူမိတတ်ကြလေသည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့အား ပြစ်မှုအလိုက် ပြစ်ဒဏ်ချမှတ်တော်မူသည်။ နောက်နောင်တွင် မလွန်ကျူးရန် မိန့်တော်မူသည်။ ထိုပညတ်တော်မူချက်ကို လိုက်နာကျင့်သုံးကြသဖြင့် ရဟန်းတော်များ၏ ကိုယ်အမူအရာ, နှုတ်အမူအရာသည် ယခင်လိုမဟုတ်တော့ဘဲ ယဉ်ကျေးလာကြရပေသည်။ လူအများစိတ်တွင် ကြည်ညိုဖွယ်ဖြစ်လာပေသည်။ ဝိနည်းသိက္ခာပုဒ်တော်များ၏ အစွမ်းသတ္တိဖြစ်သည်။

သာသနာ့ဝန်ထမ်းရှင်ရဟန်းများသည် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးဖို့လိုသည်။ ကြည်ညိုဖွယ်ဆောင်ဖို့လိုသည်။ ရှင်ရဟန်း ဘဝဆိုသည်မှာ ပစ္စည်းလေးပါးအတွက်(စားဝတ်နေရေးအတွက်) သာသနာတော်ကို သက်ဝင်ယုံကြည်သော ဒကာ, ဒကာမများအပေါ် အားထားမှီခိုနေကြရသည်။ ဒကာ,ဒကာမများကလည်း ရှင်ရဟန်း များ ကြည်ညိုဖွယ်ဆောင်မှသာလျှင် မိမိတို့ ပင်ပန်းကြီးစွာ ရှာဖွေပါမှ ရရှိလာသည့် ပစ္စည်းများကို လှူဒါန်းလိုကြပေမည်။ ကြည်ညိုဖွယ်ကို ဖြစ်စေရာ၌ ဝိနည်းသိက္ခာပုဒ်တော်များသည် အခရာကျသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က ဝိနည်းသိက္ခာပုဒ်တော်များ ပညတ်ရခြင်းအကြောင်း (၁၀)ပါးတို့တွင် "အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဘိယျော ဘာဝါယ=မကြည်ညိုသေးသောသူတို့ကို ကြည်ညိုလာစေရန်၊ ကြည်ညိုပြီးသားသူတို့ ပို၍ကြည်ညိုလာစေရန်" ဟူသော အကြောင်းနှစ်ချက်ကို ထည့်သွင်းမိန့်ကြားတော်မူခဲ့ပေသည်။

ကိုယ်နှုတ်ကိုဆုံးမသော သိက္ခာပုဒ်အချို့

ကိုယ်အမူအရာကို ဆုံးမသည့် သိက္ခာပုဒ်တော်များ

၁။ ပထမပါရာဇိကာသိက္ခာပုဒ် (မေထုန်မလွန်ကျူးရန်ဆုံးမခြင်း)

၂။ ဒုတိယပါရာဇိကာသိက္ခာပုဒ် (မခိုးရန် ဆုံးမခြင်း)

၃။ ကာယသံသဂ္ဂသိက္ခာပုဒ် (မာတုဂါမနှင့် ကိုယ်လက်နှီးနှောခြင်းမပြုရန် ဆုံးမခြင်း)

၄။ သုရာပါနသိက္ခာပုဒ် (အရက်သောက်ခြင်းမပြုရန် ဆုံးမခြင်း)

၅။ သံဝိဓာနသိက္ခာပုဒ် (မာတုဂါမနှင့်ချိန်း၍ တစ်ခရီးတည်းအတူမသွားရန် ဆုံးမခြင်း)

နှုတ်အမူအရာကို ဆုံးမသည့် သိက္ခာပုဒ်တော်များ

၁။ စတုတ္ထပါရာဇိကာသိက္ခာပုဒ် (ဈာန်မဂ်ဖိုလ်တရားထူးတကယ်မရဘဲ ရသည်ဟု လိမ်ညာမပြောဆိုရန် ဆုံးမခြင်း)

၂။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်(မာတုဂါမကို ဝစ္စမဂ်ပဿာဝမဂ်နှင့်စပ်သော စကားတို့ဖြင့် ယုတ်ယုတ်မာမာ မပြောရန် ဆုံးမခြင်း)

၃။ မုသာဝါဒသိက္ခာပုဒ် (မဟုတ်မမှန်စကားမပြောရန် ဆုံးမခြင်း)

၄။ ဩမသဝါဒသိက္ခာပုဒ် (ဇာတိစသောစကားတို့ဖြင့် မဆဲရေးရန် ဆုံးမခြင်း)

၅။ ပေသုညသိက္ခာပုဒ် (ကုန်းတိုက်စကားမပြောရန် ဆုံးမခြင်း)

## ကိုယ်ရောနှုတ်ပါ ဆုံးမသည့် သိက္ခာပုဒ်များ

၁။ တတိယပါရာဇိကသိက္ခာပုဒ်(လူမသတ်ရန် ဆုံးမခြင်း)

၂။ သဥ္စရိတ္တသိက္ခာပုဒ်(အမျိုးသားနှင့် အမျိုးသမီးကို အောင်သွယ်မပေးရန် ဆုံးမခြင်း)

## လူယဉ်ကျေးတို့၏ အပြုအမူများ

လူလောကတွင် လူယဉ်ကျေးဟုဆိုရသောသူများကို လေ့လာကြည့်ရာတွင် အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ဆင်လေ့ရှိသည်ကိုတွေ့ရပါသည်။ သွားလာရာတွင် ဣန္ဒြေရရသွားလာ လေ့ရှိသည်ကိုတွေ့ရပါသည်။စားသောက်ရာတွင်လည်း လူကဲ့ရဲ့ဖွယ် လူမသတီဖွယ်အပြုအမူများကို ရှောင်ကြဉ်လေ့ရှိသည်ကို တွေ့ရပါလိမ့်မည်။

မြတ်စွာဘုရားရှင်၏ တပည့်သာဝကများသည် လူ့အဖွဲ့အစည်းတွင် အထက်တန်းကျသော အဖွဲ့အစည်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် မိမိတပည့်သာဝကများ ဝတ်တတ်ဆင်တတ်အောင်၊ သွားတတ်လာတတ်အောင်၊ စားတတ်သောက်တတ်အောင် အခါအခွင့်သင့်တိုင်း သွန်သင်ဆုံးမလေ့ရှိပါသည်။ မြတ်စွာဘုရား သွန်သင်ဆုံးမသောသိက္ခာပုဒ်အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

၁။ ပရိမဏ္ဍလသိက္ခာပုဒ် (သင်္ကန်းကို ထက်ဝန်းကျင်ဝန်းဝိုင်းစွာဝတ်ရုံရန် ဆုံးမခြင်း)

၂။ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် (မြို့တွင်းရွာတွင်း၌ လည်ပင်း၊ လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးအုပ်လျက် သွားလာနေထိုင်ရန် ဆုံးမခြင်း)

၃။ သုသံဝုတသိက္ခာပုဒ်(မြို့တွင်းရွာတွင်း၌ လက်ခြေကို ကောင်းစွာစောင့်စည်းလျက် သွားလာရန် ဆုံးမခြင်း)

၄။ ဩက္ခိတ္တစက္ခုသိက္ခာပုဒ် (မြို့တွင်းရွာတွင်း၌ စက္ခုန္ဒြေချလျက် သွားလာနေထိုင်ရန် ဆုံးမခြင်း)

၅။ ဥဇ္ဈဂ္ဃိက သိက္ခာပုဒ်(မြို့တွင်းရွာတွင်း၌ ကျယ်လောင်စွာရယ်မောသွားလာနေထိုင်ခြင်း မပြုရန်ဆုံးမခြင်း)

၆။ ကဗဠသိက္ခာပုဒ် (ဆွမ်းလုတ်ကြီးကြီး မပြုလုပ်ရန်ဆုံးမခြင်း)

၇။ အနာဟဋသိက္ခာပုဒ်(ဆွမ်းလုတ်ခံတွင်းဝမရောက်မီခံတွင်းဝကို ဖွင့်မထားရန် ဆုံးမခြင်း)

၈။ သကဗဠသိက္ခာပုဒ် (ဆွမ်းလုတ်နှင့်တကွသော ခံတွင်းဖြင့် စကားမပြောဖို့ သွန်သင်ခြင်း)

၉။ ဇိဝှါနိစ္ဆာရကသိက္ခာပုဒ် (လျှာထုတ်မစားဖို့ သွန်သင်ခြင်း)

၁၀။ စပုစပုကာရကသိက္ခာပုဒ် (စပ်စပ်ပျတ်ပျတ်မြည်အောင်မစားရန် ဆုံးမခြင်း)

၁၁။ သုရုသုရုကာရကသိက္ခာပုဒ် (ရှုပ်ရှုပ်အသံမြည်အောင်မစားရန် ဆုံးမခြင်း)

မြတ်စွာဘုရားရှင်သည် မိမိ၏ တပည့်သာဝကများ ကိုယ်နှုတ်အမူအရာယဉ်ကျေးစေရန် လည်းကောင်း၊ ဝတ်တတ်၊ စားတတ်၊ သွားတတ်၊လာတတ်စေရန်လည်းကောင်း ဝိနည်းသိက္ခာပုဒ်တော်များ ပညတ်တော်မူလျက် သွန်သင်ဆုံးမတော်မူခဲ့ပါသည်။ သာသနာ့ဝန်ထမ်းရှင်ရဟန်းများအနေဖြင့် ယဉ်ကျေးသော ရှင်ရဟန်းများဖြစ်ရန် မြတ်စွာဘုရားရှင် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တော်များအတိုင်း လိုက်နာကျင့်သုံးကြဖို့လိုပေသည်။ ။

(တောရဘုန်းတော်ကြီး ဦးသီလ၏
ခန္တာဝန်ချနှစ်တစ်ရာပြည့်အထိမ်းအမှတ်
ရာပြည့်ပေါ်ဩွန်း မြတ်မော်ကွန်းစာစောင်။
နိုဝင်ဘာလ၊ ၂၀၀၇-ခုနှစ်)

## ဗုဒ္ဓဘာသာ သာသနာပြုနည်း

ဗုဒ္ဓဘာသာ သာသနာပြုနည်းဟူသည် တရားဓမ္မများ ဟောပြောရေးသားလျက် သာသနာပြုခြင်းဖြစ်သည်၊ ကျွေးမွေးပေးကမ်းခြင်း၊ ခိုကိုးရာမဲ့တို့ကို ကယ်တင်ခြင်းစသော ဘဝပြဿနာများ ဖြေရှင်းပေးခြင်းသည် သာသနာပြုခြင်းမဟုတ်ဟု တစ်ချို့ပညာရှင်များ ရေးသားတင်ပြနေကြပါသည်။ ထိုရေးသားတင်ပြချက်အတိုင်း မှန်ပါ၏လော။ မမှန်ပါ။ မဟုတ်ပါ။ ဖော်ပြပါသာဓကများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။

**ပုဏ္ဏားကြီး၏ ဘဝပြဿနာများကို ဖြေရှင်းပေးတော်မူခြင်း**

မြတ်စွာဘုရားရှင် ကောသလတိုင်းအတွင်းရှိ တောအုပ်တစ်ခုအတွင်း၌ သီတင်းသုံးနေတော်မူစဉ်ကဖြစ်သည်။ ဘာရဒွါဇ အမည်ရှိ ပုဏ္ဏားကြီးတစ်ယောက်သည် ပျောက်ဆုံးနေသော နွားလား (၁၄)ကောင်ကို ရှာရင်း ဘုရားရှင်ကို ဖူးတွေ့ရသဖြင့် ဘုရားရှင်ထံပါး ချဉ်းကပ်သွား၏။ ၎င်း၏ အခြေအနေနှင့် ဘုရားရှင်၏ အခြေအနေကို နှိုင်းယှဉ်ကြည့်မိ၏။

၎င်းမှာကား ပြဿနာမျိုးစုံတွေ့ကာ စိတ်ဆင်းရဲနေရ၏။ မြတ်စွာဘုရားရှင်မှာမူ ၎င်းခံစားနေရသော စိတ်ဆင်းရဲမှုများ မခံစားရကြောင်း ရိပ်စားမိ၏။

ထို့နောက် ဂါထာခုနစ်ဂါထာတို့ဖြင့် “ဤရဟန်းကြီးကား နွားလား ၁၄ ကောင် ပျောက်ဆုံးမှုလည်း မရှိ၊ နှမ်းခင်းပျက်စီးမှုလည်း မရှိ၊ စပါးတို့ ပျက်စီးမှုလည်း မရှိ၊ မုဆိုးမသမီးများလည်း မရှိ၊ ကြွေးရှင်များ၏ နှိပ်စက်ခံရမှုလည်း မရှိ၊ ထို့ကြောင့် ဤရဟန်းကြီး အား ချမ်းသာခြင်းရှိလေယောင်တကား” စသည်ဖြင့် ရွတ်ဆိုလေ သည်။

မြတ်စွာဘုရားရှင်ကလည်း ပုဏ္ဏားကြီးရွတ်ဆိုသည့်အတိုင်း ဟုတ်မှန်ကြောင်း မိန့်တော်မူ၏။ ပုဏ္ဏားကြီးသည် ဘုရားရှင်၏ တရားတော်ကို နာယူရလျှင် ကြည်ညို၍ ဘုရားရှင်ထံ ရဟန်းပြုရန် ခွင့်တောင်း၏။ ဘုရားရှင်က ရဟန်းပြုပေးလိုက်၏။

သို့ရာတွင် ပုဏ္ဏားကြီးမှာ ရဟန်းပြုပြီးနောက်၌လည်း မုဆိုးမသမီးခုနစ်ယောက် ကိစ္စ၊ ဇနီးပုဏ္ဏေးမကြီးကိစ္စ၊ ကြွေးမြီကိစ္စ များကြောင့် စိတ်အေးချမ်းမှု ရပုံမပေါ်သေးချေ။ ထိုအခါ သမာဓိ မရနိုင်သဖြင့် တရားအားထုတ်၍ ရဟန်မတူပေ။

ထိုအကြောင်းကို ဘုရားရှင်သိတော်မူသဖြင့် ကောသလ မင်းကြီးထံ ခေါ်ယူသွားပြီးနောက် ထိုရဟန်းကြီး၏ ပလိဗောဓများကို ပြောပြတော်မူသည်။ ထိုအခါ မင်းကြီးက မြို့တွင်း စည်လည်စေပြီး လျှင် ကြွေးရှင်များကိုခေါ်၍ ရဟန်းကြီး၏ ကြွေးများကို ပေးဆပ် လိုက်၏။ မုဆိုးမသမီးခုနစ်ယောက်ကို သမီးအဖြစ် မွေးစားလိုက်၏။ ပုဏ္ဏေးမကြီးကိုမူ အမိအရာ၌ထားလျက် စောင့်ရှောက်ထားလိုက် သည်။ ထိုပလိဗောဓများ ကင်းရှင်းသွားသောအခါမှ တရားအားထုတ် လေရာ ရဟန္တာဖြစ်သွားလေသည်။

(သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ။ စာ-၂၁၈။ ဗဟုဝိတရသုတ်အဖွင့်)

ဤသာဓကေ၌ မြတ်စွာဘုရားရှင်သည် ပုဏ္ဏားကြီးအား တရားကိုချည်းဟောလျက် သာသနာပြုသည် မဟုတ်ပါ။ ၎င်း၏ ကြွေးမြီကိစ္စစသော ဘ၀ပြဿနာများကိုပါ ဖြေရှင်းပေးတော်မူခဲ့ ပါသည်။ ဤနည်းကို နှလုံးမူလျက် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ သည်လည်း မိမိတို့ဗုဒ္ဓဘာသာ မဆုတ်ယုတ်ရေးအတွက် တစ်ဖက် က တရားဓမ္မများ ဟောကြားရေးသား သာသနာပြုကြသည့်နည်းတူ အခြားတစ်ဖက်မှလည်း မိမိတို့ဘာသာဝင်များ၏ စားဝတ်နေရေး၊ ကျန်းမာရေးစသော ဘ၀ပြဿနာများကို ကူညီဖြေရှင်းပေးသင့်ကြ ကြောင်း သိရလေသည်။

## မိဘမဲ့ကလေးများကို ကယ်တင်ခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။ ထိုအချိန်တွင် ယင်းပြည်၌ အဟိဝါတမည်သော (မြွေဆိပ် ပမာ အလွန်ပြင်းထန်သော ရောဂါ) ဖြစ်ပွားသည်။ အရှင်အာနန္ဒာ၏ အလုပ်အကျွေးဇနီးမောင်နှံလည်း သေဆုံးသွားရှာသည်။ ထိုမောင်နှံ မှာ သဒ္ဓါတရားနှင့် ပြည့်စုံကြ၍ သာသနာတော်ကို ကြည်ညိုသူများ ဖြစ်ကြသည်။ ၎င်းတို့ ကွယ်လွန်သွားသောအခါ လူမမယ်ကလေး နှစ်ယောက်သာ ကျန်ရစ်ရှာသည်။ ကလေးငယ်နှစ်ယောက်သည် ရဟန်းတော်များကို မြင်လေလျှင် မိဘများရှိစဉ်ကတည်းက ရင်းနှီး ကျွမ်းဝင်လာသည်ဖြစ်ရကား အားကိုးတကြီးဖြင့် ရဟန်းတော်များထံ ပြေးလာရှာကြသည်။ ရဟန်းတော်များက ဝေါက်လွှတ်ကြသည်။ ကလေးငယ်နှစ်ယောက်ခမျာ ဝမ်းနည်းကာ ငိုကြွေးရှာကြသည်။

ထိုကလေးငယ်နှစ်ယောက်ကို ရှင်အာနန္ဒာမြင်လေလျှင် "အင်း...မြတ်စွာဘုရားရှင်က အသက် ၁၅ နှစ်မပြည့်သူကို ရှင်ပြု

မပေးရဟု ပညတ်ထားတယ်၊ ဒီကလေးငယ်နှစ်ယောက်ကလဲ ၁၅ နှစ်မပြည့်ကြသေး၊ ဒါကြောင့် ရှင်ပြုပေးလို့ကတော့ မဖြစ်၊ မကယ်တင်ဘဲ ဒီအတိုင်း ပစ်ထားပြန်ရင်လဲ သူတို့ဘဝပျက်စီးသွားနိုင်ပေတယ်၊ သူတို့လေးတွေ မပျက်စီးအောင် ဘယ့်နှယ်များ လုပ်ရလေမလဲ"ဟု စဉ်းစားတော်မူရှာသည်။

ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားသည်။ ဘုရားရှင်က "ကိုယ်စားနေတဲ့ ထမင်းခွက်၌လာနိုက်သော ကျီးကို ခြောက်ထုတ်နိုင်ပြီလား"ဟု မေးတော်မူသည်။ ခြောက်ထုတ်နိုင်ပြီဖြစ်ကြောင်းလျှောက်လျှင် ဘုရားရှင်က သင်္ကန်းဝတ်ပေးဖို့ ခွင့်ပြုလိုက်သည်။ ရှင်အာနန္ဒာလည်း ထိုမိဘမဲ့ကလေးငယ်နှစ်ယောက်ကို ကျောင်းခေါ်လာ၍ သင်္ကန်းဝတ်ပေးပြီး စောင့်ရှောက်ထားလေ၏

(ဝိနည်းမဟာဝါပါဠိတော်၊ စာ-၁၁၀)

ဤသာကေ၌ ကလေးငယ်နှစ်ယောက်မှာ တရားတော်ကို နာယူနိုင်လောက်သော အရွယ်မဟုတ်ကြသေးပါ။ သို့ရာတွင် လောလောဆယ်တွင် ၎င်းတို့၏ စားဝတ်နေရေး အဆင်ပြေစေရန် ဘဝမပျက်စီးစေရန် ကယ်တင်စောင့်ရှောက်ထားခြင်းဖြစ်လေသည်။ အကြင်နာကင်းမဲ့စွာ ဝေါက်လွှတ်သော ရဟန်းတော်များ၏လုပ်ရပ်အတိုင်းဆိုလျှင် ထိုကလေးငယ်နှစ်ယောက်၏ဘဝမှာ ပျက်စီးသွားပေရာသည်။

ယခုခေတ်၌ဖြစ်ပါမူ ခိုကိုးရာမဲ့ဖြစ်နေသော ထိုကလေးငယ်နှစ်ယောက်ကို ဘာသာခြားများမြင်တွေ့သွားပါက ကောက်ယူမွေးစားကြပေလိမ့်မည်။ ထိုအခါ ဗုဒ္ဓဘာသာနှင့် ရင်းနှီးပြီးသား ကလေးငယ်နှစ်ဦးဆုံးရှုံးသွားရသဖြင့် ဗုဒ္ဓဘာသာ၌ ဘာသာရေးအရလည်း ဆုံးရှုံးမှုဖြစ်ရသည်။ ထိုကလေးငယ်နှစ်ဦးအဖို့လည်း အခြားဘာသာ

သို့ ကူးပြောင်းယုံကြည်ရတော့မည်ဖြစ်သဖြင့် ဘာသာအယူဝါဒ ပျက်စီးမှု ဒိဋ္ဌိဗျာသနဘေးတွေ့ကြုံကာ ပျက်စီးရပေတော့သည်။ ရှင်အာနန္ဒာလို ကယ်တင်စောင့်ရှောက်မည့် ပုဂ္ဂိုလ်မျိုးရှိမှသာ ဗုဒ္ဓဘာသာ၌ ဆုံးရှုံးမှုမဖြစ်ပေါ်နိုင်မှာဖြစ်သည်။

ဤနည်းကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ အတုယူကျင့်သုံးကြရပေမည်။ ခိုကိုးရာမဲ့ကလေးငယ်များကို ကယ်တင်စောင့်ရှောက်ကြရပေမည်။ မျက်မှောက်ခေတ်တွင် မိဘမဲ့ဂေဟာ၊ ပရဟိတကျောင်းများတည်ထောင်ကာ ခိုကိုးရာမဲ့ကလေးများကို ပြုစုစောင့်ရှောက်နေကြပါသည်။ ရှင်အာနန္ဒာ၏ ကျင့်ထုံးနှင့် ကိုက်ညီသဖြင့် လွန်စွာသင့်လျော်သော လုပ်ရပ်ဖြစ်လေသည်။

စာရေးဆရာတစ်ဦးကမူ စားဝတ်အခြေအနေအရ ဗုဒ္ဓဘာသာမှအခြားဘာသာသို့ ကူးပြောင်းကိုးကွယ်သူများကို "ပညာရှိသူတို့သည် ပညာရှိသော ရဟန်းဂေါတမထံ သွားကြလိမ့်မည်။ လူမိုက်တွေသည် လူမိုက်ဖြစ်သော ငါ့ထံ လာကြလိမ့်မည်" ဟူသော သိဃ္ဃည်းဆရာကြီး၏ စကားကိုကိုးကားလျက် "ငါ့လူတို့၊ မစိုးရိမ်ကြပါနှင့်၊ လူလိမ္မာတွေ ဗုဒ္ဓဘာသာထဲ ဝင်ကြလိမ့်မည်၊ လူမိုက်တွေ သွားလိုရာ သွားကြလိမ့်မည်" ဟု ဆိုလေသည်။ ဆိုလည်း ဆိုရက်ပါပေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တာဝန်မကျေပွန်ရာရောက်သွားပါလိမ့်မည်။ မိမိ၏ဘာသာ, သာသနာမဆုတ်ယုတ်ရလေအောင် မိမိတတ်နိုင်သည့်ဘက်က တတ်စွမ်းသမျှ ကူညီခြင်းက မသင့်တော်ပါအံ့လော။

အကယ်စင်စစ် သိဃ္ဃည်းဆရာကြီးမှာ မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်သည်။ ၎င်း၏ စကားကို အလေးအမြတ်ထား မှတ်သားပါလျှင်, လိုက်နာကျင့်သုံးပါလျှင် တိတ္ထိယသာဝက (တိတ္ထိ၏တပည့်) ဖြစ်သွား

ပါလိမ့်မည်။ မြတ်စွာဘုရား၏စကားတော်ကို အလေးအမြတ်ထား မှတ်သားပါမှ၊ လိုက်နာကျင့်သုံးပါမှ ဗုဒ္ဓသာဝက (ဘုရားရှင်၏တပည့်) ဖြစ်ပါလိမ့်မည်။ သတိပြုကြပါကုန်။

ဖော်ပြခဲ့ပါ သာဓကများကို ထောက်ရှု၍ ဗုဒ္ဓဘာသာ သာသနာပြုနည်းဆိုသည်မှာ တရားဓမ္မကိုချည်းဟောကာ သာသနာ ပြုခြင်းမဟုတ်ကြောင်း သိနိုင်လောက်ပေပြီ။

ထို့ကြောင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိတို့ ဘာသာ၊ သာသနာစည်ပင်ပြန့်ပွားအောင် သာသနာပြုကြရာ၌ တရားကိုချည်းဟောကာ သာသနာပြုမည်ဟု တစ်သန်တည်းအစွဲ မထားသင့်ကြပေ။ လူအများလိုအပ်လျက်ရှိသော စီးပွားရေး၊ ပညာ ရေး၊ ကျန်းမာရေးဟူသော ဘဝပြဿနာများကိုလည်း ကူညီဖြေရှင်း ပေးကြလျက် သာသနာပြုသင့်ကြပေသည်။ (တောင်စလင်းတိုက် သစ်ဆရာတော် ဘဒ္ဒန္တတိက္ခ၊ ဓမ္မဓရအရှင်ကုမာရ၊ မစိုးရိမ်ကံတက် ကုန်းဆရာတော်စသော ဆရာတော်များ ထိုနည်းအတိုင်း သာသနာ ပြုနေကြပါသည်။) ထိုသို့ပြုကြပါလျှင် သာသနာတော်စည်ပင်ပြန့် ပွားအောင် ဆောင်ရွက်ရာရောက်ရုံမျှမက မေတ္တာ၊ ကရုဏာဟူသော ဗြဟ္မစိုရ်တရားများကိုလည်း လက်တွေ့လိုက်နာ ကျင့်သုံးရာရောက် ပါကြောင်း ရေးသားတင်ပြအပ်ပါသတည်း။ ။

ဓမ္မရံသီမဂ္ဂဇင်း
ဇန်နဝါရီလ၊ ၂၀၀၃-ခုနှစ်။

❑

# မင်္ဂလသုတ် ဆွမ်းတစ်အုပ်

ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ ခုနစ်မိုင်ကုန်းတန်းရွာသို့ (၂၀-၃-၂၀၀၇)နေ့က ရောက်ဖြစ်သည်။ သာသနတက္ကသိုလ ဓမ္မာစရိယ (B.A Buddhism)ဘွဲ့ရ တပည့်ဖြစ်သူ အရှင်ပညာစက္က ဂုဏ်ပြုပူဇော်ပွဲက ပင့်သောကြောင့်ဖြစ်သည်။ နောက်ရက်တွင် ဟိုပင် (အ-ထ-က)၌ ယဉ်ကျေးမှုသင်တန်းသား/သူများအား ဟောပြော ရသည်။ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် ဆရာတော် အရှင်နာရဒ (စာရေးဆရာတက္ကသိုလ်စောဘုန်း)က လျှောက်ထား တောင်းပန်သောကြောင့် ဖြစ်သည်။ "မင်္ဂလသုတ်ဆွမ်းတစ်အုပ်" ခေါင်းစဉ်ဖြင့် မင်္ဂလသုတ်လာ တရားတော်တစ်ချို့၏ အဓိပ္ပါယ်ကို ဤသို့ ဟောပြောဖြစ်ခဲ့သည်။

"ဦးဇင်းတို့ ရှေးခေတ်မြန်မာလူမျိုးတွေရဲ့ ပညာရေးဟာ ဘုန်းတော်ကြီးကျောင်းတွေမှာပဲ သင်ယူခဲ့ကြရပါတယ်၊ ဘုန်းတော် ကြီးကျောင်းပညာရေးသင်ရိုးညွှန်းတမ်းမှာ သင်ပုန်းကြီးကုန်ရင် မင်္ဂလ သုတ်တက်ရပါတယ်၊ မင်္ဂလသုတ်တက်တဲ့အခါ မိဘဖြစ်သူတွေက ဆွမ်းအုပ်ကိုရွက်ပြီး သားသမီးကို ဆရာဘုန်းတော်ကြီးထံ လိုက်ပါ ပို့ဆောင်အပ်နှံလေ့ရှိကြပါတယ်၊ အဲဒီဓလေ့ကို အစွဲပြုပြီး "မင်္ဂလ သုတ် ဆွမ်းတစ်အုပ်" ဆိုရိုးစကား ဖြစ်ပေါ်လာခဲ့ရတယ်လို့ လူကြီး သူမများ ပြောတာကိုကြားခဲ့ရဖူးပါတယ်"

"မင်္ဂလသုတ်ဟာ ကောင်းမှကောင်းလို့ ဆိုရမှာပါပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီမင်္ဂလသုတ်မှာ ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအကြောင်းတွေ ပြည့်ပြည့်စုံစုံ ဟောကြားထားလို့ပါပဲ၊ မင်္ဂလသုတ်တစ်သုတ်တည်းကိုပဲ ကျေကျေညက်ညက် ပယ်ပယ်နပ်နပ်လေ့လာထားမယ်ဆိုရင်ကို မင်္ဂလိမရသေးသည့်တိုင် လူ့လောကထဲမှာ အထက်တန်းကျကျနေထိုင်နိုင်တဲ့ လူတစ်ယောက်ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဘုန်းတော်ကြီးကျောင်းပညာရေးမှာ မင်္ဂလသုတ်ကို ပြဋ္ဌာန်းထားတာဟာ လွန်စွာသင့်လျော်လှပါတယ်"

"ကျောင်းသားတွေ၊ လူတွေက မင်္ဂလာဆိုတဲ့ စကားလုံးကို အလှူမင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာစသည်ဖြင့် တွင်တွင်သုံးနေကြပါတယ်၊ အဓိပ္ပါယ်ကော သိကြပါရဲ့လား၊ "မင်္ဂလာ" ဆိုတာ ကြီးပွားချမ်းသာခြင်းရဲ့အကြောင်းဖြစ်တဲ့ အလုပ်များကို ခေါ်တာဖြစ်တယ်၊ ကိုယ်ဖြင့် ပြုမှု၊ နှုတ်ဖြင့် ပြောမှု၊ စိတ်ဖြင့် ကြံစည်တွေးတောမှုများပင်ဖြစ်တယ်၊ မင်္ဂလသုတ်၌လာတဲ့ အလုပ်များကို လက်တွေ့လုပ်သူမှာ ဧကန်မုချကြီးပွားချမ်းသာတော့မယ်လို့ မှတ်ထားကြပါ"

"မင်္ဂလာတရား ၃၈ ပါးရှိသည့်အနက် ပထမဆုံးဟောကြားတော်မူတဲ့ မင်္ဂလာတရားတော်ကတော့ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာတရားသုံးပါးပဲဖြစ်ပါတယ်၊ "အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာ စ ပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ" လူမိုက်တွေကို မမှီဝဲ မပေါင်းရ၊ ပညာရှိကို မှီဝဲဆည်းကပ်ရမည်၊ ပူဇော်ထိုက်သူကို ပူဇော်ရမည်" တဲ့။

"လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့"

စာရေးသူက အစချီလိုက်ကာ ရှိသေး၊ ၄င်းတို့က ရှေ့ဆက်၍ပြီးသည်အထိ ဆိုသွားကြပါသည်။

"လူမိုက်ဆိုတာ ကိုယ့်အကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွားကို ဖျက်ဆီးတတ်သောသူတဲ့၊ ပညာရှိကတော့ လူမိုက်ရဲ့ ဆန့်ကျင်ဘက်ပဲ၊ ကိုယ့်အကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွားရအောင် လုပ်ဆောင်တတ်သူပဲ၊ ကျောင်းသားအရွယ်နဲ့ ကိုက်ညီအောင် ပြောရမယ်ဆိုရင်တော့ စာကျက်ပျင်းတဲ့ ကျောင်းသား၊ ကျောင်းသူဟာ လူမိုက်ပဲ၊ သူတို့နဲ့ မပေါင်းသင်းနဲ့တဲ့၊ သူတို့နဲ့ပေါင်းရင် ကိုယ်လဲ စာကျက်ပျင်းတဲ့ ကျောင်းသားဖြစ်သွားလိမ့်မယ်၊ စာတော်တဲ့ ကျောင်းသားနဲ့ ပေါင်းမှ ကိုယ်လဲ စာတော်လာမယ်"

"နောက် မင်္ဂလာတစ်ပါးက ပူဇော်ထိုက်သူကို ပူဇော်ရမယ်တဲ့၊ ပူဇော်ထိုက်သူဆိုတာ ဘုရားတရား သံဃာ မိဘဆရာများဖြစ်ကြတယ်၊ ဘုရားရှင်ဟာ ချမ်းသာသုခရစေနိုင်တဲ့ နည်းလမ်းများကိုဟောပြတော်မူတယ်၊ တရားတော်များကတော့ ဘုရားရှင်ဟောပြတော်မူတဲ့ နည်းလမ်းကောင်းများဖြစ်တယ်၊ သံဃာတော်များကတော့ ထိုတရားတော်များအတိုင်း ကိုယ်တိုင်လဲ ကျင့်ကြံတော်မူကြတယ်၊ မိမိတို့သိသမျှကို တစ်ဆင့်လဲ ဟောပြတော်မူကြတယ်၊ ဒါကြောင့် ရတနာမြတ်သုံးပါးဟာ ပူဇော်ထိုက်ပါတယ်"

"မိဘဖြစ်သူတွေကတော့ စားဝတ်နေရေး ကျန်းမာရေး အစစအရာရာ ကျွေးမွေးစောင့်ရှောက်ကြပါတယ်၊ ဒါကြောင့် ပူဇော်ထိုက်ကြပါတယ်၊ ဆရာဖြစ်သူတွေကတော့ စာတွေ ရေးတတ် ဖတ်တတ်အောင် သင်ပြပေးတတ်ကြပါတယ်၊ ဒါကြောင့် သူတို့လဲ ပူဇော်ထိုက်ကြပါပေတယ်"

နောက် နေထိုင်ရေးမင်္ဂလာဆိုတာကတော့...

"ကုသိုလ်ပညာ၊ဥစ္စာရဖို့၊ သင့်ရာဒေသအမြဲနေ"

(ကျောင်းသားများက ကဗျာကို ပြီးသည်အထိ ဆက်ဆိုကြပါသည်။)

"ကြီးပွားတိုးတက်ချင်သူတို့အတွက် မြတ်စွာဘုရားက နေထိုင်သင့်တဲ့ အရပ်ဒေသကို ညွှန်ပြတော်မူပါတယ်၊ ကုသိုလ်ရတဲ့ အရပ်ဒေသမျိုးမှာ နေပါတဲ့၊ တစ်ချို့အရပ်ဒေသတွေမှာ ဒါနပြုချင်လို့မှ ရဟန်းသံဃာတစ်ပါးတစ်လေမှ မရှိ၊ ဥပုသ်စောင့်ချင်လို့မှ ဘုန်းကြီးကျောင်းနီးနီးနားနား မရှိ၊ ကုသိုလ်ပြုဖို့ ခဲယဉ်းတဲ့ အရပ်ဒေသမျိုး၊ ကုသိုလ်ပြုလို့ မရနိုင်တဲ့ အရပ်ဒေသမျိုးမှာ မနေပါနဲ့တဲ့၊ နောက်တစ်ခါ ပညာသင်လို့မရနိုင်တဲ့ စာသင်ကျောင်းတွေမရှိတဲ့ အရပ်ဒေသမျိုးမှာ မနေပါနဲ့တဲ့၊ နောက်တစ်ခါ စီးပွားဥစ္စာရှာလို့ မရနိုင်တဲ့ အရပ်ဒေသမျိုးမှာလဲ မနေပါနဲ့တဲ့၊ နေခဲ့ရင် မကြီးပွားနိုင်ဘူး၊ ဒါကြောင့် ကြီးပွားချင်သူတိုင်း ကုသိုလ်ပညာဥစ္စာရနိုင်တဲ့ အရပ်ဒေသ(ပတိရူပဒေသ)မျိုးမှာ နေထိုင်ရမယ်လို့ မှတ်ကြပါ"

နောက်တစ်ခါ သင်ကြားရေးမင်္ဂလာဆိုတာကတော့--

"တတ်ကောင်းတတ်ရာ၊ ဟူသမျှကို၊ ကြားမြင်သုတရှိပါစေ"

"ဗာဟုသစ္စဥ္စ=အကြားအမြင်များခြင်းသည် မင်္ဂလာရှိ၏၊ ကြီးပွားတိုးတက်ခြင်း၏ အကြောင်းဖြစ်၏တဲ့၊ တတ်သင့်တဲ့ တတ်ကောင်းတဲ့ ပညာရပ်မှန်သမျှ အကြားအမြင်မရှိဘူး၊ အတွေ့အကြုံရှိမထားဘူး၊ ကြားဖူးနားဝ ရှိမထားဘူးဆိုရင် အရေးကြုံလာတဲ့အခါ ဖြေရှင်းဆောင်ရွက်တတ်မှာ မဟုတ်ဘူး"

"ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့မှာ ညီအစ်ကိုသုံးယောက်ရှိသတဲ့၊ လူးဝစ်(၁၀-နှစ်)၊ ဘရက်ဒလေ(၈-နှစ်)၊ ဂျိတ်(၃-နှစ်) ညီ

အစ်ကိုသုံးယောက် တီဗီထိုင်ကြည့်နေတုန်း ညီငယ်ဂျိတ်က ပိုက်ဆံ ကြေးပြားလေး ပါးစပ်ထဲထည့်လိုက်တာ လည်ချောင်းထဲရောက်သွားပြီး တစ်ဆို့နေတယ်၊ အသက်ရှူကျပ်လာပြီး မျက်နှာပြာနှမ်းလာတယ်၊ အစ်ကိုဖြစ်သူ လူးဝစ်က ဂျိတ်ကို ကြမ်းပြင်ပေါ် လေးဘက်ထောက် နိုင်းပြီး ကျောပြင်ကို ခပ်ဆတ်ဆတ်လေးငါးကြိမ်လောက် ရိုက်ပုတ် ပေးလိုက်တယ်၊ ကြေးပြားလေး ပြန်ထွက်လာတယ်၊ အသက်ရှူလို့ ပြန်ရလာတယ်၊ အသက်ဘေးကလွတ်သွားတယ်၊ အစ်ကိုဖြစ်သူ လူးဝစ် ဒီလိုလုပ်တတ်တာ ဘာကြောင့်လဲဆိုရင် ကျောင်းက ဆရာမတွေ ဆေးရုံလေ့လာရေး လိုက်ပို့စဉ်က ဆေးရုံက ဆရာဝန်တွေ လုပ်ပြ တာကို မြင်ခဲ့ရလို့ လုပ်တတ်တာဖြစ်ကြောင်း ပြောပြပါတယ်"

"၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၆-ရက်တုန်းက အင်ဒိုနီးရှား မှာ ဘာဖြစ်ခဲ့သလဲ"

"ဆူနာမီရေလှိုင်းကြီး ဖြစ်ခဲ့ပါတယ်ဘုရား"

"အေး--အဲဒီတုန်းက ဗြိတိသျှလူမျိုး ၁၀ နှစ်သမီးအရွယ် တီလီစမစ်ဆိုတဲ့ ကလေးမလေးတစ်ယောက်လဲ သူ့မိဘတွေနဲ့ ထိုင်းနိုင်ငံ ဖူးခက်ပင်လယ်ကမ်းခြေကို ရောက်နေတယ်၊ သူက ပင်လယ်ကို ကြည့်နေတုန်း လှိုင်းကြက်ခွပ်ကလေးတွေ မြူးပျော်နေ ရာက ရုတ်တရက် ပင်လယ်အောက်ကို နိမ့်ဆင်းသွားတယ်၊ ပင်လယ် ရေနဲ့လှိုင်းတွေ သိသိသာသာကြီး အောက်ကို လျှောကျသွားတာ မြင်ရတော့ သူ့အမေကို ဆူနာမီဖြစ်တော့မယ်လို့ ပြောလိုက်တယ်၊ သူ့အမေက တစ်ဆင့် နီးစပ်ရာလူများကို ပြောပြပြီး ကုန်းတွင်းပိုင်း ကို အမြန်ပြောင်းရွှေ့သွားကြလို့ ဆူနာမီရေလှိုင်းကြီး ဖြစ်ပေါ်လာ တဲ့အခါ အသက်အန္တရာယ်ကနေ လွတ်သွားကြတယ်၊ သူ့ကြောင့် လူပေါင်း ၁၀၀ကျော်လောက် အသက်ဘေးက လွတ်မြောက်သွား

ကြတယ်၊ အခုလို ဘာကြောင့်သိသလဲဆိုရင် ကျောင်းက ပထဝီဝင် ဘာသာသင်တဲ့ ဆရာက ငလျင်အကြောင်း သင်ကြားစဉ်က ဆူနာမီ ရေလှိုင်းအကြောင်းကိုလဲ ပြောပြခဲ့ဖူးတယ်၊ ဆရာပြောပြထားတာကို ကြားဖူးထားလို့ အခုလို ရေရဲ့အနေအထားကို မြင်တာနဲ့ ဆူနာမီ ဖြစ်တော့မယ်ဆိုတာ သိတာဖြစ်တယ်လို့ ပြောပြသတဲ့"

(မှတ်ချက်။ ။၂၀၀၉-ခုနှစ်၊စက်တင်ဘာလ၂၉၊ ၃၀က ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း ဆာမိုဝါကျွန်း၌ ဆူနာမီလှိုင်း ရိုက်ခတ်မှု ဖြစ်ခဲ့သည်။ နယူးဇီလန်နိုင်ငံမှ အသက် ၁၀-နှစ်အရွယ် အဘေး ဝက်ဗ်လာဆိုသော မိန်းကလေးသည် သူမ၏မိသားစုနှင့်အတူ ထိုကျွန်းတောင်ပိုင်း လာအိုမာနုရွာသို့ လေ့လာခရီးရောက်နေသည်။ အဘေးသည် ကမ်းခြေတစ်လျှောက်ပြေးပြီး လူများကို မြေမြင့်ရာသို့ တိမ်းရှောင်ကြရန် သတိပေးခဲ့သည်။ မိနစ်အနည်းငယ်အကြာတွင် အဘေးတို့ရောက်ရှိနေသော ဒေသတစ်ခုလုံး ဆူနာမီလှိုင်းကြောင့် ပျက်စီးခဲ့သည်။ အဘေး၏ သတိပေးသံကြောင့် လူ့အသက်ပေါင်း များစွာကို အချိန်မီကယ်တင်လိုက်နိုင်သည်။ သဘာဝဘေးအန္တရာယ် သတိပေးချက်နှင့် ပတ်သက်၍ ကျောင်းသင်ခန်းစာ၌ သင်ခဲ့ရသော ကြောင့် အဘေးသည် ထိုဆူနာမီအန္တရာယ်အကြောင်းကို သိခြင်းဖြစ် သည်ဟု ဆိုသည်။) (နိုင်ငံတကာသတင်းဂျာနယ်။ ၁၉-၁၀-၂၀၀၉)

"ဗဟုသုတဆိုတာကလဲ စာပေဗဟုသုတ၊ စီးပွားရေးဗဟု သုတ၊ ကျန်းမာရေးဗဟုသုတ၊ ဒေသန္တရဗဟုသုတ၊ ဘာသာရေး ဗဟုသုတ စသည်ဖြင့်များလှပေါ့၊ ဒီဗဟုသုတတွေကိုလဲ လေ့လာ လိုက်စားသင့်တယ်၊ ဒါမှ အသိဉာဏ်ကြွယ်ဝပြီး လူရည်လည်ကာ ကြီးပွားတိုးတက်နိုင်ပါတယ်"

"အထူးသဖြင့် ဘာသာရေးဗဟုသုတပိုပြီး လိုအပ်ပါတယ်၊

ဘာသာရေးဗဟုသုတမရှိခဲ့ရင် အလွဲအမှားတွေကို ယုံကြည်ကိုးကွယ်သွားတတ်ပါတယ်၊ အခုခေတ်မှာ တစ်ချို့ဆရာတော်တွေကလဲ ထေရဝါဒဗုဒ္ဓဘာသာရဟန်းအမည်ခံပြီး ထေရဝါဒပိဋကတ်တော်နဲ့ မညီဘဲဟောပြောနေကြတာတွေ ရှိနေပါတယ်၊ ဒီနယ်မှာကို ရှိနေတာ သိရပါတယ်၊ ဒီက ဆရာတော်ဦးနာရဒက ထိုဆရာတော်များရဲ့ဟော ပြောချက်များမှာ ထေရဝါဒပိဋကတ်တော်နဲ့မညီကြောင်း ဝေဖန်စိစစ် ရေးသားတဲ့ ဆောင်းပါးတွေကို ဖတ်နေရပါတယ်၊ ယုံကြည်ကိုးကွယ်မှု မှန်ကန်ဖို့အတွက် ဘာသာရေးဗဟုသုတရှိထားဖို့ လိုအပ်ပါတယ်"

"နောက်မင်္ဂလာတစ်ပါး လိုက်ဆိုကြစမ်းပါ"

"အိုးအိမ်တည်ထောင်၊ ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့၊ အတတ်သင်လေ"

"အခု ဒီသင်တန်းလာတက်နေကြတဲ့ ကျောင်းသား/သူများ ဟာ နောင်ဆယ်နှစ်တန်စီ၊ ၁၅ နှစ်တန်စီ ကြာတဲ့အခါ အရွယ်ရောက် ကြပြီဖြစ်လို့ အိမ်ထောင်ပြုကြပြီး တစ်အိုးတစ်အိမ်တည်ထောင် ကြလိမ့်မယ်၊ အဲဒီအခါ ကျောင်းသားဘဝတုန်းကလို မိဘထံလက်ဝါး ဖြန့်တောင်းသင့်တဲ့ အရွယ်မဟုတ်တော့ဘူး၊ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ကိုးပြီး အလုပ်လုပ်ကြရမယ်၊ စီးပွားရှာကြရမယ်၊ အိမ်ထောင် သည်ဘဝရောက်တဲ့အခါ အထက်တန်းကျကျနေထိုင်နိုင်ဖို့ အသက် မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုကို သင်ကြရမယ်၊ ဒါမှ ကိုယ့် မိသားစုကို လူနဲ့သူနဲ့တူအောင် ထားနိုင်ပေလိမ့်မယ်၊ သာယာ စိုပြည်တဲ့ အိမ်ထောင်တစ်ခုဖြစ်ပေလိမ့်မယ်၊ ပညာမတတ်ရင် ကိုယ့် အိမ်ထောင် ကိုယ့်မိသားစု စားဝတ်နေရေး ဒုက္ခရောက်ပေလိမ့်မယ်"

"ဒီက ကျောင်းသားတွေ အလုပ်မလုပ်ဘဲ သူများဆီက တောင်းစားချင်ကြသလား"

"မစားချင်ပါဘုရား"

"အေးအေး...မစားချင်ကြပါနဲ့၊ ဂုဏ်ကျက်သရေမဲ့လှပါတယ်၊ ကိုယ့်ဂုဏ်ကျက်သရေ၊ တိုင်းပြည်နဲ့ လူမျိုးဂုဏ်ကျက်သရေထွန်းပြောင်နိုင်အောင် ကြိုးစားကြရမယ်၊ အဲဒီလို အလုပ်လုပ်နိုင်အောင် ငယ်ငယ်ကတည်းက အတတ်ပညာတစ်ခုခုကို တတ်မြောက်အောင် သင်ကြရမယ်နော်"

"နောက်မင်္ဂလာတစ်ပါးကတော့ "မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေ"တဲ့၊ ပတ်ဝန်းကျင်က လူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ စကားပြောမှန်ကန်ရမယ်၊ ယဉ်ကျေးရမယ်၊ ချိုသာရမယ်၊ ဒါမှ ဆက်ဆံရေး အဆင်ပြေပြီး လူအများက ချစ်ခင်နှစ်သက်ပြီး ကြီးပွားတိုးတက်နိုင်တယ်၊ စကားပြောရိုင်းရင် ကြမ်းရင် လူအများက မနှစ်သက်ကြဘူး၊ မြင်ပြင်းကတ်တတ်ကြတယ်၊ သူ့အနား ဘယ်သူမှ မကပ်ချင်ကြဘူး"

ဒါကြောင့် စာဆိုရှင် စိန္တကျော်သူဦးဩကလည်း "နှုတ်မင်္ဂလာ၊ စကားမှာကား၊ အသာအချို၊ သူနာလိုအောင်၊ မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏" ဆိုပြီး မိမိနှုတ်ကို ချိုသာသောစကားကို ဆိုခြင်းဖြင့် အလှဆင်သင့်ကြောင့် ဆုံးမခဲ့ပါတယ်"

(ဩဝါဒထူး ဆုံးမစာ၊ ပိုဒ်ရေ...၂၉)

"နောက်မင်္ဂလာတစ်ပါးက ဘာတဲ့"

"မြင့်မိုရ်ရွှေတောင်၊ မိဘကျေးကို၊ ကောင်းစွာဆပ်ပေ၊ ဝတ်ကျေကျေ"

"မြင့်မိုရ်တောင်မက မြင့်မားကြီးမားလှတဲ့ မိဘတွေရဲ့ အကျေးကို ကောင်းစွာဆပ်ပါ၊ ဝတ္တရားကျေပါစေတဲ့၊ မိဘတွေဟာ သားသမီးတွေ ပဋိသန္ဓေတည်နေသည်မှစ၍ မွေးဖွားပြီးနောက်

အရွယ်ရောက်လူလားမြောက်သည်အထိ မပြတ်ကျွေးမွေးနေရတုန်းပါပဲ၊ ဒါကြောင့် မိဘတွေရဲ့ကျေးဇူးဟာ ကြီးမားလှပါတယ်၊ ပြန်ဆပ်လို့မဇုကျေနိုင်လောက်အောင်ကို ကြီးမားလှပါတယ်၊ ပြန်ဆပ်လို့မကျေနိုင်ဘူးဆိုလို့ လေန်းဆိုတဲ့လူလိုတော့ မလုပ်နဲ့ပေါ့လေ။

ရှေးအခါက ရွာတစ်ရွာမှာ လေန်းဆိုတဲ့လူတစ်ယောက်ရှိသတဲ့၊ အရက်သေစာသောက်စားပြီး မိဘကျေးဇူးမသိရှာသာမဟုတ်၊ ရိုက်နှက်ဆဲဆိုနေသတဲ့၊ ဒါနဲ့ ဆရာဘုန်းကြီးက ခေါ်ပြီး ဆုံးမသတဲ့၊ ဟဲ့-လေန်း၊ အမိအဘရဲ့မွေးကျေးဇူးဟာ အထူးကြီးမား မြင့်မိုရ်မကများလှတဲ့အတွက် မြတ်စွာဘုရားပင် ချီးမွမ်းမကုန်နိုင်ဘူးတဲ့၊ မိဘကျေးဇူးကို အထူးကျေစေရန် ရည်ရွယ်ပြီး တစ်သက်လုံးဆပ်ပေမယ့်မကုန်နိုင်ဘူးတဲ့၊ နင်ဒီလိုမလုပ်နဲ့" လို့ ဆုံးမသတဲ့၊ အဲဒီအခါလေန်းက ဆရာဖြစ်သူက ဆုံးမတာပဲဆိုပြီး လေးလေးစားစားပဲနားထောင်မယ်များမှတ်တယ်၊ ဘယ့်နှယ်ပြန်လျှောက်သလဲဆိုတော့ "တင့်ပါဘုရား၊ ဆပ်လို့မကုန်နိုင်မယ့်အတူတူ မဆပ်သဟာကကောင်းပါသေးတယ်ဘုရား" လို့ ပြန်လျှောက်လိုက်သတဲ့။

ဒါကြောင့် မိဘကျေးဇူးကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရပါမယ်၊ မိဘတွေကို ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုစောင့်ရှောက်ရပါမယ်၊ ကျွေးတော့ ကျွေးပါရဲ့၊ မကောင်းတာတွေချည်းကျွေးနေရင်လဲ မိဘဖြစ်သူတွေ စိတ်ဆင်းရဲမှုဖြစ်ကြရပါတယ်"

"ဦးဇင်းတို့ မန္တလေးမြို့မှာ ဖြစ်တယ်၊ အဘိုးကြီးတစ်ယောက်က သူ့အိမ်ခါးပန်းမှာ စာသုံးကြောင်း ရေးထားသတဲ့"

"နှမ်းဖတ်ချဉ်၊ ပဲ-ငရဲ"

"ဝက်သား သာခု"

"ကြက်သား နိဗ္ဗာန်" တဲ့။

"စကားပြောဖော် အဘိုးကြီးတစ်ယောက်က အဲဒီ စာကြောင်းတွေမြင်ပြီး အဓိပ္ပါယ်မေးတော့ မပြောချင်တော့ပါဘူးဗျာ၊ ကျုပ်သားသမီးတွေကို စိတ်အချဉ်ပေါက်လို့ ရေးထားတာပါ၊ ဘယ့်နှယ်ဗျာ၊ အရပ်ထဲတော့ ကျုပ်တို့အဖေကို ဟင်းကောင်းတွေနဲ့ ထမင်းနေ့တိုင်းပို့နေတာပါ၊ ဘာညာနဲ့ လိုက်ပြီး လေသံလွှင့်နေကြတယ်၊ တကယ့်တကယ်ပို့တော့ကျ တစ်ခါလာ နှမ်းဖတ်ချဉ်၊ တစ်ခါလာ ပဲ၊ ကြာတော့ စိတ်အချဉ်ပေါက်လာတယ်၊ ဒါကြောင့် နှမ်းဖတ်ချဉ်၊ ပဲ ပို့တဲ့ကောင်တွေ ငရဲကျစေကွာ၊ ဝက်သားဟင်းပို့ရင်တော့ သာဓုတစ်ကြိမ်ခေါ်ထားမယ်၊ ကြက်သားဟင်းပို့ရင်တော့ နိဗ္ဗာန်တောက်လျှောက်ရောက်စေလို့ သားသမီးတွေသိအောင် ရေးထားတာလို့ ရှင်းပြသတဲ့၊ အေး--ဒါကြောင့် မိဘဖြစ်သူတွေကို ကျွေးမွေးစောင့်ရှောက်တယ်ဆိုပေမယ့် ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုစောင့်ရှောက်ဖို့လဲ လိုသေးတယ်နော်"

"အချိန်လဲ တစ်နာရီခွဲကြာသွားပါပြီ၊ ဒါကြောင့် ယနေ့ကြွရောက်လာကြတဲ့ ဆရာ၊ ဆရာမများ စာပေပညာရှင်များ၊ ကျောင်းသား/သူများသည် မြတ်စွာဘုရားဟောကြားတော်မူတဲ့ မင်္ဂလာတရားတော်များအတိုင်း လိုက်နာကျင့်သုံးနိုင်ကြသဖြင့် ကြီးပွားတိုးတက်အောင်မြင်ကြသည့် အမျိုးကောင်းသားသမီးများ ဖြစ်ကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်"

(ဤဆောင်းပါးဖြင့်သင်တန်းနည်းပြဖြစ်ကြသည့် ဆရာတော် ဦးနာရဒ(တက္ကသိုလ်စောဘုန်း)၊ ဦးဣန္ဒဝံသ(သာပြု၊ မန္တလေးန-ပသ)နှင့် ဦးနေမိန္ဒ(သာပြု၊ ရန်ကုန်န-ပ-သ)တို့အား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။) ။

မြတ်ပန်းရဂုံရုပ်စုံဓမ္မစာစောင်။ နိဝင်ဘာလ၊ ၂၀၀၇-ခုနှစ်

# ယဉ်ကျေးကြစေဖို့

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတို့အနက် "အနုတ္တရောပုရိသဒမ္မသာရထိ" ဟူသော ဂုဏ်တော်လည်း တစ်ပါးအပါအဝင်ဖြစ်လေသည်။ ယင်းဂုဏ်တော်ကြီးကို ရရှိတော်မူခြင်းမှာ ဆုံးမထိုက်သော သတ္တဝါများကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိစွမ်းနိုင်သည့်အတွက် ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဝေနေယျသတ္တဝါတို့ကို ဆုံးမတော်မူရာ၌ ချေချွတ်ရမည့် ဝေနေယျ၏ အလိုအဇ္ဈာသယကို ကြည့်တော်မူ၍ ထိုဝေနေယျနှင့် သင့်တော်သော တရားဓမ္မများကို ဟောကြားတော်မူလေ့ရှိပါသည်။ မြတ်စွာဘုရားဟောကြားတော်မူသော တရားဓမ္မများကို ကြားနာရသဖြင့် မင်္ဂဖိုလ်တရားထူးများရကာ ကိုယ်နှုတ်နှလုံးယဉ်ကျေးသူများ ဖြစ်သွားကြပါသည်။ အင်္ဂုလိမာလ, အာဠာဝက ဘီလူး, နန္ဒောပနန္ဒနဂါးမင်း, နာဠာဂိရိဆင်ဟူသော ဒေါသမာန ခက်ထန်သော ရိုင်းစိုင်းလွန်းသော သူတို့မှာလည်း ဖော့ဖယောင်းလို ပျော့ပျောင်းသွားကြပါသည်။

ကိုယ်နှုတ်နှလုံးတို့ကို နူးညံ့သိမ်မွေ့စေနိုင်သော မြတ်စွာဘုရားရှင်၏ ထိုတရားဓမ္မများ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ နေလအလား ထင်ရှားရှိနေပါသေးသည်။ ယုံကြည်လိုက်နာကျင့်သုံးသူများကို

ယဉ်ကျေးသိမ်မွေ့အောင် သွန်သင်ဆုံးမပေးလျက်ရှိနေပါသေးသည်။ သို့ရာတွင် တစ်ချို့ဗုဒ္ဓဘာသာဝင်များမှာ ဗုဒ္ဓ၏ အဆုံးအမတရားတော်များနှင့် ဝေးကွာနေကြရပါသည်။ မြတ်ဗုဒ္ဓဟောကြားညွှန်ပြထားသော တရားဓမ္မများ၏ သွန်သင်ဆုံးမမှုကို မခံယူကြရဘဲ ရှိနေပါသေးသည်။ သို့အတွက် ထိုသူတို့၏ ကိုယ်နှုတ်နှလုံးမှာ နူးညံ့သိမ်မွေ့မှု မရှိဘဲ ကြွပ်ဆပ်ဆပ်ဖြစ်နေကာ ကြမ်းတမ်းရိုင်းစိုင်းနေကြပါသည်။

မိတ်ဆွေဦးဇင်းတစ်ပါးက အတန်းကျောင်းတစ်ကျောင်း၌ ဖွင့်လှစ်မည့် ယဉ်ကျေးမှုသင်တန်း၌ တတ်အားသမျှ ကူညီဖို့ အကူအညီလာရောက်တောင်းခံသဖြင့် လိုက်ပါကူညီခဲ့ရပါသည်။ ယင်းကျောင်း၌ ဝါဝင်ဝါထွက်တွင် ကျောင်းသား/သူများထံမှ အလှူငွေကောက်ခံ၍ စာသင်တိုက်တစ်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလေ့ရှိသည်။ ကျောင်းဆောင်တစ်ဆောင်၏ အပေါ်ထပ်၌ ဘုရားခန်းလည်းရှိသည်။ ဓမ္မစကြာဝတ်အသင်းလည်းရှိသည်။ ပြိုင်ပွဲများလည်း ဝင်ဖူးသည်။ ဆုလည်းရဖူးသည်ဆို၏။ ယင်းကျောင်းယဉ်ကျေးမှုသင်တန်းတွင် ကျွန်ုပ်က အဖွင့်ဩဝါဒစကား အနည်းငယ်မျှ ချီးမြှင့်ရပါသည်။

"ဒီကျောင်းမှာ ယခုပြုလုပ်တဲ့ ယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်လာကြတဲ့ ဆရာ, ဆရာမများ ကျောင်းသား/သူများ အခုလို စိတ်ပါဝင်စားစွာ တက်ရောက်လာကြတာကို ဝမ်းသာမိပါတယ်"

"ဦးဇင်းအနေနဲ့ ဒီသင်တန်းမှာ ဩဝါဒစကားချီးမြှင့်ပြီး ကျေးဇူးဆပ်ခွင့်ရတာကို လွန်စွာဝမ်းသာနေမိပါတယ်၊ အခု ဒီသင်တန်းသို့ ရောက်ရှိလာကြတဲ့ ဆရာ/ဆရာမများနဲ့ ကျောင်းသား/သူများရဲ့ မိဘများဟာ ဦးဇင်းတို့ရဲ့ ကျေးဇူးရှင်များဖြစ်ကြပါတယ်၊

ဦးဇင်း မန္တလေးမြို့မှ ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမများ လောင်းလှူတဲ့ ဆွမ်းစားလာတာ နှစ်ပေါင်းအစိတ်လောက်ရှိပါပြီ၊ ဒါကြောင့် မန္တလေးမြို့မှ ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမများရဲ့ ကျေးဇူးဟာ အင်မတန်များပြားလှပါတယ်၊ ဆပ်လို့တောင် မကုန်နိုင်ပါဘူး၊ အခု အဲဒီကျေးဇူးတွေကို ပြန်ဆပ်တဲ့အနေနဲ့ ဩဝါဒစကားပြောကြားခွင့် ရတာကို လွန်စွာဝမ်းသာနေပါတယ်"

"ဒီသင်တန်းမှာ ဦးဇင်းပြောချင်တာကတော့ အခုဒီ သင်တန်းသို့တက်ရောက်လာကြတဲ့ ဆရာ/ဆရာမများနဲ့ ကျောင်းသား/သူများဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေတဲ့အတွက်ကြောင့်လဲ ဗုဒ္ဓဘာသာဆိုင်ရာစာပေတွေကို လေ့လာသိရှိထားဖို့ လိုပါတယ်၊ ဗုဒ္ဓဘာသာဆိုင်ရာစာပေတွေကို လေ့လာသိရှိထားမှသာလျှင် မိမိတို့ ကိုးကွယ်တဲ့ မြတ်ဗုဒ္ဓအပေါ်ယုံကြည်ပြီး ကြည်ညိုလာကြမှာဖြစ်ပါ တယ်၊ နောက်ပြီး ကိုယ့်ဘာသာတရားကို တန်ဖိုးထားပြီး ထိန်းသိမ်း စောင့်ရှောက်ချင်တဲ့ စိတ်တွေ, ပြန့်ပွားအောင် ဆောင်ရွက်ချင်တဲ့ စိတ်တွေ ဖြစ်လာကြမှာပါ၊ မသိခဲ့ရင် တန်ဖိုးလဲထားကြမှာ မဟုတ်ပါ ဘူး၊ ထိန်းသိမ်းစောင့်ရှောက်ချင်တဲ့ စိတ်တွေလဲ ရှိကြမှာမဟုတ်ပါဘူး၊ ဒါကြောင့် ဗုဒ္ဓဘာသာဆိုင်ရာ စာပေတွေကို သိအောင် လေ့လာကြဖို့ တိုက်တွန်းလိုပါတယ်"

"နောက်တစ်ခါ မိမိတို့ရဲ့ ကိုယ်နှုတ်နှလုံးယဉ်ကျေး သိမ်မွေ့ ဖို့အတွက်လဲ ဗုဒ္ဓဘာသာဆိုင်ရာ စာပေတွေကို လေ့လာသိရှိထားဖို့ လိုပါတယ်၊ လူဆိုတာ စီးပွားရေးစတဲ့ ကိစ္စတွေမှာ အများနဲ့ဆက်ဆံ နေကြရပါတယ်၊ အဲဒီလို ဆက်ဆံကြတဲ့နေရာမှာ ကိုယ်အမူအရာ နှုတ်အမူအရာတွေနဲ့ ဆက်ဆံနေကြပါတယ်၊ ကိုယ်အမူအရာ နှုတ် အမူအရာတွေဟာ ယဉ်ကျေးဖို့လိုပါတယ်၊ ယဉ်ကျေးဆိုတာ တစ်

ဖက်သားနှစ်သက်စရာ, စိတ်ချမ်းမြေ့စရာ, အမြင်တော်စရာ, အကြားတော်စရာ ကိုယ်အမူအရာ နှုတ်အမူအရာမျိုးဖြစ်ပါတယ်၊ ကိုယ်အမူအရာ နှုတ်အမူအရာ ရိုင်းစိုင်းတဲ့လူကို, ကြမ်းတမ်းတဲ့လူကို လူအများက မနှစ်သက်ကြပါဘူး၊ မလိုလားကြပါဘူး၊ ဥပမာ...ဈေးရောင်းတဲ့နေရာမှာ ပျူပျူငှာငှာ ညင်သာစကားပြောတယ်၊ ဖော်ဖော်ရွေရွေ ရှိတယ်ဆိုရင် အဲဒီဆိုင်ကို ဝယ်ယူအားပေးချင်ကြပါတယ်၊ မချေမငံ ဆက်ဆံတယ်၊ ဘုဘောက်တီးလွတ်တယ်ဆိုရင် မဝယ်ချင်ကြပါဘူး၊ လိုင်းကားတွေ စီးတဲ့နေရာမှာလဲ ဒီအတိုင်းပဲ"

"ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့အောင် မြတ်စွာဘုရားရဲ့ တရားဓမ္မတွေက သွန်သင်ဆုံးမနိုင်ပါတယ်၊ ဥပမာအနီးစပ်ဆုံးသုတ္တန်ထဲက တရားတော်ကို ပြောရမယ်ဆိုရင် မင်္ဂလသုတ်ကို ကြည့်ပါ၊ အဲဒီသုတ်မှာ နှုတ်အပြောအဆိုယဉ်ကျေးသိမ်မွေ့အောင် သွန်သင်ဆုံးမထားတဲ့ မင်္ဂလာတစ်ပါး ပါဝင်ပါတယ်၊ " သုဘာသိတာ စ ယာ ဝါစာ" မင်္ဂလာဖြစ်ပါတယ်၊ စကားကို ကောင်းမွန်စွာ ပြောဆိုခြင်းသည် မင်္ဂလာဖြစ်တယ်၊ ကြီးပွားတိုးတက်ခြင်းရဲ့ အကြောင်းဖြစ်တယ်လို့ ဆိုလိုပါတယ်"

"ကောင်းသော စကား၊ တရားသော စကား၊ ချစ်ဖွယ်စကား၊ အမှန်စကားတို့ကို "သုဘာသိတဝါစာ"လို့ ခေါ်ပါတယ်၊ ဒီမင်္ဂလာတရားတော်ရဲ့ အဓိပ္ပါယ်ကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရရဲ့ "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ" ဆိုတဲ့ ဆုံးမစာအတိုင်း လွယ်လွယ်ကူကူမှတ်သားနိုင်ပါတယ်"

"ယခု ဒီသင်တန်းသို့ တက်ရောက်လာကြတဲ့ ဆရာ/ဆရာမများနဲ့ ကျောင်းသား/သူများဟာ မြို့ကြီးသူ မြို့ကြီးသား

များဖြစ်နေကြတဲ့အတွက် စကားပြောယဉ်ကျေးကြဖို့လိုပါတယ်၊ မြတ်စွာဘုရားက ယဉ်ကျေးသိမ်မွေ့တဲ့ စကားဆိုရင် "ပေါရီ" တဲ့၊ မြို့ကြီးသူတို့၏ ဥစ္စာဖြစ်သော စကားတဲ့၊ အဲဒီလို မြို့ကြီးသူတွေကို ဂုဏ်ပြုအမွှမ်းတင်ပြီး ဟောတော်မူခဲ့ပါတယ်၊ ရိုင်းစိုင်းကြမ်းတမ်းတဲ့ စကားကျတော့ "ဂါမ္မော"တဲ့၊ ရွာသူရွာသားတို့၏ ဥစ္စာဖြစ်သော စကားတဲ့၊ များသောအားဖြင့်တော့ မြို့သူမြို့သားများဟာ စကားပြော ယဉ်ကျေးတတ်ကြပါတယ်၊ တောသူတောသားများကျတော့ ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်းရှိတတ်ကြပါတယ်၊ ဒါကြောင့် အခုလို ဟောရခြင်း ဖြစ်ဟန်တူပါတယ်၊ ကိုင်း...ဒါထားတော့၊ မြတ်စွာဘုရားရှင်ရဲ့ တရားတော်က နှုတ်အမူအရာယဉ်ကျေးအောင် သွန်သင်ဆုံးမပုံဖြစ်ပါတယ်"

"နောက်တစ်ခါ မြတ်စွာဘုရားရှင်ရဲ့ တရားတော်များဟာ ကိုယ်အမူအရာ ယဉ်ကျေးသိမ်မွေ့အောင်လဲ သွန်သင်ဆုံးမနိုင်ကြပါတယ်၊ အခုပြောခဲ့တဲ့မင်္ဂလသုတ်မှာပဲ "ဂါရဝေါ စ နိဝါတော စ" ဆိုတဲ့ မင်္ဂလာတရားတော်များ ပါပါတယ်၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်းတို့ဟာ မင်္ဂလာဖြစ်တယ်တဲ့၊ ရိုသေထိုက်သူဆိုတာ ရတနာသုံးပါး၊ ဆရာမိဘနဲ့ ဂုဏ်ကြီးသူ၊ အသက်သိက္ခာကြီးသူများဖြစ်ကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်များကို ရိုသေကြဖို့ လိုပါတယ်"

"နောက်တစ်ခါ နိဝါတဆိုတာ ထောင်လွှားလိုမှု၊ မာန်မာန တရားကို ချိုးနှိမ်ထားပြီးထားတာပါ၊ မာန်မာနကြီးမားတဲ့သူများဟာ ထောင်လွှားတတ်ကြပါတယ်၊ တစ်ဖက်သားအပေါ် ရိုသေကိုင်းရှိုင်းမှု မရှိဘဲ မောက်မောက်မာမာ ဆက်ဆံတတ်ကြပါတယ်၊ ဒါကြောင့် မာနတရားကို ချိုးနှိမ်ပြီး မိမိကိုယ်ကို နှိမ်ချထားဖို့လိုပါတယ်၊ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးဟာ ခုနစ်သားကိုရင်လေး ဆုံးမ

တာကိုပင် ရှိသေစွာနာယူပါတယ်၊ ရှိသေတဲ့အမူအရာနဲ့ ဆက်ဆံတယ်လို့ ဆိုပါတယ်၊ အဲဒါ နိဝါတမင်္ဂလာပေါ့၊ ဒီမင်္ဂလာတရားတော်နှစ်ပါးရဲ့ အဓိပ္ပါယ်ကို အင်းဝခေတ်စာဆို ရှင်မဟာသီလဝံသရဲ့ ဆုံးမစာများ အတိုင်းလွယ်ကူစွာ မှတ်သားနိုင်ပါတယ်"

ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တပ်တိုး၍၊ မသွားနှင့်။
အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွှဲဖယ်မသွေ၊ နှိမ့်ချလေ။
ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင့်နှင့်၊
ပေါင်ထောင်လက်ကား၊ အပါးကျပ်ကျပ် မနေအပ်။

"ကိုယ်နှုတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့အောင် သွန်သင်ဆုံးမတတ်တဲ့ မြတ်စွာဘုရားရဲ့တရားတော် များစွာရှိပါတယ်၊ အဲဒီထဲက မင်္ဂလသုတ်မှာပါတဲ့ မင်္ဂလာတရားသုံးပါးကိုပဲ ကောက်နှုတ်ပြီးတော့ ပြောလိုက်ပါတယ်၊ ဒါ့ကြောင့် အခုတက်ရောက်လာကြတဲ့ ဆရာ/ဆရာမများနဲ့ ကျောင်းသား/သူများဟာ မြတ်စွာဘုရားရဲ့ တရားတော်များကို၊ စာပေများကို သိရှိနားလည်အောင် လေ့လာဆည်းပူးကြပြီးနောက် မိမိတို့၏ ကိုယ်နှုတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့အောင် သွန်သင်ဆုံးမနိုင်သူများဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ ပြောကြားရင်း ဦးဇင်းရဲ့ အဖွင့်သြဝါဒစကားကို ဒီမှာပဲ နိဂုံးချုပ်ပါတယ်"

"သာဓု--သာဓု---သာဓု"

ဓမ္မရုံသိမဂ္ဂဇင်း
(စက်တင်ဘာလ၊ ၂၀၀၂-ခုနှစ်)

❑

# အသက်သိက္ခာကြီးသူတို့၏ နေရာ

၁၉၈၇-ခုနှစ်၊ နွေရာသီကာလကဖြစ်သည်။ စာဝါနားရက်ဖြစ်သဖြင့် မိမိရပ်ရွာအတွင်းမှ လူငယ်များအား ယဉ်ကျေးမှုစာပေများသင်ကြားပေးခဲ့ဖူးသည်။ အင်းဝခေတ်စာဆိုရှင် ရှင်မဟာသီလဝံသ၏...

"အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖယ်မသွေ၊ နှိမ့်ချလေ"

အစရှိသော ဆုံးမစာများကို သင်ကြားပေးခဲ့ပါသည်။ ယင်းဆုံးမစာ၏အဓိပ္ပါယ်ကို လူငယ်များအား သင်ကြားခဲ့စဉ်က ကောင်းကောင်းမစဉ်းစားမိပေ။ အသက်အရွယ်ကလည်းငယ်သေး၊ စာဖတ်သက်ကလည်း နုသေးသဖြင့် ကျယ်ကျယ်ပြန့်ပြန့်မစဉ်းစားမိခဲ့ပေ။ ယခုအချိန်ရောက်မှ ပြန်စဉ်းစားကြည့်လိုက်ရာ "တယ်ကောင်းလိုက်တဲ့ဆုံးမစာတွေပါလား၊ တန်ဖိုးအနဂ္ဃထိုက်တန်တဲ့ ဆုံးမစာတွေပါလား၊ မြန်မာ့ယဉ်ကျေးမှုကို အုတ်မြစ်ချပေးခဲ့တဲ့ ဆုံးမစာတွေပါလား" စသည်အောက်မေ့ကာ ဝမ်းသာကြည်နူးဖြစ်နေမိပါသည်။ ယင်းဆုံးမစာများ၏ သွန်သင်မှုကိုခံယူခဲ့ရသော အင်းဝခေတ်လူငယ်များ၏ ပညာရေး၊ယဉ်ကျေးမှု၊ စိတ်နေစိတ်ထားများကိုလည်း မှန်းဆကြည့်မိပါသည်။

ကမ္ဘာပေါ်တွင် နိုင်ငံ၊ လူမျိုး၊ အရပ်ဒေသကွဲပြားသည့် အလျောက် ယဉ်ကျေးမှုဓလေ့ထုံးစံများလည်း မတူညီကြပေ။ ကွဲပြား ခြားနားကြပေသည်။ တစ်ချို့ ယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ဗီလာ ကန့်လန့်ပင် ဖြစ်နေတတ်ပါသေးသည်။ အပြစ်ဆိုစရာတော့ မဟုတ် ပေ။ သူ့လူမျိုးနှင့်သူ့ဓလေ့ ယဉ်ကျေးသည်ဟုထင်မြင်ယူဆ လိုက်နာ ကျင့်သုံးခဲ့ကြသောကြောင့် ဖြစ်သည်။

တချို့နိုင်ငံများတွင် အသက်အရွယ်ကြီးသူ၊ ဂုဏ်သိက္ခာကြီး သူများကို သာမန်လူတစ်ယောက်အနေဖြင့်သာ ထားတတ်ကြသည်။ ရိုသေလေးစားထိုက်သူဟူ၍ အယူအစွဲမထားကြပေ။ ရိုသေလေးစားမှု မပြုတတ်ကြပေ။ စာရေးသူတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ လောကတွင်ကား အသက်သိက္ခာကြီးမားသူများကို ကံကောင်းသူ များ၊ သီလကောင်းသူများအဖြစ် အသိအမှတ်ပြုကာ ရိုသေလေးစား တတ်ကြပေသည်။ အသက် ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်အရွယ် ရောက်လာပြီဆိုလျှင် ထိုသူမှာ အသက်သိက္ခာကြီးရင့်မှု=ဝယဝုဍ္ဎိဂုဏ် နှင့်အလိုလိုပြည့်စုံလာ၍ လူအများက ရိုသေလေးစားလာကြသည်။ ပူဇော်ကန်တော့လာကြသည်။

ရှင်ရဟန်းများလောကတွင်လည်း ရဟန်းခံရာ၌ ရဟန်းဖြစ် သည့် ခုနှစ်၊ လ၊ ရက်၊ နေ့၊ နာရီ၊ မိနစ်များကို ရဟန်းသစ်အား ပြောပြထားရသည်။ သိက္ခာငယ်သူက သိက္ခာကြီးသူအား ရှိခိုးခြင်း၊ အရိုအသေပြုခြင်း စသည်ပြုနိုင်ရန်ဖြစ်သည်။ ရဟန်းတော်များ လောကတွင် အသက်ထက်သိက္ခာ (ရဟန်းဖြစ်သည့် နေ့ရက် နှစ် ပေါင်း) ကိုအဓိကထားသည်။ ရဟန်းဖြစ်နောက်ကျလျှင် အသက်ကြီး သူဖြစ်စေကာမူ မိမိအရင် ရဟန်းဖြစ်သော အသက်ငယ်သူကို ရိုသေ ရပေမည်။ ရှိခိုးရပေမည်။ သာသနာတော်တွင် သိက္ခာကြီးမားသူကို

ပထမနေရာထားသည်။ ဦးစားပေးသည်။ ကထိန်သင်္ကန်း စသော သံဃိကပစ္စည်းပေါ်ပေါက်လာလျှင် မထေရ်ကြီးအား ပထမဆုံးပန်ကြား ရသည်။ မထေရ်ကြီးက ပြည့်စုံသည်၊ အလိုမရှိပါဆိုမှ ၄င်းအောက် ငယ်သောတစ်ပါးကို ပန်ကြားရသည်။ ဆွမ်း၊ နေရာ စသည်တို့၌ လည်း ထိုနည်းအတူ သိက္ခာအကြီးဆုံး မထေရ်ကြီးကိုပင် ပန်ကြားရ သည်။ သိက္ခာကြီးသူကို ပထမနေရာ၌ထားလျက် ဦးစားပေးထား ခြင်းဖြစ်သည်။ ဤဝေလေ့ဤထုံးစံမှာ အရှင်သာရိပုတ္တရာ ကျိန်းစက် စရာနေရာမရသည်ကို အကြောင်းပြု၍ ပေါ်လာရခြင်း ဖြစ်သည်။

မြတ်စွာဘုရား ဝေသာလီပြည်၌ သီတင်းသုံးပြီးနောက် ခရီးဒေသစာရီကြွချီတော်မူလာရာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း တော်သို့ရောက်သည့်ညက ဖြစ်သည်။ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့် ရဟန်းများသည် ရှေ့က အရင်ရောက်အောင်သွားနှင့်ကြ၍ နေရာ များဦးထားကြလေသည်။ နောက်မှ ဖြည်းဖြည်းကြွလာသော အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးမှာ ကျိန်းစက်စရာနေရာမရတော့ပေ။ သစ်ပင်တစ်ပင်အောက် သွားရောက်သီတင်းသုံးရလေသည်။ မြတ်စွာ ဘုရားရှင်သည် မိုးသောက်ယံအချိန်၌ ထတော်မူ၍ ချောင်းဟန့် အသံပြုတော်မူသည်။ ထိုအခါ အရှင်မြတ်ကလည်း ပြန်လည်ချောင်း ဟန့်အသံပြုလိုက်သည်။ မြတ်စွာဘုရားက "ဒီနေရာက ဘယ်သူလဲ" ဟုမေးတော်မူလိုက်ရာ "တပည့်တော်သာရိပုတ္တရာပါ မြတ်စွာဘုရား" ဟု အရှင်မြတ်က ဖြေကြားတော်မူသည်။ ဘာကြောင့် သစ်ပင် အောက်မှာ ထိုင်နေရသလဲဟု မေးတော်မူပြန်ရာ အရှင်မြတ်က အကြောင်းစုံကို လျှောက်ထားသည်။

နောက်တစ်နေ့တွင် မြတ်စွာဘုရားရှင်သည် ရဟန်းတော် များကို အစည်းအဝေးခေါ်တော်မူပြီးနောက် အကျိုးအကြောင်းမေး

တော်မူ၍ ဆဗ္ဗဂ္ဂိရဟန်းများ၏ တပည့်ရဟန်းများကို ကဲ့ရဲ့တော်မူ ပြီးနောက် "နေရာဦး၊ ရေဦး၊ ဆွမ်းဦးကို ဘယ်ရဟန်းရထိုက် ပါသလဲ" ဟု မေးတော်မူသည်။

ထိုအခါ ရဟန်းတော်များလည်း မိမိတို့ထင်မြင်သည့်အ တိုင်းဖြေကြလေသည်။ "မင်းမျိုးမှ ရဟန်းပြုသော ရဟန်း၊ ဗြာဟ္မဏ မျိုးမှ ရဟန်းပြုသော ရဟန်း၊ ပထမစျာန်ရသော ရဟန်း၊ ဓမ္မ ကထိကရဟန်း၊ ဆဋ္ဌဘိည ရဟန်းရထိုက်ပါကြောင်း" စသည်ဖြေ ကြားကြသည်။

## သူငယ်ချင်းသုံးဦး

ထိုအခါ မြတ်စွာဘုရားရှင်က ရှေးအတိတ်ဝတ္ထုကြောင်း တစ်ခုကို ဟောပြတော်မူသည်။ ရှေးအခါက ဟိမဝန္တာတောအရပ်၌ ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ယင်းညောင်ကြီး၌ ခါ၊ မျောက်၊ ဆင်ဟူသော သူငယ်ချင်းသုံးဦးတို့ မှီခိုနေထိုင်ကြသည်။ ၎င်းတို့သည် အချင်းချင်းရိုသေလေးစားခြင်းမရှိကြပေ။ ဂါရဝတရားကင်းလျက်သာ နေထိုင်ကြလေသည်။

တစ်နေ့တွင် ၎င်းတို့သည် တိုင်ပင်ဆွေးနွေးကြသည်။ငါတို့ သည် အချင်းချင်း ရိုသေလေးစားခြင်းမရှိဘဲ နေလာခဲ့ကြသည်။ ဤသို့နေခြင်းငှာ မသင့်တော်ပေ။ ငါတို့သည် အသက်ကြီးသူကို စစ်ဆေး၍ ထိုသူကို အလေးအမြတ်ပြုကာ၊ မြတ်နိုးတနာပြုကာ၊ ပူဇော်ကာနေကြပါမူ ကောင်းလေစွ၊ ထိုသူ၏ ဆုံးမသြဝါဒ၌ တည် ကာနေကြပါမူ ကောင်းလေစွ" ဤသို့ တိုင်ပင်ဆွေးနွေးကြသည်။

ဤသို့ တိုင်ပင်ဆွေးနွေးကြပြီးနောက် မည်သူက အသက် အကြီးဆုံးဖြစ်သည်ကို ၎င်းတို့ မှီခိုနေထိုင်ရာ ညောင်ပင်ကြီးဖြင့်

တိုင်းတာစစ်ဆေးကြသည်။ ရှေးဦးစွာ ဆင်ကြီးက "ငါငယ်စဉ်က ပေါင်ကြား၌ထားကာ ဖြတ်သွားခဲ့ဖူးပါသည်၊ ညောင်ပင်အညွန့်သည် ငါ၏ ရင်ကို ထိမိပါသည်"ဟု ပြောပြသည်။

ထို့နောက် မျောက်ကလည်း "ငါငယ်စဉ်က မြေ၌ ထိုင်လျက် ဤညောင်ပင်၏ အညွန့်ကို ကိုက်ဖြတ်စားခဲ့ဖူးသည်ကို အမှတ်ရပါ၏" ဟု ပြောပြသည်။

နောက်ဆုံးတွင် ခါကလည်း "ငါသည် အခြားအရပ်မှ ညောင်သီးကို စား၍ ဤအရပ်၌ မစင်စွန့်ချခဲ့ဖူးသည်၊ ထိုမစင်မှ ဤညောင်ပင်ကြီးပေါက်လာရခြင်းဖြစ်သည်၊ ထိုအချိန်တွင် ငါ့အသက်သည် အလွန်ကြီးနေပါပြီ" ဟု ပြောပြပါသည်။

ထိုအခါ မျောက်နှင့် ဆင်က "အဆွေ၊ သင်သည် ငါတို့ သုံးဦးတွင် အသက်အကြီးဆုံးဖြစ်သည်၊ ငါတို့သည် သင့်ကို ရိုသေလေးစားကြပါကုန်အံ့၊ မြတ်နိုးပူဇော်ကြပါကုန်အံ့၊ သင်၏ အဆုံးအမ၌ တည်ပါကုန်အံ့" ဟုပြောကြသည်။ ထိုအချိန်မှစ၍ သူငယ်ချင်း သုံးဦးတို့သည် အချင်းချင်းရိုသေလေးစားကြလျက် ထိုဘဝမှ ကွယ်လွန်ကြသောအခါ နတ်ရွာသုဂတိသို့ ရောက်သွားကြလေသည်။

ထိုဇာတ်တော်ကို မန်လည်ဆရာတော်က မဃဒေဝလင်္ကာ သစ်၌ (ပိုဒ်ရေ-၁၇၆)၌ "ရှေးဝယ်သော့ခါ၊ တောဟေမာန္တက်၊ ပညာမြော်မြင်၊ ခါမျောက်ဆင်တို့၊ ညောင်ပင်တခု၊ သက်သေပြု၍၊ ဂုဏာဝမှာ၊ ပစာယန၊ ကျင့်ကုန်ကြကြောင့်၊ လူမျှမတန်၊ နတ်ဌာန်မှချ၊ ရောက်ကုန်ကြ၏"ဟု စပ်ဆိုထားသည်။

ထိုဇာတ်တော်ကို သာဓကပြုလျက် မြတ်စွာဘုရားရှင်က အသက်သိက္ခာကြီးသူတို့အား အရိုအသေပြုသူများသည် မျက်မှောက်ဘဝတွင်လည်း ချီးမွမ်းခံရကြောင်း၊ တမလွန်ဘဝတွင်လည်း

ယာဉ်မှ သက်၍

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က လူအများသည် မြတ်စွာဘုရားရှင်ထံ ဆင်ယာဉ်၊ မြင်းယာဉ်စသည်ဖြင့် ချဉ်းကပ်ရာတွင် ကျောင်းတိုက်မုခ်ပေါက်သို့ ရောက်လျှင် ထိုယာဉ်များပေါ်မှ ဆင်းကြပြီးလျှင် ကျောင်းတိုက်အတွင်းသို့ ခြေကျင်သာဝင်သွားလေ့ရှိသည်ကို ပိဋကတ်စာပေတို့၌ တွေ့ရှိရပါသည်။

## အဇာတသတ်မင်း

အဇာတသတ်မင်းသည် ဖခမည်းတော်ကို သတ်မိသည့် ပိတုဃာတကကံကြီး လွန်ကျူးမိသည့်နောက်ပိုင်းတွင် စိတ်တွေပူပန်ကာ ညတိုင်းအိပ်မပျော်သည့် ဝေဒနာခံစားနေရသည်။ ထိုဝေဒနာမှ သက်သာစေရန် ပညာရှိအမတ်ကြီးများနှင့် တိုင်ပင်သည်။ နောက်ဆုံးတွင် သမားတော်ဇီဝက၏ အကြံပြုချက်အရ သရက်ဥယျာဉ်အတွင်း သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်ကို သွားရောက်ဖူးမြော်သည်။ အဇာတသတ်မင်း သရက်ဥယျာဉ်တွင်းသို့ ဝင်ရောက်ပုံကို သာမညဖလသုတ်ပါဠိတော်၌ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

"ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆင်ဖြင့်သွားနိုင်သမျှသော အရပ်ကို ဆင်ဖြင့်သွား၍ ဆင်မှသက်ပြီးသော် ခြေကျင်သာလျှင် တန်ဆောင်းဝန်းတံခါးရှိရာသို့ ချဉ်းကပ်၍ အဘယမင်းသားမွေးစားသော ဇီဝကအား "အချင်းဇီဝက မြတ်စွာဘုရားအဘယ်မှာနည်း" ဟုဆို၏။"

## အမ္ဗဋ္ဌလုလင်

အမ္ဗဋ္ဌလုလင်သည်လည်း ဆရာဖြစ်သူ ပေါက္ခရသာတိပုဏ္ဏား

၏ ဘုရားရှင်သည် ဂုဏ်သတင်းကျော်စောသည့်အတိုင်း မှန်မမှန် စုံစမ်းရန် တာဝန်ပေးချက်အရ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဣစ္ဆာနင်္ဂလတောအုပ်သို့ သွားရလေသည်။ ဆရာစီးသော မြင်းမ,က သောမြင်းလှည်းကိုစီးလျက်သွားသည်။ ကျောင်းတိုက်အတွင်းသို့ အမ္ဗဋ္ဌ လုလင်ဝင်ရောက်ပုံကို အမ္ဗဋ္ဌသုတ်၌ အောက်ပါအတိုင်းတွေ့ရပါသည်။

"အမ္ဗဋ္ဌလုလင်သည် ပေါက္ခရသာတိပုဏ္ဏားကို ရှိခိုးလျက် အရိုအသေပြု၍ မြည်းမ,ကသောရထားကို တက်စီးပြီးလျှင် များစွာ သော လုလင်တို့နှင့်အတူ ဣစ္ဆာနင်္ဂလတောအုပ်သို့ သွားလေ၏။ ယာဉ်ဖြင့် သွားနိုင်သမျှ သောအရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် ကျောင်းတိုက်သို့ဝင်၏။"

## ကောသလမင်းကြီး

မြတ်စွာဘုရားရှင် သက္ကတိုင်းအတွင်းရှိ သကျမင်းတို့၏ မေဒဠုပမည်သော နိဂုံး၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။ ကောသလမင်းကြီးသည် အလွန်ကောင်းသော ယာဉ်ကိုစီးလျက် မြတ်စွာဘုရားရှင်ကို သွားရောက်ဖူးမြော်သည်။ ကောသလမင်းကြီး ဘုရားရှင်သီတင်းသုံးတော်မူရာ ကျောင်းတော်အတွင်းသို့ဝင်ပုံကို ဓမ္မစေတိယသုတ်ပါဠိတော်၌ အောက်ပါအတိုင်း တွေ့ရပါသည်။

"ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ကောင်းသည် ထက်ကောင်းသောယာဉ်ကို တက်စီး၍ ကောင်းသည်ထက်ကောင်း သော ယာဉ်တို့ဖြင့် မြို့ငယ်မှထွက်ပြီးလျှင် သာကီဝင်မင်းတို့၏နေရာ မေဠုဒါပမည်သော နိဂုံးသို့သွားလေ၏။ ပ။ ယာဉ်ဖြင့်သွားနိုင်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ဆင်းပြီးလျှင် ခြေကျင်သာလျှင် ကျောင်းတော်သို့ ဝင်လေ၏" (မ၊၂။၃၂၁)

## သာကီဝင်မင်းသမီးငါးရာ

မိထွေးတော် မဟာပဇာပတိဂေါတမီအမှူးပြုသော သာကီဝင်မင်းသမီး(၅၀၀)တို့သည် ဘိက္ခုနီဝတ်ရန်အတွက် ကပိလဝတ်ပြည်မှ (၅၁)ယူဇနာဝေးကွာသော ဝေသာလီပြည်သို့ လိုက်သွားကြသည်။ "မင်းသမီး မင်းမိန်းမတို့သည် အလွန်သိမ်မွေ့သူများဖြစ်ကြသည်။ ခြေကျင်သွားရန် စွမ်းနိုင်ကြမည်မဟုတ်ချေ" ဟု တိုင်ပင်ကြပြီးနောက် သာကီဝင်မင်း, ကောလိယမင်းတို့သည် ထိုမင်းမိန်းမများစီးနင်းလိုက်ပါကြရန် ရွှေထမ်းစင်ငါးရာကျော်တို့ကို စီမံကြလေသည်။

ထိုမင်းမိန်းမတို့သည်ကား "ငါတို့သည် ယာဉ်စီး၍ သွားကြကုန်လျှင် မြတ်စွာဘုရား၌ မရိုသေမှု ပြုအပ်သည်မည်၏" ဟု ဆင်ခြင်စဉ်းစားကြကာ (၅၁)ယူဇနာဝေးကွာသော ခရီးကို ခြေကျင်သာလျှင် သွားကြလေကုန်၏။

## တန်ဆာများ ချွတ်ဝင်ကြခြင်း

## ကောသလမင်းကြီး

ထို့ပြင် လူဝတ်ကြောင်ပုဂ္ဂိုလ်များသည် မြတ်စွာဘုရားထံဝင်ရောက်သောအခါ မိမိတို့တွင်ပါရှိသော တန်ဆာများကိုလည်း ချွတ်ပြီးမှ ဝင်လေ့ရှိကြသည်ကို ဖတ်ရှုရပါသည်။ ဖော်ပြခဲ့ပါ ဓမ္မစေတိယသုတ်၌ပင် ကောသလမင်းကြီး မြတ်စွာဘုရားရှင်ထံ ဝင်ရောက်ပုံကို အောက်ပါအတိုင်းတွေ့ရပါသည်။

"ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ထိုအရပ်၌သာလျှင် သန်လျက်ကိုလည်းကောင်း, သင်းကျစ်ကိုလည်းကောင်း (ပါဠိတော်၌နှစ်မျိုးတည်းသရုပ်ထုတ်ဆိုထားမှာ ဒေသနာမတ္တမျှသာဖြစ်သည်။ တကယ်တမ်းမှာ မင်းမြှောက်တန်ဆာငါးမျိုးစလုံးကိုပင်

ယူရပါမည်။ ၄င်း (အဋ္ဌကထာ၊ စာ-၂၄၂) ဒီဃကာရာယနစစ်သူကြီး အားအပ်နှင်းလေ၏။ မင်းမြောက်တန်ဆာများဝတ်လျက် ဝင်သွားပါက ဘုရားရှင်အား မရှိသေရာရောက်မည်စိုး၍ ချွတ်ဝင်ရခြင်းဖြစ်သည်။

## ဝိသာခါ

ဝိသာခါကျောင်းဒကာမကြီး မြတ်စွာဘုရားထံ ဝင်ရောက်ပုံကိုလည်း ရတနသိက္ခာပုဒ်၌ အောက်ပါအတိုင်း တွေ့ရပါသည်။

"ထိုအခါ သာဝတ္ထိပြည်၌ ပွဲသဘင်ဖြစ်၏။ လူတို့သည် တန်ဆာဆင်ကုန်လျက် ဥယျာဉ်သို့ သွားကုန်၏။ ဝိသာခါသည်လည်း တန်ဆာဆင်၍ "ဥယျာဉ်သို့ သွားအံ့" ဟု ရွာမှ ထွက်သည်ရှိသော် "ငါသည် ဥယျာဉ်သို့သွား၍ အသို့ပြုရအံ့နည်း၊ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်ရမှုကား ကောင်းလိမ့်မည်" ဟု ကြံ၍ မဟာလ္လတာတန်ဆာကိုချွတ်၍ အပေါ်ရုံဖြင့် အထုပ်ထုပ်ပြီးနောက် "ဟယ်-ကျွန်မ၊ ဤအထုပ်ကို ယခုယူခဲ့လော"ဟု ဆို၍ ပေးလိုက်၏"(ဝိ၊၂)

(မှတ်ချက်။ ။ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်(ဟောင်း) ဒကာဦးကျော်+ဒေါ်မမလေးတို့သည်လည်း ကျောင်းသို့ ကားဖြင့်လာကြလျှင် ကားကို ကျောင်းတိုက်ပေါက်၌ပင် ရပ်ထားခဲ့ကြသည်။ ကျောင်းတိုက်အတွင်းအထိ စီးဝင်လေ့မရှိကြဟု သိရပါသည်။(ဓမ္မာစရိယဦးဒွေးလှိုင်၊ ရတနာသုံးပါးကျေးရွာ) (သီပေါမင်းလက်ထက်က ဘုန်းကြီးကျောင်းပရိဝုဏ်အတွင်းမြင်းစီး၍သွားလျှင် ကျောင်းထိုင်ဘုန်းကြီးနှင့် ဘာသာရေးကို စော်ကားခြင်းဖြစ်သည်။ ကျောင်းသားတို့က ခဲနှင့်လိုက်ပေါက်ပြီး ကိုရင်များက မြင်းကိုဖမ်း၍ သင့်အားမြင်းပေါ်မှ ဆွဲချလိမ့်မည်။ (ဆာဂျော့စကော့၏ မြန်မာပြည်အတွေ့အကြုံများ၊ ဦးလှဒင်မြန်မာပြန်ဆိုသည်။ စာ-၃၁)

မြတ်စွာဘုရားထံပါးဝယ်

အလေးဂရုပြုအပ်သောသူတို့ထံ ချဉ်းကပ်သောအခါ အသိပညာနှင့် ပြည့်စုံသူများသည် တွေ့ကရာ ထိုင်လေ့မရှိကြပေ။ ထိုင်သင့်သည့်နေရာ, မထိုင်သင့်သည့်နေရာကို ဆင်ခြင်လျက် ထိုင်သင့်သည့်နေရာ၌သာ ထိုင်လေ့ရှိကြပေသည်။ မြတ်စွာဘုရားရှင်သည် ဤလောက၌ အလေးဂရုအပြုအပ်ဆုံး ပုဂ္ဂိုလ်ပင်မဟုတ်ပါလော။ ထို့ကြောင့် မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ရန်ရောက်လာကြသူများသည် အပြစ်ခြောက်ပါး ကင်းလွတ်ရာ သင့်တင့်လျောက်ပတ်သော နေရာကို ရွေးချယ်ထိုင်လေ့ရှိကြပါသည်။ ဤသည်ကို ပါဠိ၌ "ကေမန္တံ နိသီဒိ"ဟု ဆိုသည်။

အပြစ်ရှိသော နေရာခြောက်ပါးဟူသည်...

၁။ အလွန်နီးလွန်းသောနေရာ,

၂။ အလွန်ဝေးလွန်းသော နေရာ,

၃။ လေညာကျသော နေရာ,

၄။ မြင့်သောနေရာ,

၅။ ရှေ့တည့်တည့်ကျလွန်းသောနေရာ,

၆။ နောက်တည့်တည့်ကျလွန်းသောနေရာတို့ ဖြစ်သည်။

အလွန်နီးသော နေရာ၌ ထိုင်လျှင် ထိခိုက်ခြင်းကို ပြု၏။ (ခန္ဓာကိုယ်ချင်းထိခိုက်တတ်၏။) အလွန်ဝေးသော နေရာ၌ထိုင်လျှင် စကားပြောလိုသော် အသံကျယ်ကျယ်နှင့်ပြောရမည်ဖြစ်သည်။ (အသံကျယ်ကျယ်ပြောမှုကို ပညာရှိများမနှစ်သက်ကြပါ။ ပြောလေ့မရှိကြပါ။)

လေညာအရပ်ကထိုင်လျှင် ကိုယ်အနံ့ဖြင့် နှိပ်စက်တတ်၏။ မြင့်သောအရပ်၌ထိုင်လျှင် မရိုမသေပြုရာရောက်၏။ ရှေ့တည့်တည့်ကျလွန်းသောနေရာ၌ထိုင်လျှင် ကြည့်ရှုလိုသော် မျက်စိချင်းထိ၍

ကြည့်ရပေမည်။ (မျက်စိချင်းထိလုနီးပါးဖြစ်ကာ ကြည့်ရပေမည်) နောက်တည့်တည့်ကျလွန်းသော နေရာ၌ထိုင်လျှင် ကြည့်လိုသော် လည်ကို နောက်ပြန်လှည့်၍ ကြည့်ရပေမည်။

မှတ်ချက်။ ။ ဤအပြစ်ခြောက်ပါးကား အခါခပ်သိမ်း မရှောင်မဖြစ်ဟု တထစ်ချကား မယူရ။ ပရိသတ်အများနှင့် တရားနာရာစသည့်၌ အလွန်ဝေးသော, လေဆန်ကျသော, အလွန်နောက်ဘက်ကျသော, အရပ်များကို ရှောင်၍မဖြစ်၊ ထိုအခါ မရှောင်ခြင်းကြောင့် အပြစ်မဆိုထိုက်။ ကေမန္တဆိုလျှင် အပြစ်ခြောက်ပါးကင်းရာအရပ်သာဟု တစ်ထစ်ချမှတ်ရမည်ကားမဟုတ်၊ အခြားအရာအလိုက်သင့်လျော်ရာ နေရာများလည်း ကေမန္တပင်။

(သပြေကန် ပရိတ်ကြီးနိဿယ)

ကိစ္စတစ်စုံတစ်ရာရှိ၍ မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ကြရာ၌ လူသားများနှင့် နတ်ဒေဝတာများ မတူညီတတ်ကြပေ။ လူသားများမှကား ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီးနောက် လျှောက်ထားစရာရှိသည်များကို ထိုင်ပြီး လျှောက်ထားလေ့ရှိကြပါသည်။ နတ်ဒေဝတာများကမူ လျှောက်ထားစရာရှိသည်များကို ရပ်လျက်ပင် လျှောက်ထားလေ့ရှိကြပါသည်။ သို့ရာတွင် လမ်းမပေါ်၌ဖြစ်မူ လူသားများလည်း ရပ်လျက်ပင် လျှောက်ထားစရာရှိသည်များကို လျှောက်ထားလေ့ရှိကြသည်ကို တွေ့ရပါသည်။ (အံ၊ ၂။၁၄၈)

## ထံတော်ပါးမှ ပြန်သည့်အခါ

မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့ ချဉ်းကပ်ခြင်း အကြောင်းရင်းကိစ္စပြီးဆုံး၍ ဘုရားရှင်ထံပါးမှ ပြန်လည်ဖဲသွားကြပုံကို ပိဋကတ်စာပေတို့၌

အောက်ပါအတိုင်း တွေ့ရပါသည်။

"ဆယ်ချောင်းသော လက်သည်းအပေါင်းတို့ဖြင့် တောက်ပသောလက်အုပ်ကို ချီမြှောက်၍ ဦးခေါင်းပေါ်၌တည်စေ၍ အကြင်မျှလောက် မြင်လောက်ရာအရပ်သည် ရှိ၏၊ ထိုမြင်လောက်ရာ အရပ်တိုင်အောင် ဘုရားဘက်သို့ ရှေးရှုမျက်နှာမူလျက်သာလျှင် နောက်ဆုတ်နောက်ဆုတ်သွား၍ မြင်လောက်ရာအရပ်ကို စွန့်ရာအရပ်၌ ဝပ်ချ၍ ဖဲသွားပြီ" (ဝိ၊၄၊၁။၁၄၃)

ဖော်ပြပါ အဋ္ဌကထာစကားရပ်အရ မြတ်စွာဘုရားထံပါးမှ ပြန်လည်ဖဲသွားသူတို့သည် လက်အုပ်ကို ဦးခေါင်းထက်ချီမြှောက်လျက် မြတ်စွာဘုရား မြင်နိုင်လောက်ရာအရပ် (ဒသဿနူပစာ= ၁၂ တောင်) တိုင်အောင် မြတ်စွာဘုရားကို မျက်နှာမူလျက် နောက်ဆုတ်နောက်ဆုတ်သွားပြီးလျှင် မြတ်စွာဘုရားမမြင်နိုင်လောက်ရာ အရပ်ရောက်မှသာလျှင် ဝပ်ချ၍ပြန်သွားလေ့ရှိကြကြောင်း သိရပေသည်။

ဖော်ပြပါ စကားရပ်နှင့်အညီ ဘုရားရှင်အပါအဝင် ရိုသေလေးစားလောက်သော ပုဂ္ဂိုလ်များထံချဉ်းကပ်ပြီးနောက် ပြန်တော့မည်ဆိုလျှင် ဆတ်ကနဲထကာ နောက်ကျောပေးမပြန်ရပေ။ ထိုအမူအရာမှာရိုင်းသည်ဟု ပညာရှိများက သတ်မှတ်ကြသည်။ ကျမ်းဂန်ကမိန့်ဆိုသည့်အတိုင်း လက်အုပ်ချီဦးခေါင်းထက်တင်ကာ နောက်ဆုတ်နောက်ဆုတ်ပြန်သင့်ကြကြောင်း သိရပေသည်။

## နောက်ကျောပေးခြင်း

အဇာတသတ်မင်းကြီး ဘုရားရှင်ကို သွားရောက်ဖူးမြော်စဉ်ကဖြစ်သည်။ မြတ်စွာဘုရားရှင်ကိုသာ ရှိခိုးပါသည်။ ရဟန်းသံဃာအပေါင်းကိုမူ ရပ်တည်မြဲနေရာ၌ရပ်လျက်သာလျှင် လက်အုပ်ချီအရို

အသေပြုမှုလောက်သာပြုပါသည်။ အကယ်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးနောက် ဟိုဟိုဒီဒီလှည့်လည်၍ ရဟန်းသံဃာအပေါင်းကို ရှိခိုးလိုက်ပါလျှင် မြတ်စွာဘုရားကို နောက်ကျောပေးရာ ရောက်သွားပါသည်။ ထိုအပြုအမူသည် ရိုသေလေးစားသည့် အပြုအမူမဟုတ်ပေ။ (ဒီ၊၃၊၁။၁၄၀) ထို့ကြောင့် ဘုရားရှင်ကို နောက်ကျောပေးမှုမျိုး မဖြစ်အောင် သတိပြုကြရပေမည်။

## မရိုသေမှု

စကားစပ်၍ ဘုရားရှင်ကို မရိုမသေပြုရာရောက်တစ်မျိုး အကြောင်းကို ရေးသားတင်ပြလိုပါသည်။ အနာဂါမ်ဉပါသကာ တစ်ဦးသည် ဘုရားရှင်ထံပါး၌ ဆည်းကပ်လျက်ရှိသည်။ ထိုစဉ် ကောသလမင်းကြီး ရောက်လာသည်။ အနာဂါမ်ဉပါသကာသည် ဘုရားရှင်ကို မရိုမသေပြုရာရောက်မည်စိုးသဖြင့် ကောသလ မင်းကြီးကို ခရီးဦးလည်းမကြိုဆိုပေ။ ရှိလည်းမခိုးပေ။"ဤယောက်ျား သည် ငါလာသည်ကို အဘယ့်ကြောင့် ခရီးဦးမကြိုရသနည်း၊ ရှိမခိုး ရသနည်း" ဟု ကောသလမင်းကြီးမကျေမနပ်ဖြစ်နေမိသည်။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသဖြင့် "မင်းကြီး၊ ဤဉပါ သကာသည် အကြားအမြင်လည်းများ၏။ အာဂုံ(ပါဠိ)နှုတ်၌ လာပြီး သူလည်းဖြစ်၏။ ကာမဂုဏ်တို့၌ တပ်နှစ်သက်ခြင်းလည်း ကင်း၏" ဟု အမိန့်ရှိလိုက်မှ စိတ်ပြေသွားသည်။ (ဝိ၊၂။အဓ္ဓေပုရ သိက္ခာပုဒ်)

## ရှိခိုးဦးခိုက်

ဗုဒ္ဓဘာသာဝင်များအတွက် စနစ်ကျသော ရှိခိုးဝပ်ချနည်းကို သာမညဖလသုတ်အဋ္ဌကထာ၌ ဖွင့်ပြထားပါသည်။ သမားတော်

ဇီဝက ဘုရားရှင်ကို ရှိခိုးဝပ်ချပုံကို ဖွင့်ပြရာ၌ ဖွင့်ပြထားခြင်းဖြစ်သည်။

"ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ ဒသနခသမောဓာနသမုဇ္ဇလံ အဉ္ဇလိံ သိရသိ ပဂ္ဂဟေတွာ=ငါးပါးသော အင်္ဂါတို့၏ တည်ခြင်းဖြင့် ဝပ်ချပြီး၍ ဆယ်ချောင်းသော လက်သည်းအပေါင်းတို့ဖြင့် တောက်ပသော လက်အုပ်ကို ဦးခေါင်း၌ မြှောက်ချီ၍" (ဒီ၊၁၊၁။၁၃၃။၂၁၂)။

ယင်းဖွင့်ပြချက်အရ ဘုရားအစရှိသည်ကို ရှိခိုးဝပ်ချရာ၌...

၁။ လက်အုပ်ကို ဦးခေါင်းအပေါ်ရောက်အောင် မြှောက်ချီထားရမည်။

၂။ တည်ခြင်းငါးပါး(တစ်နည်း-ထိခြင်းငါးပါး)နှင့် ညီညွတ်ရမည်။

"ပဉ္စပတိဋ္ဌိတေန=အရ တည်ခြင်း(ထိခြင်း)ငါးပါးဟူသည် လက်၊ ခြေ၊ နဖူး၊ တတောင်၊ ဒူး ဟူသောငါးပါးသော အင်္ဂါတို့ကို ဆိုလိုပေသည်။ (သီလက္ခန်ဋီကာသစ်၊၂။စာ-၁၈)

"တည်"ဟူရာဝယ် ထိုင်ရာ၊ ရပ်ရာဖြစ်သော မြေ၊ ကြမ်း၊ ဖျာပေါ်စသည်၌ တည်ခြင်းတည်း။ ထိုသို့ ပဉ္စပတိဋ္ဌိတ ဖြစ်ဖို့ရန် လက်ဝါးပြင်နှစ်ဘက်၊ ခြေနှစ်ဘက်၊ နဖူး၊ တတောင်နှစ်ဘက်၊ ဒူးနှစ်ဘက်တို့ကို တည်ရာအပြင်၌ ထိလျက်နေအောင် ဝပ်ချရသည်။ ဤသို့ ထိရသောကြောင့် "ထိခြင်းငါးပါး" ဟု ပြောစမှတ်ပြုကြ၏။ သို့သော် "ပတိဋ္ဌိတ" ပုဒ်အနက်မှာ ထိခြင်းမဟုတ်၊ တည်ခြင်းသာတည်း။ (သီလက္ခန်ဘာသာဋီကာ၊ဒု၊၂၅၄)

## မတ်တတ်ရပ်လျက်

မြတ်စွာဘုရားရှင်အား လျှောက်ထားစရာရှိသည်များကို လျှောက်ထားလိုသောအခါ၌ဖြစ်စေ၊ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်

များကို ချီးကျူးပူဇော်လိုရာအခါ၌ဖြစ်စေ မတ်တတ်ထရပ်ကာ လျှောက်ထားလေ့၊ ရွတ်ဆို ပူဇော်လေ့ရှိသည်ကို တွေ့ရပါသည်။

"မိန့်တော်မူရာ ထိုအခါ၌ အရှင်သာရိပုတ္တရာသည် နေရာမှ ထ၍ လက်ဝဲတစ်ဖက်ပခုံးထက်၌ အပေါ်ရုံကေသီကိုပြု၍ (လက်ကန်တော့တင်၍) အကြွင်းအရပ်၌ မြတ်စွာဘုရားရှိ၏။ ဘုရားရှိရာထိုဘက်သို့ လက်အုပ်ကို ညွတ်စေ၍ (လက်အုပ်ချီ၍) မြတ်စွာဘုရားကို ဤစကားကို လျှောက်ထားပြီ။" (ဝိ၊၁။၁၀)

ကောသလမင်းကြီးသည် မလ္လိကာမိဖုရားကြီးပြောပြသော မြတ်စွာဘုရား၏ ဂုဏ်တော်များကို ကြားရသောအခါ ကြည်ညို စိတ်တွေဖြစ်ပေါ်လာ၍ အောက်ပါအတိုင်း မြတ်စွာဘုရားရှင်ကို မတ်တတ်ထ ရှိခိုးအရိုအသေပြုလိုက်ပါသည်။

"မလ္လိကာ အံ့ဩဖွယ်ရှိစွတကား၊ မလ္လိကာ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ ထိုမြတ်စွာဘုရားသည် အလွန်တရာ ပညာဖြင့် ထိုးထွင်း၍ ပညာဖြင့် မြင်တော်မူတတ်ပါပေစွ၊ မလ္လိကာ လာလော့၊ နှုတ်ဆေးရေပေးလော့" ဟု မိန့်၏။ ထို့နောက် ကောသလမင်းကြီးသည် နေရာမှထ၍ လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်သည်ကို ပြု၍ မြတ်စွာဘုရားထံသို့ လက်အုပ်ချီလျက် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လေသတည်း" (မ၊၂။ပိယဇာတိကသုတ်)

စာရေးသူတို့ ပိဋကတ်စာပေတွင် ကျောင်းကန်သွားပုံ၊ ဘုရားရှင်ထံ ချဉ်းကပ်ပုံစသည် သွန်သင်ချက်များ ပါရှိပါသည်။ ထိုဘာသာရေးဓလေ့များ ရှေးယခင်က ထွန်းကားခဲ့သော်လည်း မျက်မှောက်ခေတ်တွင်မူ ခေတ်တွေ ကြာညောင်းလာသည်နှင့်အမျှ လိုက်နာကျင့်သုံးသူများကို မတွေ့မမြင်ရသလောက်ပင် ရှိနေပါပြီ။

မိမိတို့ ဘာသာရေးဓလေ့များ အစဉ်ထာဝရရှင်သန်ထွန်းကားအောင် ဆောင်ရွက်ကြပါမှုကောင်းလေစွဟု တောင့်တမိပေသည်။ ။

ဓမ္မရတနာမဂ္ဂဇင်း

(မတ်လ၊ ၂၀၀၈)

❑

# တရားတော်ကို အလေးဂရုပြုပုံများ

လူမျိုးတိုင်း ဘာသာဝင်တိုင်းတွင် လူမျိုးအရ ဘာသာတရားအရ အလေးပြုစရာ၊ ရိုသေစရာများရှိတတ်ကြပေသည်။ ထိုအရာများကို သက်ဆိုင်ရာပုဂ္ဂိုလ်များက ရိုသေလေးစားကြရလေသည်။ အလေးဂရုထားကြရလေသည်။ မရိုမသေမလေးမစား မပြုကြရပေ။ ပြုလုပ်ပါက သက်ဆိုင်ရာလူမျိုးအလိုက် ဘာသာအလိုက် ပြစ်ဒဏ်ပေးခြင်းများကို ခံကြရလေသည်။

ထိုင်းနိုင်ငံ၏ အထွတ်အမြတ်အထားဆုံး ဘုရင်ဘူမိဘောလ်အဒူလ်ယာဒက်ချ်၏ ပုံတူပန်းချီကားကို အနက်ရောင်ဆေးဖြင့်ပက်ဖျန်းဖျက်ဆီးသော ဆွစ်ဇာလန်နိုင်ငံသား မစ္စတာအိုလီဗာဂျူဖာ (၅၇နှစ်)အား ထိုင်းနိုင်ငံ တရားရုံးတစ်ခုက ထောင်ဒဏ်(၁၀)နှစ်ပြစ်ဒဏ်ပေးလိုက်သည်။ ထိုင်းနိုင်ငံ၌ပင် ဗန်ကောက်မြို့ ရုပ်ရှင်ရုံတစ်ရုံတွင် နိုင်ငံတော်သီးချင်းဖွင့်စဉ် မတ်တတ်ရပ်အလေးမပြုသည့် ထိုင်းအမျိုးသမီးတစ်ဦးမှာ ထောင်ဒဏ်(၁၅)နှစ်ကျခံရမည်ဆို၏။ လာအိုနိုင်ငံ ဒုတိယမြို့တော် လွှန်ပရာဘန်မှာ ရှေးမင်းများထီးနန်းစိုက်ရာမြို့တော်ဖြစ်ခဲ့၍ နန်းတော်ရှိသည်။ ယင်းနန်းတော်မှာ ယနေ့ပြတိုက်တစ်ခုအဖြစ် စည်ကားနေသည်။ ယင်းပြတိုက်သို့ဝင်ရာတွင် ဖိနပ်မစီးရပေ။ ဓာတ်ပုံမရိုက်ရပေ။ မိန်းကလေးများ ဂါဝန်တိုနှင့်မဝင်ရပေ။ အမြတ်တနိုးတန်ဖိုးထားသည့်နေရာဖြစ်၍ အဂါရဝမဖြစ်စေလိုသောကြောင့်ဟုဆိုသည်။ စစ်တိုက်နေကြသူများသည်ပင် ဘာသာရေးအရ အလေးအမြတ်ထားရာရက် (ဥပုသ်ရက်)များတွင် တိုက်ခိုက်မှုများမပြုကြဘဲ ရပ်နားထားလေ့ရှိကြပေသည်။

စာရေးသူတို့ ဗုဒ္ဓဘာသာနယ်ပယ်တွင်ကား ဘာသာရေး အလေးအမြတ်ထားစရာများမှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ မဂ်လေးပါး ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိစာပေဟူသော တရားတော်၊ ပရမတ္ထ အရိယာသံဃာနှင့် ပုထုဇဉ်သံဃာများပင်ဖြစ်လေသည်။

## ဘုရားရှင် တရားတော်ကို အလေးဂရုပြုပုံ

ဤလောကတွင် ဘုရားရှင်သည်သာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ် ပါသည်။ (လောကဂ္ဂပုဂ္ဂလော) ဘုရားရှင်ထက် သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ်မဆိုထားဘိ၊ ဘုရားရှင်နှင့်တူသူပင် မရှိတော့ပါ။ သို့ရာတွင် ဘုရားရှင်သည် အလေးဂရုပြုသင့်သည့်အရာကို ရှာကြံလျက် အလေး ဂရုပြုကာ အရိုအသေပြုကာ နေထိုင်သည်ကို တွေ့ရပါသည်။

မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီးစ ဥရုဝေလတော နေရဥ္စရာ မြစ်ကမ်းအနီး ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင်စဉ် ဘုရားရှင်အား အကြံအစည်တစ်ခုဖြစ်ပါသည်။

"ရိုသေရာ မှီခိုရာမရှိဘဲ နေရခြင်းသည် ဆင်းရဲလှ၏၊ ငါသည် အဘယ်သို့သော သမဏဗြာဟ္မဏကို အရိုအသေအလေး အမြတ်အမှီသဟဲပြု၍ နေရပါအံ့နည်း"

ယင်းသို့ ကြံစည်ပြီးနောက် လောကဓာတ်တစ်ခွင်တွင် ကိုယ်တော်မြတ်ထက် သီလသမာဓိပညာအားဖြင့် သာလွန်သူသမဏ ဗြာဟ္မဏကိုရှာကြည့်ရာ မတွေ့မမြင်မိသဖြင့် ကိုယ်တော်မြတ် ထိုးထွင်းသိထားသည့်တရားတော်ကိုပင်လျှင် အရိုအသေအလေး အမြတ်အမှီသဟဲပြု၍နေရန် ဆုံးဖြတ်လိုက်ပါသည်။

(အံ၊၁။ ပဌမဥရုဝေလသုတ်)

ထို့ပြင် ဘုရားရှင်သည် တရားဟောတော်မူရာတွင်လည်း လေးလေးစားစားပင်ဟောတော်မူပါသည်။ ပရိသတ်တစ်ယောက်

တည်းရှိ၍လည်း လုံ့လကို လျှော့ချမဟောပေ။ ပရိသတ်များ၍လည်း လုံ့လကို ပိုမိုစိုက်ထုတ် မဟောပေ။ လုံ့လကို ညီတူမျှတူသာထား တော်မူပါသည်။ ခြင်္သေ့ကဲ့သို့ ကျင့်တော်မူပါသည်။

တချို့ဓမ္မကထိကများသည် တရားဟောရာတွင် တရားနာ ပရိသတ်နည်းလျှင် သိပ်မဟောချင်ကြပေ။ ခပ်ပေါ့ပေါ့သဘောထား ကာ ပြီးစလွယ်ဟောသွားတတ်ကြပါသည်။ တရားနာပရိသတ်များမှ သာလျှင် စိတ်ပါလက်ပါနှင့် တူတူတန်တန်ဟောတတ်ကြပါသည်။ မြတ်စွာဘုရားရှင်မူကား ထိုကဲ့သို့ မဟုတ်ပါချေ။ ခြင်္သေ့ကဲ့သို့ ကျင့်တော်မူပါသည်။

သားကောင်တို့၏ မင်းဖြစ်သော ခြင်္သေ့မင်းသည် ခုနစ်ရက် လွန်ရာအခါ၌ စားကျက်သို့သွားသည်ရှိသော် ငယ်သောသတ္တဝါ၌ လည်းကောင်း၊ ကြီးသော သတ္တဝါ၌လည်းကောင်း ထပ်တူထပ်မျှ သာလျှင်ဖြစ်သော အဟုန်ဖြင့် ပြေးသွားလေ့ရှိပါသည်။ “ငါ့အား လျင်ခြင်းသည် မဆုတ်ယုတ်စေလင့်” ဟု နှလုံးသွင်းရှိသောကြောင့် ဖြစ်သည်။ ဤအတူသာလျှင် ဘုရားရှင်တို့သည်လည်း တစ်ယောက် သော သတ္တဝါအားလည်းကောင်း၊ နှစ်ယောက်ကုန်သော သတ္တဝါ တို့အားလည်းကောင်း၊ အလုံးစုံသော စကြာဝဠာ၌နေသော သတ္တဝါ အပေါင်းအားလည်းကောင်း တရားဟောတော်မူသည်ရှိသော် ထပ်တူ ထပ်မျှအားထုတ်ခြင်းဖြင့် ဟောတော်မူကုန်၏။ ပရိသတ်နည်းသည်ကို မြင်၍လည်း လုံ့လယုတ်လျော့မှုဖြစ်မသွားကုန်။ ပရိသတ်များသည်ကို မြင်၍လည်း လုံ့လလွန်ကဲမှု မဖြစ်ကုန်။ ပရိသတ်အနည်းအများ မခွဲခြားဘဲ တူမျှသော လုံ့လဖြင့်သာ တရားဟောတော်မူကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် ငါတို့အား တရား၌ အလေးပြုခြင်း သဘောသည် မဆုတ်ယုတ်ပါစေလင့်ဟု နှလုံးသွင်းရှိသောကြောင့် ဖြစ်သည်။ ဘုရားရှင်တို့သည် တရား၌ အလေးပြုခြင်းဂရုကုန်၏။

(ဓမ္မဂရုနော)တရားတော်၌ ရှိသေလေးစားတတ်သော စိတ်ထားရှိကုန်၏။ (ဓမ္မဂါရဝါ) (ဝိ၊၄၊၁။ပ။စာ-၁၅၃)

## ဝိဓုရသုခမိန် တရားတော်ကို အလေးဂရုပြုပုံ

ဝိဓုရဇာတ်တော်၌ ဝိမလာဒေဝီနဂါးမိဖုရားကြီးက ဘုရားအလောင်းတော်ဝိဓုရသုခမိန်၏ တရားစကားနာယူလိုသည်ကို ဝိဓုရ၏နှလုံးသားကို အလိုရှိသည်ဟု ပရိယာယ်ဖြင့်ပြောသည်ကို ပုဏ္ဏကဘီလူးက တိုက်ရိုက်အဓိပ္ပါယ်ကောက်ယူလျက် သုခမိန်၏နှလုံးသားကို ရဖို့ ဘုရားအလောင်းတော်သေစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်သည်။

ဟိမဝန္တာတော၌ တောင်စောင်းကျောက်စောင်း သစ်ခက်ဆူးငြောင့်တို့ဖြင့် ခတ်မိလျက်သေစေရန် မြင်းကိုအပြင်းစိုင်းနှင်၏။ သို့သော် ဘုရားအလောင်းတော်၏ မေတ္တာတော်, သီလတော်စသည်တို့ကြောင့် ထိုအရာများမှာ ကိုယ်တော်မှ နံပါးနှစ်ဖက်တို့၌ တစ်တောင်ခန့်မျှလောက် ဖဲလေကုန်၏။ ဘုရားအလောင်း မသေသေးဟု သိလျှင် တစ်ဖန် ထိုဟိမဝန္တာတောင်အရပ်၌ပင်လျှင် သစ်ပင်တို့ကိုလည်းကောင်း၊ တောင်တို့ကိုလည်းကောင်း တိုးဝှေ့စေလျက် သုံးကြိမ်မြောက် စိုင်းနှင်ပြန်လေ၏။ ဤသို့ တိုးဝှေ့သော်လည်း တောင်, သစ်ပင်တို့သည် ရှေးအတူသာလျှင် ဖဲလေကုန်၏။ ပုဏ္ဏကသည် ဘုရားအလောင်းတော် မသေသေးမှန်းသိလေလျှင် ကြောက်မက်ဖွယ်ကောင်းသော ဘီလူးအသွင်, ဆင်, ခြင်္သေ့, မြွေအသွင်တို့ဖြင့်ခြောက်လှန့်သော်လည်း မသေနိုင်ပေ။ နောက်ဆုံးတွင် ဘုရားအလောင်းတော်သည် ပုဏ္ဏကဘီလူး မိမိကို သတ်ရခြင်းအကြောင်းကို မေးမြန်းကြည့်ရာမှ အဖြစ်မှန်ကိုသိရလျှင် ပုဏ္ဏကအား သာဓုနရ တရားလေးပါးကိုဟောမည်၊ တရားကိုကောင်းစွာနာယူပါဟု တိုက်တွန်းသည်။

ဘုရားအလောင်းတော်သည် တရားဟောမည်ဆိုသောအခါ ညစ်ညှုးနေသော ခန္ဓာကိုယ်, ဟောင်းနွမ်းနေသော အဝတ်အစားတို့ဖြင့် မဟောပေ။ မသန့်မရှင်း ညစ်ညှုးစွာသောကိုယ်ဖြင့် တရားတော်ကို ဟောခြင်းငှာမလျောက်ပတ်၊ ရေချိုးပါရစေဦးဟု တောင်းပန်၍ရေချိုး၏။ ထို့နောက် နတ်၏ ပုဆိုး, နတ်၏ ပန်းနံ့သာတို့ကို ဝတ်ဆင်စေပြီး သော် နတ်ဘောဇဉ်ကို စားစေ၏။ ထိုသို့ ဝတ်စား တန်ဆာဆင်ယင်ပြီးသော် ဘုရားလောင်းသည် ကာဠာဂိရိတောင်ထိပ်ကိုလည်းကောင်း၊ တရားဟောနေရာကိုလည်းကောင်း ခင်းကျင်းစီရင်တန်ဆာဆင်စေပြီးလျှင် ကောင်းစွာစီမံခင်းထားအပ်သောနေရာ၌ ဘုရား၏ တင့်တယ်ခြင်းကဲ့သို့သော တင့်တယ်ခြင်းဖြင့် ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် သာဓုနရကရားကို ဟောတော်မူသည်။

မှတ်ချက်။ ။သာဓုနရ (သူတော်ကောင်းတို့၌တည်သော) တရားလေးပါး။

၁။ ရှေးသူတော်ကောင်းတို့သွားသော တရားလမ်းကို မယွင်းမထောင့်ဖြောင့်မှန်စွာလိုက်ခြင်း၊

၂။ စိုစွတ်သောလက်ကို ခြောက်သွေ့ပူလောင်အောင် မပြုခြင်း၊

၃။ ခင်ပွန်းမိတ်ဆွေကို မပြစ်မှားခြင်း၊

၄။ ယုတ်မာသော မိန်းမတို့၏ အလိုသို့ မလိုက်ခြင်း။

## တေမိမင်းသား တရားတော်ကို အလေးဂရုပြုပုံ

တေမိယဇာတ်တော်၌လည်း ဘုရားအလောင်းတော် တေမိမင်းသားသည် မိမိကိုမြေမြှုပ်သတ်ရန် တွင်းတူးနေသော ရထားထိန်းသုနန္ဒာအား တရားဟောမည်ကြံသောအခါ နန်းဘော်ကဝတ်လာသော မင်းသားအဝတ်အစားများကို ရထားထိန်းချွတ်ယူလိုက်ပြီဖြစ်၍

ကိုယ်တော်၌ အရှက်အကြောက်လုံ့ရုံအောက်ခံ အဝတ်ဟောင်းအဝတ် နွမ်းမျှသာ ရှိတော့သည်ကို မြင်တော်မူသည်။ ထိုအဝတ်အစားမျိုးဖြင့် ရထားထိန်းအားတရားသွားဟောလျှင် ကိုယ်တော့်အပေါ်တွင် အထင် သေးအမြင်သေးဖြစ်ကာ တရားတော်ကို ရိုရိုသေသေလေးလေး စားစားနာယူမည် မဟုတ်ပေ။ ထို့ကြောင့် ရထားထိန်းမိမိကိုမြင်လေ လျှင် အံ့သြဘနန်းဖြစ်၍ ရိုသေခံ့ညားစိတ်ဖြစ်ပေါ်လာစေရန် အဝတ် အစားကောင်းရလျှင် ကောင်းလေစွဟု တောင့်တစိတ်ဖြစ်ပေါ်မိသည်။

မှန်ပါသည်။ ဘုန်းကျက်သရေဟူသည်မှာ တန်ဆာဆင်ခြင်း လည်း တစ်အင်္ဂါဖြစ်ပါသည်။ လူတို့သည် မိမိဂုဏ်နှင့်ဒြဗ်နှင့်လိုက် ဖက်ညီသော အဝတ်အထည်မျိုးကို ရွေးချယ်ဝတ်ဆင်တတ်ဖို့ လိုပေ သည်။ များစွာသော လူတို့သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် တွင် ဝတ်ဆင်ထားသော အဝတ်အထည်ကိုကြည့်၍ ရိုသေလေးစား စိတ်၊ အထင်သေးစိတ်ဖြစ်တတ်လေသည်။ ထို့ကြောင့် ဘုရား အလောင်းတော်သည် ကျက်သရေဘုန်းတန်းပွင့်လန်းခြင်းအကြောင်း ဝတ်ကောင်းတန်ဆာဝတ်ဆင်ရသော် ငါ၌ ကောင်းလေစွဟု အကြံ ဖြစ်တော်မူရခြင်း ဖြစ်လေသည်။

ထိုအကြံကို သိကြားမင်းသိလေလျှင် ဝိသုကြံနတ်သားကို သိကြားမင်း၏ဝတ်လဲတော်နှင့်တူစွာသော နတ်ပြည်၌ဖြစ်သောအဝတ် ပုဆိုးများစွာကို တေမိမင်းသားထံ ပို့စေသည်။ အလောင်းတော်တေမိ မင်းသားသည် ဝိသုကြံပို့လာသော နတ်အဝတ်အစားများကိုဝတ်ဆင် လျက် သုနန္ဒာရထားမှူးအား တရားသွားဟောလေသည်။ နတ်ဝတ် တန်ဆာများဝတ်ဆင်ထားသော ဘုရားအလောင်းတော်ကိုမြင်လေ လျှင် ရထားမှူးသည် လူလော နတ်လော သိကြားမင်းလော စသည် အမျိုးမျိုးတွေးကာ အံ့သြဘနန်းဖြစ်သွားလေသည်။ ဘုရားအလောင်း တော်က နတ်သိကြားမဟုတ်၊ သင်တို့အရှင် ကာသိကရာဇ်မင်းကြီး၏

သားတော်တေမိမင်းသားပင်ဖြစ်သည်ဟု ယုံကြည်လောက်အောင် ပြောပြီးမှ ရထားမှူးအား "ယဿ ရက္ခဿ ဆာယာ ယ" စသော ဂါထာဖြင့် အရိပ်နေနေ အခက်ချိုးချိုးမပြုလုပ်သင့်ပုံ၊ ပြုလုပ်ပါက မိတ်ဆွေကို ပြစ်မှားသော သူယုတ်မာဖြစ်ကြောင်းတရားဟောတော်မူသည်။ ထို့နောက် ရထားမှူးယုံကြည်စေရန် မိတ္တပူဇာ(၁၀)ဂါထာကို ဆက်လက်ဟောကြားပါသည်။

မှတ်ချက်။ ။ အမြဲမေတ္တာပို့အပ်သူ ၁၀ဦး

၁။ သဗ္ဗညုမြတ်စွာဘုရား၊

၂။ ပစ္စေကဗုဒ္ဓါ၊

၃။ ကိလေသာကုန်ပြီးသော ရဟန္တာ၊

၄။ မြတ်စွာဘုရားတို့၏ လက်ယာရံ လက်ဝဲရံဖြစ်သော အဂ္ဂသာဝကအရှင်မြတ်၊

၅။ အမိ၊

၆။ အဖ၊

၇။ အရွယ်ကြီးခြင်း အမျိုးမြတ်ခြင်း ပညာကြီးခြင်း သီလ သမာဓိရှိခြင်းအစရှိသော ဂုဏ်တို့ကြောင့် အလေး အမြတ်ပြုအပ်သောသူ၊

၈။ အကျိုးအကြောင်းကို ဆုံးမသွန်သင် ပဲ့ပြင်ပေတတ်သောသူ၊

၉။ ထမင်းအဖျော် အိပ်ရာနေရာအဝတ်ပုဆိုးစသည် တစ်စုံ တစ်ခုပစ္စည်းအားမိသပေးပေဖူးသောသူ၊

၁၀။ သူခပ်သိမ်းတို့ကို ကုသိုလ်တရားပွားများစေခြင်းငှါ တရားဟောပေသောသူ။

## ခုဇ္ဇုတ္တရာ တရားတော်ကို အလေးဂရုပြုပုံ

ခုဇ္ဇုတ္တရာကျွန်မသည် ဥတေနမင်းကြီးက မိဖုရားကြီး သာမာဝတီအား နေ့စဉ်ပန်းဖိုး ရှစ်ကျပ်ပေးရာတွင် လေးကျပ်ဖိုးသာ ဝယ်ပေး၍ ကျန်လေးကျပ်ကိုမူ ဖြတ်ယူထားလေ့ရှိသည်။ တစ်နေ့တွင် မြတ်စွာဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် သောတာပန် ဖြစ်သွားသည်။ ထိုနေ့တွင် ယခင်နေ့များထက် ပန်းတွေပိုများ နေသည်ကိုမြင်ရသဖြင့် မိဖုရားကြီးက အကျိုးအကြောင်းမေးကြည့်ရာ အဖြစ်မှန်ကို ပြောပြလိုက်သည်။ ထိုအခါ မိဖုရားကြီးက ခြိမ်းခြောက်မှု တစ်စုံတစ်ရာမပြုလုပ်ဘဲ "အမိ၊ သင်သောက်အပ်သော အမြိုက်ရည် ကို ငါတို့ကိုလည်း တိုက်ကျွေးပါလော့" ဟု ပြောရာ "ကောင်းပါပြီ အရှင်မ၊ ကျွန်မကို ရေချိုးပေးပါလော"ဟု ပြောလျှင် တစ်ဆယ့် ခြောက်လုံးသော နံ့သာရေအိုးတို့ဖြင့် ရေချိုးပေးပြီးနောက် ချောမွတ် သော အဝတ်နှစ်ထည်တို့ကို ပေးစေသည်။ ခုဇ္ဇုတ္တရာသည် မိဖုရားကြီးချီးမြှင့်သော အဝတ်နှစ်ထည်အနက် တစ်ထည်ကို ဝတ်၍ ကျန်တစ်ထည်ကိုမူခြုံပြီး နောက်သာမာဝတီမိဖုရားကြီးအမှူးပြုသော အမျိုးသမီးငါးရာတို့ကို နိမ့်သောနေရာ၌နေစေလျက် မိမိက မြင့်သော နေရာထက်ဝယ် ထိုင်လျက် ယပ်တစ်ချောင်းကိုင်ကာ ဓမ္မကထိက ဆရာတော်တစ်ပါးအလား တရားဟောလေသည်။ သူမ၏တရားကို ကြားနာကြရသဖြင့် ထိုအလုံးစုံသော အမျိုးသမီးငါးရာတို့ သောတာ ပန် ဖြစ်သွားကြလေသည်။ (အံ၊ဌ။၁။စာ-၃၃၇။ဓမ္မ၊ဌ၊၁။၁၃၄)

မှတ်ချက်။ ။သေခိယသိက္ခာပုဒ်များ၌ နိမ့်သောနေရာ၌ ထိုင်လျက် မြင့်သောနေရာ၌ထိုင်နေသော ဂိလာနမဟုတ်သူအား တရားမဟောရဟု ရဟန်းတော်များအား ပညတ်သော သိက္ခာပုဒ်ပါရှိ သည်၊ မြတ်စွာဘုရား ဟောတော်မူသော တရားတော်အပေါ် မလေး စားသည့် အပြုအမူကြောင့် ဖြစ်သည်။ ဆဝဇာတ်တော်၌မူ အမြင့်၌

နေလျက် မန္တန်သင်ယူသောမင်းကြီးနှင့် နိမ့်သောနေရာ၌နေလျက် မန္တန်သင်ပေးသောပုဏ္ဏား၊ ထိုနှစ်ဦးစလုံးပင် တရားမရှိသူများဖြစ်ကြောင်း ဆိုသည်။

တရားမဟောကောင်းသော အခြားပုဂ္ဂိုလ်များ

၁။ ထီး၊ တုတ်၊ ဓားစသောလက်နက်၊ လေး၊ မြှားကိုင်ဆောင်ထားသော ဂိလာနမဟုတ်သူအား တရားမဟောရ။

၂။ ခြေနင်းစီးထားသော၊ ဖိနပ်စီးထားသော ဂိလာနမဟုတ်သူအား တရားမဟောရ။

၃။ ကား၊ လှည်း၊ ရထားစသော ယာဉ်ပေါ်နေသူ (ဂိလာနမဟုတ်သူ)အား ယာဉ်အောက်နေသူရဟန်းက တရားမဟောရ။

၄။ လျောင်းအိပ်နေသူ(ဂိလာနမဟုတ်သူ)အား ဓမ္မကထိကလုပ်သူက တရားဟောပလ္လင်၊ ခုတင်မှာနေလျက်ပင်ဖြစ်စေ၊ ထိုင်၍ဖြစ်စေ တရားမဟောရ။

၅။ ဆံစမပေါ်အောင် ခေါင်းပေါင်းပေါင်းထားသူ၊ ခေါင်းမြီးခြုံထားသူ၊ ဦးထုပ်ဆောင်းထားသူ (ဂိလာနမဟုတ်သူ) အား တရားမဟောရ။

၆။ မြေကြီးပေါ်၌ ထိုင်နေသော တရားဟောပုဂ္ဂိုလ်က မြက်အခင်းဖြစ်စေ၊ အဝတ်ဖြစ်စေ ခင်းထိုင်နေသူ (ဂိလာနမဟုတ်သူ)အား တရားမဟောရ။

၇။ မတ်တတ်ရပ်နေသူက ထိုင်နေသူ (ဂိလာနမဟုတ်သူ) အား တရားမဟောရ၊

၈။ ခရီးသွားစဉ် နောက်ကလိုက်သော ရဟန်းက ရှေ့က သွားသူ(ဂိလာနမဟုတ်သူ)အား တရားမဟောရ။

၉။ လမ်းဘေးမှ လိုက်နေသော ရဟန်းက လမ်းပေါ်၌ သွားနေသူ(ဂိလာနမဟုတ်သူ)အား တရားမဟောရ။

မှတ်ချက်။ ။တရားဟုဆိုရာ၌ ပါဠိအဋ္ဌကထာဆိုင်ရာ ပါဠိဘာသာဖြင့်ပြောသော တရားဟုချည်းမှတ်ပါ။ အခြားဘာသာစကားဖြင့်ကား ဟောပြောကောင်းသည်ချည်းသာ။

သဒ္ဓမ္မဟုဆိုအပ်သော သူတော်ကောင်းတရားကြာရှည်စွာတည်တံ့နိုင်ခြင်းအကြောင်း၊ မတည်တံ့နိုင်ခြင်း အကြောင်းများကို အရှင်ကိမိလမေးလျှောက်သဖြင့် မြတ်စွာဘုရားဖြေကြားတော်မူရာတွင် မြတ်စွာဘုရား၏ တပည့်ပရိသတ်များဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့သည် တရားတော်အပေါ်၌ ရိုသေခြင်း၊ တုံ့ဝပ်ခြင်းရှိလျှင် သူတော်ကောင်းတရား ကြာရှည်စွာတည်တံ့နိုင်၍ ထိုအပြုအမူများမရှိလျှင် သူတော်ကောင်း တရားကြာရှည်စွာမတည်တံ့နိုင်ကြောင်း (အံ၊၂။၂၁၆၊ကိမိလသုတ်) မိန့်တော်မူပါသည်။ ထို့ကြောင့် သူတော်ကောင်းတရား ကြာရှည်စွာတည်တံ့နိုင်ရေးအတွက် ကျွန်ုပ်တို့ဘာသာဝင်တိုင်းက ယင်းသူတော်ကောင်းတရားအပေါ် ရိုသေတုံ့ဝပ်မှုရှိကြရပေမည်။ သင်ယူကြရာ၌ဖြစ်စေ၊ ဟောကြားကြရာ၌ဖြစ်စေ၊ နာယူကြရာ၌ဖြစ်စေ ရိုသေတုံ့ဝပ်စွာ သင်ယူဟောကြားနာယူကြဖို့ရန်ဖြစ်ကြောင်း။ ။

ဓမ္မရတနာမဂ္ဂဇင်း
မတ်လ၊ ၂၀၀၉

❑

## စာချစာသင်သီးသန့်တရားစခန်း

စာရေးသူအရှင်သည် ၁၉၈၀–ပြည့်လွန်နှစ်များက မန္တလေး မြို့၊ ချမ်းအေးသာစံမြို့နယ်၊ မိုးကောင်းကျောင်းတိုက်၊ သိန်းသန်း ရတနာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသထံ ပထမကြီးတန်း စာဝါများနှင့် ဓမ္မာစရိယတန်းစာဝါများကို လိုက်ခဲ့ဖူးပါသည်။

ဆရာတော်သည် စာဝါပို့ချရာတွင် လွန်စွာစိတ်ရှည်တော် မူသည်။ အကြောင်းအရာတစ်ခုကို နှစ်ခါသုံးခါထပ်ပြောတတ်သည်။ ပဋ္ဌာန်းစာဝါပို့ချရာတွင် ရှေးဦးစွာ တစ်ခေါက်ဆိုပြလိုက်သေးသည်။ နောက်စာသင်သားများနှင့်လည်း အတူလိုက်ဆိုလိုက်သေးသည်။ လွန်စွာအပင်ပန်းခံတော်မူပါသည်။

စာဝါပို့ချရာတွင် ဆရာတော်သုံးလေ့သုံးထရှိသော ဥပမာ တစ်ခုမှာ "နွားကုပ်လက်ကိုင်" ဥပမာပင်ဖြစ်သည်။ အကြောင်း အရာတစ်ခုကို တရားသေဆုပ်ကိုင်မထားသင့်ပုံအကြောင်း ပြောလို သည့်အခါ ယင်းဥပမာကို သုံးလေ့သုံးထရှိပါသည်။

ဆရာတော်နှင့် မတွေ့ဖြစ်သည်မှာ ကြာခဲ့ပေပြီ။ တစ်နှစ် တစ်ကြိမ်လောက်သာ တွေ့ဖြစ်တတ်သည်။ ဆရာတော်သည် နှစ်စဉ် နွေရာသီတွင် ပြင်ဦးလွင်သို့ကြွ၍ တရားစခန်းပွဲကျင်းပလေ့ရှိကြောင်း ဦးပညာသီဟာဘိဝံသ(သ–စ–အဓမ္မာစရိယ)နှင့် ဆက်စပ်၍ သတင်း

ကြားသိနေရပါသည်။ တစ်နေ့ စာဝါပိတ်ရက်တွင် ဆရာတော်ထံ ရောက်သွားပါသည်။ ဆရာတော်က ၄င်းတရားထိုင်စဉ်က အတွေ့ အကြုံများကို ပြောပြပါသည်။ ၄င်းကိုယ်တိုင် ရေးသားထားသည့် စာမျက်နှာ(၃၀)ပါ မှတ်တမ်းစာအုပ်ကလေးကိုလည်း စွန့်လိုက်ပါသည်။

## တရားစတင်အားထုတ်ဖြစ်ပုံ

ဆရာတော်သည် ရဟန်းငါးဝါအရကတည်းကပင် သီရိပဝရ ဓမ္မာစရိယနှင့် ပရိယတ္တိသာသနဟိတ(အဘိဝံသ)စာချဘွဲ့တို့ကို ရရှိခဲ့ပါသည်။ အသက်အရွယ်ငယ်သေး၍ အခြားပညာ (လောကီပညာ) တစ်ခုခုသင်ချိန်ရသေးသော်လည်း ဆရာသမားများက ခေတ်ပညာသင်ပြီး ပျက်စီးသွားမည်ကိုစိုးရိမ်သဖြင့် မန္တလေးထုံးစံအတိုင်း ကြော်ငြာကပ်ပြီးစာချခိုင်းခဲ့ပါသည်။ ထို့ကြောင့် နှစ်စဉ်မပျက် စာချခဲ့ရပါသည်၊ တစ်နေ့တွင် ဆရာတော်သည် အကြံတစ်ခုဖြစ်ပေါ်မိသည်၊

"ငါ့ကိုယ်ငါ အသက်မကြီးသေးဘူးလို့ ထင်နေပေမယ့် ပထမအရွယ်က စွန့်ပယ်၍ ဒုတိယအရွယ် ရောက်ခဲ့ပြီ၊ တစ်ဖန် ဒုတိယအရွယ်ကလည်း စွန့်ပယ်ခဲ့ပြန်၍ ယခု တတိယအရွယ် (၅၉–နှစ်)သို့ပင် ရောက်ခဲ့ပြန်ပါပေ့၊ ငါသည် သေဖို့ နီးသွားပြီဖြစ်၍ တရားအားထုတ်ဖို့ အချိန်ပင် အလွန်နည်းသွားခဲ့လေပြီ၊ ပရိယတ္တိသမားသက်သက်မဖြစ်သင့်၊ ပဋိပတ္တိပါအားထုတ်မှ ဖြစ်တော့မည်"

ဤသို့ ခိုင်မာသော ဆုံးဖြတ်ချက်ချ၍ နွေရာသီသီးသန့် သာမဏေများကို ပို့ချနေကျစာဝါများကို ရပ်နားထား၍ ၁၃၅၈ ခုနှစ် နွေရာသီ၌ နောက်ပါပစ္စာသမဏအဖြစ် ဦးအာစာရ(ထီးချိုင့်)ကိုခေါ်ကာ မော်လမြိုင်မြို့၊ တောင်ဝိုင်းမဟာစည်ရိပ်သာ ယေဆရာဆရာတော် ဦးအာဒိစ္စထံသို့သွား၍ တပည့်ခံလျက် တရားအားထုတ်ဖြစ်ခဲ့ပါသည်။

သက်ကြီးဝါကြီးစာချဆရာတော်ဖြစ်နေ၍ ဘာမျှညွှန်ကြား ပေးနေစရာမလိုတော့ဟု ရိပ်သာဆရာတော်က ယူဆနေသလား မသိ၊ "ဦးပဥ္စင်းဟာ စာချဘုန်းကြီးလဲ ဖြစ်တယ်၊ အသက်လဲ ကြီးပါ ပြီ၊ တောင်ထိပ်ပေါ်မှာ ပေးထားတဲ့ ကျောင်းလေးပေါ်၌သာ အား ထုတ်ပါ"ဟု မိန့်တော်မူသည်။ ထိုအခါ ဆရာတော်က ပရိယတ္တိ မာန်မာနတွေ အကုန်ခဝါချထားပြီးနောက် "အများအားထုတ်သလို သာ အားထုတ်ချင်ပါတယ်" ဟု လျှောက်ထားပြီး ရဟန်းတော်များ၊ အမျိုးသားယောဂီများ အားထုတ်သည့်အဆောင်သို့သွား၍ အများနှင့် ရောကာ အားထုတ်ခဲ့ပါသည်။

တရားစစ်ချိန်၌လည်း ယောဂီများနှင့် ရှုပ်ထွေးနေသဖြင့် ရိပ်သာဆရာတော်က "မလာပါနဲ့တော့"ဟု မိန့်လိုက်သည်။ ထိုအခါ ဆွမ်းအတူဘုဉ်းပေးစဉ် တရားအားထုတ်ရာ၌ မရှင်းလင်းသည့်အချက် များကို မေးဖြစ်၏။ ရိပ်သာဆရာတော်ကလည်း ပြောပြပါ၏။ လေး ငါးရက်ကြာသောအခါ ရိပ်သာဆရာတော်က "ဦးပဥ္စင်း၊ ည ခုနစ်နာရီမှာ လာနိုင်ပါသလား" ဟု မေးရာ "လာနိုင်ပါတယ်ဘုရား၊ လာလဲလာချင်ပါတယ်ဘုရား" ဟုလျှောက်ပြီး ညတိုင်းသွားခဲ့ပါသည်။

ရိပ်သာဆရာတော်က ရှုမှတ်ပုံကိုမေး၍ ပြင်ပေးသင့်သည် တို့ကို စိတ်ရှည်လက်ရှည်ပြင်ပေးပါသည်။ ဆရာတော်ကလည်း မရှင်းလင်းသော အချက်များကို အားမနာတမ်းမေးပါသည်။ရိပ်သာ ဆရာတော်ကလည်း သေသေချာချာ ဖြေကြားပေးပါသည်။ ထို့ပြင် ရိပ်သာဆရာတော်က "ဦးပဥ္စင်းက စာချဘုန်းကြီးကောင်းဖြစ်သလို တရားပြကောင်းလဲ ဖြစ်မှာသေချာပါတယ်"ဟု မိန့်သည်။ "တပည့် တော်က ကမ္မဋ္ဌာန်းဆရာတော့ မလုပ်ဘူး၊ သေတဲ့အထိ စာချဘုန်း ကြီးပဲလုပ်သွားမယ်၊ ဒီဘဝ ဒီခန္ဓာနောက်ဆုံး နောက်ထပ်ခန္ဓာ

အသစ်မဖြစ်စေရ” ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာချရင်း အချိန်ကို ရအောင်လုပ်ပြီး နေ့စဉ်အားထုတ်မှာပါ” ဟု ဆရာတော်က လျှောက်လိုက်ရာ ရိပ်သာဆရာတော်က ပြုံးနေသောဟူ၏။

ဆရာတော်ကို တရားထိုင်ဘက် အဖော်ယောဂီများက ဒုလ္လဘာဟု ထင်နေကြ၏။ ဒကာတစ်ယောက်ကမူ “အရှင်ဘုရား၊ ဒုလ္လဘဝတ်တာ ဘယ်လောက်ကြာပြီလဲဘုရား” ဟုပင် မေးလိုက်သေးသည်ဆို၏။ မည်သူတွေ မည်သို့ထင်ထင် အရေးမစိုက်ဘဲ ကိုယ့်ရည်ရွယ်ချက် အကောင်အထည်ပေါ်စေလိုသောစိတ်ဖြင့် နေ့စဉ် အချိန်မပျက် ကြိုးစားအားထုတ်ပါ၏။

ဝါဆိုရန် နီးကပ်၍ မန္တလေးပြန်ခါနီးအချိန်တွင် ရိပ်သာဆရာတော်က “မော်လမြိုင်မှာ ဝါဆိုပါ” ဟုတားမြစ်၏။ “စာချရမည့် တာဝန်ရှိနေ၍ ဝါမဆိုနိုင်ပါဘုရား” ဟု တောင်းပန်လျှောက်ထားလိုက်ရပါသည်။ “ဉာဏ်စဉ်တရားတော့ နာသွားပါဦး”ဟု မိန့်သဖြင့်နာခဲ့ရ၏။ ရိပ်သာဆရာတော်က “ဦးပဥ္စင်းက ဉာဏ်ကောင်းပုံရတယ်၊ တရားအတွေ့သိပ်ကောင်းတာပဲ” ဟု မိန့်လိုက်သေးသည်ဆို၏။

၁၃၅၉-ခုနှစ်၊ နွေရာသီတွင်ကား တပည့်ဖြစ်သူ၏ ရဟန်းခံကိစ္စဖြင့် ရန်ကုန်ကြွရင်း မဟာစည်သာသနရိပ်သာကြီး၌ပင် အားထုတ်ဖြစ်သွားသည်။ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့၌ကား မော်လမြိုင်တောင်ဝိုင်း ရိပ်သာသို့ကြွရောက်အားထုတ်ဖြစ်ခဲ့သည်။ သို့သော် စတုတ္ထအကြိမ်အားထုတ်ပြီး၍ မန္တလေးပြန်ခါနီးတွင် ငှက်ဖျားရောဂါဖြစ်လာပါတော့၏။ ယင်းငှက်ဖျားကို တစ်နှစ်ပတ်လုံး ခံစားလိုက်ရ၏။

မော်လမြိုင်တောင်ဝိုင်းရိပ်သာ၌ တရားအားထုတ်ရသည့်မှာ ပတ်ဝန်းကျင်က ရှုခင်းများကလည်းသာယာ၊ တိတ်ဆိတ်မှုလည်းရှိ၊

ဆရာတော်ကြီး၏သွန်သင်ပြသမှုကလည်း ကောင်းသည့်အတွက် နေ့ရာသီတိုင်း သွားရောက်အားထုတ်ချင်မိသည်။ သို့သော် ဇုက်ဖျား ဒဏ်ကိုလည်း လက်တွေ့ခံစားထားရသည်။ ကျောင်းဒကာမကြီး ကလည်း ကျန်းမာရေးနဲ့မသင့်တော်သဖြင့် မကြွပါနှင့်ဟု အတန်တန် တောင်းပန်နေသည်။ သို့နှင့် မသွားတော့ဟု ဆုံးဖြတ်လိုက်ရလေသည်။

သို့သော် တရားအားထုတ်လိုစိတ်ကား ကုန်ခန်းသွားသည် မဟုတ်ပါချေ။ ၁၃၆၂-ခုနှစ်၊ နွေရာသီ အပန်းဖြေ ဘယ်သွား တရားအားထုတ်ရလျှင် ကောင်းလေမလဲဟု စဉ်းစားနေမိခဲ့သည်။ တရားအားထုတ်ရခြင်း၏အကျိုးကို ကိုယ်တွေ့ခံစားထားရပြီ မဟုတ် လော။ တရားအားမထုတ်ရလျှင် မနေနိုင်သည့်အခြေအနေသို့ ရောက်လာပြီဖြစ်၏။ တရားအားထုတ်ရသဖြင့် မိမိကိုယ်တိုင် အရင် ကနှင့်မတူတော့ဘဲ စိတ်ကောင်းတွေ တိုးပွားလာသည်။ သာသနာ တော်ကိုလည်း ကောင်းစေချင်သည့်စိတ်တွေ ပိုမိုထက်သန်လာ၏။ တပည့်တွေပါခေါ်သွားပြီး သူတို့ကိုလည်း တရားပြ၊ တရားထိုင်ခိုင်း၊ ကိုယ်တိုင်လည်း တစ်နေရာတည်း သူတို့နှင့်အတူ စုပေါင်းပြီး တရား ထိုင်ရလျှင် ပိုကောင်းမည်။ အချိန်ပြည့်တရားထိုင်မည်။ မိမိလိုပဲ သူတို့တတွေမှာလည်း စိတ်ကောင်းတွေတိုးပြီး သာသနာကို ကောင်းစေချင်သည့်စိတ်တွေ ပိုမိုထက်သန်လာနိုင်ပေလိမ့်မည်ဟု စိတ်ကူးနေမိသည်။

ထိုစိတ်ကူးကို အဘယ်ပုံအဘယ်နည်း ပုံဖော်ရမည်နည်း စိတ်ကူးနေစဉ်-ရင်းနှီး၍ တရားဝါသနာပါသည့် ဒကာတစ်ယောက် ရောက်လာပြီး "ဒီနှစ်နွေရာသီ ဘယ်ကြွမှာလဲဘုရား" ဟု မေးသဖြင့် မိမိစိတ်ကူးကို ပြောပြလိုက်သည်။ ထိုဒကာက ၄င်းအသိ ရိပ်သာ တစ်ခုရှိကြောင်းလျှောက်ရာ "ဒီလောက်သံဃာအများကြီးကို

ဘယ်ရိပ်သာကမှ လက်ခံမှာ မဟုတ်ဘူး၊ သွားမလျှောက်ပါနဲ့"ဟု တားမြစ်သည့်ကြားမှ သွားလျှောက်ရာ ထင်သည့်အတိုင်းပင် လက်မခံပေ။ ဆရာတော်နှင့် ပဋ္ဌာသမဏာတစ်ပါးကိုသာ လက်ခံနိုင်ပါသည်ဟု မိန့်လိုက်သည်ဆို၏။

တန်ခူးလကုန်ခါနီးတွင် စက်မှုမြို့သစ်ရှိ တပည့်ဖြစ်သူ ဦးစက္ကပါလ တည်ထောင်ထားသည့် ခေမာသီဝံရိပ်သာသို့ သွားရောက်အားထုတ်ရန် စိတ်ကူးရမိသည်။ တပည့်ဖြစ်သူကိုခေါ် ပြောပြရာ ဝမ်းမြောက်ဝမ်းသာပင် လက်ခံပါသည်။ တန်ခူးလကွယ်နေ့ ထိုရိပ်သာသို့ တပည့်သံဃာ(၃၇)ပါးနှင့် အတူသွား၍ ကဆုန်လဆန်း(၁)ရက်မှစ၍ ဓမ္မာရုံပေါ်၌ ဆရာတပည့်စုပေါင်းလျက် တစ်ကြိမ်လျှင် (၁)နာရီဖြင့် တစ်နေ့ကို (၈)ကြိမ်ထိုင်ရန် ဆုံးဖြတ်ချထားသည်။

## ပြင်ဦးလွင်၌ တရားစခန်းပွဲဖွင့်ဖြစ်ပုံ

ခေမာသီဝံသို့ သွားခါနီး ရက်အနည်းငယ်အလိုတွင် အောင်မင်္ဂလာဒေါ်တင်တင်လှ ရောက်လာပြီး မေးလျှောက်ပြန်သည်။

"နွေရာသီဘယ်ကြွတရားအားထုတ်မလဲဘုရား"

"စက်မှုမြို့သစ်၊ ခေမာသီဝံရိပ်သာသွားမယ်လို့ စိတ်ကူးထားတယ်"

"စက်မှုမြို့သစ်က အရိပ်အာဝါသလည်း မရှိ၊ အလွန်ပူပြင်းလှပါတယ်၊ ပြင်ဦးလွင်မှာ ဆရာတော်တို့ ညောင်ရမ်းကိုအပ်ထားတဲ့ ကျောင်းရှိတယ်မဟုတ်လားဘုရား၊ အဲဒီကြွပြီး အားထုတ်ရင် ပိုပြီးအဆင်ပြေပါလိမ့်မယ်၊ ဆွမ်းဝတ်ပြုဖို့လဲ တာဝန်ယူပါမယ်ဘုရား"

ဒေါ်တင်တင်လှ လျှောက်မှ ဆရာတော်လည်း ပြင်ဦးလွင်ရှိ အရိယာမှန်ပြကျောင်းကို သတိရမိသွားသည်။

"ရာသီဥတုကောင်းလို့ တရားအားထုတ်ရတာတော့ အဆင်ပြေမှာပါပဲ၊ ဒါပေမယ့် အရပ်ဒေသမကျွမ်းလို့ ဆွမ်းခံဖို့တော့ အခက်အခဲရှိမှာပဲ"

"တပည့်တော်မတို့ မိသားစုက တာဝန်ယူပါမယ်ဘုရား"

"ဘုန်းကြီးတစ်ပါးတည်းမဟုတ်ဘူး၊ နောက်ပါတပည့် (၄၀) လောက် ပါဦးမှာ၊ အနည်းဆုံးတစ်လလောက် အားထုတ်မှာ၊ ဒကာ မကြီးတစ်ဦးတည်း မတတ်နိုင်ဘူး"

"ရပါတယ်ဘုရား၊ ဒီလိုကုသိုလ်မျိုးကို တပည့်မတို့မိသားစုက လိုချင်နေတာပါ၊ ဝေယျာဝစ္စကူညီနိုင်မယ့်သူများရနိုင်မလား၊ ပြင်ဦးလွင် အရိယာမှန်ပြကျောင်းနဲ့ ဆက်သွယ်ကြည့်ပါဘုရား" ဟုလျှောက်သဖြင့် တပည့်တစ်ပါးကိုစေလွှတ်လိုက်၍ စုံစမ်းခိုင်းရာ ဒကာမကြီးတစ်ယောက်က သူတစ်လလုံးလုံး ချက်ပြုတ်ကပ်ပါမည် ဟုလျှောက်လိုက်သည်ဆို၏။ သို့နှင့် ၁၃၆၂-ခုနှစ်၊ တန်ခူးလကွယ်နေ့တွင် သံဃာ (၃၇)ပါး ဟိုင်းလတ်ကားတစ်စီးဖြင့် ပြင်ဦးလွင်သို့တက်ခဲ့ကြလေသည်။

သိန်းသန်းရတနာဆရာတော်နှင့်တကွ တပည့်(၃၇)ပါး တရားအားထုတ်ကြပါသည်။ ဆရာတော်ကိုယ်တိုင်လည်း တရားထိုင်၏။ တပည့်များကိုလည်း တရားပြပေး၊ ပြင်ပေးပါသည်။ ထိုင်မှတ်ချိန်၊ စင်္ကြံမှတ်ချိန်၊ ထိုမှတစ်ပါး အခြားအမူအရာပေါ်တိုင်း မပြတ်မှတ်ချိန်တို့၌ အမှတ်စိတ်အောင် ကြိုးစားမှတ်ကြပါသည်။ "ဤဘဝ ဤခန္ဓာနောက်ဆုံးဖြစ်စေရမည်"ဟု ဆရာက ခိုင်မာသော ဆုံးဖြတ်ချက်ချ၍ အားထုတ်သလို တပည့်များကလည်း အားထုတ်ကြပါသည်။ ဤသို့ ဆရာတပည့်အဝိဒ္ဒာန်၍ နွေရာသီပထမပြန်စာမေးပွဲ

အပြီး စာဝါပိတ်ချိန် အပန်းဖြေတရားအားထုတ်ကြသောကြောင့် **'အပန်းဖြေအဝိဇ္ဇာန်တရားစခန်း'** ဟု အမည်တပ်ထားပါသည်။

ယင်းတရားစခန်းပွဲ၌ တရားပြသူကလည်း စာချဘုန်းကြီး ဖြစ်သလို တရားအားထုတ်ကြသည့်ယောဂီများကလည်း စာချ စာသင် သံဃာများသာဖြစ်ပါသည်။ စာတတ်သော ကမ္မဋ္ဌာန်းပြဆရာ ကသာလျှင် စာနှင့်အကျင့်ကို ညီအောင်ညှိပြနိုင်၏။ စာတတ်သူများ မှသာ ထိုသို့ညှိ ပြသည်ကိုသိနိုင်၏။ ထိုသို့သိကြ၍ ဝမ်းသာအားရ တက်တက်ကြွကြွ အားထုတ်ကြသောကြောင့် တရားအတွေ့လည်း ကောင်းကြပါ၏။ ထို့ကြောင့် စာချစာသင်သီးသန့် တရားစခန်းပွဲ ဖြစ်ပါသည်။ ဝမပဗ္ဗဇ္ဇိတ(တောထွက်)ရဟန်း၊ ဒုလ္လဘရဟန်း၊ လူဝတ် ကြောင်များက လိုက်ပါအားထုတ်လိုကြောင်း ခွင့်တောင်းကြပါ၏။ အခြားသင့်တော်ရာရိပ်သာများသို့ သွားရောက်အားထုတ်ကြပါရန် တောင်းပန်လွှတ်လိုက်ရပါသည်။

ရည်ရွယ်ချက်

ပြင်ဦးလွင် သံဃာတော်များသီးသန့် အပန်းဖြေတရားစခန်း ဖွင့်ရခြင်း၌ ဆရာတော်၏ ရည်ရွယ်ချက်မှာ နွေရာသီစာဝါပိတ်ချိန် ပရိယတ္တိသမားများဖြစ်ကြသည့် စာချစာသင်အရှင်မြတ်တွေ တရား အားထုတ်လျှင် အနည်းဆုံးစိတ်ကောင်းတွေ တိုးလာမည်၊ ယခင်က ထက် သာသနာတော်ကို ကောင်းစေချင်သည့်စိတ်တွေ ထက်သန် လာမည်၊ တစ်ပါးကနေ တစ်ရာ၊ တစ်ထောင်အထိ တိုးပွားလာပြီး နောင်တစ်ချိန် "တရားအားထုတ်ရင်းစာသင်၊ စာသင်ရင်း တရားအား ထုတ်" သည့် စာသင်တိုက်တွေ ဖြစ်ပေါ်လာနိုင်သည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် ကြိုးစားနေခြင်းဖြစ်ကြောင်း မိန့်ပါသည်။

**ဝေယျာဝစ္စဆောင်ရွက်ကြသူများ**

ထိုသံဃာ(၃၇)ပါးအတွက် အရဏ်ဆွမ်း+နေ့ဆွမ်းကို ဒကာမကြီးဒေါ်သန်းနှင့် တပည့်မတစ်ယောက် ဆရာလေးနှစ်ပါးတို့က တာဝန်ယူချက်ပြုတ်ကပ်ကြပါသည်။ အောင်မင်္ဂလာဖခင်ကြီး ဦးအောင်ကြည်နှင့် ဒေါ်သန်းညွန့်တို့က ပြင်ဦးလွင်အိမ်၌နေ့ခိုနေကြ၏။ ဒေါ်တင်တင်လှက မိဘများကိုပြုစုရင်း ပြင်ဦးလွင်မြို့အိမ်၌ အိပ်၏။ နံနက်မှ ကျောင်းသို့လာပြီး သံဃဝေယျာဝစ္စကို ဆောင်ရွက်ပါသည်။ အောင်မင်္ဂလာ ညီမဒေါ်သိန်းသိန်းက အဖိတ်နေ့တိုင်း တပည့်များနှင့် မန္တလေးမှ ပြင်ဦးလွင်သို့တက်လာပြီး သံဃဝေယျာဝစ္စများကို ဆောင်ရွက်ကြပါသည်။ အရိယာမုန်ပြကျောင်းမှ ကိုရင်လေးများကလည်း ဝေယျာဝစ္စကူညီဆောင်ရွက်ပေးကြပါသည်။

တရားစခန်းပွဲစတင်သည်မှ သုံးကြိမ်မြောက်စခန်းပွဲအထိ လူသိနည်းသေး၍ တစ်လလုံး ဆွမ်းကုသိုလ်ရှင် မရှိခဲ့ပါ။ ကုသိုလ်ရှင်မရှိသော နေ့များအားလုံးကို အောင်မင်္ဂလာမိသားစုနှင့် သိန်းသန်းရတနာမိသားစုတို့ကပင် တာဝန်ယူဆက်ကပ်ခဲ့ကြရပါသည်။ စတုတ္ထအကြိမ်မှစ၍ကား တဖြည်းဖြည်းလူသိများလာခဲ့ကာ ဆွမ်းကပ်သူများပေါ်များလာခဲ့ပါသည်။ ၁၃၇၁-ခုနှစ်၊ ဆယ်ကြိမ်မြောက်စခန်းပွဲတွင် ဆွမ်းဒကာ ရက်အပြည့်ရှိသွားပြီဖြစ်ကြောင်း သိရပါသည်။ ဆွမ်းကုသိုလ်ရှင်များ ပြည့်စုံလာသလို ကျောင်းဆောက်လှူသူများလည်း ပေါ်လာပါသည်။

**အသင်းအဖွဲ့မရှိ**

ဤသံဃာတော်များ နွေရာသီအပန်းဖြေတရားစခန်းပွဲ၌ အသင်းအဖွဲ့ ဖွဲ့စည်းထားခြင်းမရှိပါ။ ငွေပင်ငွေရင်းလှူသည်ကိုလည်း

လက်မခံပါ။ အမာခံများက နှစ်စဉ်စွမ်းနိုင်သမျှ လှူဒါန်းကြသည်။ ထိုအလှူငွေထဲမှ လိုလျှင် ဖြည့်သည်။ ပိုလျှင် အကုန်သုံးပါသည်။ လက်ကျန်ငွေမထားပါ။

သံဃဝေယျာဝစ္စဆောင်ရွက်သူများကလည်း စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ကြသည်။ မိမိတို့အတွက် မည်သည့်ကိုယ်ကျိုးကိုမျှ မမျှော်ကိုးကြပါ။ ဆောင်ရွက်ရသည့် သံဃဝေယျာဝစ္စလုပ်ငန်းကြီး ပြီးမြောက်အောင်မြင်နေသည်တို့ကို မြင်ရပြီး ပီတိဖြာဝမ်းသာနေကြပါသည်။

## ကြိုတင်သိရှိထားကြရန်

တရားအားထုတ်လိုကြသော စာချစာသင်သံဃာတော်များ ကြိုတင်သိရှိထားကြရန်မှာ ဝါမထပ်လျှင်တန်ခူးလကွယ်နေ့ ပြင်ဦးလွင်သို့တက်ပါသည်။ ဝါထပ်လျှင် သင်္ကြန်နောက်ကျ၍ ကဆုန်လပြည့်နေ့ကျမှ တက်ပါသည်။ ခြုံထည်၊ ထီး၊ သင်္ကန်းတို့ သာယူဆောင်ခဲ့ရပါသည်။ စောင်နှင့် အခင်းများကို စီစဉ်ပေးထား၏။ ပြင်ဦးလွင်သို့တက်မည့်နေ့(၁၂)နာရီ၌ မိုးကောင်းတိုက်၊ ညောင်ရမ်းကျောင်းသို့အချိန်မီကြွရောက်ရပါသည်။ အဆင်သင့်စီစဉ်ထားသောကားများဖြင့် ပြင်ဦးလွင်သို့ တက်ကြပါသည်။

ပဌမ,ဒုတိယ,တတိယအကြိမ်တို့၌ မပြည့်စုံသေး၍ တစ်လ တရားထိုင်ရပါသည်။ စတုတ္ထအကြိမ်မှစ၍ကား တစ်လခွဲ(၄၅ရက်) ထိုင်ရပါသည်။ တရားစခန်းပြီးဆုံး၍အပြန်၌လည်း ကားများဖြင့် မိုးကောင်းတိုက်၊ ညောင်ရမ်းကျောင်းသို့ပင် အရောက်ပြန်ပို့ပေးပါသည်။

## စာရင်းလက်ခံချိန်

ဆရာတော်၏ နံနက်(၉)နာရီ စာချတန်းစာဝါ၊ ညနေ (၅)နာရီ ပဋ္ဌာန်းစာဝါကို နှစ်စဉ် တပို့တွဲလပြည့်ကျော်(၁၃)ရက်တွင် စာဝါပိတ်ပါသည်။ ထိုနေ့၌ စာချဘုန်းကြီး ဦးအာလောကထံ တရားအားထုတ်လိုပါက စားရင်းပေးရန် ပြောကြားလိုက်၏။

အခြားနေ့များ၌စာဝါချစဉ် တစ်ခါတရံစကားစပ်မိလျှင်လည်း တရားအားထုတ်၍ ရနိုင်သည့်အနှစ်သာရကို ပြောပြတတ်ပါသည်။ လက်မှတ်ထိုးသောအခါ လိုက်နေကျမဟုတ်သူများကိုစိစစ်၍ စည်းကမ်းဖတ်ခိုင်းပြီး လိုက်နာနိုင်မှ လက်ခံပါသည်။ ကိုယ်တိုင်စာရင်းပေးရပါသည်။ တစ်ပါးတည်းက နှစ်ပါး, သုံးပါးစသည် စာရင်းပေးခွင့်မပြုပါ။

နေရာထိုင်ခင်း၊ ဆွမ်းကွမ်း၊ တရားပြင်ပေးမှုတို့ကို ငဲ့၍ (၇၅)ပါးသာ လက်ခံရမည်ဟု ပြောထားသော်လည်း လိုက်လို၍ စာရင်းပေးသွင်းတွေ များသောကြောင့် အပါး(၉၀)တွင် စာရင်းပိတ်ပါသည်။ ကားထွက်မည့်နေ့ (၁၂)နာရီအချိန်၌ စာရင်းပေးပြီး တစ်စုံတစ်ရာကြောင့် မလိုက်နိုင်သူရှိပါက လိုက်ချင်၍ ရောက်လာသူများ လေးငါးပါးလောက်လည်း နှစ်စဉ်ရှိတတ်ပါသည်။

ကြော်ငြာမကပ်၊ သတင်းစာထဲ မထည့်သော်လည်း ပန်းသတင်းလေညှင်းဆောင်သလို ကောင်းသတင်း ရဟန်းချင်းဆောင်၍ မန္တလေးမြို့၊ ကျောင်းတိုက်ပေါင်းစုံမှ စာချစာသင်များ၊ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ချောင်းဦး၊ ဆားတောင်၊ ပေါက်မြို့၊ မြိုင်၊ ရန်ကုန်၊ မလှိုင်၊ ရမည်းသင်းတို့မှ ဆရာတော်များလည်း ကောင်းသတင်းကြားကြ၍ လာရောက်အားထုတ်ကြပါသည်။ တချို့ အဝေးမှ ဆရာတော်များတွင် နှစ်နှစ်မှ ငါးနှစ်အထိ ဆက်တိုက်လိုက်ပါသော ဆရာတော်များနှင့် စာချစာသင်များလည်း ရှိပါသည်။

တရားအားထုတ်ပြီး သံဃာအရေအတွက်

| | |
|---|---|
| ၁၃၆၂-ခုနှစ် | ၃၇-ပါး |
| ၁၃၆၃-ခုနှစ် | ၄၀-ပါး |
| ၁၃၆၄-ခုနှစ် | ၄၂-ပါး |
| ၁၃၆၅-ခုနှစ် | ၄၅-ပါး |
| ၁၃၆၆-ခုနှစ် | ၇၄-ပါး |
| ၁၃၆၇-ခုနှစ် | ၈၃-ပါး |
| ၁၃၆၈-ခုနှစ် | ၈၆-ပါး |
| ၁၃၆၉-ခုနှစ် | ၁၀၃-ပါး |
| ၁၃၇၀-ခုနှစ် | ၉၉-ပါး |
| ၁၃၇၁-ခုနှစ် | ၁၁၀-ပါး |

ပိဋကတ်စာပေတို့၌ မဟာသီဝထေရ်ဝတ္ထု၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ဝတ္ထုစသည်တို့တွင် စာချစာသင်သံဃာတော်များ စာသင်ရင်း တရားအားထုတ်ကြသည့် ဝတ္ထုများ များစွာပါရှိပါသည်။ သိန်းသန်းရတနာကျောင်းဆရာတော်သည်လည်း ရှေးမထေရ်မြတ်တို့ လမ်းစဉ်ကို လိုက်နာကျင့်သုံးသည့်အနေဖြင့် စာဝါပိတ်ချိန်တွင် ဝိပဿနာတရားကို ကိုယ်တိုင်လည်း အားထုတ်၊ တခြားသော စာချစာသင်တို့ကိုလည်း အားထုတ်စေခြင်းဖြစ်ပါသည်။ ဆရာတော်သည် "စာသင်ရင်း တရားအားထုတ်၊ တရားအားထုတ်ရင်း စာသင်" ဟူသောမူကို နှစ်သက်နေပါသည်။ ။

ဓမ္မရံသီမဂ္ဂဇင်း
(ဇူလိုင်လ၊ ၂၀၀၉)

## ကသာမြို့မှ ဓမ္မသံစဉ်များ

ကသာမြို့နှင့် ရင်းနှီးခဲ့သည်မှာ ကြာခဲ့ပါပြီ။ ၁၉၈၀ပြည့်လွန် နှစ်များအတွင်း ချမ်းသာကြီးတိုက်၌ စာသင်နေစဉ်ကတည်းက ဆိုပါတော့။ ထိုစဉ်က ကသာမြို့မှ ဒေါ်လှလှမြင့်(ခ)ဒေါ်တူးနှင့် အဖော် ဒကာမကြီးသုံးလေးဦးတို့ မကြာခဏဈေးဝယ်လာကြရင်း စာရေးသူတို့ကျောင်း လက်ထောက်စာချဆရာတော်တစ်ပါးထံ တည်းခိုလေ့ရှိကြသောကြောင့်ဖြစ်သည်။ ကသာမြို့သို့ကား တစ်ကြိမ်တစ်ခါမျှပင် မရောက်ဖူးသေးပေ။

၂၀၀၈-ခုနှစ်၊ မေလဆန်းပိုင်းက ယင်းမြို့မှဒေါ်အောင်မြသွယ် (စာရေးဆရာမဆောင်းဦးဥသြ-ကသာမြေ) က "မန္တလေးသာသနာ့ တက္ကသိုလ်မဂ္ဂဇင်း" အတွက် ရန်ပုံငွေလှူဒါန်းလိုပါကြောင်း ဖုန်းဆက် လျှောက်ထားလာပါသည်။ ပထမတော့ စာတိုက်မှ ပေးပို့လှူဒါန်းဖို့ ပြောပြလိုက်ပါသည်။ နောက်မှ "ဦးဇင်းကသာ မရောက်ဖူးသေးဘူး၊ ဦးဇင်းနဲ့ စာသင်ဘက်ဖြစ်တဲ့ အောင်ချမ်းသာကျောင်းဆရာတော် ဦးဝိစာရတို့၊ ဒေါ်လှလှမြင့်တို့နဲ့ မတွေ့ရတာလဲ နှစ်ပေါင်းအစိတ် ကျော်ခဲ့ပါပြီ၊ သူတို့နဲ့လဲ တွေ့ချင်ပါတယ်၊ ဒါကြောင့် ဦးဇင်းကိုယ်တိုင် ကြွခဲ့ပါမယ်"ဟု ပြောလိုက်ပြီးနောက် ကိုယ်တိုင်ကြွဖြစ်သွားလေသည်။

ပထမအခေါက် ကသာမြို့ရောက်စဉ်က ဒေါ်စန်းကြိုင်ဦးဆောင်သော သဒ္ဓါမိကဆွမ်းကပ်အဖွဲ့ကလိုက်ပို့ပေးသဖြင့် ကျေးဇူးရှင် မဃဒေဝလင်္ကာသစ်ကျမ်းပြု မန်လည်ဆရာတော်ဘုရားကြီး၏ မွေးရပ်ဇာတိမန်လည်ရွာနှင့် သီတင်းသုံးသွားရာ ကျောင်းတိုက်တို့သို့ ရောက်ဖြစ်ခဲ့သည်။ ထီးချိုင့်မြို့၊ တည်တောကျောင်းသို့ ကြွလိုသော်လည်း အကြောင်းမညီညွတ်သေးသဖြင့်မကြွဖြစ်ခဲ့ပေ။ "နောက်နှစ် ကသာရောက်ဖြစ်ရင်တော့ ထီးချိုင့်တည်တောကျောင်းကြွချင်ပါသေးတယ်" ဟု စကားစထားခဲ့သည်။ ထိုစကားလက်စရှိထားသဖြင့် ယခုနှစ် မေလဆန်းပိုင်းကပင် ကသာမြို့သို့ ဒုတိယအကြိမ်ရောက်ဖြစ်သွားပြန်လေသည်။ ထီးချိုင့် မြို့တည်တောကျောင်းသို့လည်း ရောက်ဖြစ်သွား၍ စာပေပညာရှင် တည်တောဆရာတော်ကြီးအကြောင်းကို လေ့လာမှတ်သားခွင့်ရခဲ့ပါသည်။

ကသာမြို့သို့ နှစ်ကြိမ်မျှ ရောက်ဖြစ်လာသောအခါ ယင်းမြို့နေလူများ၏ သဘောသဘာဝကလေးများကို လေ့လာမှတ်သားခွင့်ရလာပေသည်။ ကသာမြို့မှလူများသည် ခင်မင်တတ်ကြသည်။ ရင်းနှီးစွာဆက်ဆံတတ်ကြသည်။ စာရေးသူ ခေတ္တသီတင်းသုံးရာဌာနများသို့ အိမ်နီးချင်းများသာမက ဟိုရပ်ကွက် ဒီရပ်ကွက်မှ သတင်းကြားကြသောကြောင့်ထင်၏ လူတစ်ချို့ ရောက်ရောက်လာတတ်ကြပြီး စကားစမြည်ပြောတတ်ကြသည်။ ဟထိုးသံမပါဘဲ ပြောတတ်ကြသည်။ "လှဲ"ဆိုလျှင် "လဲ"၊ "လွှတ်"ဆိုလျှင် "လွတ်" "လှလိုက်တာ"ဆိုလျှင် "လလိုက်တာ" စသည်ပြောတတ်ကြသည်။ တတ်နိုင်သလောက် လှူဒါန်းတတ်ကြသည်။ ဘာသာရေးနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်တွေ့ခံစားချက်များကို ပြောပြတတ်ကြသည်၊ သိလိုသောအကြောင်းအရာများရှိပါကလည်း မေးမြန်းတတ်ကြပါသည်။

မေးခွန်း(၁)

စာရေးသူ ဒေါ်အောင်မြသွယ်တိုက်၌ နေ့ဆွမ်းဘုဉ်းပေးစဉ် ကဖြစ်သည်။ သူမမှာ စာရေးဆရာမတစ်ဦးဖြစ်သဖြင့် ထိုဆွမ်းကပ်ပွဲ၌ စာရေးဆရာတစ်ချို့ကို တွေ့ရပါသည်။ အေးလွင်(ကသာ)၊ ကမ်းနဖူးကစမ်းဦး၊ ကိုကိုခန့်ချော(ကသာမြေ)တို့ဖြစ်သည်။ လူရွယ်တစ်ဦးက "အခုခေတ်မှာ သံဃာငယ်တစ်ချို့ ကြည်ညိုဖွယ်မဖြစ်တဲ့ အပြုအမူတွေကို တွေ့မြင်နေရပါတယ်၊ အဲဒါတွေကို ဆရာတော်တွေ မြင်တွေ့ရရင် ဆုံးမရမယ့်ဝတ္တရားရှိတယ်မဟုတ်လားဘုရား၊ မဆုံးမခဲ့ရင် အပြစ်ဖြစ်ပါသလား"ဟု မေးလျှောက်ပါသည်။

"မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးတုန်းက အရှင်အာနန္ဒာအားမိန့်တော်မူခဲ့တဲ့ စကားတော်ရှိပါတယ်၊ "အာနန္ဒာ၊ ငါဘုရားသည် ဓမ္မကိုလည်းကောင်း၊ ဝိနယကိုလည်းကောင်း ဟောကြားပညတ်ခဲ့ပြီ၊ ထိုဓမ္မနဲ့ ဝိနယသည် ငါဘုရားမရှိတဲ့ နောက်မှာ သင်တို့ရဲ့ ဆရာဖြစ်လိမ့်မယ်"တဲ့။ မြတ်စွာဘုရားမရှိတဲ့နောက်မှာ မြတ်စွာဘုရားကိုယ်တော်စား ဆုံးမမယ့် ဓမ္မဝိနယတွေ ဒီကနေ့အထိ ထင်ရှားရှိပါသေးတယ်၊ ဒါပေမယ့် ဒကာလေးရ၊ ဒီအဆုံးအမ ဓမ္မဝိနယတွေကို လိုက်နာကျင့်သုံးဖို့ဆိုတာ သဒ္ဓါတရားရှိမှဖြစ်တာ၊ သဒ္ဓါတရားမရှိရင် လိုက်နာကျင့်သုံးကြမှာ မဟုတ်ဘူးဒကာလေးရ"

"နောက်တစ်ခါ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်းသံဃာတော်တွေ ပဝါရဏာပြုကြတယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား၊ ပဝါရဏာပြုတယ်ဆိုတာ ဖိတ်မန္တကပြုတာပါပဲ။ မြင်လို့ဖြစ်စေ၊ ကြားလို့ဖြစ်စေ၊ ယုံမှားသံသယဖြစ်လို့ဖြစ်စေ တပည့်တော်မှာ အပြစ်မြင်တွေ့ခဲ့ရင် ဆုံးမကြပါဘုရားဆိုပြီး ကိုယ့်ကိုယ်ကိုယ် သံဃာတော်တွေကို အပ်နှံလိုက်တာပဲ၊ ဒါပေမယ့် တကယ်တမ်းကျတော့ မြင်ကြ

ပေးမယ့်၊ ကြားကြဲပေးမယ့် မဆုံးမဝံ့ကြဘူး”

“လူတွေရဲ့ စိတ်ဆိုတာ ခေတ်ကာလအလိုက်၊ ပတ်ဝန်းကျင်အလိုက် ပြောင်းလဲသွားတတ်တယ်ဒကာလေးရဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာကျော်လောက်က ကြက်သွန်းခင်းဆရာတော်ဆိုတာ ရှိခဲ့ဖူးတယ်၊ ကျမ်းဂန်တတ် ဆရာတော်ကြီးဖြစ်တယ်၊ ပစ္စည်း လာဘ်လာဘမှာ မက်မောမှုလဲမရှိဘူး၊ သာသနာတော်မှာ အရှိန်အဝါ ဩဇာလဲ ကြီးမားတဲ့ဆရာတော်ကြီးဖြစ်တယ်၊ အမြင်မတော်တာ မြင်ရရင် ဘယ်ရဟန်းကိုမဆို ဆုံးမဝံ့တယ်၊ တစ်ခါတော့ ရဟန်းတစ်ပါးဟာ များစွာသော ဆွမ်းဟင်းလျာစားဖွယ်အစုံတပည့် ကျောင်းသားနှစ်ယောက် ဆိုင်းထမ်းနှစ်ထမ်းနဲ့ စစ်ကိုင်းမြို့ထဲက ထွက်လာတာ ကြက်သွန်ခင်းဆရာတော်ကြီးနဲ့ ပက်ပင်းတိုးပါရော၊ ဆရာတော်ကြီးက အမြင်မတော်တာ မြင်တွေ့ရရင် အကြွေးထားတတ်တာ မဟုတ်တော့ “ငါ့ရှင်၊ မယားမာ၏လော” ဆိုပြီး မေးလိုက်တယ်၊ သဘောက ရဟန်းပဲ၊ ကိုယ့်တစ်ပါးစာ မျှတရုံရရင် တော်ရောပေါ့၊ အခုကျ ဆိုင်းထမ်းနှစ်ထမ်းစာလောက် ရသမျှအကုန်အလှူခံလာတာ၊ သားမယားများ ကျွေးစရာရှိနေလို့လားပေါ့”

“နောက်တစ်ပါးက သာသနာပိုင် ရှင်သာပုံ၊ ဦးရီးဖြစ်၊ ဆရာလဲဖြစ်တဲ့ စရစ်ဆရာတော် လွန်တော်မူလျှင် မင်းကေရာဇ်က ရှင်သာပုံကို သာသနာပိုင်ခန့်အပ်လိုက်ပါတယ်၊ ရှင်သာပုံဟာ သက်တော်လေးဆယ်ကျော် အရွယ်ကောင်းတုန်းဖြစ်ပါလိမ့်မယ်၊ ခမ်းခမ်းနားနား၊ ဝင့်ဝင့်ကြွားကြွားနေတတ်တဲ့ ဝါသနာလဲ ရှိဟန်တူပါတယ်၊ ဆွမ်းခံကြွတာတောင် သက်တော်စောင့်သဘော သိုင်းပညာတတ်ယောကျ်ားတွေခြံရံပြီး ကြွသွားပါတယ်၊ အဲဒီအချိန်မှာ ကြက်သွန်ခင်းဆရာတော်ကြီးနဲ့ ပက်ပင်းတိုးပါလေရော၊ အမြင်မတော်ရင် အကြွေး

မထားတတ်တဲ့ ဆရာတော်ဖြစ်လေတော့ "သာပုံ၊ သည်နှင်တံနှင့်နှင့် ကို လူကြောက်ချို့လော၊ ကြောက်လောက်အောင် အမြောက်ဆောင်" ဆိုပြီး မိန့်တော်မူလိုက်ပါတယ်၊ သာသနာပိုင်ရှင်သာပုံလဲ အရှက်ရပြီး ဆရာတော်ကြီးကို ဝန်ချတောင်းပန်ကန်တော့လိုက်ပါတယ်"

"အဲဒီလို ရှေးက ဆရာတော်ကြီးများဟာ အမြင်မတော် တာတွေ့ရင် ကိုယ့်တပည့်မဟုတ်ပေမယ့် ဆုံးမဝံ့ကြတယ်၊ ဆုံးမခံရတဲ့ ရဟန်းတော်များကလဲ ကိုယ့်ဆရာက ဆုံးမတာမဟုတ်ပေမယ့် စေတနာ မေတ္တာနဲ့ အကျိုးလိုလားလို့ ဆုံးမတာဖြစ်ရင် ဆုံးမခံကြပါ တယ်၊ အခုခေတ်ကျ ကိုယ့်ဆရာက ဆုံးမတာတောင် မခံချင်ကြတာ ဘူး၊ အသက်အန္တရာယ်တောင် ပြုတတ်ကြတယ်၊ ဒါကြောင့် အမြင် မတော်တာတွေ မြင်နေရပေမယ့် မဆုံးမဝံ့ကြတော့ဘူး ဒကာလေးရ"

မေးခွန်း(၂)

ထိုဆွမ်းကပ်ပွဲ၌ တွေ့ရသော မနုနုကျော်ကလည်း ဗောဓိ ညောင်နှင့် ရိုးရိုးညောင်ကွဲပြားခြားနားပုံ၊ ဗောဓိညောင်အား သန့်ရှင်း ရေးပြုလုပ်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ညောင် ရေသွန်းခြင်းစသည် ဝေယျာဝစ္စပြုလုပ်ခြင်း၏ အကျိုးကျေးဇူး၊ ထိုသို့ပြုလုပ်လျှင် မည်ကဲ့သို့ နှလုံးသွင်းပြုလုပ် ရမည်နည်းဘုရား"ဟု စာရေးမေးလျှောက်ပါသည်။

ဗောဓိညောင်နှင့် ဗောဓိညောင်ပင်မှာ အရွက်ဝန်းဝိုင်းအညှာ အရိုးရှည်သည်။ ကျောဘက်တွင် အစိမ်းရင့် ရောင်ပြောင်ပြောင်လက် လက်ရှိသည်။ ဝမ်းဘက်တွင် အကြောများထွက်၍နေကာ အရွက်ဖျား တွင် အမြီးပမာ ရွက်စွန်းရှည်စွာ ထွက်နေသည်။ အရိပ်ကောင်း၍ အကိုင်းအခက်များ အထက်ကိုထောင်သည်ထက် ဘေးသို့ ဖြာထွက်

၍ အဝေးကမြင်ရလျှင် အပင်ဝိုင်းကြီးသဖွယ် တွေ့ရသည်။ အခြား ညောင်ပင်မျိုးထက်ပင် ဗောဓိညောင်ပင်က ပို၍ပင် အရိပ်ကောင်း တတ်ပါသည်။ အခြားညောင်ပင်များ၌ မုတ်ဆိတ်သဖွယ် အမြစ်များ တွဲလျားကျနေတတ်သော်လည်း ဗောဓိညောင်ပင်မှာ မုတ်ဆိတ်မြစ် ကင်း၍ ရှင်းလင်းသာယာမှုရှိပါသည်။

(ဘဒ္ဒန္တတိလောကသာရ၊ မြတ်မင်္ဂလာဘာသာရေး ပြဿနာများ၊ အတွဲ ၁)

မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော ဗောဓိပင်၊ သပိတ်တော်၊ သင်္ကန်းတော်များသည် ပရိဘောဂစေတီမည်၏။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် သက်တော် ထင်ရှားမြတ်စွာဘုရားကို ရည်မှတ်၍ ကိုယ်တော်စားဖြစ်သော စေတီ တော်၊ ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားဆင်းတုတော်တို့ကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးစသော ပစ္စည်းဝတ္ထုတို့ဖြင့် သဒ္ဒါရွှင်လန်း လှူဒါန်းခြင်း၊ အရိုအသေ အလေးအမြတ်ကိုးကွယ်ခြင်း စသည်တို့ကို ပြုသောသူတို့သည် သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရား အား လှူဒါန်းကိုးကွယ်ရသည်မည်၏။ အရိုအသေ အလေးအမြတ် ပြုသည်မည်၏။

ထို့ကြောင့် ဗောဓိညောင်အား ရေသွန်းခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းစသည်ပြုလျှင် သက်တော်ထင်ရှားဘုရားရှင်ကို အာရုံပြု လျက်ပြုလုပ်ဖို့ အကြံပြုပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ဗောဓိပင်ကို အစဉ်ရေသွန်းလောင်းကာ စေတိယင်္ဂဏဝတ်အမြဲပြု ကြောင်း သိရပါသည်။ ဝိပဿီမြတ်စွာဘုရား၏ ဗောဓိပင်ရင်း၌ သဲဟောင်းကိုစွန့်၍ အသစ်ဖြစ်သော သဲကိုကြခဲ့ဖူးသောကောင်းမှု ကြောင့် ကိုးဆယ့် တစ်ကမ္ဘာပတ်လုံး ဒုဂ္ဂတိဘဝသို့ မလားမကပ်မူ၍

ငါးဆယ့်တစ်ကမ္ဘာထက်၌ မဟာပုဉ္ဉနစကြာမင်းဖြစ်၍ ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင်ရဟန္တာဖြစ်တော်မူသည်။

(စေတိယပကာသနီကျမ်း)

မေးခွန်း(၃)

စာရေးသူ ဒေါ်တူးတိုက်၌ ခေတ္တသီတင်းသုံးနေစဉ် ညနေ ပိုင်းတွင် မစန်းစန်းမြင့်ဆိုသူ ဖျော်ရည်ကပ်ရောက်လာပြီး စကား စမြည်ပြောပါသည်။

"တပည့်တော်မရဲ့ ဘာသာရေးနဲ့ ပတ်သက်တဲ့ ဆရာက တော့ ဓမ္မရံသီမဂ္ဂဇင်းနဲ့ မိုးကုတ်ဆရာတော် (ဒယ်အိုးဆရာတော်) ဦးသုမင်္ဂလပါပဲဘုရား။ ဓမ္မရံသီမဂ္ဂဇင်းဖတ်ရလို့ ကိုးကွယ် ယုံကြည်မှု ဆိုင်ရာတွေ သိလာရပါတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားတွေ နာရလို့လဲ ဘာသာရေးအခြေခံသဘောတရားတွေ နားလည် လာခဲ့ ရပါတယ်ဘုရား"

"တစ်ခု တပည့်တော်မ မေးလျှောက်ချင်တာကတော့ တချို့ ဘုရားဆုပန်ကြတယ်လို့ ပြောကြပါတယ်၊ ဘုရားဆုက လူတိုင်းပန်လို့ ရပါသလားဘုရား""

"ဘုရားဆုပန်တဲ့လူတွေက ဘာလုပ်နေကြသလဲ"

"ဘာမှ မလုပ်ကြပါဘူးဘုရား"

"ဘုရားဆုပန်တယ်ဆိုတာ လွယ်မှတ်နေသလား၊ အင်္ဂါ ရှစ်ပါးနဲ့ ပြည့်စုံမှ ဘုရားဆုပန်လို့ ရတယ်"

၁။ လူသားစစ်စစ်ဖြစ်ရခြင်း၊

၂။ ယောက်ျားစစ်စစ်ဖြစ်ရခြင်း၊

၃။ တိဟိတ်ပဋိသန္ဓေတည်နေခဲ့ခြင်း၊

၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊
၅။ ကမ္မဝါဒီရသေ့ရဟန်းဖြစ်ခြင်း၊
၆။ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့နှင့် ပြည့်စုံရခြင်း၊
၇။ အသက်ကိုပင်စွန့်ကာ ဘုရားရှင်အား ပူဇော်သက္ကာရ ပြုခြင်း၊
၈။ ဘုရားဖြစ်လိုသော ဆန္ဒကြီးမားခြင်း။

အဲဒီအင်္ဂါရှစ်ပါးနဲ့ပြည့်စုံမှ ဘုရားဆုဆိုတာ ပန်ဆင်လို့ရပါတယ်၊ အဲဒီထဲက နောက်ဆုံးအင်္ဂါဖြစ်တဲ့ ဆန္ဒပြင်းပြထက်သန်ရမယ်ဆိုတာနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ ဆန္ဒက ပြင်းပြထက်သန်ဖို့လိုသလဲဆိုရင် စကြာဝဠာတစ်ခုလုံး ပြည့်နေတဲ့ ရေပြင်ကြီးကို လက်ပစ်ကူးပြီး သွားနိုင်သူမှ၊ တစ်နည်းအားဖြင့် စကြာဝဠာတစ်ခုလုံး ပြည့်နေတဲ့ မီးကျီးတွေကို ခြေနဲ့နင်းပြီး သွားနိုင်သူမှ နိယတဗျာဒိတ်ရမည် (ဘုရားဆုပန်နိုင်မည်)ဆိုလျှင် အဲဒီ ရေပြင်ကြီးကို ကူးသွားဝံ့သူ၊ အဲဒီမီးကျီးတွေကို နင်းသွားရဲသူဖြစ်ရမယ်တဲ့၊ ဘယ့်နှယ်လဲ လွယ်ပါ့မလား"

"မလွယ်ပါဘုရား"

"အင်း...ပိုက်ဆံမပေးရတိုင်း ပန်ချင်တိုင်းပန်နေကြတာပါပဲ"

## ဘာသာတရား၏ သွန်သင်မှုအောက်ဝယ်

စာရေးသူ ပထမအခေါက် ကသာမြို့ရောက်စဉ်က ဒေါ်စန်းကြိုင်၏ အားကာတိုက်ခန်း၌ ဆွမ်းကပ်ရာ ထိုဆွမ်းကပ်ပွဲသို့ လာကြသော ပရိသတ်များထဲတွင် ဒေါ်နီလာအေးဆိုသော ဆရာမတစ်ယောက်နှင့်လည်း ဒေါ်စန်းကြိုင်က မိတ်ဆက်ပေးသဖြင့် သိခွင့်ရခဲ့ပေသည်။

"ဆရာတော်၊ သူကတော့ ဒေါ်နီလာအေးပါ၊ ကျောင်းဆရာမပါ၊ သားသုံးယောက်မိခင်ပါ၊ ခင်ပွန်းသည်ကတော့ မရှိတော့ပါဘုရား၊ သားတွေက လိမ္မာကြပါတယ်"

"သားယောကျာ်းလေးတွေဆိုတာ ဖအေမရှိတော့ရင် မအေကျ မကြောက်ကြတော့ဘူး၊ ဆိုးသွမ်းကြတယ်၊ မိုက်ကြတယ်၊ မအေဖြစ်သူတွေ တော်တော်စိတ်ဆင်းရဲကြရပါတယ်၊ သားတွေက လိမ္မာကြတာဆိုတော့ ဒကာမကြီး အတော်ကံကောင်းတာပါပဲ"

"မှန်ပါဘုရား၊ သားတွေ လိမ္မာအောင်လဲ ဘာသာရေးနဲ့ဆုံးမနေရတာပါပဲ၊ ဘာသာရေးစာပေတွေ အဖတ်ခိုင်းရပါတယ်၊ တရားပွဲတွေ အနာခိုင်းရပါတယ်၊ ဒီလိုပဲ စည်းရုံးသိမ်းသွင်းနေရပါတယ်ဘုရား"

"ဦးဇင်းတို့ရွာမှာလဲ ဒေါ်သိန်းဟံဆိုတဲ့ ဒကာမကြီးလဲ သားသုံးယောက်မိခင်မုဆိုးမပါပဲ၊ သားတွေက အကုန်လိမ္မာကြပါတယ်၊ အကြီးနှစ်ယောက်က သင်္ကန်းဝတ်နေကြတာ၊ အငယ်ကတော့ အိမ်ထောင်သည်ပါပဲ၊ ဒါပေမယ့် လိမ္မာပါတယ်၊ သားအကြီးဆုံးက ဓမ္မာစရိယသုံးဘွဲ့ရ(သ-စ-အ) ရဟန်းတော်ပါပဲ၊ အခုတော့ ပဋ္ဌာန်ပတ္တိကိုပဲ ဇောက်ချအားထုတ်နေတယ်၊ သားတွေလိမ္မာတော့ မိခင်ဖြစ်သူစိတ်ချမ်းသာရတာပေါ့၊ အဲဒီလို သားလိမ္မာတွေမြင်ရရင် ဦးဇင်းတို့အပြင်ဘက်ကသူတွေတောင် စိတ်ချမ်းသာမှုဖြစ်ရပါတယ်၊ ဒကာမကြီး ကံကောင်းတာပါပဲ"

တစ်ညနေတွင် ဒေါ်နီလာအေး ကျွန်ုပ် ခေတ္တသီတင်းသုံးရာ ဒေါ်တူးတိုက်သို့ ရောက်လာပါသည်။ နောက်မှ ဒကာမကြီးတစ်ဦးလည်း ပါလာသည်။ သူမနှင့် မိတ်ဆက်ပေးပါသည်။

"အရှင်ဘုရား၊ ဒါကတော့ တပည့်တော်မရဲ့ အစ်မပါ၊ ဒေါ်စုစုအေးတဲ့၊ အရင်က သူလဲ ကျောင်းဆရာမပါပဲ၊ ထီးချိုင့်မြို့နယ်၊ ကမ်းနီရွာမှာနေခဲ့ပါတယ်၊ အခုတော့ ကျောင်းဆရာမဘဝကနေ ပင်စင်ယူပြီး ငါးအိုးရွာပြောင်းနေပြီး ကားပစ္စည်းဆိုင်ဖွင့်ထားပါတယ်ဘုရား"

"အခုလို တွေ့ရတာ ဝမ်းသာပါတယ်"

"တပည့်တော်မက ဓမ္မကထိကဆရာတော်တွေရဲ့ တရားတွေကို နာယူပါတယ်၊ သာသနာတော်ကို ကြည်ညိုလာတတ်ပါတယ်၊ အရင်ကဆိုရင် ကိုရင်ငယ်လေးတွေ ဆော့ကစားတာမြင်ရရင် အကြည်ညိုပျက်ခဲ့တယ်၊ အခုတော့ ခွင့်လွှတ်တတ်လာပါတယ်၊ နောက်ပြီး ဆရာတော်တွေရဲ့တရားကို နာယူရလို့ လှူတတ်လာပါတယ်၊ အရင်ကဆိုရင် ပေးလှူခဲ့တာတွေဟာ မှန်တာလျှောက်ရရင် ကိုယ်ချမ်းသာချင်လို့ လှူခဲ့တာပဲဘုရား၊ အခုတော့ အဲဒီလို မဟုတ်တော့ဘူး၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အထောက်အပံ့ဖြစ်ပါစေဆိုတဲ့ စိတ်မျိုးနဲ့လှူခဲ့ပါတယ်၊ ကားပေါ်၊ ရထားပေါ်မှာ သံဃာတော်တွေနဲ့ တွေ့တဲ့အခါမှာလဲ ကိုယ်တတ်နိုင်သလောက် လှူပါတယ်၊ အရင်တစ်နေ့တုန်းကတောင် အရှင်ဘုရားတို့ တက္ကသိုလ်က သံဃာတစ်ပါး မန္တလေးပြန်ကြွတာ ကားပေါ်မှာတွေ့လို့ ကားလက်မှတ်ခလှူဖြစ်ခဲ့ပါသေးတယ်"

စသည်ဖြင့် ကိုယ်တွေ့ဘာသာရေးအသိအမြင်ယုံကြည်ချက်များကို လျှောက်ပါသည်။ ညီမဖြစ်သူဒေါ်နီလာအေးက "တပည့်တော်မ အစ်မက ဆရာမပီပီ အပြောကောင်းတယ်ဘုရား" ဟု ချီးမွမ်းစကား လျှောက်ထားပါသည်။

တစ်ညနေတွင် အသက်လေးဆယ်ဝန်းကျင်ရှိ ဒကာမ တစ်ယောက် ရောက်လာပြန်သည်။

"အရှင်ဘုရား၊ တပည့်တော်မကို မှတ်မိပါသလား"

"မနှစ်က သိခဲ့ရတဲ့ နာမည်တွေကိုတော့ အကုန်မှတ်မိနေပါတယ်၊ ဒါပေမယ့် လူနဲ့ နာမည်တော့ တချို့မတွဲမိတတ်ဘူး"

"တပည့်တော်မ မနုလှိုင်ပါဘုရား"

"ဒေါ်မြလေးသမီးပေါ့"

"မှန်ပါ"

မနုလှိုင်မှာ ယခင်က အလှူငွေများကောက်ခံ၍ ဆွမ်းကပ်အဖွဲ့တစ်ဖွဲ့ဖွဲ့ကာ တောင်မြို့မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ ဆွမ်းသွားကပ်ခဲ့ဖူးသည်။ လေးကြိမ်မျှ ကပ်ခဲ့ဖူးသည်။ ယခုသော် အကြောင်းမညီညွတ်သဖြင့် မကပ်ဖြစ်တော့ပေ။ ယမန်နှစ်ကြွလာစဉ်က လျှောက်ပြ၍သိခဲ့ရခြင်းဖြစ်သည်။

"အခုတော့ ဘာလုပ်နေသလဲ"

"တပည့်တော်မတို့ မြို့က ကျောင်းတိုက်တစ်တိုက်က စာသင်တိုက်တည်ထောင်မလို့ကြားသိရပါတယ်၊ အဲဒါ အလှူငွေကောက်ခံပြီး ပိဋကတ်သုံးပုံလှူရရင် ကောင်းမလားဆိုပြီး စဉ်းစားနေပါတယ်ဘုရား"

"ပိဋကတ်သုံးပုံလှူရင် တကယ်စာချစာသင်နေတဲ့ ကျောင်းတိုက်တွေမှာ လှူမှ အကျိုးများပါတယ်၊ ဘာစာမှမချတဲ့ ကျောင်းမှာလှူရင် စာအုပ်တွေ ဗီရိုထဲမှာ ပိုးထိုးပျက်စီးကုန်လို့ အကျိုးမများပါဘူး၊ စာချတဲ့ ကျောင်းမှာ လှူရင်တောင် တကယ်အသုံးကျတဲ့ စာအုပ်မျိုးကို ရွေးချယ်လှူဒါန်းသင့်ပါတယ်"

"မှန်ပါဘုရား၊ အခုလို လှူတတ်အောင် မိန့်ကြားပေးတာ ဝမ်းသာလှပါတယ်ဘုရား၊ တပည့်တော်မတို့ကလဲ လှူဖို့ စိတ်ကူးထားရုံပဲ ရှိပါသေးတယ်၊ အလှူငွေကောက်ခံတာမရှိသေးပါဘုရား"

ဤသို့ တစ်ချို့တစ်ချို့သော ပုဂ္ဂိုလ်များက ဘာသာရေးနှင့် ပတ်သက်ရာများ လာရောက်လျှောက်ထားရင်း စကားစမြည်ပြော တတ်ကြပါသည်။

အိမ်ရှင်ဒေါ်တူးနှင့် တူမ မခိုင်ငြိမ်းကျော်တို့မှာ စာရေးသူအား ဆွမ်းကပ်ဖို့လည်း ပြင်ဆင်ကြရသည်။ ညသည်တွေ လာပြန်တော့လည်း ကော်ဖီ၊ မုန့်ဖျော်ရည်တို့ဖြင့် ဧည့်ဝတ်ပြုကြရပြန်သည်။ ဦးကြည်ဝင်း+ဒေါ်စိန်ရင်၊ မမြိုင်၊ ဦးတင်မြင့်+ဒေါ်ဖြူဖြူစောဒေါ်စန်းကြိုင်၏ အဖွဲ့ဝင်များဖြစ်ကြသည်။ ကိုဝဏ္ဏ+မမင်းမင်းတို့မောင်နှံမှာလည်း ဓမ္မကထိကအတော်တော်များ၏ တရားတော်များကို နာယူရသဖြင့်ဘာသာရေး ဗဟုသုတအတော်ပြည့်ဝနေကြသူများဖြစ်ကြသည်။ ၄င်းတို့မှာ အားလပ်လျှင် ရောက်လာတတ်ကြ၍ စကားစမြည်ပြောတတ်ကြသည်။ ဦးရွှေဘ+ဒေါ်ချိုချိုအေးတို့မှာ အိမ်နီးချင်းများဖြစ်ကြသဖြင့် ညတိုင်း မိသားစုလိုက်လာကြ၍ စကားပြောကာ ဧည့်ဝတ်ပြုကြပါသည်။ ဒေါ်ချိုချိုအေး၊ မအိမ၊ မအေးအေးတို့မှာ ဒေါ်တူး ဆွမ်းချက်ရာသို့ လာရောက်ကူညီချက်ပေးကြပါသည်။ မိသားစုစိတ်ဓာတ်ရှိပုံ၊ ကူညီရိုင်းပင်းတတ်ကြပုံတို့ကို မြင်တွေ့ရသဖြင့် ကြည်နူးစိတ်ဖြစ်ရပါသည်။

ကသာမြို့သို့ ရောက်သွား၍ ဘာသာရေးနှင့် ပတ်သက်သော ဓမ္မသံစဉ်များကို ကြားသိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။ ။

❑

## ကြီးပွားခြင်း၏ လက္ခဏာ

မြတ်စွာဘုရားရှင်သည် ဝေနေယျသတ္တဝါတို့အား လေးဆယ့်ငါးဝါတို့ကာလပတ်လုံး တရားဒေသနာတော်များ ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော တရားတော်များကို နာကြားကြရသဖြင့် ဝေနေယျသတ္တဝါအနန္တတို့ အမြိုက်အရသာများခံစားကြရကာ ကျွတ်တန်းဝင်ခဲ့ကြပါသည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော တရားတော်များမှာ...

၁။ အစ၏ ကောင်းခြင်းဂုဏ်(အာဒိကလျာဏ)၊

၂။ အလယ်၏ ကောင်းခြင်းဂုဏ်(မဇ္ဈေကလျာဏ)၊

၃။ အဆုံး၏ကောင်းခြင်းဂုဏ်(ပရိယောသာနကလျာဏ)၊

၄။ အနက်နှင့်ပြည့်စုံခြင်းဂုဏ်(သာတ္ထ)၊

၅။ သဒ္ဒါနှင့် ပြည့်စုံခြင်းဂုဏ်(သဗျဉ္ဇန)၊

၆။ အလုံးစုံပြည့်စုံခြင်းဂုဏ်(ကေဝလ ပရိပုဏ္ဏ)၊

၇။ ထက်ဝန်းကျင်စင်ကြယ်ခြင်းဂုဏ် (ပရိသုဒ္ဓ)အင်္ဂါများနှင့် ပြည့်စုံတော်မူပါပေသည်။

မြတ်စွာဘုရားရှင်သည် တရားဟောသာသနာပြုတော်မူရာ၌ အောင်မြင်တော်မူရခြင်းမှာ ဟောတော်မူအပ်သော တရားတော်က

ဖေါ်ပြခဲ့ပါဂုဏ်အင်္ဂါများနှင့် ပြည့်စုံရှိသာမက မြတ်စွာဘုရား၏ အသံတော်ကလည်း အထောက်အကူများစွာပြုသောကြောင့်ဟု ထင်ပါသည်။ အသံသာမကောင်းပါက တရားတော်က ဘယ်လောက်ကောင်းသည်ဖြစ်စေကာမူ ပရိသတ်ကို ဆွဲဆောင်ထားနိုင်မည် မထင်ပေ။ မြတ်စွာဘုရားရှင်၏အသံတော်သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူပါသည်။

၁။ ဝိဿဋ္ဌ=သန့်ရှင်းစင်ကြယ်ခြင်း၊ (အသံ၏အပြစ်ဖြစ်သောသလိပ်, သည်းခြေတို့ မမြှေးယှက်ခြင်း)

၂။ ဝိညေယျ=သိလွယ်ခြင်း(အနက်အဓိပ္ပါယ်ကို သိစေနိုင်ခြင်း)

၃။ မဉ္ဇု=သာယာခြင်း(သာယာနာပျော်ဖွယ်ကောင်းခြင်း၊ နူးညံ့ခြင်း)

၄။ သဝနီယ=နာချင်ဖွယ်ရှိခြင်း၊

၅။ ဗိန္ဒု=တစ်လုံးတစ်စည်းတည်းရှိခြင်း၊ (တစ်ခဲနက်ရှိခြင်း)

၆။ အဝိသာရီ=ပရိသတ်အပြင်သို့ ပြန့်မထွက်ခြင်း၊

၇။ ဂမ္ဘီရ=နက်နဲခြင်း (နက်သောအရပ်မှ ထွက်လာခြင်း၊ ချက်အရပ်မှ စထွက်ခြင်း၊လျှာ,သွား, နှုတ်ခမ်း, အာစောက်မျှတို့၏ ထိခတ်ခြင်းကြောင့် ထွက်ပေါ်လာသော အသံမဟုတ်)

၈။ နိန္နာဒီ=ပဲ့တင်ထပ်ခြင်း(ကြီးစွာသော မိုးခြိမ်းသံ, မုရိုးစည်သံကဲ့သို့ ပဲ့တင်ထပ်ခြင်းရှိသည်။ (ဒီ၊၄။၂။၂၃၃)

ကရဝိက်ငှက်သံပမာ

မြတ်စွာဘုရားရှင်၏ အသံတော်သာယာပုံကို ကျမ်းဂန်တို့၌

ကရဝိက်ငှက်၏အသံနှင့် ဥပမာပြုဖွင့်ပြလေ့ရှိကြပါသည်။ ကရဝိက်ငှက်တစ်ကောင်သည် ချိုမြိန်သောအရသာရှိသော အရက်သီးမှည့်ကို နှုတ်သီးဖြင့် ထိုးဖောက်၍ ထွက်လာသောအရည်ကို သောက်ကာ အတောင်ဖြန့်တွန်ကျူးလိုက်သည်ရှိသော် ခြေလေးချောင်းရှိသော သတ္တဝါတို့သည် ယစ်မူးကုန်သကဲ့သို့ဖြစ်ကာ ကခြင်းငှာအားထုတ်ကြကုန်၏။ စားကျက်၌ ကျက်စားနေကြသော အခြေလေးချောင်းရှိသော သတ္တဝါတို့သည်လည်း ခံတွင်းရှိအစာတို့ကိုစွန့်၍ ထိုကရဝိက်ငှက်တွန်ကျူးသံကို နားစိုက်ထောင်ကြကုန်၏။ သားရဲသတ္တဝါတို့သည်လည်း သားကောင်ငယ်တို့ကို ထပ်ကြပ်မကွာလိုက်နေစဉ် မြှောက်ချီထားအပ်သော ခြေတို့ကို မချဘဲသာလျှင် ရပ်တည်နေကြကုန်၏။ သားရဲတို့ အလိုက်ခံနေကြရသော သားကောင်ငယ်တို့သည်လည်း သေဘေးကို မေ့သွားကြ၍ ရပ်တည်နေကြကုန်၏။ ကောင်းကင်ဝယ် ပျံသန်းနေကြသော ငှက်တို့သည်လည်း အတောင်တို့ကို ဖြန့်လျက် ထိုအသံကို နားထောင်လျက်သာ ရပ်တည်နေကြကုန်၏။ ရေ၌ကျက်စားနေကြသော ငါးတို့သည်လည်း နားချပ်ကိုခါ၍ ထိုအသံကိုသာ နားထောင်လျက်သာ ရပ်တည်နေကြကုန်၏။

## ကရဝိက်ငှက်သံကို ကြားနာရ၍

အသောကမင်းကြီး၏ မိဖုရားကြီးအသန္ဓိမိတ္တာက ဘုရားရှင်၏အသံတော်နှင့်တူသော အသံရှိပါသလားဟု သံဃာတော်များအား မေးလျှောက်ရာ ကရဝိက်ငှက်၏ အသံနှင့်တူကြောင်း မိန့်တော်မူကြ၏။ ကရဝိက်ငှက် ဟိမဝန္တာတော၌ ရှိကြောင်းလည်း မိန့်တော်မူကြ၏။ ထိုအခါ မင်းကြီး၏အမိန့်ဖြင့် ငှက်လှောင်ချိုင့်တစ်ခုကို ဟိမဝန္တာတောသို့ စေလွှတ်လိုက်သည်။ ငှက်လှောင်ချိုင့်သည် ကရဝိက်ငှက်

တစ်ကောင် ရှေ့သို့ ကျရောက်တည်ရှိလေသည်။ ထိုအခါ ကရဝိက်ငှက်သည် "ဤလှောင်ချိုင့်သည် မင်းအမိန့်ဖြင့်လာခြင်းဖြစ်သည်၊ မလိုက်ပါဘဲ နေခြင်းငှာမတတ်ကောင်းချေ" ဟု ဆင်ခြင်ကာ ထိုလှောင်ချိုင့်၌ထိုင်လျက် လိုက်ပါလာခဲ့ရလေသည်။ မင်းကြီးရှေ့ရောက်သော်လည်း မတွန်ကျူးဘဲနေနေသည်။ တွန်ကျူးအောင်လုပ်သော်လည်း လုပ်မရဘဲရှိနေသည်။ ပညာရှိအမတ်ကြီးများအားမေးမြန်းရာ သူ့ဆွေမျိုးများကို မတွေ့မမြင်ရသောကြောင့်ဟု သံတော်ဦးတင်ကြရာ ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်ကို ထိုကရဝိက်ငှက်၏ရှေ့၌ထောင်ပြလိုက်သောအခါကျမှ သူ့အရိပ်ကိုပင် သူ့ဆွေမျိုးတွေ လာသည်ထင်၍ ရွှင်မြူးကာတွန်ကျူးလေတော့သည်။ ကရဝိက်ငှက်သံကိုကြားရသောအခါ မိဖုရားကြီးသည် "တိရစ္ဆာန်ဖြစ်သောဤငှက်၏အသံသည်ပင် ဤမျှလောက် ချိုမြိန်လှသေး၏တကား၊ သဗ္ဗညုဘုရားရှင်၏ အသံတော်မူကား ဘယ်မျှလောက် ချိုမြိန်လိုက်လေမလဲ" ဟု ဆင်ခြင်မိကာ နှစ်သိမ့်မှုပီတိတွေ တဖြန်းဖြန်းဖြစ်ပေါ်လာသည်။ ထိုပီတိကိုပင် ဝိပဿနာရှုပွားရာ ခုနစ်ရာသောအခြွေအရံများနှင့်အတူ သောတာပန် ဖြစ်သွားလေသည်။

(ဒီ၊ ဌ။ ၂။ ၄၄)

## အသံကောင်းမှု, မကောင်းမှုမှာ

အသံ၏ ဖြစ်ရာဌာနများ၌ ကမ္မဇရုပ်များရှိ၏။ ကမ္မဇပထဝီဓာတ်ကို ကောင်းစွာစီမံထားလျှင် ရွတ်ဆိုလိုသောစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် စိတ္တဇပထဝီဓာတ်နှင့် ကမ္မဇပထဝီဓာတ်များ ထိခတ်ပွတ်တိုက်ကြ၏။ ထိုအခါ အသံကောင်းများဖြစ်ပေါ်လာ၏။ညံ့ဖျင်းသောကံက မကောင်းသောပထဝီဓာတ်ကို စီမံထား၍ ထိုပထဝီဓာတ်

များနှင့် ထိခတ်ပွတ်တိုက်ရလျှင် မကောင်းသောအသံပင် ထွက်လာ၏။ ဤသို့လျှင် အသံကောင်းမှု မကောင်းမှုသည် ကမ္မဇပထဝီဓာတ်နှင့်ဆိုင်၏။ ထိုကမ္မဇကောင်းမှု မကောင်းမှုသည် အရင်းခံကံတရားနှင့်ဆိုင်လေသည်။ (သဂြိုဟ်ဘာသာဋီကာ၊ ရုပ်ပိုင်းအဖွင့်)

## အသံကောင်းစေတတ်သော ကံ

မြတ်စွာဘုရားရှင်၏ အသံတော်ကောင်းရခြင်းမှာ ဗုဒ္ဓမြတ်စွာသည် ဘဝများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့ဝယ် သူတစ်ပါးတို့၏စိတ်ကို ထိခိုက်အောင် ဆဲဆိုငေါက်ငမ်းကြမ်းတမ်းသော ဖရုသဝါစာမှ ရှောင်တော်မူ၍ ကြားရသူတို့ ချမ်းသာဖွယ်ရာနူးညံ့သော စကားကိုသာပြောဆိုတော်မူခဲ့၏။ ဤသို့ ဖရုသဝါစာမှ ရှောင်ကြဉ်တော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ၏ ရှေးရှေးအကြောင်းကောင်းမှုတော်တစ်ပါးပေတည်း။

ထိုသို့ ဖရုသဝါစာမှရှောင်၍ နူးညံ့သောစကားကိုသာ ပြောဆိုခဲ့သောကြောင့် ဘုရားဖြစ်မည့်ဘဝ၌ လျှာတော်၏ နုနုညံ့ညံ့ ပြန့်ပြန့်ကျယ်ကျယ် ရှိတော်မူခြင်းဟူသော "ပဟူတဇိဝှတာလက္ခဏာတော်" နှင့် နူးညံ့သောစကားကိုသံကို ပြောဆိုခဲ့ခြင်းကြောင့် သာယာသော အသံတော်ရှိခြင်းဟူသော "ဗြဟ္မဿရတာလက္ခဏာတော်" နှစ်ပါးကို ရတော်မူသည်။ (သာယာနာပျော်သောအသံကို ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံဟု ပြောစမှတ်ပြုကြသည်။)

## သာယာသောအသံရှိခြင်း၌ တေဒဂ်ရသူ

မြတ်စွာဘုရားလက်ထက်တော်က ဘဒ္ဒိယအမည်ရှိ ရဟန်းတော်တစ်ပါးရှိခဲ့ဖူးသည်။ ၄င်းသည် အလွန် အရပ်ပုသောကြောင့်

ရှေ့မှ ဝိသေသနတစ်ပုဒ်တိုးကာ "လကုဏ္ဍကဘဒ္ဒိယ" (အရပ်ပု သောဘဒ္ဒိယ) ဟုအမည်တွင်လေသည်။

အရှင်သည် အရပ်အလွန်ပုသူဖြစ်သော်လည်း အသံတော် ကမူ အလွန်သာယာတော်မူသည်။ အခြားရဟန်းတော်များထက် သာလွန်တော်မူသည်။ ထို့ကြောင့် သာယာသောအသံရှိသူတို့တွင် အသာလွန်ဆုံး ဧတဒဂ်ဘွဲ့ရရှိတော်မူလေသည်။

အရှင်မြတ် ထိုဧတဒဂ်ဘွဲ့ရရခြင်းမှာ ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်က သာယာသောအသံရှိသော ရဟန်းတစ်ပါးကို သာယာသောအသံရှိသူတို့တွင် အသာလွန်ဆုံးဧတဒဂ်ဘွဲ့ ချီးမြှင့် သည်ကိုမြင်၍ အားကျကာ ကုသိုလ်ကောင်းမှုများပြုလုပ်ပြီးနောက် ထိုဧတဒဂ်ဘွဲ့ရဖို့ရန် ဆုတောင်းခဲ့သည်။ ဖုဿဘုရားရှင်၏ လက် ထက်တော်တွင် စိတ္တပတ္တအမည်ရှိ ဥဩငှက်ကလေးတစ်ကောင် ဖြစ်ခဲ့သည်။ ထိုစဉ်က ဘုရင့်ဥယျာဉ်အတွင်းမှ ကိုက်ချီလာခဲ့သော အလွန်ချိုမြိန်သော သရက်သီးမှည့်ကို မြတ်စွာဘုရားရှင်၏ သပိတ် တော်၌ ထည့်လှူလိုက်သည်။ ထိုကောင်းမှုကံကြောင့်ပင် သာယာ သော အသံရှိသူဖြစ်ရလေသည်။ (ထေရ၊ဋ္ဌ၊၂။၁၂၅)

### အသံ၏ တန်ခိုး

အရုပ်ဆိုးလှသောကုသမင်းသည် ပဘာဝတီနှင့်အတူ ဆင် ထက်ဝယ်အတူထိုင်လျက် ပဘာဝတီကိုလာတောင်းကြသော ခုနစ် ပြည်ထောင်မင်းတို့နှင့် ရင်ဆိုင်ရန်အတွက် မြို့ပြင်သို့ထွက်ခွာသွား ပြီးနောက် "ငါကုသမင်းတည်း၊ အသက်ရှင်လိုသူတွေ ပြားပြား မှောက်နေကြ" ဟု ခြင်္သေ့ဟောက်သံနှင့်တူသော အသံမျိုးဖြင့် သုံးကြိမ်သုံးခါ ဟစ်ကြွေးလိုက်သည်။ ကုသမင်း၏ ဟစ်ကြွေးသံကို

ကြားကြလျှင်ပင် ခုနစ်ပြည်ထောင်စစ်သည်များ ထွက်ပြေးကြကုန်၏။

မဟာသုတသောမဇာတ်တော်၌လည်း "အချင်းတို့၊ ငါ မဟာပေါရိသာဒတည်း" ဟူသော ပေါရိသာဒ၏ ဟစ်ကြွေးသံကို ကြားကြရလျှင်ပင် ဆင်စီးသူရဲတို့သည် ဆင်ထက်မှ လျောကျကုန်၏။ မြင်းစီးသူရဲတို့သည် မြင်းထက်မှလျောကျကုန်၏။ ရထားစီးသူရဲတို့သည် ရထားထက်မှ လျောကျကုန်၏။ ရဲမက်ဗိုလ်ပါအပေါင်းတို့သည် စွဲကိုင်ထားသော လက်နက်တို့ကို စွန့်ပစ်ကြကာ မြေ၌ ပြားပြားဝပ်ကုန်၏။ ပေါရိသာဒ၏ အသံစွမ်းအားတည်း။

မျက်မှောက်ခေတ်တွင်လည်း အသံဩဇာကောင်းကြသော ရဟန်းရှင်လူများရှိကြပါသည်။ မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သောဘိတ(မ-ဟ-နဥက္ကဋ္ဌဟောင်း)၊ မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီးဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ(မ-ဟ-န အကျိုးတော်ဆောင်ချုပ်ဟောင်း) ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂိယ၊ (ဝိသုဒ္ဓါရုံတိုက်သစ်)တို့သည် အသံဩဇာ အလွန်ကောင်းတော်မူကြ၍ အသံအလွန်မာတော်မူကြပါသည်။ ဆရာတော်ဘုရားကြီးများ၏အသံကို ကြားရလျှင်ပင် ကြောက်ရွံ့ခုံညားစိတ်ဖြစ်ကြရပါသည်။ တချို့ကား အသံမမာသော်လည်း ချိုကြပါသည်။ ၎င်းတို့၏အသံကို ကြားရလျှင်ပင် စိတ်ချမ်းမြေ့မှု ဖြစ်ကြရပါသည်။

မြန်မာ့အလင်းသတင်းစာ၌ အတွေးအခေါ်ဆရာကြီး တစ်ဦး၏ အဆိုအမိန့်တစ်ခုကို ဖတ်လိုက်ရပါ သည်။ "ရုပ်ချောခြင်းသည် သဘာဝကပေးသော အားသာချက်တစ်ခုဖြစ်သည်"ဟူ၏။ ကျွန်ုပ်က ဖြည့်စွက်လိုက်ချင်သည်မှာ "အသံကောင်းခြင်းသည်လည်း သဘာဝကပေးသော အားသာချက်တစ်ခု" ဟူ၍ပင်။ အသံကောင်းသူများသည် ကြီးပွားဖို့အလားအလာများစွာရှိပေသည်။ မျက်မြင်လောက

တွင်လည်း အသံကောင်းသူများ (ရှင်ရဟန်းလောကမှာရော လူ့ဝတ်ကြောင်လောကမှာပါ) ကြီးပွားနေကြသည်ကို တွေ့မြင်နိုင်ပေသည်။ လိုတရပတ္တမြားတစ်လုံးလက်ဝယ်ရထားသူကဲ့သို့ အလိုရှိရာရာများတောင့်တလိုက်လျှင်ပင် မကြာမတင်ရရှိနိုင်ကြလေသည်။ဖြစ်လိုရာရာကိစ္စများရှိပါကလည်း သိကြားမင်းစေလွှတ်လိုက်သော ဝိသကြုံနတ်သားအလား ဆောင်ရွက်ပေးမည့်သူများကလည်း ဒုနှင့်ဒေးပင်။ အသံကောင်းခြင်းအကျိုးကား လွန်စွာများပြားလှပါသည်။အားကျလိုက်ပါဘိသနော်။ ။

မန္တလေးသာသနာ့တက္ကသိုလ်မဂ္ဂဇင်း (၂၀၀၈)

❑

## အောင်မြင်ခြင်းအကြောင်း နည်းလမ်းကောင်း

ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး ဟောကြားတော်မူသည့် "အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း" တရားတော်ကို ကြားနာခဲ့ဖူးသည်မှာ နှစ်ပေါင်း(၃၀)နီးပါးရှိပါပြီ။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပွဲကုန်းရပ်၊ ချမ်းသာကြီးတောင်တိုက်၊ ရတနာဗိမာန်စာချကျောင်းသို့ စာသင်ရောက်စ ဝါတွင်းဥပုသ်နေ့များတွင် လက်ထောက်စာချဆရာတော်ဦးဣန္ဒောဘာသ ဖွင့်ဖွင့်နေသဖြင့် ကြားနာခဲ့ရခြင်းဖြစ်ပါသည်။

ထိုစဉ်ကမူ ကိုယ့်စာကိုသာ အာရုံစိုက်နေရချိန်ဖြစ်၍ ဆရာတော်ကြီး၏ တရားတော်ကို သေချာဂရုတစိုက်မနာဖြစ်ခဲ့ပေ။ အဓိပ္ပါယ်လည်း ဘာမှန်းမသိခဲ့ပေ။ သို့သော် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရန်အတွက် မြတ်စွာဘုရားထံ ခွင့်ပန်ပုံ၊ ရဟန်းပရိသတ်နှင့် လူပရိသတ်အား တန်ခိုးပြပုံ၊ ဂိလာနပြုစုရန် ရောက်ရှိလာသည့် နတ်မင်းကြီးလေးပါး၊ သိကြားမင်း၊ မဟာဗြဟ္မာမင်းအကြောင်း မယ်တော်ကြီးမေး၍ သားရဟန်းက ပြန်လည်ဖြေကြားပုံကို ဟောပြနေသည့် ဆရာတော်ကြီး၏ အသံတော်ကိုကား ယခုထက်တိုင် ကြားယောင်နေပါသေးသည်။

၁၉၈၅–ခုနှစ်တွင် မြန်မာဂုဏ်ထူးဖြေရန်ပြင်တော့မှ မင်းကွန်းဆရာတော်ဘုရားကြီး ဟောကြားတော်မူသည့် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်းတရားတော်မှာ သုတ်မဟာဝါအဋ္ဌကထာမှာပါရှိတဲ့ တရားတော်ပါလားဟု သိလာရသည်။ ၂၀၀၆–ခုနှစ်တွင် ဓမ္မာစရိယ စတုတ္ထနှစ်သင်တန်းသားများအား မဟာဗုဒ္ဓဝင်စကားပြေ သင်ခန်းစာ ပို့ချပေးရန် ကောင်းနိုးရာရာ အကြောင်းအရာများကို ဖတ်ရှုကြည့်ရာ အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံခန်း တရားတော်မှာ မိခင်နှိုးဖိုးဆပ်သည့် တရားတော်ဟု နားလည်မိ၍ ယင်းသင်ခန်းစာကို ပို့ချပေးဖြစ်ခဲ့သည်။ ယခုတစ်ဖန် ယင်းသင်ခန်းစာမှပင် အသိတစ်မျိုးတိုးလာပြန်သည်။ ယင်းတရားတော်မှာ မိခင်နို့ဖိုးဆပ်သည့်တရားတော်ဖြစ်ရုံသာမက အောင်မြင်လိုသူတိုင်း လိုက်နာကျင့်သုံးသည့်အချက်ကို မီးမောင်းထိုးပြနေသည့်သင်ခန်းစာလည်းဖြစ်သည်ဟူသော အသိပင်ဖြစ်လေသည်။

အရှင်သာရိပုတ္တရာသည် မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၉)ရက်နေ့တွင် ဖလသမာပတ်ဝင်စားရာမှ ထတော်မူပြီးလျှင် ကိုယ်တော်၏ သက်တမ်းကို ဆင်ခြင်ကြည့်တော်မူရာ ခုနစ်ရက်သာ ကျန်တော့သည့်အဖြစ်ကို သိတော်မူသည်။ ပရိနိဗ္ဗာန်ပြုမည့်နေရာကို ဆက်လက်ဆင်ခြင်ကြည့်ပြန်ရာ မယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးကို အာရုံပြုမိသတိရလာသည်။ မယ်တော်ကြီးသည် မိမိဟောကြားသည့်တရားတော်ကို နာယူရသဖြင့် သောတာပတ္တိမဂ်ကို ရရှိမည့်အကြောင်းကို မြင်တော်မူသဖြင့် ကိုယ်တော်ဖွားမြင်ရာ တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံရန် ဆုံးဖြတ်ချက်ချတော်မူလိုက်သည်။

ထို့နောက် မြတ်စွာဘုရားထံ ကြွသွားတော်မူ၍ ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း လျှောက်ထားကန်တော့သည်။ မြတ်စွာဘုရား

ကသံဃာတော်များနှင့် ဒကာ,ဒကာမများအား တရားဟောဖို့ မိန့်တော်မူသဖြင့် တန်ခိုးအမျိုးမျိုးပြကာ နောက်ဆုံးနှုတ်ဆက်တရားဟောကြားချီးမြှင့်သည်။ ပြီးလျှင် တပည့်ရဟန်းငါးရာကို ခေါ်တော်မူ၍ဖွားမြင်ရာဇာတိ မဂဓတိုင်း နာလကရွာသို့ စတင်ခရီးကြွတော်မူသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညနေချမ်းအချိန်တွင် ရွာတံခါးဝသို့ရောက်၍ ညောင်ပင်အောက်၌ခေတ္တအနားယူတော်မူသည်။ ထိုအချိန်တွင် တူတော်ဥပရေဝတကိုမြင်၍ အဖွားဖြစ်သူထံသွား၍ ဦးရှိးရောက်သည့်အကြောင်း၊ ဒီတစ်ညဖွားရာတိုက်ခန်း၌ ကျိန်းစက်မည်၊ နေရာသုတ်သင်ရှင်းလင်းထားလိုက်ပါဟု ပြောခိုင်းလိုက်သည်၊ မယ်တော်ကြီးလည်း "သားတော်ကြီးသည် ငယ်စဉ်ကရဟန်းပြုပြီးလျှင် ကြီးပြင်းသောအခါမှ လူထွက်လိုပြီထင်ပါ၏" ဟု မြည်တွန်ကာ ဖွားရာတိုက်ခန်းကိုသန့်ရှင်းလျက် နေရာထိုင်ခင်းများခင်းကျင်းထားသည်၊ ဆီမီးတိုင်တို့ကိုထွန်းညှိပြီးနောက် မထေရ်မြတ်ထံ အပင့်စေလွှတ်လိုက်သည်။

မထေရ်မြတ်သည် ရဟန်းငါးရာတို့နှင့် အတူတကွပြာသာဒ်ထက်သို့ တက်၍ ဖွားရာတိုက်ခန်းသို့ ဝင်ရောက်သီတင်းသုံးပြီးလျှင် "သင်တို့၏ နေရာအသီးသီးသို့ သွားကြလော့"ဟု ရဟန်းတို့ကို လွှတ်လိုက်၏။ ရဟန်းတော်များ ကြွသွားကြလျှင် မထေရ်မြတ်၏ကိုယ်ခန္ဓာမှာ ပြင်းထန်ကြမ်းတမ်းသော အနာရောဂါဖြစ်ပွားလာလေ၏။ အသက်အန္တရာယ်ပြုနိုင်သည့် သွေးသွန်သောဝေဒနာတို့ မရပ်မနားဖြစ်ပွား၍ လာလေကုန်၏။ ခွက်တစ်ခုဝင်ခွက်တစ်ခုထွက်ဖြင့် အလဲအလှယ်ပြုစုကြရပေ၏။မယ်တော်ရူပသာရီပုဏ္ဏေးမကြီးသည်လည်း သူမ၏ တိုက်ခန်းတံခါးဝကို မှီရပ်လျက်သားတော်ကြီး၏ အခြေအနေကို အကဲခတ်နေလေ၏။

ထိုအချိန်တွင် စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည်

ဂိလာနုပဋ္ဌာကဖြစ်ရန် အရှင်မြတ်ထံ ရောက်လာကြသည်။ အရှင်မြတ်က "ဂိလာနုပဋ္ဌာကရဟန်းရှိပါသည်၊ မလိုပါဘူး၊ သင်တို့ ပြန်ကြလော့" ဟုမိန့်တော်မူလိုက်သည်။ ထို့နောက် သိကြားမင်းနှင့် မဟာဗြဟ္မာကြီးတို့လည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာကြသည်။ ၎င်းတို့ကိုလည်း အရှင်မြတ်က ရှေးနည်းအတိုင်းမိန့်တော်မူ၍ ပြန်နိုင်းလိုက်သည်။

မယ်တော်ရူပသာရီပုဏ္ဏေးမကြီးသည် နတ်ဗြဟ္မာတို့ လာကြသည့်၊ ပြန်ကြသည်ကိုမြင်၍ မထေရ်မြတ်၏ တိုက်ခန်းတံခါးအနီးသို့ လာရောက်ပြီးလျှင် လာကြပြန်ကြသော သူများအကြောင်းကို မေးမြန်းသည်။

"ချစ်သား...သင်ချစ်သားထံ ရှေးဦးစွာ လာရောက်ကြသူများကား အဘယ်သူများပါနည်း"

"ဒါယိကာမကြီး... ထိုပထမလာရောက်ကြသူများကား စတုမဟာရာဇ်နတ်မင်းကြီးတို့ ဖြစ်ကြသည်။"

"ချစ်သား...သင်ချစ်သားက စတုမဟာရာဇ်နတ်မင်းကြီးတို့ထက် သာလွန်မြင့်မြတ်သလော"

"ဒါယိကာမကြီး...ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့မှာ သားတော်တို့၏ အာရာမ်စောင့်များနှင့် တူကြပါသည်၊ သားတော်တို့၏ ဆရာမြတ်စွာဘုရား ပဋိသန္ဓေတည်နေတော်မူသောအချိန်မှစ၍ သန်လျက်လက်စွဲကြကာ စောင့်ရှောက်မှုပြုခဲ့ကြပါသည်"

"ချစ်သား...ထိုစတုမဟာရာဇ်နတ်မင်းကြီးများ သွားပြီးသည်၏ အဆုံး၌ လာရောက်သောသူကား အဘယ်သူနည်း"

"သိကြားနတ်မင်းဖြစ်သည်"

"ချစ်သား...သင်ချစ်သားက သိကြားနတ်မင်းထက်လည်း သာလွန်မြင့်မြတ်သလော"

"ဒါယိကာမကြီး...ထိုသိကြားနတ်မင်းမှာ သားတော်တို့၏ သပိတ်ပရိက္ခရာဘဏ္ဍာကိုင် သာမဏေငယ်ကလေးနှင့်တူပါသည်၊ သားတော်တို့၏ ဆရာမြတ်စွာဘုရား အဘိဓမ္မာတရားဟောကြားတော်မူပြီး၍ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူလာသောအခါ သပိတ်၊ သင်္ကန်းကို ယူဆောင်၍ သိကြားမင်း သက်ဆင်းလိုက်ပါခဲ့ပါသည်"

"ချစ်သား...ထိုသိကြားနတ်မင်း သွားပြီးသည်၏ အဆုံး၌ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာလျက် လာရောက်သောသူကား အဘယ်သူနည်း"

"ဒါယိကာမကြီး...ထိုနောက်ဆုံးလာရောက်သောသူမှာ ဒကာမကြီးတို့ ဘုရား၊ ဒကာမကြီးတို့ ဆရာမဟာဗြဟ္မာကြီးဆိုတာ သူပေါ့"

"ချစ်သား... သင်ချစ်သားက ငါ၏ ဘုရားဖြစ်သူ မဟာဗြဟ္မာကြီးထက်လည်း သာလွန်မြင့်မြတ်သလော"

"အိမ်း...ဟုတ်ပေသည် ဒါယိကာမကြီး... ဤမဟာဗြဟ္မာကြီးတို့မည်သည် ငါတို့ဆရာ မြတ်စွာဘုရား ဖွားတော်မူသောနေ့၌ တစ်ယောက်မက မဟာဗြဟ္မာကြီးလေးယောက်တို့ပင် အလောင်းတော် ယောက်ျားမြတ်ကို ရွှေဇာကွန်ရက်ဖြင့် ခံလင့်လာကြကုန်ပြီ"

ထိုအခါ မယ်တော်ကြီး၏ သန္တာန်မှာ "ဤယခု ငါမြင်ရသော အာနုဘော်မှာ ငါ့သား၏အာနုဘော်သာဖြစ်သေး၏၊ ငါ့သား၏ ဆရာ မြတ်စွာဘုရား၏ အာနုဘော်ကား ဘယ်လိုများဖြစ်လိမ့်မည်နည်း၊ မမှန်းဆနိုင်အောင်ပင် ရှိလေတော့၏တကား" ဟု ကြံစည်ဆင်ခြင်လျက်ပင် လျှင်မြန်စွာပီတိငါးမျိုးတို့တဖြိုးဖြိုး ဖြစ်ပွားကြလျက် မယ်တော်ကြီး၏ တစ်ကိုယ်လုံးကို ပျံ့နှံ့လေတော့၏။

(မှတ်ချက်။ ။ ဤနေရာ၌ မှတ်သားဖွယ်ကောင်းသည်မှာ အရှင်သာရိပုတ္တရာသည် မိခင်ကြီးက သားရဟန်း၏တန်ခိုးအာနုဘော် အကြောင်းမေးခြင်းဖြစ်သော်လည်း မိမိ၏ တန်ခိုးအာနုဘော် အကြောင်းကိုမဖြေဘဲ ဆရာဖြစ်သူ မြတ်စွာဘုရားရှင်၏ တန်ခိုး အာနုဘော်အကြောင်းကိုသာ ဖြေတော်မူသည်။ ဆရာဖြစ်သူကိုသာ အမွှမ်းတင်သည်။ ကိုယ်တော်ကို အမွှမ်းမတင်၊ အတ္တုက္ကံသန =ကိုယ့် ဂုဏ်ကိုယ်ဖော်ခြင်း၊ ကြွားဝါခြင်းကြောင့်ဖြစ်သောအပြစ် ကင်းစေရန် ဖြစ်သည်။ တပည့်ဖြစ်သူတို့ အတုယူမှတ်သားဖွယ်ဖြစ်သည်။။)

အရှင်သာရိပုတ္တရာ၏ မယ်တော်ရူပသာရိပုဏ္ဏေးမကြီးသည် မဟာဗြဟ္မာကြီးကို ကိုးကွယ်သူဖြစ်၍ နတ်သိကြားဗြဟ္မာကြီးများကို သာ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည်ထင်ကာ အထင်ကြီးကိုးကွယ် နေခြင်းဖြစ်ပေသည်။ သားရဟန်းကိုမူ ဘာတန်ခိုးဣဒ္ဓိပါဒ်မှမရှိသော သာမန်ရဟန်းအဖြစ်လောက်သာ မှတ်ထင်ခဲ့ဟန်တူပေသည်။ထို့ ကြောင့်ပင် သားရဟန်းကို ကိုးကွယ်ဆည်းကပ်မှု၊ တရားနာမှုစသည် မပြုလုပ်ခဲ့ပေ။

ယခုမူ ၎င်းအထင်ကြီးနေသော, ကိုးကွယ်နေသော နတ် သိကြားဗြဟ္မာကြီးများက ၎င်း၏ သားရဟန်းကို ပြုစုလုပ်ကျွေးရန် တကူးတကလာကြသည်ကို မိမိကိုယ်တိုင် မျက်ဝါးထင်ထင်မြင်တွေ့ ရသောအခါကျမှသာ သားရဟန်း၏ တန်ခိုးဣဒ္ဓိပါဒ် အရှိန်အဝါများ ကို သိသွားပေတော့သည်။ ထိုမှတစ်ဆင့်တက်ကာ ဆရာဖြစ်သူ မြတ်စွာဘုရား၏ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားပုံကိုလည်း မှန်းဆကြည့်မိ သွားလေသည်။ သားရဟန်းနှင့် ဆရာဖြစ်သူ ဘုရားရှင်တို့အပေါ် အထင်ကြီးကာ ကြည်ညိုလေးစားစိတ်များလည်း ဖြစ်ပေါ်လာပေ သည်။ ထိုအခါကျမှ အရှင်သာရိပုတ္တရာလည်း မယ်တော်ကြီးအား

တရားဟောတော်မူလေသည်။ မယ်တော်ကြီးမှာ သောတာပန်ဖြစ်သွားလေသည်။

ဖော်ပြခဲ့ပါ သားအမိနှစ်ယောက်ပြောသောစကားရပ်များမှ လူဝတ်ကြောင်လောက၌ဖြစ်စေ၊ သာသနာတော်လောက၌ဖြစ်စေ အောင်မြင်ကြီးပွားလိုသူတို့သည် လူလေးစားအထင်ကြီးစရာ ဂုဏ်ထူးဝိသေသ တစ်မျိုးမျိုးတော့ ရှိထားဖို့လိုပေသည်ဟု သင်ခန်းစာရယူနိုင်ပေသည်။ လူတို့သည် ရာထူးဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ် စသည် လေးစားစရာ့ အထင်ကြီးစရာဂုဏ်တစ်ခုခုရှိသော ရဟန်းရှင်လူကိုမှ ရိုသေလေးစားတတ်ကြသည်။ ထိုသူတို့၏ စကားကိုမှ တရိုတသေ တလေးတစားမှတ်သား နာယူတတ်ကြသည်။ လိုက်နာကျင့်သုံးတတ်ကြသည်။ လျှုဒါန်းထောက်ပံ့တတ်ကြသည်။ မြတ်စွာဘုရားရှင်သည်ပင် တရားဦးဓမ္မစကြာဟောမည်ဆိုသောအခါ သဟမ္ပတိ ဗြဟ္မာကြီး၏ တောင်းပန်မှုကိုခံယူပြီးမှ ဟောတော်မူခြင်းဖြစ်လေသည်။ထိုခေတ်ထိုဒေသ၌ မဟာဗြဟ္မာကို ကိုးကွယ်နေကြသူများ၏ နေရာဒေသဖြစ်နေသောကြောင့်ဖြစ်လေသည်။ "ငါတို့ ကိုးကွယ်နေတဲ့ မဟာဗြဟ္မာမင်းကြီးကတောင် ဒူးထောက်တောင်းပန်ရသူပါလား" ဟု အောက်မေ့ကာ မြတ်စွာဘုရားအပေါ် အထင်ကြီးလေးစားသွားကြပြီးနောက် မြတ်စွာဘုရား၏ တရားတော်ကိုလည်း ရိုသေစွာနာယူကြလေတော့သည်။ မျက်မှောက်ခေတ်တွင်မူ ဓမ္မကထိကလောကတွင် သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်များသာမက လောကီဘွဲ့ရ၍ အင်္ဂလိပ်စာတတ်ပြီး အင်္ဂလိပ်စကားလုံးလေးများ ကြားညှပ်ဟောနိုင်သော ဓမ္မကထိကများကို တရားနာပရိသတ်က ပိုမိုကြည်ညိုလက်ခံနေကြသည်ကို တွေ့မြင်နေရပေသည်။

အောင်မြင်ကြီးပွားလိုသူတိုင်း ပညာဂုဏ်စသည် လူလေးစားစရာ ဂုဏ်ထူးဝိသေသတစ်မျိုးမျိုးတော့ ရှိထားဖို့လိုသည်ဟု ဆိုချင်ပါသည်။ ။

(မြစ်ကြီးနားမြို့၊ သပြေတစ်ထောင် အောင်ဇေရန်အောင်
သာသနာပြုမော်ကွန်းတင်စာစောင်။
ဇွန်လ၊ ၂၀၀၈-ခုနှစ်)

❑

# ကြီးပွားခြင်း၏ အကြောင်းများ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန် /မန္တလေး) တို့၏ ပိဋကတ်ဆိုင်ရာမြန်မာစာဌာန၊ မဟာဓမ္မာစရိယပထမနှစ် စကားပြေပြဌာန်းကျမ်းစာများတွင် တောင်ဖီလာဆရာတော်ဘုရားကြီး ရေးသားပြုစုသော "ယသဝဍ္ဍနဝတ္ထု"ကျမ်းလည်းပါရှိပါသည်။

တောင်ဖီလာဆရာတော်ဘုရားကြီးသည် စလင်းမြို့စား မင်းရဲကျော်စွာ တောင်းပန်လျှောက်ထားသဖြင့် ၎င်းကျမ်းကို သက္ကရာဇ်(၉၈၁)ခုနှစ်၊ ဝါဆိုလဆုတ်(၉)ရက်နေ့တွင် စတင်ရေးသားရာ ထိုနှစ်တော်သလင်းလဆုတ် (၉)ရက်နေ့တွင် ပြီးစီးသည်။ နှစ်လမျှ သာကြာလေသည်။

ယသဝဍ္ဍနဝတ္ထုကျမ်းမှာ ဓမ္မပဒအဋ္ဌကထာ၊ ပထမအုပ်၌ ပါရှိသော ကုမ္ဘဃောသကဝတ္ထုကို အခြေခံလျက် စည်းစိမ်ချမ်းသာ၊ အခြံအရံ၊ အကျော်အစော၊ ဘုန်းတန်ခိုး၊ ပစ္စုပ္ပန်စီးပွား၊ သံသရာ စီးပွားတို့ကို တိုးတက်ဖွံ့ဖြိုးစေတတ်သော လုံ့လဝီရိယရှိခြင်း= (ဥဋ္ဌာန)၊ အမှတ်ရခြင်း=(သတိ)၊ ကိုယ်စိတ်နှလုံးဖြူစင်ခြင်း= (သုစိကမ္မ)၊ စူးစမ်းဆင်ခြင်၍ပြုလေ့ရှိခြင်း=(နိသမ္မကာရီ)၊ ကိုယ်စိတ် နှလုံးစောင့်ထိန်းခြင်း=(သညတ)တရားသဖြင့် အသက်မွေးခြင်း (ဓမ္မ

ဇိဝိ)၊ မမေ့မလျော့ခြင်း=(အပ္ပမာဒ)ဟူသော တရားများကို အကျယ် ဖွင့်ဆိုပြသော ကျမ်းဖြစ်လေသည်။ ဆရာကြီးပီမိုးနင်း၊ ဖေမြင့်၊ ဒေးလ်ကာနက်ဂျီတို့၏ တက်ကျမ်းများနှင့် တူလိမ့်မည်ထင်သည်။

## ကာလဒေသကို သိတတ်ခြင်း

ကုမ္ဘဃောသက၏ ဇာတ်လမ်း၌ ကြီးပွားတိုးတက်စေခြင်း၏ အကြောင်းတရားများကို တွေ့ရပါသည်။ ရာဇဂြိုဟ်ပြည်၌ တစ်ချိန် တွင် ကူးစက်ရောဂါတစ်မျိုးဖြစ်ပွားသည်။ မိဘနှစ်ပါးတို့သည် ရောဂါ ကူးစက်ခံနေရပြီဖြစ်၍ မနေရတော့မည့်အဖြစ်ကို သိကြသောအခါ သားဖြစ်သူကုမ္ဘဃောသကကိုခေါ်၍ ငွေအိုးများမြှုပ်နှံထားရာ အရပ်ကို မှာကြားပြီးနောက် ရောဂါဘေးကင်းလွတ်ရာ အရပ်ဝေးသို့ သွား ရောက်ရှောင်တိမ်းခိုင်းသည်။

ကုမ္ဘဃောသကသည် အရပ်ဝေး၌(၁၂)နှစ်ကြာမျှ ရှောင် တိမ်းနေခဲ့ပြီးနောက် မိမိအိမ်သို့ ပြန်လာ၍ မိဘတို့မှာထားသော နေရာသို့ သွားကြည့်ရာ ငွေအိုးများ နဂိုအခြေမပျက် တည်ရှိနေသည် ကိုတွေ့သောအခါ အဆောတလျင် ထုတ်ယူမသုံးစွဲသေးပဲ ဆင်ခြင် စဉ်းစားသည်။

"ငါ၏ ဥစ္စာကို ဖေါ်ထုတ်၍ သုံးစွဲချေမူကား ငါ့ကို သိပါသ သောသူ မရှိခဲ့ရကား မိမ္မေဖမ္မေမပုတ်ပေပြီ။ လူဆင်းရဲသည် ဥစ္စာ တိုက်ကို တွေ့သည်ဟူ၍ လုယက်ကုန်လတ္တံ့။ ဘုန်းကံအလျောက် သုံးစွဲပါရမည့် အချိန်တန်၍ သင့်တင့်သည့် အမှိတ်ကဲကို ရမှလျှင် သုံးစွဲရပေတော့အံ့"

ဤသို့ ဆင်ခြင်စဉ်းစားပြီးနောက် ပစ္စည်းဥစ္စာများကို အဆောတလျင် ထုတ်ယူမသုံးစွဲသေးဘဲ စားရင်းငှားအလုပ်ဖြင့်သာ

အသက်မွေးနေထိုင်ခဲ့သည်။ နောင်အခါ မင်းဟူသော အမိုက်ကဲကို ရမှ ထုတ်ယူသုံးစွဲသဖြင့် အနှောင့်အယှက်တစ်စုံတစ်ရာမရှိတော့ပေ။ သူဌေးရာထူးဖြင့်လည်း ချီးမြှောက်ခံရလေသည်။

ကုမ္ဘဃောသကဆင်ခြင်စဉ်းစားသည့် စကားရပ်မှ တောင်ဖီလာဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ကောက်ချက်ချပြထားပါသည်။

"ဤနည်းကိုယူ၍ ပညာရှိသောသူသည် ကာလမဟုတ်သည်၌လည်းကောင်း၊ အရပ်မဟုတ်သည့်၌ လည်းကောင်း၊ အမိုက်ကဲ အပေါင်းအဖေါ် အဆွေခင်ပွန်းကောင်းမရှိသည့်၌လည်းကောင်း၊ ဒို့ကို သူမယုံလေအံ့သောအခါ၌လည်းကောင်း၊ ဥစ္စာကို မဖေါ်ထုတ်ရာ၊ အတတ်ပညာကို မဖေါ်ထုတ်ရာ၊ (အမျိုးအမည်ကို မဖေါ်ထုတ်ရာ)၊ သင့်တင့်သော ကာလ,ဒေသ,အပေါင်းအဖေါ် အမိုက်ကဲကိုရ၍ သူတို့ ယုံကြည်အံ့သောအခါ,အကျိုး စီးပွားရှိအံ့သောအခါ၌ဖေါ်ထုတ်ရာ၏"

လောက၌ ကြီးပွားလိုသူတို့သည် ကာလကိုလည်း သိတတ်ရပေမည်။ ဒေသကိုလည်း သိတတ်ရပေမည်။ ပုဂ္ဂိုလ်ကိုလည်း သိတတ်ရပေမည်။ ပညာတတ်မြောက်ထားသူဖြစ်စေကာမူ, ဥစ္စာခနှင့်ပြည့်စုံသူဖြစ်စေကာမူ သင့်တော်သော အချိန်, သင့်တော်သော အရပ်ဒေသဖြစ်မှသာလျှင် မိမိအတတ်ပညာကို ထုတ်ဖေါ်ပြသရပေမည်။ ထုတ်ဖော်သုံးစွဲရပေမည်။ ထိုသို့မဟုတ်ဘဲ မိမိအတတ်ပညာကို ထုတ်ဖေါ်ပြသမိပါက လူကြွားကြီးဟု အထင်ခံရကာ မိမိအတတ်ပညာမှာ တန်ဖိုးရှိသင့်သလောက်မရှိ ဖြစ်သွားနိုင်ပေသည်။ အချိန်ကာလအရပ်ဒေသမဟုတ်ဘဲ မိမိပစ္စည်းဥစ္စာကို ထုတ်ဖော်သုံးစွဲမိပါက လူကြွားကြီးဟု အထင်ခံရရုံမျှမက တရားမဝင်ရထားသော ဥစ္စာတွေ သံသယဖြစ်ခံရကာ ပြည်သူပိုင်အသိမ်းခံရနိုင်ပေသည်။

ထို့ကြောင့် ကြီးပွားလိုသူတို့သည် ကာလကိုလည်း သိတတ်ရပေမည်။ ဒေသကိုလည်း သိတတ်ရပေမည်။ ဤအရာများကို သိတတ်နားလည်တတ်ပါမှ လူပညာရှိဖြစ်၍ ကြီးပွားနိုင်သည်။ မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ(၁၈၅)၌ "ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆမယှိ၊ မသိတတ်သူ၊ လူမိုက်ဟူ၏၊ သိမှုပဏ္ဍိ၊ ပညာယှိရှင့်" ဟုစပ်ဆိုထားပေသည်။ မြန်မာဆိုရိုးစကား၌လည်း "ကာလံ ဒေသံ၊ အင်္ဂွခန့်" ဟူသော ဆိုရိုးစကားတစ်ခုရှိသည် မဟုတ်ပါလော။

ဝေဒဗ္ဗပုဏ္ဏားသည် ရတနာမိုးရွာစေနိုင်သော မန္တာန်ကို တတ်မြောက်ထားသည်။ ခရီးသွားစဉ် တောအုပ်တစ်ခုအရောက်တွင် သူခိုးများနှင့်တွေ့ရာ ဘုရားအလောင်းတော်၏စကားကို နားမထောင်ဘဲ မန္တာန်ရွတ်လျက် ရတနာမိုးရွာစေသောကြောင့် ၎င်းကိုယ်တိုင်လည်း အသတ်ခံရသည်။ ခိုးသူတစ်ထောင်လည်း အချင်းချင်းသတ်ကြကာ သေကြရသည်။ ဘုရားအလောင်းတော်သည်သာလျှင် ထိုရတနာများကို တွေ့မြင်ငြားသော်လည်း အဆောတလျင် မကောက်ယူဘဲ သင့်တော်သောအချိန်ကျမှ ကောက်ယူသဖြင့် ချမ်းသာစွာ သုံးစွဲရလေသည်။ အတတ်ပညာကို အချိန်အခါ မဟုတ်သေးဘဲ ပြမိသဖြင့် အသက်ဆုံးရှုံးရပုံဖြစ်သည်။

(ကေကနိပါတ်၊ ဝေဒဗ္ဗဇာတ်)

စူဠဓနုဂ္ဂဟသည် အဋ္ဌာရသပညာရပ်များကို တစ်ဖက်ကမ်းခတ်တတ်မြောက်သည်။ သို့သော် ဥပစိကမှု ချို့တဲ့ရှာသည်။ လူအထင်ကြီးစရာမရှိချေ။ ခါးကိုင်းနေသည်။ ပုကွနေသည်။ ဘုရင့်ထံ အခစားဝင်ရာတွင် ဘီမသေနမည်သော ရက်ကန်းသည်၏ နောက်လိုက်အဖြစ်နေလျက် ခစားသည်။ အချိန်မကျသေးသဖြင့် မိမိတတ်မြောက်ထားသည့် ပညာကို မဖော်ပြသေးဘဲ လျှို့ဝှက်ထားသည်။

တိုက်ပွဲကြီးဖြစ်ပွားသောအခါ၌ကား ဆင်ကျောက်ကုန်းထက်၌နေလျက် ရှပ်ရှပ်ချွံချွံတိုက်ခိုက်ကာ ရန်သူကို အရှင်ရအောင် ဖမ်းပြီး ဘုရင်ကို ဆက်သသဖြင့် ဆုချီးမြှင့်ခြင်းခံရကာ သူကောင်းပြုခံရလေသည်။ အတတ်ပညာကို အချိန်အခါကျမှ ထုတ်ဖော်ပြသသဖြင့် အကျိုးခံစားရပုံဖြစ်သည်။ (ကေကနိပါတ်၊ ဘီမသေနဇာတ်)

ဒီဃာဝုမင်းသားသည်လည်း ၎င်း၏မိဘနှစ်ပါးကိုသတ်သော ဗာရာဏသီမင်းကြီးကို လက်စားချေရန် အားထုတ်စဉ်က ရှေးဦးစွာ မိမိ၏အမျိုးအမည်ကို မဖော်ပြသေးဘဲ ဆင်ထိန်း၊ အိုးလုပ်သမား၊ ဟင်းချက်သမားဘဝတို့ဖြင့် မထင်မရှားနေခဲ့သည်။ နောင်အခါ သက်တော်စောင့်ရာထူးကိုရ၍ လုပ်ကြံခွင့်သာမှသာလျှင် ၎င်း၏အမျိုးအမည်ကို ဖော်ထုတ်ပြလေသည်။ မင်းကြီးနှင့် အချင်းချင်း အသက်ချမ်းသာရာပေးကြကာ ငြိမ်းချမ်းရေးယူလိုက်ကြသည်။ မင်းကြီးက ချီးမွမ်းထောပနာပြုကာ သမီးတော်နှင့် ထိမ်းမြားပေးလိုက်သည်။ ၎င်း၏မိဘအရိုက် အရာထီးနန်းစည်းစိမ်ကိုလည်း ပြန်လည်ပေးအပ်လိုက်သည်။ အချိန်အခါကျမှ အမျိုးအမည်ကို ဖေါ်ထုတ်ပြသသဖြင့် အကျိုးခံစားရပုံဖြစ်သည်။ (ဒီဃီတိကောသလဇာတ်)

## ဗဟုသုတနှင့် ပြည့်စုံခြင်း

ကုမ္ဘဃောသကသည် ပစ္စည်းဥစ္စာများချမ်းသာသော်လည်း အချိန်မတန်သေးသဖြင့် အဆောတလျင် ထုတ်ယူမသုံးစွဲသေးဘဲ စားရင်းငှါးအလုပ်ဖြင့် အသက်မွေးနေထိုင်ခဲ့သည်။ နံနက်ပိုင်းတွင် ရပ်ကွက်ထဲ၌ "အမောင်တို့ အမိတို့၊ ထကြကုန်လော့၊ ထမင်းချက်ကြကုန်လော့၊ လယ်တောသွားဖို့ အချိန်တန်ပြီ၊ နွားကျွေးကြကုန်လော့၊ လှည်းကကြကုန်လော့"စသည်ဖြင့် လိုက်လံအော်ဟစ်

ထို့ကြောင့် ကြီးပွားလိုသူတို့သည် ကာလကိုလည်း သိတတ်ရပေမည်။ ဒေသကိုလည်း သိတတ်ရပေမည်။ ဤအရာများကို သိတတ်နားလည်တတ်ပါမှ လူပညာရှိဖြစ်၍ ကြီးပွားနိုင်သည်။ မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ(၁၈၅)၌ "ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆမယှိ၊ မသိတတ်သူ၊ လူမိုက်ဟူ၏၊ သိမှုပဏ္ဍိ၊ ပညာယှိရှင့်" ဟုစပ်ဆိုထားပေသည်။ မြန်မာဆိုရိုးစကား၌လည်း "ကာလံ ဒေသံ၊ အဂ္ဂိုဓနံ" ဟူသော ဆိုရိုးစကားတစ်ခုရှိသည် မဟုတ်ပါလော။

ဝေဒဗ္ဘပုဏ္ဏားသည် ရတနာမိုးရွာစေနိုင်သော မန္တာန်ကို တတ်မြောက်ထားသည်။ ခရီးသွားစဉ် တောအုပ်တစ်ခုအရောက်တွင် သူခိုးများနှင့်တွေ့ရာ ဘုရားအလောင်းတော်၏စကားကို နားမထောင်ဘဲ မန္တာန်ရွတ်လျက် ရတနာမိုးရွာစေသောကြောင့် ၎င်းကိုယ်တိုင်လည်း အသတ်ခံရသည်။ ခိုးသူတစ်ထောင်လည်း အချင်းချင်းသတ်ကြကာ သေကြရသည်။ ဘုရားအလောင်းတော်သည်သာလျှင် ထိုရတနာများကို တွေ့မြင်ငြားသော်လည်း အဆောတလျင် မကောက်ယူဘဲ သင့်တော်သောအချိန်ကျမှ ကောက်ယူသဖြင့် ချမ်းသာစွာ သုံးစွဲရလေသည်။ အတတ်ပညာကို အချိန်အခါမဟုတ်သေးဘဲ ပြမိသဖြင့် အသက်ဆုံးရှုံးရပုံဖြစ်သည်။

(ကေကနိပါတ်၊ ဝေဒဗ္ဗဇာတ်)

စူဠဓနုဂ္ဂဟသည် အဌာရသပညာရပ်များကို တစ်ဖက်ကမ်းခတ်တတ်မြောက်သည်။ သို့သော် ဥပဓိကမူ ချို့တဲ့ရှာသည်။ လူအထင်ကြီးစရာမရှိချေ။ ခါးကိုင်းနေသည်။ ပုကွနေသည်။ ဘုရင့်ထံအခစားဝင်ရာတွင် ဘီမသေနမည်သော ရက်ကန်းသည်၏ နောက်လိုက်အဖြစ်နေလျက် ခစားသည်။ အချိန်မကျသေးသဖြင့် မိမိတတ်မြောက်ထားသည့် ပညာကို မဖော်ပြသေးဘဲ လျှို့ဝှက်ထားသည်။

တိုက်ပွဲကြီးဖြစ်ပွားသောအခါ၌ကား ဆင်ကျောက်ကုန်းထက်၌နေလျက် ရှပ်ရှပ်ချွံချွံတိုက်ခိုက်ကာ ရန်သူကို အရှင်ရအောင် ဖမ်းပြီး ဘုရင်ကို ဆက်သသဖြင့် ဆုချီးမြှင့်ခြင်းခံရကာ သူကောင်းပြုခံရလေသည်။ အတတ်ပညာကို အချိန်အခါကျမှ ထုတ်ဖော်ပြသသဖြင့် အကျိုးခံစားရပုံဖြစ်သည်။ (ကေကနိပါတ်၊ ဘီမသေနဇာတ်)

ဒီဃာဝုမင်းသားသည်လည်း ၎င်း၏မိဘနှစ်ပါးကိုသတ်သော ဗာရာဏသီမင်းကြီးကို လက်စားချေရန် အားထုတ်စဉ်က ရှေးဦးစွာ မိမိ၏အမျိုးအမည်ကို မဖော်ပြသေးဘဲ ဆင်ထိန်း, အိုးလုပ်သမား, ဟင်းချက်သမားဘဝတို့ဖြင့် မထင်မရှားနေခဲ့သည်။ နောင်အခါ သက်တော်စောင့်ရာထူးကိုရ၍ လုပ်ကြံခွင့်သာမှသာလျှင် ၎င်း၏အမျိုးအမည်ကို ဖော်ထုတ်ပြလေသည်။ မင်းကြီးနှင့် အချင်းချင်း အသက်ချမ်းသာရာပေးကြကာ ငြိမ်းချမ်းရေးယူလိုက်ကြသည်။ မင်းကြီးက ချီးမွမ်းထောပနာပြုကာ သမီးတော်နှင့် ထိမ်းမြားပေးလိုက်သည်။ ၎င်း၏မိဘအရိုက် အရာထီးနန်းစည်းစိမ်ကိုလည်း ပြန်လည်ပေးအပ်လိုက်သည်။ အချိန်အခါကျမှ အမျိုးအမည်ကို ဖေါ်ထုတ်ပြသသဖြင့် အကျိုးခံစားရပုံဖြစ်သည်။ (ဒီဃီတိကောသလဇာတ်)

## ဗဟုသုတနှင့် ပြည့်စုံခြင်း

ကုမ္ဘဃောသကသည် ပစ္စည်းဥစ္စာများချမ်းသာသော်လည်း အချိန်မတန်သေးသဖြင့် အဆောတလျင် ထုတ်ယူမသုံးစွဲသေးဘဲ စားရင်းငှါးအလုပ်ဖြင့် အသက်မွေးနေထိုင်ခဲ့သည်။ နံနက်ပိုင်းတွင် ရပ်ကွက်ထဲ၌ “အမောင်တို့ အမိတို့၊ ထကြကုန်လော့၊ ထမင်းချက်ကြကုန်လော့၊ လယ်တောသွားဖို့ အချိန်တန်ပြီ၊ နွားကျွေးကြကုန်လော့၊ လှည်းကကြကုန်လော့”စသည်ဖြင့် လိုက်လံအော်ဟစ်

နှိုးဆော်သော နိဗ္ဗာန်ဆော်အလုပ်ဖြင့် အသက်မွေးနေထိုင်သည်။

ကုမ္ဘဃောသက၏ နှိုးဆော်သော အသံကို ဗိမ္ဗိသာရမင်းကြီး ကြားလျှင် "ဥစ္စာများသော ယောကျ်ား၏ အသံတကား" ဟု မှတ်ချက်ချမိန့်တော်မူသည်။ မင်းကြီးအနီး၌ရှိသော အလုပ်အကျွေးတော်သည် "တို့သခင်မင်းကြီးကား ဟုတ်ဟုတ်ငြားငြား ဆိုသည် မဟုတ်တန်ရာ၊ ငါသည် အဖြစ်မှန်ကို သိရအောင် စုံစမ်းဖို့သင့်၏" ဟု မင်းချင်းယောကျ်ားတစ်ယောက်ကို စေလွှတ်အကြည့်ခိုင်းလိုက်သည်။ ထိုမင်းချင်းယောကျ်ားလည်း သွားရောက်ကြည့်ရှုရာ လူပုံစံကိုမြင်ခဲ့၍ ပြန်လာပြီးနောက် "အရှင်မင်းကြီး၊ စာရင်းငှါး အလုပ်ဖြင့် အသက်မွေးသော ယောကျ်ား တစ်ယောက်သာဖြစ်ပါတယ်ဘုရား" ဟု သံတော်ဦးတင်၏။ မင်းကြီးလည်း ထိုမင်းချင်း၏ စကားကိုကြားသော် ဆိတ်ဆိတ်သာနေတော်မူ၏။

နောက်နေ့များတွင် ထိုကုမ္ဘဃောသက၏အသံကို ကြားလေတိုင်း ရှေးနည်းအတိုင်းပင်မိန့်လေသည်။ မင်းကြီးမိန့်ကြားဖန်များသဖြင့် ဟုတ်,မဟုတ် တပ်အပ်သေချာသိနိုင်ရန် ကိုယ်လုပ်တော်လည်း သမီးကိုခေါ်၍ ဆင်းရဲသူမအသွင်ဖြင့် ကုမ္ဘဃောသကအိမ်ဝင်ပြီးလျှင် စုံစမ်းထောက်လှမ်းရာမှ မင်းကြီးမိန့်တော်မူသည့်အတိုင်းပင် ဥစ္စာများသော ယောကျ်ားတစ်ယောက်ဖြစ်နေမှန်း သိရလေတော့သည်။

ဗိမ္ဗိသာရမင်းကြီးသည် ကုမ္ဘဃောသက၏ အသံကို ကြားရရုံဖြင့် ဥစ္စာများသော ယောကျ်ားဟု တပ်အပ်သေချာသိနိုင်ခြင်းသည်ကား အဋ္ဌာရသဆယ့်ရှစ်ရပ်တွင် ပါဝင်သော "သုတိ=အကြားအမြင်အတတ်" ၏ အစွမ်းကြောင့်ဖြစ်လေသည်။

မင်းကြီးသည် လူတွေအပေါ် စိတ်ဝင်စားသည်။ လူတွေကို ဂရုစိုက်သည်။ လူတွေ၏ အသံကို ကြားလေတိုင်း သတိပြုမှတ်သား

ထားသည်။ ထို့ကြောင့် ယခုကဲ့သို့ လူပုံစံကိုမမြင်ရသော်လည်း အသံကိုကြားရရုံဖြင့် ဥစ္စာများသော ယောက်ျားဟု တပ်အပ်သေချာ သိနိုင်ခြင်းဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ သွားကြည့်သူကား မသိပေ။ ထို့ကြောင့် "ပညာရှိ တွေးကြည့်သည်က ပညာမဲ့ပြေးကြည့်သည် ထက် မှန်သည်" ဟု ဆိုရိုးစကားပြုထားကြခြင်းဖြစ်လေသည်။

ထိုအဖြစ်ကို သာဓကပြုလျက် တောင်ဖီလာဆရာတော်ဘုရားကြီးက "ပညာရှိသောသူတို့သည် အကြားအမြင်များခြင်း တည်းဟူသော ဗဟုသုတကို ဆည်းပူးကုန်ရာ၏" ဟု တိုက်တွန်းတော်မူထားပါသည်။ အကြားအမြင်များသဖြင့် ရရှိနိုင်သော အကျိုးတရားများကိုလည်း ပိဋကတ်တော်မှ ထုတ်ဆောင်ပြဆိုထားပါသည်။

အပဏ္ဏကဇာတ်တော်၌ ရှေးဦးစွာသွားသော ဒေဝဒတ် အလောင်း လှည်းကုန်သည်သည် (ဘီလူးနှင့် ပတ်သက်သောအချက် အလက်များမကြားဘူး၊မသိထားခြင်းဟူသော) ဗဟုသုတမရှိသော ကြောင့် မိမိနှင့်တကွ နောက်လိုက်လှည်းကုန်သည်များ ဘီလူးအစားခံကြရလေ၏။ နောက်မှသွားသော ဘုရားအလောင်း လှည်းကုန် သည်မူကား (ဘီလူးနှင့် ပတ်သက်သောအချက်အလက်များကြားဖူး သိရှိထားခြင်းဟူသော) ဗဟုသုတရှိသောကြောင့် မိမိနှင့်တကွ နောက် လိုက်လှည်းကုန်သည်များ ဘီလူးအစားခံရမည့်ဘေးမှ လွတ်လေ၏။ ရောင်းဝယ်ဖောက်ကားပြီးနောက် မိမိမြို့ရွာသို့လည်း ချောမောစွာ ပြန်ရောက်လေ၏။

ကေကနိပါတ် ဒေဝဓမ္မဇာတ်တော်၌ စန္ဒမင်းသား၊ သူရိယ မင်းသားတို့သည် (ဒေဝဓမ္မအကြောင်းမသိခြင်းဟူသော) ဗဟုသုတ မရှိခြင်းကြောင့် ဘီလူးဖမ်းယူခြင်းကို ခံကြရလေသည်။ မဟိံသ မင်းသားမူကား (ဒေဝဓမ္မ အကြောင်းသိခြင်းဟူသော) ဗဟုသုတနှင့်

ပြည့်စုံခြင်းကြောင့် မိမိကိုယ်ကိုယ်လည်း ဘီလူးဘေးမှလွတ်အောင် စွမ်းဆောင်နိုင်၏။ ညီငယ်နှစ်ယောက်ကိုလည်း လွတ်အောင် စွမ်းဆောင်နိုင်သည်။ ဘီလူးကိုလည်း ယဉ်ကျေးအောင် ဆုံးမနိုင်၏။ မိမိတိုင်းပြည်ပြန်ရောက်လျှင် မင်းဖြစ်လေ၏။

(ဘီလူးက ဒေဝဓမ္မအကြောင်းမေးရာတွင် စန္ဒမင်းသားက အရပ်လေးမျက်နှာဟုဖြေသည်။ သူရိယမင်းသားက နေနှင့်လဟုဖြေသည်။ မဟိံသမင်းသားက ဟိရီနှင့်ဩတ္တပ္ပဟုဖြေသည်။)

နဂါးမင်း၊ ဂဠုန်မင်း၊ သိကြားမင်း၊ ကောရဗျမင်းဟူသော မင်းလေးပါးတို့သည် မိမိတို့စောင့်သုံးသော ဥပုသ်သီလကို အကြောင်းပြု၍ အဘယ်သူ၏ သီလက ပိုမြတ်သနည်းဟူသော ပြဿနာဖြစ်ပေါ်သည်။ ထိုပြဿနာကို ဝိဓူရသုခမိန်က အဂတိမလိုက်ဘဲ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးလိုက်သည်။ ဝိဓူရသုခမိန်၏ အဖြေကို ကျေနပ်ကြသဖြင့် နဂါးမင်းက ပတ္တမြား၊ ဂဠုန်မင်းက ရွှေပန်း၊ သိကြားမင်းက ဘွဲ့ဖြူပုဆိုး၊ ကောရဗျမင်းက ဆင်၊ မြင်း၊ နွား၊ ရထား၊ ရွာကြီး ၁၆–ရွာတို့ဖြင့် အသီးအသီးပူဇော်ကြလေသည်။ ဗဟုသုတနှင့် ပြည့်စုံခြင်းအကျိုးပင်ဖြစ်လေသည်။

ယသဝမုနဝတ္ထုကျမ်း၌ ကြီးပွားခြင်းအကြောင်းတရားများကို ရေးသားတင်ပြထားပါသည်။ အနည်းငယ်မျှကိုသာ ကောက်နုတ်ပြလိုက်ရခြင်းဖြစ်ပါသည်။ ကြီးပွားတိုးတက်လိုသူတိုင်း ထိုကျမ်းကို ဖတ်ရှုကြည့်ကြဖို့ လက်တွေ့လိုက်နာကျင့်သုံးကြည့်ကြဖို့ တိုက်တွန်းပါသည်။ ။

❑

# ထူးချွန်သူ ဖြစ်လိုပါသလား

ဓမ္မာစရိယစတုတ္ထနှစ်သင်တန်းသားများအား မြန်မာစာ သင်ရိုးအမှတ်(မြန်-၄၀၂)ဖြစ်သော ပါရမီတော်ခန်းပျို့ကို သင်ကြား ပို့ချပေးရပါသည်။ ယင်းပျို့ကို အင်းဝခေတ်တုန်းက ရှင်မဟာသီလ ဝံသဆရာတော် ရေးဖွဲ့ခဲ့ခြင်းဖြစ်၍ ခက်လွန်းသောကြောင့် ပညာရှင် များက "ပါရမီ မသိနှင့်" ဥဒါန်းစကားထားရစ်ခဲ့ကြသည်။ ယင်းပျို့၌ ဘဝကြီးပွားရာကြီးပွားကြောင်း သင်ခန်းစာရယူစရာအချက်များ ပါရှိသည်။

ပိုဒ်ရေ(၃)တွင် "နှလုံးတမည်၊ ခိုင်ကျည်သောဟန်၊ ပွင့်ရှင်တန်အား၊ ဘုရားပညာ၊ ထံမှာဝီစိ၊ အောက်၌ရှိဟု၊ ညွှန်ဘိလေသော်၊ မြေပေါ်တူးဆွ၊ အရကုတ်ကုတ်၊ အထဲငုပ်၍၊ စုက်စုပ်ပင်ကို၊ လျှိုးလေလိုမှု၊အထုဆံခြည်၊ ဆယ်စိတ်မည့်မျှ၊ မခွထိုးထိတ်၊ ရသေ့စိတ်ကို၊ မလိပ်မလည်း၊ မှန်ချုပ်တည်း လျက်" ဟူသော အဖွဲ့ပါရှိသည်။

အဓိပ္ပါယ်မှာ အလုပ်ကြီးအကိုင်ကြီးတစ်ခုခုကို လုပ်ကိုင်လိုသူ တစ်ဦးအဖို့ မိမိလုပ်မည့်အလုပ်၌ စိတ်ကိုစူးစူးစိုက်စိုက်နှင့် တစ်အာရုံ တည်းထားဖို့လိုပေသည်။ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လာရ

သောအခါ၌လည်း စိတ်ဓာတ်ခိုင်မာဖို့လိုပေသည်။ ဘုရားအလောင်းတော်သုမေဓာ ရှင်ရသေ့သည် ဘုရားဖြစ်ရမည်ဟူသော စိတ်တစ်မျိုးတည်းသာ ထားရှိသည်။ (နှလုံးတမည်)၊ ယင်းစိတ်ဓာတ်မှာလည်း ခိုင်ကျည်သည်။ ခိုင်မာသည်။ (ခိုင်ကြည်သောဟန်)

ထိုအရည်အချင်းမျိုးနှင့် ပြည့်စုံနေသော သုမေဓာရှင်ရသေ့အား "သုမေဓာရှင်ရသေ့၊ အသင်အလိုရှိသော သဗ္ဗညုတဉာဏ်တော်မှာ ဟို...အဝီစိငရဲကြီးအောက်မှာရှိသည်ဟု ညွှန်ပြပါက ထိုဉာဏ်တော်ကို မရ ရအောင် အစွန်းကုန်ကြိုးပမ်းအားထုတ်၍ မြေကိုတူးဆွငုပ်လျှိုးကာ ရယူလိုသော ထက်သန်ပြင်းပြသော ဆန္ဒ(အဓိပတိတပ်သောဆန္ဒ)ရှိနေပေသည်။ အဝီစိငရဲကြီးမှာ မဟာပထဝီမြေကြီးအောက် ယူဇနာတစ်သိန်း နှစ်သောင်းကွာဝေးသောအရပ်၌ တည်ရှိသည်။ (သာရတ္ထ၊ ပ။၂၇၃) ဤမျှလောက် ထုထည်ကြီးမားသောမဟာပထဝီမြေကြီးအောက်၌ တည်ရှိသောအရာကို ငုပ်လျှိုးတူးယူ၍ရမှရနိုင်ပါမည်လား၊ ရနိုင်မည်မထင်ပါဘူးလေ၊ ငါပင်ပန်းရုံပဲရှိမှာပါ" ဟူသော နှစ်လုံးနှစ်ခွဖြစ်သောစိတ်မျိုး၊ ထိတ်လန့်သောစိတ်မျိုး (မခွထိုးထိတ်၊ရသေ့ စိတ်ကို) အလွန်သေးငယ်သော အဏုမြူမျှသောဆံပင်၏ ဆယ်စိတ်စိတ် တစ်စိတ်စာမျှပင်မရှိပါ။ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်ရေးဟူသော လမ်းစဉ်မှသွေဖီမသွားပေ။ တွန့်တိုဆုတ်နစ်သော စိတ်ကိုအမှန်တကယ်ပင် ချုပ်တည်းထားနိုင်ပေသည်။

ယင်းပို့၊ ပိုဒ်ရေ(၁၂)၌ "ကြင်ရွှေ့မျှလောက်၊ မပွင့်သမျှ၊ ငါမထဟု၊ လုံ့လလေးအင်၊ ညီလျက်ပင်တည့်၊ မငြင်မငြို၊ ညောင်တော်ထို၌၊ နေသောကြိုက်တွင်" ဟူသောအဖွဲ့ပါရှိသည်။ ဘုရားအလောင်းတော်သည် ကဆုန်လပြည့်နေ့တွင် သုဇာတာသူဌေးသမီးဆက်ကပ်သော နို့ဃနာဆွမ်းကို နေရဉ္စရာမြစ်ကမ်းဘေး၌

လေးဆယ့်ကိုးလုတ် ဘုဉ်းပေးတော်မူပါသည်။ နေ့မွန်းလွဲချိန်တွင် ဗောဓိညောင်ပင်ရှိရာသို့ ကြွတော်မူပါသည်။ ညောင်ပင်သို့ရောက်လျှင် အရှေ့ဘက်အရပ်မှ ဝင်ရောက်ထိုင်တော်မူပါသည်။ ယင်းသို့ထိုင်တော်မူသောအခါ အကြင်မျှလောက်ကာလပတ်လုံး ဗောဓိဉာဏ်မပွင့်၊ (ဝါ)ဘုရားမဖြစ်၊ ထိုမျှလောက်ကာလပတ်လုံး ငါ ဤနေရာမှ လုံးဝမထတော့ပြီ၊ အပေါ်ရေမျှသာ ကြွင်းကျန်အောင် အားထုတ်ခြင်း၊ အကြောပြိုင်းပြိုင်းမျှ ကြွင်းကျန်အောင် အားထုတ်ခြင်း၊ အရိုးမျှသာ ကြွင်းကျန်အောင် အားထုတ်ခြင်း၊ အသားအသွေးအလုံးစုံ ခန်းခြောက်အောင် အားထုတ်ခြင်းဟူသော ဝီရိယအင်္ဂါလေးပါးနှင့်အညီ အဓိဋ္ဌာန်ဆောက်တည်ကာ ထိုင်တော်မူပါသည်။ ထို့ကြောင့်ပင် အလိုရှိတော်မူသော ဗောဓိဉာဏ်တော်ကို ရတော်မူသွားပါသည်။

ဖော်ပြပါ သင်ခန်းစာမှ ဘဝတွင် ကဏ္ဍတစ်ခုခု(စီးပွားရေး၊ ပညာရေးစသည်)၌ အထွတ်အထိပ်ရောက် အောင်မြင်လိုသောသူများအနေဖြင့် မိမိအလုပ်၌ လုံ့လဝီရိယထက်သန်စွာဖြင့် စွဲစွဲမြဲမြဲ လုပ်ကိုင်သင့်သည်။ ယင်းသို့လုပ်ကိုင်ပါက မိမိအလိုရှိသော အောင်မြင်မှုကို မုချမသွေရနိုင်ပေသည်ဟူသော ဘဝသင်ခန်းစာကို ရယူနိုင်ပါသည်။ တကယ်ထူးချွန်အောင်မြင်သွားကြသော ပုဂ္ဂိုလ်ကြီးများအကြောင်းကို လေ့လာကြည့်သောအခါတွင်လည်း တွေ့ကြုံရသောအခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်လျက် မိမိလုပ်နေသောအလုပ်၌ စွဲစွဲမြဲမြဲစိတ်စူးစိုက်ကာ ဇွဲလုံ့လထက်သန်စွာ အားထုတ်သွားကြသည်ကို တွေ့ရှိရပါသည်။ သာဓကအဖြစ် အနည်းငယ်မျှတင်ပြလိုပါသည်။

### ထူးချွန်အောင်မြင်သူကြများ

တောင်မြို့မဟာဂန္ဓာရုံအရှင်ဇနကာဘိဝံသသည် ဝီရိယ

တရားလွန်စွာထက်သန်သည့်ဆရာတော်ဖြစ်၍ အလုပ်၌ စွဲစွဲမြဲမြဲလုပ်ကိုင်သည့် ဇွဲရှိသည့် ဆရာတော်တစ်ပါးဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း တိုင်းပြည်မငြိမ် မသက်ဖြစ်နေစဉ်အတွင်း၌ပင် ကျမ်းစာရေးသားမှုအလုပ်မပျက်ခဲ့ပေ။ ရူပသိဒ္ဓိဘာသာဋီကာနှင့် ကစ္စည်းဘာသာ ဋီကာတို့ကို ဒုတိယကမ္ဘာစစ်အတွင်း ဖုံးသံ-အမြောက်သံ-စက်သေနတ်သံတို့ကြားတွင် ရေးသားခဲ့ခြင်းဖြစ်သည်။

ဆရာတော်၏ဝါဒမှာ အလုပ်သမားဝါဒပင်ဖြစ်သည်။အလုပ်မရှိ ထမင်းမရှိဟုခံယူထားဟန်တူသည်။ ဆရာတော်သည် အလကားမနေတတ်ပေ။ အလုပ်လုပ်နေရမှ ကျေနပ်၏။ငယ်စဉ်ကလေးကဘဝကပင် အလုပ်မလုပ်ဘဲ ထမင်းစားရသောနေ့သည် တာဝန်မကျေဟု ထင်ခဲ့၏။ ထို့ကြောင့် နားခွင့်ပေးသော ဥပုသ်နေ့များ၌ပင် ထမင်းစားခါနီးမှာ အနည်းဆုံးစာကိုသွား၍ ကျက်လိုက်သေးသည်ဆို၏။ ထိုသို့ အလုပ်တစ်ခုခုလုပ်ပြီး၍ စားရမှဘဝင်ကျသည်၊ စိတ်ထဲကျေနပ်အားရသည်ဆို၏။ “လုပ်အား” နှင့် “လုပ်ခ” ညီမျှဒွန်တွဲနေမှ ဆရာတော်ကျေနပ်ပုံရ၏။ တစ်ခုခုက ပိုလျှံလွန်ကဲနေလျှင်သို့မဟုတ် အတိုင်းအတာအဆင့်ကို မမီလျှင် ကျေနပ်ပုံမရချေ။ ဆရာတော်သည် ထိုစိတ်ဓာတ်ဖြင့်ပင် သက်တော်(၇၈)နှစ်အရွယ်ပျံလွန်တော်မူခါနီးအချိန်ထိ စာပေပို့ချရင်း ကျမ်းစာပေါင်း(၈၀)နီးပါးမျှရေးသားတော်မူခဲ့ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း တိုင်းပြည်လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလက “တိုင်းပြည်လွတ်လပ်ရေးရရှိရေး” ကိစ္စ၌သာ စိတ်စူးစိုက်ထားခဲ့သည်။ “လွတ်လပ်ရေးရရမည်၊ လွတ်လပ်ရေးရရမည်” ဟူသော စကားကိုတစာစာပြောဆိုနေခဲ့သည်။ တိုင်းပြည်လွတ်လပ်ရေးရရှိရေးကိစ္စ၌သာ

စိတ်စူးစိုက်နေသဖြင့် မိတ်ဆွေတစ်ယောက်ယောက်နှင့်တွေ့လျှင် နှုတ်ဆက်ချင်မှ နှုတ်ဆက်တတ်သည်။ မိတ်ဆွေက နှုတ်ဆက်လျှင်လည်း ကြားချင်မှ ကြားတတ်သည်ဟုဆိုသည်။ လွတ်လပ်ရေးစိတ် တစ်စိတ်တည်းသာ ရှိသည်ဆို၏။

စာရေးဆရာကြီး ဂျာနယ်ကျော်ဦးချစ်မောင်သည်လည်း ကြီးလာလျှင် အယ်ဒီတာလုပ်မည်ဟူသော ရည်မှန်းချက်ရှိသဖြင့် အယ်ဒီတာအရည်အချင်းပြည့်ဝရေးအတွက် အသက်(၁၃)နှစ်အရွယ်မှစကာ စာပေါင်းစုံ ဖတ်ရှုလေ့လာခဲ့သည်။ သွားလေရာရာ စာအုပ်တစ်အုပ်အုပ်ကို ချိုင်းကြားညှပ်လျက် နီပြာတံတစ်ချောင်းကို နားကြားထိုးလျက် အမြဲဆောင်ထားသည်ဆို၏။ ထမင်းစားချိန်၌ပင် စာဖတ်တတ်သည်ဖြစ်ရာ ဇနီးဖြစ်သူ ဂျာနယ်ကျော်မမလေးကပင် “စာရေးဆရာမယားဖြစ်ရတာ ပျင်းစရာကောင်းလိုက်တာ၊ လင်ရယ်မယားရယ်လို့ အေးအေးလူလူစကားပြောချိန်မှ မရ” ဟူ၍ ညည်းညူဖူးလေသည်။ အသက်(၂၆) နှစ်အရွယ်တွင် မြန်မာ့အလင်း သတင်းစာ အယ်ဒီတာဖြစ်နေလေပြီ။ စာဖတ်အားကြီးသဖြင့် အသက်ငယ်ငယ်နှင့် မျက်မှန်ပါဝါထူထူကြီး တပ်ထားရလေသည်။

ကမ္ဘာကြီးပျက်စီးလုနီးပြီလော၊ သူ၊ ရှာရှာဖွေဖွေ၊ နိုင်ငံတော်သစ်သို့၊ မှိုင်းမှုန်မှုန်၊ ဂျာနယ်ကျော်စသော စာအုပ်၊သတင်းစာ၊ ဂျာနယ်တို့ကို ထုတ်ဝေသွားလေသည်။

မှောင်မိုက်သော အကာလညအခါတွင် အလင်းရောင်ပေးခြင်းဖြင့် လူသားတို့၏ လူနေမှုစနစ်ကို အကြီးအကျယ်ပြောင်းလဲစေသကဲ့သို့ လူသားတို့ အမှုကိစ္စဆောင်ရွက်ရာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် သက်သောင့်သက်သာရှိစေသည့် လျှပ်စစ်မီးကို တီထွင်ခဲ့သူမှာ သိပ္ပံပညာရှင်ကြီး သောမတ်စ်အယ်လ်ဗာ အယ်ဒီဆင်ပင်ဖြစ်

သည်။ စာဖတ်ပရိသတ်များ သိကြပါသည်။ ၄င်းသည်လည်း အလုပ်လုပ်ရာ၌ အလွန်ဖွဲနပဲကြီးသူဖြစ်သည်။ အလုပ်ကိုသာ စိတ်စွဲသူဖြစ်၍ အအိပ်အစားကို သူမစုံမက်ပေ။ ပျမ်းမျှခြင်းတစ်ညလျှင် လေးနာရီခန့်သာ အိပ်လေသည်။ ၄င်း၏ ဖွဲလုံ့လကြောင့် အလုပ်များ၊ တီထွင်မှုများအောင်မြင်လာသောအခါ လူအများက ဉာဏ်ကြီးရှင်ဟု ခေါ်ကြသည်။ ပါရမီရှင်ဟု ခေါ်ကြသည်။ သို့သော် သူက ဘဝင်မြင့်၍ မသွားပေ။ ပါရမီဆိုသည်မှာ "အတွေးက နှစ်ရာခိုင်နှုန်း၊ ချွေးက ကိုးဆယ့်ရှစ်ရာခိုင်နှုန်းဖြစ်သည်"ဟု သူက ဆိုလေသည်။အသက်(၈၄)နှစ်အရွယ်တွင် ကွန်လွန်သည်။ ထိုအချိန်အထိ မူပိုင်ပြုလုပ်ပြီးသော သူ၏တီထွင်မှုပေါင်းမှာ တစ်ထောင့်သုံးရာမျှ ရှိလေသည်။

လူတိုင်းလူတိုင်း မိမိသင်ယူနေသည့် ပညာရပ်၌၊ ကိစ္စ၌၊ အလုပ်၌ အောင်မြင်လိုကြပါသည်။ ထူးချွန်လိုကြပါသည်။ အထွတ်အထိပ်ရောက်လိုကြပါသည်။ မေးနေစရာ, ပြောနေစရာပင်မလိုပါ။ ယင်းသို့အောင်မြင်၍ ထူးချွန်ပေါက်မြောက်လိုပါလျှင် တင်ပြခဲ့သည့် ပုဂ္ဂိုလ်ကြီးများအတိုင်း မိမိဆိုင်ရာကိစ္စ၌ အောင်မြင်လိုသောစိတ် တစ်စိတ်တည်းထားဖို့ လိုပါကြောင်း၊ မိမိအလုပ်၌ မအောင်မြင်လျှင် ငါမထဟူသော ဖွဲစိတ်မျိုးရှိဖို့လိုပါကြောင်း ရေးသားတင်ပြအပ်ပါသတည်း။ ။

နေပြည်တော်တပ်ကုန်းမြို့၊
ငွေတောင်တောရကျောင်းတိုက်
(၇၅)နှစ်ပြည့်စိန်ရတု အထိမ်းအမှတ်စာစောင်
(ဒီဇင်ဘာလ၊ ၂၀၀၈)

❑

# လက်တွေ့အသုံးချပဋ္ဌာန်းပစ္စည်း

စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များမှာ မြတ်စွာဘုရားဟော ကြားတော်မူသည့် အဘိဓမ္မာခုနစ်ကျမ်းတွင် ပါဝင်သော ပဋ္ဌာန်း တရားတော်နှင့် မစိမ်းကားတော့ပါ။ ဟိုကျောင်းတိုက်၊ သည်ကျောင်း တိုက်၊ ဟိုဘုရား၊ သည်ဘုရားက ကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်း ပွဲများကို အမြဲမပြတ်ကြားနာနေကြရသောကြောင့် ဖြစ်သည်။ တချို့ လူဝတ်ကြောင်အမျိုးသား အမျိုးသမီးများဆိုလျှင် ပဋ္ဌာန်းပစ္စယုဒ္ဒေသ ကို အာဂုံနှုတ်တက်ပင် ဆောင်ထားကြသည်။ ပုဂံခေတ်တုန်းဆိုလျှင် အိမ်ထောင်ရှင်အမျိုးသမီးတစ်ချို့ မအားလပ်သည့်ကြားမှပင် ပဋ္ဌာန်း ကုသလတိက်ကို နှုတ်ငုံဆောင်ထားနိုင်ကြသည်ဆိုသည်။

စာရေးသူအရှင်သည် ရဟန်းတစ်ဝါအရ ၁၃၄၂ (၁၉၈၀) ခုနှစ်မှစ၍ ပဋ္ဌာန်းတရားတော်နှင့် ထိတွေ့ခဲ့ရသည်။ ပထမကြီးတန်း ပြဋ္ဌာန်းစာအဖြစ် သင်ယူခဲ့ရခြင်းဖြစ်သည်။ မိုးကောင်းကျောင်းတိုက်၊ သိန်းသန်းကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသထံ လိုက်ခဲ့ရ သည်။ ပါဠိတော်ကို ရွတ်လိုက်ရ၊ တရားအပုံတွေ မှတ်လိုက်ရ၊ ဇယား ကွက်တွေ ကြည့်ရမှတ်ရနှင့် စိတ်တော့ ရှုပ်ထွေးခဲ့ရသည်။ အတွေ့အထိအလေ့အလာကနည်းသေးသည် မဟုတ်ပါလော။

စာမေးပွဲအောင်ပြီးကတည်းက ပဋ္ဌာန်းတရားတော်နှင့် ကင်း ကွာခဲ့သည်။ ဆယ်စုနှစ်တစ်စုလောက်ကြာသွားသည်။ ၁၉၉၀ပြည့်နှစ်

တွင်ကား ပဋ္ဌာန်းတရားတော်နှင့် ပြန်လည်ဆုံဖြစ်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ မဟာဓမ္မာစရိယဘွဲ့အတွက် ကျမ်းရေးနေချိန်ဖြစ်သည်။ ကျမ်းအတွက် အချက်အလက်များရှာဖွေရင်း ပဋ္ဌာန်းပါဠိတော်မှ တချို့ပါဠိများကိုနှုတ်ထုတ်သည်။ စိတ်ဖြင့်ရွတ်ဖတ်ရင်း ရွတ်ဖတ်ရင်း ပါဠိဂတိကောင်းသောကြောင့် ကြည်ညိုစိတ်များဖြစ်ပေါ်ခဲ့သည်။ နောက်တော့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသလေးလောက်တော့ နှုတ်တက်အာဂုံဆောင်ထားဦးမှပဲဟု အောက်မေ့ကာ အရကျက်ပြီး ညစဉ်ဝတ်ထားကာ ရွတ်ဖတ်ပူဇော်ဖြစ်ခဲ့သည်။ ကုသိုလ်စိတ်များဖြစ်၍ စိတ်ကြည်နူးမှုများဖြစ်ရသည်ကတော့အမှန်ပင်။

ပဋ္ဌာန်း(၂၄)ပစ္စည်းအနက် "ပကတူပနိဿယပစ္စည်း"ကို စိတ်ဝင်စားမိသည်။ ပကတူပနိဿယပစ္စည်းဟူသည် ပင်ကိုယ်သဘော အတိုင်းအားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းဟု ဆိုလိုသည်။ အလွန်ကျယ်ဝန်းသော ပစ္စည်းဖြစ်သည်။ ယင်းပစ္စည်းကို ရှေးဆရာတော်ကြီးများက မိုးကို ဥပမာပေးဖွင့်ဆိုကြသည်။ သစ်ပင်တွေအားလုံး၊ တောတောင်တွေအားလုံး မိုးနှင့်မကင်းကြပေ။ မိုးနှင့်မကင်းသော အရာမှန်သမျှ မိုးကြီးရွာချလိုက်ပြီဆိုလျှင် ဖြိုးဖြိုးဖြိုင်ဖြိုင်နှင့် ကြီးထွားလာကြသည်၊ သန့်စွမ်းလာကြသည်၊ ဤအတူပင်ပကတူနိဿယပစ္စည်းသည်လည်း သက်ရှိသက်မဲ့အရာအားလုံးကို ကျေးဇူးပြုလျက်ရှိသည်။

ပကတူပနိဿယပစ္စည်း၌လည်း---

"ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော"

"ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော"

"သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော"

ဟူသော သုံးပိုဒ်ကို ရွတ်ဖတ်လေတိုင်း အဓိပ္ပါယ်ကို စိတ်ဝင်စားစွာ စဉ်းစားကြည့်မိသည်။ ရာသီဥတုကလည်း လူတို့၏ စိတ်နေစိတ်ထား

ကို ကောင်းအောင်, ဆိုးအောင် ပြုပြင်နိုင်သည်။ အစားအစာ, ပုဂ္ဂိုလ်, ကျောင်း, အိမ်, အဝတ်အထည်, အိပ်ရာနေရာတို့ကလည်း လူတို့၏ စိတ်နေစိတ်ထားကို ကောင်းအောင်, ဆိုးအောင် ပြုပြင်နိုင်ကြသည်။ ထို့ကြောင့် လူတို့သည် မိမိစိတ်ကို ကောင်းစေလိုလျှင် ရာသီဥတုကောင်းမွန်သည့် နေရာဒေသတို့၌ နေထိုင်သင့်သည်။ သင့်တော်လျော်ကပ်သော အစားအစာကို မှီဝဲသုံးဆောင်သင့်သည်။ ပုဂ္ဂိုလ်ကောင်းကို မှီဝဲပေါင်းဖော်သင့်သည်။ ပတ်ဝန်းကျင်ကောင်းကို ရှာဖွေနေထိုင်သင့်သည်။ မိမိနှင့် သင့်တော်လျော်ကပ်သော ကျောင်းမျိုး, အိမ်မျိုး၌ နေထိုင်သင့်သည်။ အဝတ်အထည်မျိုးကို ဝတ်စားဆင်ယင်သင့်သည်။ သို့မှသာ စိတ်ကောင်း (ကုသိုလ်စိတ်)များ တိုးပွားလာနိုင်ပေသည်။ မိမိနှင့် မလျော်ကပ်သော ရာသီဥတုစသည်ကို မှီဝဲနေထိုင်ရပါက မကောင်းစိတ် (အကုသိုလ်စိတ်)များဖြစ်ပွားလာနိုင်ပေသည်။ ဤသို့ မိမိဘဝထဲ၌ ပကတူပနိဿယပစ္စည်းကို လက်တွေ့အသုံးချနိုင်ပုံကို စဉ်းစားအရသာခံကြည့်မိရာမှ နှစ်သက်သဘောကျနေရခြင်းဖြစ်ပါသည်။

## ရာသီဥတုက ကျေးဇူးပြုပုံ

မြတ်စွာဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန်ကို ကုရုတိုင်း၌ နေထိုင်ကြကုန်သော ရဟန်း, ရဟန်းမ, အမျိုးသား, အမျိုးသမီးတို့အား ဟောတော်မူခဲ့ပါသည်။ ကုရုတိုင်း၌ ရာသီဥတု ကောင်းမွန်မျှတပါသည်။ အစားအစာလည်း ကောင်းမွန်မျှတပါသည်။ ထိုသို့သော ဥတု,ဘောဇဉ်တို့ကို မှီဝဲရသဖြင့် ယင်းတိုင်းအတွင်းရှိ လူများသည် ခံ့ကျန်းသော ကိုယ်,ခံ့ကျန်းသော စိတ်ရှိကြပါသည်။ ကိုယ်စိတ်နှစ်ပါးခံ့ကျန်းသည်၏အဖြစ်ကြောင့် ပညာအစွမ်းလည်း

ထက်မြက်ကြပါသည်။ ပညာအစွမ်းထက်မြက်ကြသည့်အတွက် နက်နဲသော တရားတော်တို့ကို နာယူနိုင်စွမ်းရှိကြပါသည်။ ထိုးထွင်းသိနိုင်စွမ်းရှိကြပါသည်။ ဤသို့သော အကြောင်းတရားများနှင့် ပြည့်စုံခြင်းကြောင့် ယင်းတိုင်းရှိ ပရိသတ်လေးပါးတို့အား ဟောတော်မူရခြင်းဖြစ်ပါသည်။ ထိုသုတ္တန်ကိုသာမက၊ ဒီဃနိကာယ်မှ မဟာနိဒါနသုတ်၊ မဇ္ဈိမနိကာယ်မှ သတိပဋ္ဌာနသုတ်၊သာရောပမသုတ်၊ရဋ္ဌောပမသုတ်၊ ရဋ္ဌပါလသုတ်၊ မာဂဏ္ဍိယသုတ်၊ အာနေဉ္ဇသပ္ပါယသုတ်တို့ကို ယင်းတိုင်း၌ပင် ဟောတော်မူခဲ့ပါသည်။ (ဒီ၊ဋ္ဌ၊၂။စာ-၃၃၄)

### အစားအစာက ကျေးဇူးပြုပုံ

အစားအစာသည်လည်း လူတို့၏စိတ်နေစိတ်ထားကို ကောင်းအောင်၊ဆိုးအောင် ကျေးဇူးပြုနိုင်ပါသည်။ အထောက်အကူပြုနိုင်ပါသည်၊ တရားထူးရအောင်လည်း အထောက်အကူပြုနိုင်ပါသည်။ ရာဂဒေါသဖြစ်အောင်လည်း အထောက်အကူပြုနိုင်ပါသည်။ အထူးသဖြင့် အဆီအစိမ့်များသော အစားအစာသည် ရာဂကိုဖြစ်စေသည်။ အပူအစပ်များသော အစားအစာသည် ဒေါသကိုဖြစ်စေသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက ရဟန်းတော်တချို့ အဆီအစိမ့်များသော အစားအစာကို ဘုဉ်းပေးကြပြီးနောက် ညအချိန်တွင် သတိသမ္ပဇဉ်လွတ်ကင်းလျက် ကျိန်းစက်ကြရာ မလျော်ကန်သည့်အိပ်မက်များကို မြင်မက်ကြပါသည်။

(သံဃာဒိသေသ်ပထမသိက္ခာပုဒ်)

ခွေးကို ကျားရိုးကျားစွယ်များသွေးတိုက်ပါက ဒေါသကြီးလာပြီးကိုက်တတ်ပါသည်။ တရုတ်လူမျိုးတို့၏ အစဉ်အလာယုံကြည်ချက်အရ ကျားသားသည် ကာမအားကို တိုးပွားစေသည်ဟုဆိုသည်။

(နံနက်ခင်းသတင်းဂျာနယ်။ ၂၈၊ ၉၊ ၂၀၀၅) မလေးရှားရုပ်ရှင်မင်းသမီးတစ်ယောက်က အသားစားခြင်းကြောင့် ဒေါသကြီးရကြောင်းဆိုသည်။ (သတင်းလွှာဂျာနယ်)သုတသောမဇာတ်တော်၌လာသော ပေါရိသာဒရှင်ဘုရင်သည် အသားစားကြူးသဖြင့် စိတ်ရိုင်းများဝင်ကာ နောက်ဆုံးတွင် လူစင်စစ်က ဘီလူးဘဝရောက်သွားရလေသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက ရဟန်းတော်ခြောက်ကျိပ်သည် မိမိနှင့်သင့်လျော်သော ဆွမ်းအာဟာရကို မဘုဉ်းပေးရသဖြင့် မဂ်ဖိုလ်တရားထူးကို မရနိုင်ဘဲရှိနေခဲ့ကြပါသည်။ထိုအခြေအနေကို မာတိကမာတာသိသောအခါ ၎င်းတို့နှင့် သင့်လျော်သော ဆွမ်းအာဟာရများကို ချက်ကပ်ပါသည်။ ထိုအခါကျမှ ဝိပဿနာတရားများ အားထုတ်ရာတွင် စိတ်ချမ်းသာလာပြီး သမာဓိရကာ မကြာခင်မှာပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားကြပါသည်။ (ဓမ္မပဒအဋ္ဌကထာ၊ပ၊ စာ-၁၈၆)

ငါးမှရသည့်အဆီ(အိုမီဂါ-၃)သည် ကလေးများ၏ ဉာဏ်ရည်ကို မြှင့်တင်စေနိုင်ပြီး ၎င်းတို့၏ အပြုအမူနှင့် စွမ်းအင်ကို အာရုံစုစည်းရာတွင် တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံ၊ လန်ဒန်အခြေစိုက် ပီရီနာတိုလိုဂျီ ဂျာနယ်တွင် သိပ္ပံဆိုင်ရာသုတေသန၏ရလဒ်အဖြစ် ဖော်ပြထားသည်။

ဘရက်ဖို့ဒ်ရှိ နယူးဟောလ်ပတ်မူကြိုကျောင်းတွင် အိုမီဂါ ၃-ကို နေ့စဉ်တိုက်ကျွေးသည့် အသက်ရှစ်နှစ်နှင့် ကိုးနှစ်အရွယ်ကလေးများအနက် ၈၁ ရာခိုင်နှုန်းသည် စာဖတ်ရာတွင် တိုးတက်ကောင်းမွန်လာခဲ့ပြီး ၆၇ ရာခိုင်နှုန်းက ရေးသားရာတွင်လည်းကောင်း၊ ၇၄ရာခိုင်နှုန်းက အတွက်အချက်တွင်လည်းကောင်း ရလဒ်ကောင်းများတွေ့ရှိရသည်။ ဆယ်ကျော်သက်နှင့် ဆယ်ကျော်သ

မရောက်မီအရွယ်များတွင်လည်း ယင်းရလဒ်ကို တွေ့မြင်ရကြောင်း ဂရင်းဖီးလ်ကျောင်း ဒုတိယကျောင်းအုပ်ဂျွန်ဂလာရီက ပြောကြားသည်။ (မြန်မာ့အလင်းသတင်းစာ၊ ၁၆-၆-၂၀၀၆)

## ပုဂ္ဂိုလ်ကကျေးဇူးပြုပုံ

ဘုရားရှင်လက်ထက်တော်တုန်းက အနာထပိဏ်သူဌေးကြီး၏ သားမောင်ကာဠသည် ဖခင်ဖြစ်သူက ကျောင်းဒကာဖြစ်၍ ဘုရားဖူးတရားနာသွားသော်လည်း ဖခင့်အလုပ်ကိုစိတ်မဝင်စားခဲ့ပေ။ နောက်တော့ ဖခင်ဖြစ်သူ၏ ငွေကြေးဖြင့်ဖြားယောင်းမှုကြောင့် ဘုရားဖူးတရားနာအမှုကိုပြုခဲ့ရာမှ သောတာပန်အရိယာ ဖြစ်သွားခဲ့ရပေသည်။

မန္တလေးမြို့၊ လမ်း(၈၀)၊ ကျုံးအနောက်၌ နေထိုင်ကြသော (ဦးအေးသော်)+ဒေါ်ဝင်းယုတို့သည် ဝါတွင်းကာလများတွင် ကျောင်းကန်များသို့သွားကြ၍ တရားထိုင်တရားနာလေ့ရှိကြသည်။ ဥပုသ်သည်များအား ဖျော်ရည်စသည်ကုသိုလ်ကောင်းမှုပြုလေ့ရှိကြသည်။ ၎င်းတို့၏သားသမီးများသည်လည်း မိဘများသို့ အတုလိုက်ကာ ဘာသာရေးလိုက်စားသူများဖြစ်ကြလေသည်။

အမှတ်သတိဖြင့် သွားလာနေထိုင်ကြလျက် တရားအားထုတ်နေကြသော ရိပ်သာများအတွင်းသို့ ဝင်ရောက်သွားလျှင် မိမိသည်လည်း ဟိုကြည့် ဒီကြည့်နှင့် နမော်နမဲ့ မသွားရဲဘဲ ဣန္ဒြေရရသွားတတ်ကြလေသည်။ ပတ်ဝန်းကျင်ကောင်းက စိတ်ကောင်းဖြစ်အောင် ကျေးဇူးပြုခြင်းဖြစ်လေသည်။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့အနောက်ပိုင်း၌ကြီးပြင်းခဲ့သော တီမိုသီမက်ဗေးသည်ကျောင်းတွင် ဉာဏ်ကောင်းကာ အိုင်ကျူမြင့်သူဖြစ်သည်။ ပညာရေးတွင် ထူးချွန်သည်။ ထို့

ကြောင့် ကျောင်း၌ ပညာသင်ကြားရာတွင် သူ့အဖို့ အခက်အခဲ မရှိပေ။

မက်ဖေးသည် စွန့်စားတိုက်ခိုက်သော သူရဲကောင်းများ၊ တိုက်ခိုက်ရေးသမားများကို အလွန်သဘောကျသည်။ ရုပ်ရှင်ထဲမှ ပစ်ခတ်တိုက်ခိုက်သော ဇာတ်လိုက်များ၊ စစ်ပွဲများ၌ စွန့်စားတိုက်ခိုက်သော သူရဲကောင်းတို့၏ ပန်းချီပုံများ၊ ဓာတ်ပုံများကို သူ့အခန်းထဲတွင် ပြည့်လုနီးပါးကပ်ထားလေသည်။ သူရဲကောင်းရုပ်ပြစာအုပ်များမှာလည်း စာအုပ်သေတ္တာထဲတွင် အပြည့်ရှိသည်။

ထိုသို့ စွန့်စားတိုက်ခိုက်လိုသည့် စိတ်ကူးများ၊ ကြမ်းတမ်းသည့်အတွေးများ၊ သူ့ခေါင်းထဲ ပို၍ ပို၍ရောက်လာသည်မှာ သူ့အဖေနှင့်အမေတို့၏အိပ်ခန်းထဲမှ ဒေါသတကြီးဆဲရေး တိုင်းထွာသံများ၊ ရန်ပွဲများကြောင့်ဖြစ်၏။ အဖေနှင့်အမေမှာ အမြဲရန်ဖြစ်ကြသည်။ ရန်ပွဲများမှာ စိပ်လာ၏။ ထို့အတူ မက်ဖေးခေါင်းထဲတွင်လည်း ကြမ်းတမ်းသော အတွေးများမှာ ပို၍တိုးတက်လာသည်။ တချို့ညများတွင် အဖေနှင့်အမေတို့၏ ရန်ပွဲသည် အလွန်ကြောက်စရာကောင်းလှ၍ တစ်ယောက်ကိုတစ်ယောက် ထသတ်ကြမလားဟု ထင်ရလောက်အောင်ကြမ်းတမ်းကြသည်။ ထိုအချိန်တွင် မက်ဖေးသည် အိပ်ရာထဲတွင် ကြောက်ရွံ့တုန်လှုပ်စွာ ခုတင်ထောင့်တွင် ခွေအိပ်နေသည်။

မက်ဖေးသည် လူကြီးများမရှိသည့်အချိန်တွင် အိမ်ကြီးကို စစ်မြေပြင်ကဲ့သို့ ပြင်ဆင်သည်။ တိုက်ပွဲဝင်နေသော စစ်သားရုပ်များကိုလည်း ထားရှိသည်။ မီးဆလိုက်များ၊ လက်နှိပ်ဓာတ်မီးများကိုလည်းဆင်ထားပြီး အိမ်ကိုအမှောင်ချထား၏။ မက်ဖေးက တိတ်တိတ်လေးဝင်လာသည့်အခါ မီးများကို ဖွင့်လိုက်သည်။ ဆလိုက်မီးထိုးရှာသည့်နေရာကလည်း မီးထိုးနေသည်။ ထို့နောက် တစ်စုံတစ်ယောက်

ကို မီးရောင်အောက်တွင် ဖမ်းမိလိုက်သည့် ပုံစံမျိုး သရုပ်ဆောင် ကစားလေသည်။

ယင်းသို့သော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာခဲ့ရသော မက်ဗေးသည် ၁၉၉၅–ခုနှစ်၊ ဧပြီလ ၁၉ရက်နေ့က အိုကလာဟိုးမား မြို့၊ ပြည်ထောင်စုရုံးကြီးကို ထရပ်ကားတစ်စီးတွင် ဖောက်ခွဲပစ္စည်း ကီလို ၃၂၀၀ရှိသည့် ဗုံးထောင်ဖျက်ဆီးခဲ့သည့်အတွက် သေဒဏ်ပေးခံ လိုက်ရလေသည်။ (နိုင်ငံတကာကြိုဟ်တုသတင်းဂျာနယ်၊ ၁၀၊၇၊၂၀၀၁ နှင့် နိုင်ငံတကာသတင်းဂျာနယ်၊ ၁၈၊၆၊၂၀၀၁)

ပတ်ဝန်းကျင်က လူတစ်ယောက်၏ စိတ်နေစိတ်ထား ကောင်းအောင်၊ ဆိုးအောင်ပြုနိုင်ပုံနှင့်စပ်၍ နောက်သာဓကတစ်ခုမှာ အာဖဂန်နစ္စတန်နိုင်ငံ၌ ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်၊ စည်းကမ်းတင်းကျပ်စွာ အုပ်ချုပ်သူတို့၏ အဖိအနှိပ်ခံ ရမှု၊ ဆင်းရဲမွဲတေမှုတို့ကြောင့် လူထုမှာ ပြင်းထန်သော စိတ်ကျ ဝေဒနာခံစားနေကြရရှာသည်။ ယင်းနိုင်ငံ၌ ဒုက္ခသည် ၃ဒသမ ၈သန်းရှိသည်ဆို၏။ (နိုင်ငံတကာသတင်းဂျာနယ်။၃၁၊၁၀၊ ၂၀၀၅)

## ကျောင်းအိပ်ရာနေရာက ကျေးဇူးပြုပုံ

ကျောင်းအိပ်ရာနေရာကလည်း စိတ်ကောင်း၊ စိတ်ဆိုးဖြစ် အောင် ကျေးဇူးပြုနိုင်ပါသည်။ လူကုံတံများ တည်းခိုနေထိုင်သော ဟိုတယ်ကြီးများကဲ့သို့ ခမ်းခမ်းနားနားဆောက်လုပ်ထားသော ကျောင်းများအိမ်များသည်လည်း ဇိမ်ခံလိုစိတ် (နှစ်သက်စိတ်၊ တပ် မက်စိတ်များ) ဖြစ်ပေါ်ရန် ကျေးဇူးပြုနိုင်ပါသည်။ ထိုနည်းအတူ လူကုံတံတို့၏ တိုက်တာညှော်ခန်းများ၌ ခင်းကျင်းပြင်ဆင်ထားသော ဆိုဖာခုံကြီးများ၊ ခုတင်များ၌ ပြင်ဆင်ထားသော မွေ့ယာ ကြီးများ

သည်လည်း ဖိမ်ခံလိုစိတ်(သာယာတပ်မက်စိတ်)ဖြစ်ပေါ်ရန် ကျေးဇူးပြု နိုင်ပါသည်။ ထို့ကြောင့် ရှင်ရဟန်းများအနေဖြင့် သာယာတပ်မက် စိတ်များ(အကုသိုလ်စိတ်များ)မဖြစ်ပေါ်စေရန် ပစ္စဝေက္ခဏာဆင်ခြင်ပြီး မှီဝဲသုံးဆောင်ကြဖို့ ပညတ်ထားရခြင်းဖြစ်လေသည်။ ယင်းကျောင်း အိပ်ရာနေရာများ၌ သီတင်းသုံးလျက် တရားဓမ္မကျင့်ကြံပွားများ အားထုတ်လျှင်တော့ ကောင်းစိတ်(ကုသိုလ်စိတ်) ဖြစ်နိုင်ပါသည်။

## ပဋ္ဌာန်းရွတ်ဖတ်ခြင်းအကျိုး

ဤဆောင်းပါး၌ အဓိကတင်ပြလိုသည်မှာ ပကတူပနိဿယ ပစ္စည်းကို လက်တွေ့လောကထဲ အသုံးချပုံ ဖြစ်ပါသည်။ သို့သော် အကြောင်းတိုက်ဆိုင်လာသဖြင့် ပဋ္ဌာန်းတရားတော် ရွတ်ဖတ်ရခြင်း အကျိုးအဖြစ် သာဓကတစ်ခုကို တင်ပြလိုပါသေးသည်။

ရွာတစ်ရွာရှိ ဘုန်းကြီးကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးသည် ငွေဒင်္ဂါးများကိုစု၍ အိုးကလေးနှင့်ထည့်ပြီး မြှုပ်နှံထားသည်။ ပျံလွန် တော်မူသောအခါ ထိုအိုးကလေးကိုစွဲ၍ ပျံလွန်တော်မူသဖြင့် ထို ကျောင်း၌ပင် သရဲဖြစ်သွားလေသည်။

တစ်ခုသော ညနေခင်းတွင် အာဂန္တုဘုန်းကြီးတစ်ပါးကြွ လာပြီး ထိုကျောင်း၌ ညကျိန်းစက်ဖို့ ခွင့်တောင်းသည်။ ရွာသားများ က ထိုကျောင်းအကြောင်းပြောပြပြီး ကျောင်း၌ မကျိန်းစက်ဘဲ ရွာထဲ၌သာ ကျိန်းစက်ဖို့ လျှောက်ကြသည်။ ဘုန်းကြီးက သူ မကြောက်ပါ။ ကျောင်းမှာပင် ကျိန်းပါမည်ဟု မိန့်ပြီး ကျိန်းစက်ရန် ပြင်ဆင်သည်။ ကျောင်းပေါ်၌ တံမြက်လှည်းသည်။ ဘုရားကို ဆီမီး ပူဇော်သည်။ ပန်းရေချမ်းကပ်သည်။ တံခါးတွေ အဖွင့် အပိတ် လုပ်သည်။ ဘုရားရှိခိုးသည်။ ပုတီးစိပ်သည်။ မေတ္တာပို့သည်။

တံခါးတွေလည်း ပိတ်လည်းပြီးသွားရော ဘုရားခန်းအတွင်းမှ "တောက်" တစ်ချက်ခေါက်သံကြားလိုက်ရသည်။ တောက်ခေါက်သံကြားသဖြင့် အာဂန္တုဘုန်းကြီးက ဘုရားခန်းထဲ လှမ်းကြည့်လိုက်သည်။ ဘုရားခန်းအတွင်းမှ ပိုးစုန်းကြူးလောက် မီးသေးသေးကလေးဝင်းပြီး ထွက်လာသည်။ နောက်သော် တဖြည်းဖြည်းကြည့်ရင်းကြည့်ရင်း ယင်းမီးကလေးမှာ မန်ကျည်းစေ့လောက် ဖြစ်လာသည်။ ထို့နောက် ဒင်္ဂါးလောက်၊ ဇလုံလောက်၊ လင်ဗန်းလောက်အထိ ဖြစ်လာသည်။ အာဂန္တုဘုန်းကြီးလည်း ပရိတ်ကြီး (၁၁)သုတ်ရွတ်သည်။ သရဲဘုန်းကြီးကလည်း လိုက်ရွတ်သည်။ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ ကမ္မဝါစာတွေ ရွတ်သည်။ မရပေ။ နောက်ဆုံးတွင် ပဋ္ဌာန်းတော်ကို ရွတ်ဖတ်လေတော့သည်။ ထိုအခါကျမှ ဘုရားခန်းထဲက မီးမှာ တဖြည်းဖြည်း မှိန်မှိန်သွားသည်။ သရဲဘုန်းကြီးက "သည်းခံတော်မူပါ၊ ကယ်တော်မူပါ၊ အဲဒီပဋ္ဌာန်းတရားတော်ကို ဆက်မရွတ်ပါနဲ့"ဟု တောင်းပန်လျှောက်ထားသည်။ ငွေဒင်္ဂါးအိုးကို စွဲ၍သေသဖြင့် သရဲဖြစ်ရကြောင်း လျှောက်ထားသည်။ ထိုငွေဒင်္ဂါးများကိုရောင်းပြီး ဆွမ်းကျွေးအမျှဝေလိုက်မှ သရဲဘဝမှ ကျွတ်လွတ်သွားသည်။

(သီတဂူဆရာတော်၏ အမြွတ်ရတနာကိုးကွယ်ပါစာအုပ်မှ)

စာဖတ်ပရိသတ်များ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ကြရသဖြင့် လောကီစီးပွားများလည်း တိုးတက်ကြပါစေ။ ဘေးအန္တရာယ်များလည်း ကင်းဝေးကြပါစေ။ ။

ကူမြို့၊ ဘုရားကြီးကျောင်းတိုက်၊ အသံမစဲငွေရတုပဋ္ဌာန်းပူဇော်ပွဲ
အထိမ်းအမှတ်စာစောင် (စက်တင်ဘာလ၊ ၂၀၀၉)

❑

# ဒီပနီကျမ်းများက ပြောပြသော
# လယ်တီဆရာတော်ဘုရားကြီးအကြောင်း

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ သီတင်းသုံးနေထိုင်တော်မူကြသည့် သင်တန်းသားရဟန်းတော်များ စာတမ်းဖတ်ပွဲအတွေ့အကြုံရစေရန်လည်းကောင်း၊ စာပေအရေးအသားဆိုင်ရာ ဗဟုသုတများရစေရန်လည်းကောင်းရည်ရွယ်၍ မြန်မာစာနှင့်ယဉ်ကျေးမှုစာတမ်းဖတ်ပွဲကို (၁၈-၁-၂၀၀၉)နေ့က မဟာဘွဲ့နှင်းဓမ္မာရုံပေါ်၌ကျင်းပခဲ့ပါသည်။ မန္တလေးမြို့၊ (R.M.C.G) ကွန်ပျူတာစင်တာက ကမကထပြုကျင်းပခြင်းဖြစ်သည်။ စာရေးသူသည် ယင်းစာတမ်းဖတ်ပွဲတွင် "**ဒီပနီကျမ်းများကပြောပြသော လယ်တီဆရာတော်ဘုရားကြီးအကြောင်း**" အမည်ရှိစာတမ်းကို ဖတ်ကြားဖြစ်ခဲ့ပါသည်။

### လယ်တီဆရာတော် ရုပ်ရှင်ကြည့်ခဲ့ဖူးသလား

လယ်တီဆရာတော်ဘုရားကြီးသည် ဝိပဿနာဒီပနီကျမ်းကို ရေးသားရာ ကောဇာသက္ကရာဇ် ၁၂၇၆-ခုနှစ်၊တပေါင်းလဆန်း ၁၄ရက် (ခရစ်နှစ်၁၉၁၅-ခုနှစ်၊ဖေဖော်ဝါရီ၂၆ရက်)တွင် ပြီးစီးပါသည်။ ယင်းဒီပနီကျမ်း "ဝိပဿနာလုပ်ငန်း" (ဒီပနီပေါင်းချုပ်၊အတွဲ-၁။

စာ-၆၀)ခေါင်းစဉ်အောက်ရှိ စကားရပ်များ၌ ဝိပဿနာဉာဏ်သုံးပါး အကြောင်းရေးသားရာတွင် အောက်ပါစာပိုဒ်ပါရှိပါသည်။

"ဝိပဿနာဉာဏ်သုံးပါးတို့တွင် ရှေးဦးစွာ အနိစ္စထင်မြင်မှုသည် အရေးအကြီးအဆုံးဖြစ်၏၊ အဘယ်သို့ ထင်မြင်နိုင်ရမည် နည်းဟူမူ အရိပ်ပွဲပြရာ၌ တခုသောအရိပ်မှာ တခဏာအတွင်း၌ပင် လှုပ်ရှားမှုတွေ့၊ အဆက်ဆက် အဆင့်ဆင့် ပြောင်းလဲမှုတွေ အဘယ် မျှလျင်မြန်လေသနည်း၊ အဘယ်မျှ အထွေထွေအပြားပြား များလေ သနည်း"

အထက်ပါစာပိုဒ်၌ "အရိပ်ပွဲ" ဟူသော စကားရပ်ပါရှိပါသည်။ ယခုခေတ်တွင် ရုပ်ရှင်ဟု ခေါ်ဝေါ်သုံးနှုန်းနေသောအရာကို ရှေးခေတ်က အရိပ်ပွဲဟုလည်းကောင်း၊ ဓာတ်ရှင်ဟုလည်းကောင်း သုံးနှုန်းခဲ့ကြောင်း သိရပါသည်။ (မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ၊၄။ စာ-၄၀)

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီး သုံးနှုန်းသော ယင်း "အရိပ်ပွဲ" ဆိုသော စကားရပ်မှာ ရုပ်ရှင်ကို ဆိုလိုသည်ဟု မှတ်ယူမိပါသည်။ လယ်တီဆရာတော် အရိပ်ပွဲဟုခေါ်သော ရုပ်ရှင်ကို ကိုယ်တိုင်ကြည့်ခဲ့လေသလား၊ သို့မဟုတ် သူများပြောသည်ကို နားထောင်ပြီး ရေးခဲ့လေသလားဟု စဉ်းစားစရာရှိရာတွင် ကိုယ်တိုင် ကြည့်ခဲ့သည်ဟု ယူဆစရာရှိပါသည်။ ဆရာတော်ကိုယ်တိုင် ရေးသား ခဲ့သော အောက်ပါစာပိုဒ်များကို ဖတ်ကြည့်ခြင်းအားဖြင့် မှန်းဆသိနိုင် ပါသည်။

"ဓာတ်ရိပ်ကြီးငယ်တစ်ခုကို စေ့စုံစွာ စဉ်းစား၍ ကြည့်ရှုကြ ပါလျှင် ဓာတ်ရိပ်၌ ဝိပရိဏာမ၊ အညထာဘာဝအချက်တို့သည် တစ်မိနစ် တစ်စက္ကန့်အတွင်းမှာပင် ရာထောင်မကရှိနေကြသည်ကို

တွေ့မြင်ကြကုန်ရာ၏၊ တွေ့မြင်သမျှသော ထိုဝိပရိဏာမ,အညထာ ဘာဝမှုတို့သည် ထိုဓာတ်ရိပ်မှာ အနိစ္စချည်းပေတည်း၊ မရဏမှုချည်း ပေတည်း၊ ဓာတ်၏ သေဆုံးမှုချည်းပေတည်း"

"ထိုဓာတ်ရိပ်ကို သွားခြင်းအခိုက်အတန့်၊ ရပ်ခြင်းအခိုက် အတန့်၊ ထိုင်ခြင်းအခိုက်အတန့်၊ အိပ်ခြင်းအခိုက်အတန့်၊ ကွေးခြင်း အခိုက်အတန့်၊ ဆန့်ခြင်းအခိုက်အတန့်၊ ထိုထိုကိုယ်အင်္ဂါအစိတ် တို့၏ အထွေထွေ ပြောင်းလဲခြင်း အခိုက်အတန့်တို့ကို လုပ်ကြ၍ စေ့စုံစွာ ကြည့်ရှုကြပါလျှင် ထိုအရိပ်မှာ ထိုထိုအခိုက်အတန့် အတွင်း၌ ဓာတ်တို့၏ အနိစ္စမှုတွေ၊ မရဏမှုတွေ ပြည့်လျက်နေသည်ကို သိမြင် ကြကုန်လတ္တံ့။ သွားခြင်းအခိုက်အတန့်တွင် တစ်ခုတစ်ခုသော ခြေလှမ်းအတွင်း၌ ဓာတ်တို့၏ အနိစ္စတွေ၊ မရဏတွေ ပြည့်လျက် နေသည်ကို သိမြင်ကြကုန်လတ္တံ့"

ယခုဖော်ပြခဲ့သော စာပိုဒ်များ၌ ဓာတ်ရိပ်ဟုဆိုအပ်သော ရုပ်ပုံများ၏ ဖြစ်ပျက်ပြောင်းလဲနေပုံကို အသေးစိတ်ရေးပြခြင်းကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ စကားသုံးနှုန်းပုံကို ကြည့်ခြင်း အားဖြင့် လည်းကောင်း စာရေးဆရာများသည် အကြောင်းအရာ တစ်ခုကို သေချာစွာနားလည်ပြီးမှသာ ရေးလေ့ရေးထရှိကြသော ကြောင့်လည်းကောင်း ဆရာတော်ကိုယ်တိုင်းရုပ်ရှင်ကြည့်ခဲ့ဖူးသည်ဟု မှန်းဆရပါသည်။

စာရေးဆရာများသည် အကြောင်းအရာတစ်ခုကို နား မလည်သေးပါက နားလည်သော ပုဂ္ဂိုလ်များထံ မေးမြန်းလေ့ရှိကြပါ သည်။ ဥပမာ...စာရေးဆရာမ မစန္ဒာသည် ဆဋ္ဌဂံဝတ္ထုရေးသားစဉ် က ပဋိသန္ဓေနှင့်ပတ်သက်သော အကြောင်းအရာများကို ရေးမည် ဆိုသောအခါ မိတ်ဆွေဆရာဝန်များထံ သွားရောက်မေးမြန်း၍

နားလည်မှသာလျှင် ရေးသားခဲ့သည်ဟုဆိုပါသည်။ ထို့ကြောင့် လယ်တီဆရာတော်ကြီးသည်လည်း ကိုယ်တိုင်နားလည်အောင်လေ့လာပြီးမှ ရေးခြင်းဖြစ်နိုင်ပါသည်။ အရိပ်ပွဲခေါ် ရုပ်ရှင်ကိုကိုယ်တိုင်ကြည့်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ မည်သို့သောအကြောင်းအရာမျိုးကို ကြည့်ခဲ့သည်ဟုတော့ အတိအကျ မပြောနိုင်ပါ။

(မှတ်ချက်။ ။ ရန်ကုန်မြို့ တရုတ်တန်းအနောက်ဘက်ကျုံးဟောင်းနေရာတွင် မြေဖို့ပြီးနောက် ၁၉၁၀-ပြည့်နှစ်မှစ၍ ရွက်ထည်ရုံကလေးများဆောက်လုပ်ကာ ရုပ်ရှင်စတင်ပြသခဲ့သည်။ ၁၉၁၀-ပြည့်နှစ်တွင် ထင်ရှားလာခဲ့သည့် ရွက်ထည်ရုပ်ရှင်ရုံကလေးမှာ အမည်မရှိသော်လည်း ပြသသူ မျက်နှာဖြူမောင်နှံကို အစွဲပြု၍ အယ်ဒီဆင်ရုံဟုခေါ်ဆိုကြသည်။ ရွက်ထည်ရုံအတွင်းမီးလုံးကလေးများတပ်ဆင်ထားပြီး ကျောက်မီးသွေးဖြင့် မောင်းနှင်သော ဓာတ်အားပေးစက်ကိုအသုံးပြုလျက် ပါသီလက်လှည့်ပြဇာတ်ဖြင့် ရုပ်ရုပ်ကားပိုင်းတိုများကို ပြသခဲ့ခြင်းဖြစ်သည်။ ၁၉၁၀-ပြည့်နှစ်၌ပင် ဂျူဒါအီစကယ်လမ်း (ယခုသိမ်ဖြူလမ်း)၌ သွပ်မိုးသွပ်ကာဖြင့် စတားရုပ်ရှင်ရုံပေါ်ပေါက်လာပြန်သည်။ ထို့နောက် ယခု စစ်သမိုင်းပြတိုက်နေရာ၌ အလမ်တရာရုပ်ရှင်ရုံ ပေါ်ပေါက်လာခဲ့၏။ အလမ်တရာရုပ်ရှင်မှာ အနီးရှိ ဂေါ်ရာကုန်းမှ မျက်နှာဖြူစစ်သားများအတွက် သီးခြားဆောက်လုပ်ထားခြင်းဖြစ်သည်။ ရုပ်ရှင်ရုံများတွင် အထိုး၊ အသတ်၊ ဒိုင်ဗင်၊ မြင်းစီး၊ သေနတ်ပစ်စသောအမေရိကန် ဇာတ်ကားတိုများကို ပြသခဲ့ရာ အယ်ဒီဆင်ရုံ၌ ရုံဝင်ခလေးပဲ၊ နောက်မှီထိုင်ခုံပါ ရှစ်ပဲဖြစ်ကြောင်းသိရှိရ၏။ (တင်နိုင်တိုး၊ ပုဂ္ဂိုလ်ထူးတို့၏ ဘဝတစ်ကွေ့ အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကားမှ မြန်မာသရုပ်ဆောင်များ-ဆောင်းပါးမှ WeeklyELEVEN ၄-၂-၂၀၀၉)

(မြန်မာရုပ်ရှင်ဓာတ်ကားရိုက်ကူးရန်မှာ ၁၉၁၈-ခုနှစ်တွင် လန်ဒန်အတ်ဦးအုန်းမောင် စတင်ကြိုးစည်းအားထုတ်ခဲ့သည်။ ၁၉၂၀-ပြည့်နှစ်တွင် ဗိလတ်သွားမြန်မာကိုယ်စားလှယ်ကြီး ဦးထွန်းရှိန်၏ ဈာပနသတင်း ကားကို စတင်ပြသခဲ့သည်။ အနောက်နိုင်ငံများ၌ ရုပ်ရှင်လုပ်ငန်းကို မြန်မာနိုင်ငံထက် နှစ်ပေါင်းလေးဆယ် (၁၈၈၀ ခုနှစ်)လောက်စော၍ လုပ်ကိုင်ခဲ့ကြသည်။ (မြန်မာ့စွယ်စုံကျမ်း၊အတွဲ ၁၀၊စာ-၃၃၀)

## လယ်တီဆရာတော်နှင့် ဓာတ်ပွဲ

လယ်တီဆရာတော်သည် ဓမ္မသဘာဝများကို စာဖတ်ပရိသတ်များလွယ်ကူစွာနားလည်စေရန် အရိပ်ပွဲခေါ် ရုပ်ရှင်ဥပမာဖြင့် ရှင်းပြသလို ဓာတ်ပွဲဥပမာဖြင့်လည်း ရှင်းပြထားသည်ကို တွေ့ရပါသည်။ ယင်းဥပမာဖြင့်ပင် ၁၂၆၀-ပြည့်(၁၈၉၉)နှစ်များအတွင်းက မြန်မာ့ဓာတ်သဘင်ကပြရာ၌ အပြင်အဆင်ကိုလည်း တစ်စေ့တစ်စောင်း ပြောပြလျက်ရှိပေသည်။ နားထောင်ကြည့်ပါ။

"ညအခါ ဓာတ်သဘင်ခံရာ၌ အလယ်၌ကြီးစွာသော မီးစာတိုင်ကြီးကို လုပ်၍ အိုးခင်းကြီးစွာနှင့် ထားပြီးလျှင် ဆီ ရေနံလောင်း၍ မီးထွန်းကြ၏။ ထိုသို့ထွန်းရာ၌ မီးတောက်၏အသက်သည် ရေနံဆီမှာနေ၏။ ရေနံဆီအားကြီးလျှင် မီးတောက်အားကြီး၏။ ရေနံဆီလျော့ပါးလျှင် မီးတောက်လျော့ပါး၏။ ရေနံကုန်ခဲ့လျှင် မီးတောက်ကွယ်ပျောက်လေ၏"

"ထို့အတူ ဤခန္ဓာကိုယ်ဖြစ်၍နေသော မြေဓာတ်ကြီး ရေဓာတ်ကြီး လေဓာတ်ကြီး အကြည်ဓာတ် ခြောက်ပါးအလုံးစုံသည် မီးတိုင်ကြီးနှင့်တူ၏။ ကိုယ်နှင့် အပြည့်ရှိနေသော အဇ္ဈတ္တဓာတ်ဆီစု

သည် မီးစာတိုင်ကြီးအတွင်းမှာ ရှိနှင့်ရင်း ဓာတ်ဆီစုနှင့်တူ၏။ တစ်ကိုယ်လုံးနှင့် အပြည့်ရှိနေသော အဗျတ္တမီးစုသည် ထိုမီးစာတိုင်ကြီးမှာ အတွင်းအပြင်အနှံ့ စွဲကပ်၍ တောက်နေသော မီးတောက်နှင့်တူ၏။ သတ္တဝါတို့၌ နေ့စဉ်စားအပ်သောက်မျိုအပ်သော အစာတွင်ပါသော ဗဟိဒ္ဓဓာတ်ဆီစုသည် ထိုမီးတိုင်ကြီးမှာ မပြတ်မပြတ် ထပ်မနားလောင်းရသော ရေနံဆီနှင့် တူ၏"

(ဝိဇ္ဇာမဂ္ဂဒီပနီ။ဒီ-ချုပ်၊အတွဲ ၂ ။စာ-၃၄၂)

ယခုဖော်ပြခဲ့သော စကားရပ်များကို ထောက်ဆ၍ လယ်တီဆရာတော်သည် မင်းသားမင်းသမီးများ ကပြသည်ကို မကြည့်ဖြစ်စေကာမူ၊ မကြည့်ဘူးစေကာမူ ဇာတ်ပွဲအပြင်အဆင်ပုံကိုဖြင့် ကေန်မြင်ဖူးရလိမ့်မည်ဟု ဆိုနိုင်ပါသည်။

(မှတ်ချက်။ ။ လယ်တီဆရာတော်ရေးပြသော ဇာတ်သဘင်ဆိုရာ၌ မြေဝိုင်းဇာတ်သဘင်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုခေတ်မြေဝိုင်းဇာတ်သဘင်ကပြကြပုံမှာ မြေပြင်ပေါ်တွင် မဏ္ဍပ်ထိုး၍ဖြစ်စေ၊ မဏ္ဍပ်မပါဘဲဖြစ်စေ အလယ်၌ သစ်ပင်တစ်ပင်ကို ခေတ္တစိုက်ကာ ထိုသစ်ပင်၏အနား၌ ဝါးစေ့ သို့မဟုတ် လွှာစာတို့ကို ရေနံကြီးနှင့် ဖျော်ကာ အိုးကင်းနှင့် ထည့်၍ မီးရှို့ထားလေသည်။ ထိုသစ်ပင်ကို လှည့်ပတ်ကာ ကရသောကြောင့် မြေဝိုင်းဟူ၍လည်းကောင်း၊ ပန်းပင်လှည့်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြလေသည်။

(ရေသည်ပြဇာတ်အဖြေစုံ၊ စာ-၇။ ဟံသာဝတီဦးဘရင်)

## လယ်တီဆရာတော်၏ အချိန်ကို အကျိုးရှိစွာအသုံးချမှု

လယ်တီဆရာတော်ဘုရားကြီးသည် အချိန်ကို တန်ဖိုးရှိစွာ အသုံးချတတ်သည့် ဆရာတော်ဖြစ်ကြောင်း သိရပါသည်။

ဆရာတော်ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၅၇-ခုနှစ်(ခရစ်နှစ်၁၈၉၆)အတွင်း အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ဘုရားဖူးကြွရောက်တော်မူပါသည်။ ယင်းခရီးစဉ်အတွင်း ပဋိစ္စသမုပ္ပါဒ်လင်္ကာနှင့် ယင်းလင်္ကာအဖြေတို့ကို ရေးသားတော်မူခဲ့ပါသည်။ ပဋိစ္စသမုပ္ပါဒ်လင်္ကာကို မန္တလေးမှ ရန်ကုန်ခရီးစဉ်အတွင်း စာပို့ရထားပေါ်၌ ရေးသားတော်မူပါသည်။ ယင်းလင်္ကာအဖြေကိုမူ ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း ပင်လယ်ကူးသင်္ဘောပေါ်နှင့် ဗုဒ္ဓဂါယာ၌ ဘုရားဖူးလှည့်လည်စဉ်အတွင်း ရေးသားတော်မူခဲ့ပါသည်။

(ပဋိစ္စသမုပ္ပါဒဒီပနီ၊ဒီ-ချုပ်၊ အတွဲ-၃၊စာ-၄၆)

ဆရာတော်ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၆၅-ခုနှစ်၊ တပေါင်းလဆုတ် ၁၁, ၁၂, ၁၃ရက် (ခရစ်နှစ် ၁၉၀၄-ခုနှစ်၊မတ်၁၁, ၁၂, ၁၃)ရက်များက မန္တလေးမြို့၊ လယ်ကိုင်းမြို့စား၊ ဝန်ရှင်တော် ကင်းဝန်မင်းကြီး အိမ်ဦး၌ တရားနာလာရောက်ကြကုန်သော မှူးတော်မတ်တော် ရဟန်းရှင်လူပြည်သူ အပေါင်းတို့အား တရားဓမ္မဟောပြောလျက် သီတင်းသုံးနေတော်မူခဲ့ပါသည်။ယင်းအိမ်ဦး၌ သီတင်းသုံးနေစဉ်အတွင်း အာနာပါနဒီပနီကျမ်းကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

(အာနာပါနဒီပနီ၊ဒီ-ချုပ်၊အတွဲ ၂ ။စာ-၃၆၇)

ဆရာတော်ဘုရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၇၆-ခုနှစ်၊တပေါင်းလဆန်း(၁၉၁၅-ခုနှစ်၊ဖေဖော်ဝါရီ) က မန္တလေးမြို့၊ အနောက်ပြင် စင်ရှင်လမ်း၊ ကျုံးထိပ်တွင် နိုင်ငံခြားဗုဒ္ဓဘာသာသာသနာပြုအသင်းကြီး နှစ်စဉ်စည်းဝေးရာဌာန ရတနာသီရိကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့ပါသည်။ ယင်းကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ဝိပဿနာဒီပနီကျမ်းကို ရေးသား

တော်မူခဲ့ပါသည်။ တပေါင်းလဆန်း ၁၄(ဖေဖော်ဝါရီ ၂၆)ရက်နေ့တွင် ရေးသားပြီးစီးသည်။ (ဝိပဿနာဒီပနီ၊ဒီ–ချုပ်၊တွဲ–၁။စာ–၆၂ )

ယခုဖော်ပြခဲ့သော စကားရပ်များကို ထောက်ဆ၍ လယ်တီဆရာတော်ဘုရားကြီးသည် ခရီးသွားစဉ်ဖြစ်စေ၊ အိမ်များ, ကျောင်းတိုက်များ၌ ခေတ္တသီတင်းသုံးခိုက်၌ဖြစ်စေ အချိန်ကို အလဟဿမဖြစ်စေဘဲ ကျမ်းရေးသားခြင်းဖြင့် အကျိုးရှိစွာအသုံးချလေ့ရှိကြောင်း သိရပါသည်။ ကျမ်းစာများကို ရေးသားရာ၌ အကိုးအကားပြုစရာ ပိဋကတ်ပေစာထုပ်ကြီးများကို ယူဆောင်သွားဟန်မတူပေ။ပိဋကတ်စာပေကို တတ်မြောက်ပြီးဖြစ်ရုံသာမက တရားသဘောကိုလည်း နားလည်ထားပြီးဖြစ်ရကား တစ်ခါတည်းပင် ချရေးလိုက်ခြင်း ဖြစ်နိုင်ကြောင်း မှန်းဆရပါသည်။

### အချိန်ဖြုန်းနေသူများကို သတိပေးတော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင်က ပရိယတ်ပဋိပတ်အလုပ်ဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချနေသလို အခြားသောသာသနာတွင်းသား ရဟန်းရှင်လူများကိုလည်း တရားဓမ္မအားထုတ်ခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချစေလိုသည်။ သို့သော်များစွာသော ရဟန်းရှင်လူတို့ကမူ အိပ်စက်ခြင်းဖြင့် အဖိုးမဖြတ်နိုင်သောအချိန်ကို ဖြုန်းပစ်နေကြပါသည်။ ထိုအကြောင်းကို သိတော်မူသဖြင့် အောက်ပါအတိုင်း သတိပေးရေးသားတော်မူထားပါသည်။

“ဤသာသနာတော်၌ ဗောဓိပက္ခိယဓမ္မအစီးအပွားသည် အထွတ်အမြတ်ဖြစ်၏။ သတ္တဝါတို့အိပ်ကြရာ ဆိတ်ငြိမ်သောညဉ့်နာရီအစုသည် ဗောဓိပက္ခိယဘာဝနာစီးပွားကိုအားထုတ်ကြရာ မြို့အလယ်ရွာအလယ်၌ပင် တောအသွင်ကဲ့သို့ အထူးသင့်လျော်သောအခါဖြစ်၏”

"ယခုအခါ သာသနာဂိုဏ်းဝင် လူရှင်အပေါင်းတို့အား နိဒ္ဒါရာမတာ (အိပ်ခြင်း၌မွေ့လျော်ခြင်း)အပေါက်ရှိကြသည့်အတွက် ထိုအချိန်နာရီတွေကို အိပ်မှုနှင့်ဖြုန်း၍ပစ်ကြကုန်၏။ ဓမ္မန္တရာယ်ကြီး တစ်ပါးဖြစ်၏" (ဘာဝနာဒီပနီ၊ဒီ-ချုပ်၊ တွဲ ၂ ၊ စာ-၁၂၇)

## လယ်တီဆရာတော်၏ ယုံကြည်မှုတစ်ရပ်

မဂ္ဂင်ဒီပနီ၊ (ဒီ-ပေါင်းချုပ်၊တွဲ ၁၊စာ-၁၇၁) "ထာဝရဟူသည့် အဘယ်သူနည်း" ခေါင်းစဉ်အောက်၌ ပါရှိသော "ကောင်းကင်၌ နေ၊လ၊နက္ခတ်တာရာကြယ်အပေါင်းတို့သည် နတ်တို့၏ နေရာကောင်းကင်ဘုံ ဗိမာန်တို့ပေတည်း" ဟူသော စကားရပ်ဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ ယုံကြည်မှုတစ်ရပ်ကို ဖော်ပြနေပါသည်။ ဆရာတော်ဘုရားကြီးသည် ကောင်းကင်ရှိ နေ၊ လ၊ နက္ခတ်တာရာများကို နတ်တို့၏ နေရာဘုံဗိမာန်များဟု ယုံကြည်ကြောင်း သိရပါသည်။

(မှတ်ချက်။ ။ဆရာတော်ဘုရားကြီး၏ ယုံကြည်မှုမှာ လပေါ်၌ လူသားတို့ ခြေမချနိုင်ခင်က ယုံကြည်မှုမျိုး ဖြစ်ပါသည်။ လပေါ်၌ လူသားများခြေချနိုင်ခဲ့သည့်မှစ၍ ဤဘက်ခေတ်က လူသားများကမူ ထိုကဲ့သို့ ယုံကြည်ကြတော့မည်မထင်ပါ။ နေ၊လ၊ ကြယ်ဆိုသည်တို့မှာ ဂြိုဟ်များသာဖြစ်သည်ဟု ယုံကြည်နေကြပါသည်။ ၁၉၆၉-ခုနှစ်၊ ဇူလိုင် ၂၀ရက်တွင် လကမ္ဘာပေါ်၌ လူသားတို့ ပထမဆုံးခြေချနိုင်ခဲ့ကြသည်။ အာကာသ ယာဉ်မှူးများဖြစ်ကြသော နီးလ်အမ်စထရောင်း၊ မိုက်ကယ်လ်ကောလင်းနှင့် အက်ဒ်ဝင်အီး အယ်လ်ဒရင်း ဂျူနီယာတို့ဖြစ်သည်။ ၂၀၀၄-ခုနှစ်၊ ဇူလိုင် ၁၆ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာ)

## လယ်တီဆရာတော်၏ အယူအဆတစ်ရပ်

ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်များ၌ သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ခုနစ်ရပ်ကျင့်စဉ်များကို ပြဆိုထားပါသည်။ ယင်းဖွင့်ပြချက်များ၌ အစိပ္ပါယ်မှန်ကန်စွာမယူဆတတ်သော တစ်ချို့ဆရာတော်များက သမထ, ဝိပဿနာတရား တစ်မျိုးမျိုးအားထုတ်လိုသူတို့အား "သီလနှင့် ပြည့်စုံပြီလား၊ သီလနှင့် မပြည့်စုံဘဲ အားထုတ်လျှင် ဘယ်ကလောက် အားထုတ်အားထုတ် တရားထူးမရနိုင်ဘူး" ဟု မိန့်ကြားတတ်ကြပါသည်။ ထိုမိန့်ကြားချက်မှာ လွန်စွာအန္တရာယ် ကြီးမားကြောင်း ဆရာတော်က အောက်ပါအတိုင်း ရေးသားထားပါသည်။ ဆရာတော်ဘုရားကြီးတို့ခေတ် ရဟန်းရှင်လူတစ်ချို့၏ အယူအဆတစ်ရပ်ကို တစ်စေ့တစ်စောင်း မီးမောင်းထိုးပြနေသော စကားရပ်ဖြစ်သည်ဟု ယူဆမိပါသည်။

"ကျမ်းဂန်တို့၌ တိုက်ရိုက်ရှိနေသော ဝိသုဒ္ဓိ ၇-ရပ်ပဋိပတ်ကျင့်စဉ်များကိုသာတွေ့ရှိ၍ ခေတ်သမယကို မမြော်မိကြကုန်သော ဆရာတို့သည်ကား ယခုအခါ၌ သမထအမှု, ဝိပဿနာအမှုများကို အားထုတ်ပါသည်ဆိုလျှင် သီလဝိသုဒ္ဓိပြည့်စုံပြီလား၊ သီလဝိသုဒ္ဓိ မရှိလျှင် အာပေါက်အောင် စီးဖြန်းသော်လည်းမဖြစ်ဟု ပြောဆိုလေ့ရှိကြကုန်၏။ အချို့သော လူပြိန်းတို့ကလည်း ထိုစကားကို နားယောင်ကြကုန်၏။ ဓမ္မန္တရာယ်ဖြစ်လေ၏။ ထိုသူတို့သည် အခါသမယကို မသိကြသည့်အတွက် ဘုရားသာသနာနှင့် တွေ့ကြုံမှုရနိုင်ယူနိုင်သော ဝိဇ္ဇာမျိုးစေ့ (လက္ခဏာ ရေးသုံးပါးကို အောက်မေ့မှုဝိဇ္ဇာမျိုး)မှအပ ဖြစ်ကုန်လတ္တံ့." (ဗောဓိပက္ခိယဒီပနီ၊ဒီ-ပေါင်းချုပ်၊တွဲ-၁၊စာ-၂၆၄)

ဖော်ပြပါ စကားရပ်ဖြင့် ကျမ်းဂန်အဓိပ္ပါယ်ယူဆရာ၌ မှန်မှန်ကန်ကန် ယူဆတတ်ရန်လိုကြောင်း ညွှန်ပြနေပါသည်။ ကျမ်းဂန်

အဓိပ္ပါယ်ကိုယူဆရာ၌ ကျမ်းဆရာ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်ဖို့လိုရုံသာမက အခြားအချိန်ကာလကို သိခြင်းစသော အကြောင်းတရားများကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုသည်ဟု လယ်တီဆရာတော်က ယူဆပါသည်။ ဝိသုဒ္ဓိမဂ်စသည်တို့၌ သောတာပတ္တိမဂ်၏ ရှေးအဖို့၌ဖြစ်သော သီလဝိသုဒ္ဓိစသော ပဋိပတ်ကျင့်စဉ်များကို ပြဆိုရခြင်းမှာ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်နှစ်မျိုးတို့၏ အကျိုးငှါထားတော်မူအပ်သော ပဋိပတ်ကျင့်စဉ်ကို ပြဆိုလိုခြင်းကြောင့်သာဖြစ်သည်။ အနာထပိဏ် ဝိသာခါတို့သည် သောတပတ္တိမဂ်၏ ရှေးအဖို့၌ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိအစရှိသော ပဋိပတ်ကျင့်စဉ်များကို ကျင့်ကြသည်မရှိကုန်ပြီ။ ဤသို့အဓိပ္ပါယ်မှန်ကို ကောက်ယူရမည်။ ဆရာတော်ဘုရားကြီး၏သဘောတော်မှာ ဘုရားသာသနာနှင့် တွေ့ကြုံနေရမှု ခေတ်ကောင်းအခါ ကောင်းကြီးဝယ် လက္ခဏာရေး သုံးပါးကို ရှုပွားခြင်းဖြင့် ဝိဇ္ဇာမျိုးကို ရအောင်ယူလိုရင်းပင်ဖြစ်သည် (ဗောဓိပက္ခိယ ဒီပနီ၊တွဲ-၁။စာ-၂၅၈)

## ဘာသာရေးအမြင်နှင့် လောကီအမြင်

လယ်တီဆရာတော်ဘုရားက သမ္ဖပ္ပလာပသိက္ခာပုဒ်အကြောင်းဖွင့်ပြရာ၌ "သမ္ဖပ္ပလာပဝိရတိ ဆိုသည်ကား လောက၌ ဆန်းကြယ်စွာလုပ်ကိုင်၍ထားကြကုန်သော ရာမဇာတ်ဝတ္ထု၊ အိနောင်ဇာတ်ဝတ္ထု၊ ငွေတောင်ဇာတ်ဝတ္ထု၊ ဘာရတဇာတ်ဝတ္ထု အစရှိကုန်သော ဒဏ္ဍာရီဝတ္ထုဇာတ်တို့သည်ရှိကုန်၏။ ထိုဇာတ်ဝတ္ထုတို့၌ ကြားနာသောသူတို့အား အလိမ်မာတိုးပွားရန် အတ္ထနှင့်ယှဉ်သော စကား၊ ဓမ္မနှင့်ယှဉ်သောစကား၊ ဝိနယနှင့် စပ်ယှဉ်သောစကား ဟူ၍ မပါမရှိ၊ သက်သက်အားဖြင့် စိတ်ပျော်မွေ့ဘွယ်တို့ကို လုပ်ကြ၍

ထားသော စကားမျိုးသာပါရှိ၏" ဟူ၍ မိန့်ဆိုထားပါသည်။

(မဂ္ဂင်ဒီပနီ၊ဒီ-ပေါင်းချုပ်၊ တွဲ-၁။ စာ-၁၈၁)

ဆရာတော်ဘုရားကြီးက ရာမဇာတ်ဝတ္ထုစသည်တို့ကို အကျိုးမရှိသော သမ္ဖပ္ပလာပတွေဟု မိန့်တော်မူပါသည်။ ဆရာတော်ဘုရားကြီးမှာ ဘာသာရေးနယ်ပယ်ကပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ဘာသာရေးအမြင်ဖြင့်ကြည့်၍ ဆိုခြင်းဖြစ်ဟန်တူပါသည်။ဆရာတော်ဘုရားကြီး၏အမြင်တစ်မျိုးဟု မှတ်ယူနိုင်ပါသည်။

(မှတ်ချက်။ ။ လူဝတ်ကြောင်ပညာရှင်များကမူ ဆရာတော်ကြီးအမြင်နှင့် အမြင်ချင်းတူကြလိမ့်မည် မထင်ပါ။ အနုပညာတန်ဖိုး၊ စာပေတန်ဖိုး၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုး စသည်အကျိုးရှိပါသည်ဟု အကြောင်းပြကြလိမ့်မည်ထင်ပါသည်။)

## ရာသီဥတုသဘာဝအခြေအနေကို အလေးထားမှတ်သားတတ်ခြင်း

တချို့ဆရာတော်ကြီးများသည် ပိဋကတ်စာပေ၌သာ စိတ်ဝင်စားတတ်ကြပါသည်။ ပိဋကတ်စာပေ၌သာစိတ်ကို နှစ်မြှုပ်ထားတတ်ကြပါသည်။ တိုင်းရေးပြည်ရေးကိစ္စစသော ပြင်ပအကြောင်းအရာများကိုမူ စိတ်မဝင်စားတတ်ကြပေ။ ဘာမှမသိကြပေ။ လယ်တီဆရာတော်ဘုရားကြီးကမူ ပိဋကတ်စာပေ၌သာမက ပြင်ပအကြောင်းအရာများကိုလည်း စိတ်ဝင်စားတော်မူပါသည်။ ပြင်ပအကြောင်းအရာများကိုလည်း အလေးထားမှတ်သားလေ့ရှိပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ကမ္ဘာ့ရာသီဥတု၊ မြန်မာ့ရာသီဥတုအခြေအနေနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း အလေးထားဂရုတစိုက်မှတ်သားတတ်ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာကြီးမီးရေလေတို့ကြောင့် ပျက်ပုံ၊တည်ပုံတို့ကို ရေးသားရာ၌

မျက်မှောက်ခေတ်တွင် ကြားသိနေရသော မီးရေလေဟူသော သဘာဝဘေးအန္တရာယ်များကြောင့်၊ ရာသီဥတုဆိုးရွားမှုကြောင့် ကမ္ဘာ့နိုင်ငံအချို့၌ ပျက်စီးရပုံများအကြောင်းကို ဥပမာအဖြစ် ထည့်သွင်းရေးသားရှင်းပြထားသည်ကို တွေ့ရပါသည်။

"အနောက်နိုင်ငံများမှာ ရဲခါရဲခါ မီးတောင်ပေါက်မှု မိုးကြီးကြီးစွာရွာ၍ မြို့ရွာအများပျက်ပြားမှု၊ ပင်လယ်ရေလွှမ်း၍ မြို့ရွာအများပျက်ပြားမှု၊ လေကြီးကြီးစွာလာ၍ မြို့ရွာအများပျက်ပြားမှုတို့ကဲ့သို့တည်း" (နိယာမ ဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ ၄၃၆)

"ကမ္ဘာပေါ်မှာ အချို့သော မြို့ရွာတို့၌ မိုးသီးမိုးကြီးစွာရွာ၍ လူသူကျွဲနွားများပင် ပျက်စီးကြောင်း အိမ်ရာတိုက်တာများ ပြိုပျက်ကြောင်း၊ ဆောင်းရာသီအခါတွင် ဟိမဝန္တာတောတောင်များမှာ ကောင်းကင်မှ ကျလာသော ဆီးနှင်းတို့သည် မြေသို့ရောက်၍ အလွန်အေးမြသောလေတို့နှင့် တွေ့ကြရာ ဆီးနှင်းခဲတွေတောင်ရှိ (တောင်လောက်)၊ ကမ်းရှိ(ကမ်းလောက်)ဖြစ်ကြောင်း၊ ဇမ္ဗူဒီပါ၏ မြောက်အရပ်မျက်နှာတို့၌ ဆောင်းရာသီအခါ အေးမြလှစွာသော လေတို့၏တွေ့ထိမှုကြောင့် သမုဒ္ဒရာပင်လယ်ရေနယ်တခွင် ခဲပျဉ်၍ နေသောကြောင့် လှေ၊ မီးသင်္ဘောများ မသွားမလာနိုင်ရှိနေကြကြောင်း၊ မြောက်အရပ်ဒေသ ရုရှ(ရုရှား)နိုင်ငံရှိ မြစ်ကြီးမြစ်ငယ်တို့မှာလည်း ထို့အတူ ဆောင်းရာသီ၌ မြစ်ရေ၊ ချောင်းရေ ခဲပျဉ်၍ နေသောကြောင့် လှေ၊ မီးသင်္ဘောများ မသွားနိုင်၊ မလာနိုင်ရှိနေကြောင်း၊ ဆောင်းရာသီအခါ၌ ငါတို့နိုင်ငံတွင် မိုးကုတ်၊ မိုးမိတ် စသော ရှမ်းပြည်နယ်ပယ်များမှာလည်း ဆီးနှင်းခဲမှု ထင်ရှားရှိနေကြောင်းများကို မြွက်ထောက်ကြလေ"

(နိယာမဒီပနီ၊ ဒီ-ချုပ်၊ တွဲ၊၁။စာ-၄၃၉)

ပတ်ဝန်းကျင်ကို ဂရုတစိုက်မှတ်သားတတ်မှု

လယ်တီဆရာတော်ဘုရားကြီးသည် ပတ်ဝန်းကျင်ကို ဂရုတစိုက် အလေးထားမှတ်သားတတ်သည်ကို တွေ့ရပါသည်။မြင်မြင်သမျှကို ဂရုတစိုက်မှတ်သားတတ်ပါသည်။ အသေးအဖွဲဟု ထင်ရသောအရာဝတ္ထုများကိုပင် အလေးထားမှတ်သားတတ်ပါသည်။

ဝိပလ္လာသသုံးပါးတို့အနက် သညာဝိပလ္လာသအဓိပ္ပါယ်ကို "သညာဝိပလ္လာသဆိုသည်ကား အမှတ်မှားခြင်းတည်း"ဟု ဖွင့်ပြပါသည်။ ယင်းအမှတ်မှားပုံကို နားလည်စေရန် တောသမင်ဥပမာဖြင့် ရှင်းပြပါသည်။

"သညာဝိပလ္လာသ၌ တောသမင်ဥပမာဆိုသည်ကား တခုသော တောကြီးအလယ်၌ စပါးခင်းလုပ်ကိုင်၍ထား၏၊ တောသမင်တို့သည် လယ်ရှင်ယောက်ျားမရှိခင် ထိုစပါးခင်းသို့လာ၍ အသီးအနှံတို့ကို စားတတ်ကြ၏၊ လယ်ရှင်သည် တောသမင်တို့ကို ကြောက်လန့်စေခြင်းငှါ မြက်ခြောက်တို့ကို လူသဏ္ဌာန်ပြုလုပ်၍ စပါးခင်းအလယ်၌စိုက်ထား၏၊ ထိုလူရုပ်၌ မြက်ခြောက်တို့ကို လျှော်ဖြင့်ဖွဲ့စည်း၍ ကိုယ်သဏ္ဌာန်, ဦးခေါင်းသဏ္ဌာန်, လက်သဏ္ဌာန်လုပ်၏၊ အိုးငယ်ကို ထုံးဖြူဖြင့် မျက်နှာသဏ္ဌာန်ရေး၍ ဦးခေါင်း၌စွပ်ထား၏၊ အဝတ်ဟောင်း အင်္ကျီဟောင်းတို့ကို ဝတ်စွပ်၍ထား၏၊ လက်တို့၌ လေးမြှားတို့ကို ကိုင်စွဲ၏၊ တောသမင်တို့သည် ထိုစပါးခင်းသို့ စားအံ့သောငှါလာကြကုန်ရာ ထိုလူရုပ်ကို မြင်ကြလျှင် လူမဟုတ်သည်၌ လူအဟုတ် ထင်မှတ်ကြောက်လန့်၍ ပြေးကြကုန်၏။

ဤဥပမာတွင် တောသမင်တို့၌ ပကတိသော လူ၏အသွင်ကို ရှေး၌မှတ်ရင်းရှိ၏၊ ထိုအမှတ်အတိုင်း မြက်ရုပ်ကို လူဟူ၍မှတ်ပြန်၏၊ အမှတ်မှား၏၊ သညာဝိပလ္လာသသည် ဤတောသမင်ဥပမာနှင့်

တူ၏၊ အလွန်တိမ်ကောသ၏၊ မျက်စိလည်သောသူသည် နေထွက် နေဝင်ကြောင်ကြောင်မြင်လျက်နှင့် မှားသကဲ့သို့ ကြောင်ကြောင် မြင်လျက်နှင့် မှားတတ်၏၊ မှားမိပြန်လျှင် အလွန်ခိုင်မြဲတတ်၏၊ ပြောင်းလွဲ၍မရနိုင်ရှိတတ်၏။ ကိုယ်ခန္ဓာတို့၌ အသုဘအချက်, အနိစ္စ, ဒုက္ခ,အနတ္တအချက်များသည် ကိုယ်တွေ့မျက်မြင်ထင်ရှားသည်လည်း အလွန်များ၏၊ ကြောင်ကြောင်မြင်မျိုးပင်ဖြစ်၏၊ သညာဝိပလ္လာသည် တောသမင်ကဲ့သို့ ကြောင်ကြောင်မြင်လျက်နှင့် မှားတတ်၏"

(ဝိပဿနာဒီပနီ၊ ဒီ-ချုပ်၊ တွဲ ၁။ စာ-၂ )

ယခုဖော်ပြခဲ့သော စာပိုဒ်များမှ အဓိကပြောလိုသည်မှာ သမင်ခြောက်ရုပ်လုပ်ပုံအကြောင်းပင်ဖြစ်ပါသည်။ သမင်ခြောက်ရုပ် လုပ်ပုံကို အသေးစိတ်ရေးပြထားပါသည်။ ဆရာတော်ဘုရားကြီးသည် ဟိုဟိုဒီဒီကြွတော်မူရာတွင် ကြွတော်မူရာ လမ်းဘေးဝဲယာရှိ စပါးခင်း စသော စိုက်ခင်းများကို ဖြတ်ကြွတော်မူရပါလိမ့်မည်။ ယင်းသို့ ဖြတ်ကြွခိုက်တွင် စိုက်ခင်းများအတွင်း၌ သီးနှံများကို ကျေးငှက်များ မစား မသောက်မဖျက်ဆီးနိုင်ရန် မြက်, ကောက်ရိုးတစ်ခုခုဖြင့် ပြုလုပ်ထားသော သမင်ခြောက်ရုပ် (စာခြောက်ရုပ်)များကို မြင်တွေ့ ပါလိမ့်မည်။ ယင်းအရုပ်ကို စိတ်ထဲတွင် သေသေချာချာမှတ်သားထား ပါလိမ့်မည်။ ထို့ကြောင့် ယခုကဲ့သို့ ခက်ခဲသော ပရမတ္ထတရား၏ အဓိပ္ပါယ်ကို ရှင်းပြဖို့ အခွင့်ကြုံလာသောအခါ မြင်ဖူးတွေ့ထားသော ယင်းအရုပ်ကိုပင် ဥပမာပေးလိုက်ခြင်းဖြစ်ပါသည်။

သက်မဲ့များကိုသာမဟုတ်၊ သက်ရှိများကိုလည်း ဘဝနိမ့်ကျ ရှာသော မှဆိုးတံငါသည်များဖြစ်စေကာမူ စိတ်ဝင်တစားမှတ်သား ထားတတ်ကြောင်း တွေ့ရှိရပါသည်။

"တံငါသူကြီးတယောက်သည် ထိုကဲ့သို့ တိုက်တွန်းမှုကြောင့် တံငါအလုပ်တန်းလန်းနှင့်ပင် သဂြိုဟ်ကိုးပိုင်း ပါဠိအနက်၊ ပဋ္ဌာန်းပါဠိတော်ပစ္စယနိဒ္ဒေသပါဠိအနက်အကုန်လုံး သွက်သွက်လည် ရ၍နေသည်ကို ငါတို့တွေ့ကြုံရဘူး၏။ ဝိဇ္ဇာမျိုးကောင်းကောင်း ကြီးဖြစ်သော အမှုပေတည်း"

(ဗောဓိပက္ခိယဒီပနီ၊ဒီ-ချုပ်၊တွဲ ၁၊စာ-၂၆၄)

ထို့နောက် ဆရာတော်က ဒါယကာ ဥပါသကာတို့နှင့် တွေ့ဆုံသောအခါ ၄င်းကျင့်သုံးပုံကိုလည်း အောက်ပါအတိုင်း ဆက်လက်ရေးသားထားပါသည်။

"ယခုကာလ ဒါယကာ ဥပါသကာတို့နှင့် တွေ့ဆုံသောအခါ ရဟန်းပီပီ စကားပြောဆိုလျှင် မုဆိုးတံငါအားပင်ဖြစ်သော်လည်း ရတနာသုံးပါးဂုဏ်နှင့် လက္ခဏာရေးသုံးပါးတို့ကို မမေ့မလျော့ကြနှင့်ဟု ဟောပြောမြဲဖြစ်၏။ ရတနာသုံးပါးဂုဏ်ကို မမေ့မလျော့မှုကား သမထမျိုးပေတည်း၊ လက္ခဏာရေးသုံးပါးကို အောက်မေ့မှုကား ဝိဇ္ဇာမျိုးပေတည်း၊ မုဆိုးတံငါပင်ဖြစ်သော်လည်း ထိုမနသိကာရမျိုးကို ပြုအပ်ပေသည်ဆိုလျှင် တွင်တွင်တိုက်တွန်းခြင်းကိုသာ ပြုအပ်၏၊ မုဆိုးတံငါသည် သမထ, ဝိပဿနာကို နှလုံးသွင်း၍ ဘာဖြစ်မလဲဟု မဆိုအပ်၊ မထင်တတ် မမြင်တတ်ရှိခဲ့လျှင် ထင်တတ်, မြင်တတ်အောင်ဟုသာ ပြောဟော၍ ပေးရမည်၊မပြောတတ်လျှင် ကြိုးစားပါဟု တိုက်တွန်းရမည်၊ ဝါသနာဘာဂီ ပါရမီမျိုးစေ့ကိုပင် အထွတ်အမြတ်ပြုရသောအခါ ဖြစ်သည်"

(ဗောဓိပက္ခိယဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၂၆၄)

ဘဝအကျိုးပေးအခြေအနေအရ မုဆိုးတံငါအလုပ်ဖြင့် အသက်မွေးသူများဆိုလျှင် "သေရင် အပါယ်သွားရမယ့်သူတွေပဲ"

ဟု များစွာသော ရဟန်းရှင်လူများက သတ်မှတ်ထားကြကာ ကုသိုလ်ကောင်းမှုပြုလုပ်ရန် မတိုက်တွန်းတတ်ကြပေ။ မတိုက်တွန်းလိုကြပေ။ ဆရာတော်ဘုရားကြီးကမူ ထိုသူများအပေါ် စာနာစိတ်ထားရှိကာ ဝါသနာမျိုးစေ့ပါတန်သရွေ့ပါသွားစေရန် ရတနာသုံးပါးဂုဏ်နှင့် လက္ခဏာရေးသုံးပါးကို မမေ့မလျော့ကြဖို့ ဟောပြောတတ်သည်။ အခြားပုဂ္ဂိုလ်များကိုလည်း ၎င်းကဲ့သို့ ဟောပြောကြဖို့ တိုက်တွန်းတော်မူလေသည်။

## တောကျောင်း၌ သီတင်းသုံးမှု

လယ်တီဆရာတော်သည် တောကျောင်း၊ ရွာကျောင်းများ၌ သီတင်းသုံးရသည်ကို နှစ်သက်ဟန်တူပါသည်။ ယင်းကျောင်းများ၌ သီတင်းသုံးသည့်အကြောင်းကို ဆရာတော်၏ကျမ်းစာများ၌ တွေ့ရပါသည်။

၁။ မုံရွာမြို့၊ လယ်တီတောရကျောင်း (စတုသစ္စဒီပနီကျမ်း၊ ဒီ-ချုပ်။ တွဲ-၁။စာ-၂၅၀) (ဗောဓိပက္ခိယဒီပနီ၊ ဒီ-ချုပ်၊ တွဲ၁။ စာ-၃၅၃) (နိဗ္ဗာနဒီပနီ၊ ဒီ-ချုပ်၊ တွဲ ၃-၅၆၂) (နိယာမဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၄၂၁) (ဝိဇ္ဇာမဂ္ဂဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၂။ စာ-၃၆၄)

၂။ မုံရွာမြို့အနောက်တောင် တစ်ဂါဝုတ်ခန့်အကွာ လက်ပံတောင်းအမည်ရှိသောတောင် ဝါဆိုစကြံကျောင်း (စတုသစ္စဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၂၅၀) (ကမ္မဋ္ဌာနဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၃။ စာ-၇၅၁)

၃။ ပျဉ်းမနားမြို့၊ စမ်းကျတောကျောင်း (ဘာဝနာဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၂။စာ-၁)

၄။ အလုံမြို့၏ တောင်ဘက် ရွှေတောင်ဦးတောင်ပေါ် ကျောက်ဂူ စကြံကျောင်း (အနတ္တဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၂။ စာ-၄၅၇)

၅။ မုံရွာမြို့နယ်၊ လယ်စဉ်ရွာ၊ ဓမ္မိကာရုံကျောင်းတိုက်။ (နိဗ္ဗာနဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၃။ စာ-၅၆၂ )

## ဘုရားဖူးကြွတော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည်လည်း ဘုရားဖူးခရီးများကြွတော်မူတတ်ကြောင်း သိရပါသည်။ ၁၂၅၇-(၁၈၉၆)ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မဟာဗောဓိ(ဗုဒ္ဓဂါယာ)သို့ ဘုရားဖူးကြွတော်မူခဲ့ပါသည်။

(ပဋိစ္စသမုပ္ပါဒ ဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၃။ စာ-၄၆)

၁၂၆၀ပြည့်နှစ်၊ နတ်တော်လဆန်း ၄-ရက် နှင့်၅-ရက် (၁၈၉၉)တွင် မွန်ပြည်နယ်၊ဘီလင်းမြို့၊ ကုသိနာရုံဘုရားကို အဖူး အမြော်ရောက်ခဲ့ပါသည်။

(ဝိဇ္ဇာမဂ္ဂဒီပနီ၊ ဒီ-ချုပ်၊ အတွဲ ၂၊ စာ-၃၆၄)

## လယ်တီဆရာတော်ဘုရားကြီး၏ ဆရာ

လယ်တီဆရာတော်ဘုရားကြီးသည် ပါရမီဒီပနီအဆုံးတွင် ဂါထာလေးဂါထာတို့ဖြင့် နိဂုံးချုပ်ထားပါသည်။ ယင်းဂါထာတို့ကို နိဿယပြန်ဆိုရာ၌ ၄င်း၏ဆရာ၊ ၄င်း၏ဘွဲ့၊ ထိုကျမ်းကို ရေးသားစဉ် ကာသက္ကရာစသည်တို့ကို ထည့်သွင်းပြန်ဆိုထားပါသည်။ ထိုပြန်ဆိုချက် အရ ဆရာတော်ဘုရားကြီး၏စာချဆရာတော်မှာ မန္တလေးမြို့၊ မန္တလေး တောင်ခြေ စံကျောင်းတိုက်ဆရာတော် သုဒဿနဝရဓမ္မသာမိ မဟာ ဓမ္မရာဇာဓိရာဇဂုရုဆရာတော်ဖြစ်ကြောင်း သိရပါသည်။ ၄င်း၏ဆရာ

ဖြစ်သူရေးသားထားသော ဝိသတိပုစ္ဆာကျမ်း၏နိဿယကို သိကြာ(၁၄) ဝါအရ ပထမစာချဖြစ်စဉ် ၁၂၄၁-ခုနှစ်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ထိုခေတ်ထိုအချိန်က သုတ်အဘိဓမ္မာဝိနည်းတို့၌ လိမ္မာကျွမ်းကျင်သိမြင်တတ်မြောက်ကြကုန်သော နဝမဖွိုမထေရ ဖြစ်ကုန်သော ရဟန်းဟူသမျှတို့သည် များသောအားဖြင့် စံကျောင်း ဆရာတော်ထံ စာဝါလိုက်ဖူးသူများသာဖြစ်ကြသည်ဟု ဆိုပါသည်။ ထိုရဟန်းများစွာတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော မိမိ (လယ်တီ ဆရာတော်)သည်လည်း ထိုစံကျောင်းတိုက်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ ရိုကျိုးညွတ်ပျပ် တုံ့ဝပ်ခစားခြင်းကိုပြု၍ ပါဠိ အဋ္ဌကထာဋီကာနှုတ်သံပျောင်းပျသြဝါဒများကို ခံယူခဲ့ကြောင်း ဆိုပါသည်။ (ပါရမီဒီပနီ၊ ဒီ-ချုပ်၊ အတွဲ-၃။ စာ-၅၅၇)

## လယ်တီဆရာတော်ကို ကြည်ညိုဆည်းကပ်သော ပုဂ္ဂိုလ်များ

လယ်တီဆရာဘုရားကြီးသည် တရားလည်းဟော, ကျမ်း စာများလည်း ရေးသားသဖြင့် ကြည်ညိုသူဒကာ, ဒကာမ များစွာရှိခဲ့ မည်မှာ သေချာပါသည်။ ယင်းတို့အနက် စာမျက်နှာထက်တွင် တင်ကျန်ရစ်နေသော ပုဂ္ဂိုလ်အချို့ကို စာရင်းပြုစုတင်ပြလိုပါသည်။

၁။ အလုံမြို့မရွှေကျောင်းတိုက်ဆရာ ရှင်ဉာဏဝံသ (အနတ္တဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၂ ။စာ-၄၅၇)

၂။ မန္တလေးမြို့မှ ရှင်မာလာ (အလင်းကျမ်း၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၃၅၇)

၃။ ရန်ကုန်မြို့ပုဇွန်တောင် တောင်လုံးပြန်ရပ်မှ ဓာတ်ဆ ရာကြီးဆရာမြို့(ကမ္မဋ္ဌာနဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၃။ စာ- ၇၅၁)(ဘာဝနာဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၂။ စာ-၁)

၄။ မုံရွာမြို့ရုံး အမိန့်တော်ရ ရှေ့နေမောင်ကျော့၊ မောင်စံလင်း (စတုသစ္စဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၂၅၀)

၅။ ပျဉ်းမနားမြို့အုပ် မောင်ဘိုးမြ၊ ကုန်သည် မောင်လှ (ဗောဓိပက္ခိယဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၂၅၃)

၆။ ရေဦးမြို့ နယ်ပိုင်ဝန်ထောက်မောင်စံမင်း၊

၇။ မြို့ပိုင် မြို့အုပ် မောင်ပေါ်ရှန်၊

၈။ တန့်ဆည်မြို့အုပ် မောင်ဘိုးဆိပ်၊

၉။ ဒီပဲရင်းမြို့အုပ် ထိပ်တင်ဝ၊

၁၀။ တမာတောမြို့အုပ်ထိပ်တင်ကြီး၊ (အလင်းကျမ်း၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၃၅၇)

၁၁။ ရန်ကုန်မြို့၊ ဓမ္မသာဝနဗုဒ္ဓသာသနာပြုအသင်းကြီး၏ ဦးစီးဥက္ကဋ္ဌဖြစ်သော ပင်စင်အငြိမ်းစား ဝန်ထောက်မင်း ဦးရွှေကိုဝ်၊(နိယာမဒီပနီ၊ဒီ-ချုပ်၊တွဲ-၁။စာ-၄၂၁)

၁၂။ ပုသိမ်မြို့၊ ရုံးအင်စပက်တော် မောင်ကျော်စံ၊

၁၃။ မုံရွာမြို့၊ အခွန်ဝန် မောင်လူကလေး၊

၁၄။ မုံရွာမြို့အုပ် မောင်ထွေး၊

၁၅။ မုံရွာမြို့ အမိန့်တော်ရ ရှေ့နေ မောင်ကြော့၊

၁၆။ ဘုတလင်ဝန်ထောက် မောင်ရွှေ၊

၁၇။ ပန်းချိတိုက် ပုလဲဝန်ထောက် မောင်ဘော၊ (နိဗ္ဗာနဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၃။ စာ-၅၆၁)

၁၈။ လယ်ကိုင်းမြို့စား ဝန်ရှင်တော် ကင်းဝန်မင်းကြီး၊

၁၉။ ဝန်ရှင်တော်မင်းကြီး၏ သား ပုသိမ်မြို့အုပ်၊

၂၀။ မန္တလေးအရေးပိုင်မင်းရုံးတော်စာရေးကြီး မောင်ခင်
(အာနာပါနဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၂။ စာ-၃၆၇)

ဖော်ပြခဲ့သောစာရင်းကို ကြည့်ခြင်းအားဖြင့် လယ်တီဆရာတော်ဘုရားကြီးကို ကြည်ညိုဆည်းကပ် ကိုးကွယ်ကြသော ပုဂ္ဂိုလ်များမှာ ရာထူးရာခံနှင့် အထက်တန်းလွှာပုဂ္ဂိုလ်များဖြစ်ကြောင်း သိနိုင်ပါသည်။ ယင်းသို့သော အထက်တန်းကျ၍ အရှိန်အဝါရှိသော ပုဂ္ဂိုလ်များ၏ ကြည်ညိုလေးစားမှုကိုခံယူရသဖြင့် ဆရာတော်ဘုရားကြီး၏ သီလသမာဓိပညာဂုဏ်သိက္ခာလည်း မြင့်တက်လာရပေသည်။ ထိုပုဂ္ဂိုလ်များ၏ ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားမှုကြောင့် ရေးသားရသောကျမ်းစာကိုလည်း လူအများက လေးစားကြမည်မှာ မလွဲပေ။ မြတ်စွာဘုရားရှင် တရားဦးဓမ္မစကြာဟောတော်မူမည်ရှိသောအခါ ထိုခေတ်လူတို့ မိမိအပေါ်ရိုသေလေးစား စိတ်ကိုင်းညွတ်လာစေရန် ယင်းဒေသမှ လူများကိုးကွယ်နေသော သဟမ္ပတိဗြဟ္မာမင်း၏ တောင်းပန်မှုကို ခံယူပြီးမှ ဟောတော်မူသကဲ့သို့ဖြစ်လေသည်။ (နှစ်ဖက်လုဦးကျော်လွင်။ တေမိယဇာတ်တော်ကြီး၊ စာ-၁၁)

**ဓာတ်ဆရာကြီး ဆရာမြို့**

တောင်းပန်လျှောက်ထားသူများအနက် ရန်ကုန်မြို့၊ ပုဇွန်တောင် တောင်လုံးပြန်ရပ်မှ ဓာတ်ဆရာကြီးဆရာမြို့မှာ ဆရာတော်ကြီးနှင့် အတော်ရင်းနှီးဟန်တူပါသည်။ ဆရာတော်ကြီးအပေါ် အတော်ကြည်ညိုလေးစားဟန်တူပါသည်။ ၎င်းဓာတ်ဆရာကြီးသည် ဆရာတော်ကြီး ပျဉ်းမနားမြို့ စမ်းကျတောရကျောင်း၌ ဝါကပ်စဉ်က ယင်းတောရကျောင်း၌ ဝါတွင်းသုံးလပတ်လုံး ရက်ရှည်ဥပုသ် စောင့်

သုံးလျက် ဆရာတော်ကြီး၏ တရားဓမ္မများကို နာယူခဲ့ပါသည်။ ဘာဝနာဒီပနီကျမ်းကို ရေးသားဖို့လည်း တောင်းပန်လျှောက်ထားခဲ့ပါသည်။

တစ်ဖန် ဆရာတော်ကြီး မုံရွာမြို့အနောက်တောင် ခရီးမြန်မာတစ်တိုင်ကျော်အကွာ လက်ပံတောင်းတောင်၌ ဝါကပ်စဉ်ကလည်း ၄င်းဓာတ်ဆရာကြီးသည် ထိုကျောင်းသို့ လိုက်လာပြန်၍ ဝါတွင်းသုံးလပတ်လုံး ဥပုသ်စောင့်ထိန်းလျက် သမထဝိပဿနာတရားများကို ကြိုးစားအားထုတ်နေခဲ့ပါသည်။ ထိုအချိန်ကလည်း ကမ္မဋ္ဌာနဒီပနီကျမ်းကို ရေးသားဖို့ရန် တောင်းပန်လျှောက်ထားခဲ့ပါသေးသည်။

## လယ်တီဆရာတော်၏ ဆုတောင်း

လယ်တီဆရာတော်သည် ဝိသတိပဋ္ဌာကျမ်း၏ နိဿယ (ပါရမီဒီပနီ)ကို စီရင်ရေးသားရခြင်းကြောင့် ရရှိသောကုသိုလ်၏ အစွမ်းကြောင့် အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ပုညကုသိုလ်ကိုယ်ကျင့်အရာ၌ တစ်ရံတစ်ခါမျှ မမေ့ကြကုန်ဘဲ ထိုက်သင့်လျော်ကန် ရည်သန်ဆုတောင်းအပ်သော သမ္ဗောဓိသုံးပါးနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းထားပေသည်။

(ပါရမီဒီပနီ၊ ဒီ-ချုပ်၊ အတွဲ ၃။ စာ-၅၅၈)

နိဗ္ဗာနဒီပနီကျမ်းနိဂုံး၌လည်း များစွာသော သုတ္တန်ပါဠိတော်အပေါင်းတို့၏ စုဆောင်းသက်ဝင်ရာ ဖြစ်သော နိဗ္ဗာနဒီပနီအမည်ရှိသောကျမ်းကို ရေးသားစီရင်အပ်သော ကောင်းမှုကြောင့် အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကောင်းသော အကျင့်ရှိကုန်သည်ဖြစ်၍ ယခုဘဝပစ္စက္ခ၌ မျက်မှောက်ဒိဋ္ဌ တွေ့ကြုံရသော သမ္ပတ္တိနိ

ဗ္ဗာန်, တဒင်္ဂနိဗ္ဗာန်ကို ရကြကုန်သည်ဖြစ်၍ အတုမရှိကြီးမြတ်သော ပရမတ္ထနိဗ္ဗာန်ကို ဆောလျင်ထုတ်ချောက် ပေါက်ရောက်ပြီးစီးကြပါစေဟု ဆုတောင်းထားပါသည်။

(နိဗ္ဗာနဒီပနီ၊ ဒီ-ပေါင်းချုပ်၊ တွဲ-၃။ စာ-၇၂၈)

## လယ်တီဆရာတော်၏ အသံဩဇာ

လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၇၂-ခုနှစ်၊ ကဆုန်လ (၁၉၁၀ ခုနှစ်၊မေလ)အတွင်း ရေဦးမြို့၌ "အမိုက်ကြီးငါးပါး, အလင်းကြီးငါးပါး" တရားကို ဟောတော်မူခဲ့ပါသည်။ ထိုတရားပွဲတွင် တရားနာပရိသတ် တစ်ထောင်ကျော်မျှလောက်ရှိသည်ဟု ဆိုပါသည်။

တစ်ဖန် ထိုနှစ် တပေါင်းလဆန်း ၇-ရက် (၁၉၁၁၊ မတ် ၁၁ရက်) နေ့ညတွင် မန္တလေးရွှေမြို့တော် ဒေါင်းရိုးရပ်ကွက်၌ ထိုတရားတော်ကိုပင် ဟောတော်မူပါသည်။ ယင်းတရားပွဲတွင်ကား တရားနာပရိသတ် ငါးထောင်ကျော်မျှလောက်ရှိသည်ဟု ဆိုပါသည်။ ထိုအချိန်တွင် ဆရာတော်ဘုရားကြီး၏ သက်တော်မှာ (၆၄)နှစ်ပင် ရှိပါပြီ။ ထိုမျှလောက်များပြားလှသော တရားနာပရိသတ်ကို ဆရာတော်ကြီး၏ ပကတိအသံတော်ဖြင့် ကြားအောင် ဟောနိုင်ပါသလားဟု စဉ်းစားစရာရှိပါသည်။

သိပ္ပံပညာရှင် သောမတ်အယ်လ်ဗာအယ်ဒီဆင်သည် ၁၈၇၆ (၁၈၇၇)ခုနှစ်တွင် ဓာတ်စက်တယ်လီဖုန်းရှိ နားထောင်ခွက်နှင့် စကား ပြောခွက်များကို တီထွင်ပြီးဖြစ်ရာ (မြန်မာ့အလင်းသတင်းစာ။ ၁၀-၁၀-၂၀၀၈) လယ်တီဆရာတော် တရားဟောချိန်တွင် နှစ်ပေါင်း ၃၀-ကျော်မျှကြာခဲ့ပြီ ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၌ ထိုဓာတ်စက်နှင့်စကားပြောခွက် (မိုက်ကရိုဖုန်း) အသုံးပြုနေမှုရှိ ,မရှိ ဆန်းစစ်

ရန်ရှိသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ပကတိသံဖြင့်ပင် ဟောလိမ့်မည်ဟု ထင်မိပါသည်။

## လယ်တီဆရာတော်၏ ဒေသချစ်စိတ်

လယ်တီဆရာတော်သည် ငှင်းဖွားမြင်ရာဒေသကို ချစ်ဟန်တူပါသည်။ ဒေသသံယောဇဉ်ရှိဟန်တူပါသည်။ နတ်ပြဟ္မာတို့၏ ဘုံဗိမာန်အကျယ်အဝန်းကို ဥပမာပေးရာ၌ ငှင်းဇာတိမြို့နှင့် ငှင်းသိတင်း သုံးဖူးရာမြို့ကို ဥပမာပေးထားသည်ကို တွေ့ရပါသည်။

"ဘုံဗိမာန်တို့ကား ၁၂-ယူဇနာ၊ ၁၅-ယူဇနာ၊ ယူဇနာ ၂၀၊ ယူဇနာ ၃၀၊ ယူဇနာ ၆၀ စသည်ရှိ၏။ တစ်ခုတစ်ခုသော ဘုံဗိမာန်သည် ငါတို့ မြန်မာနိုင်ငံ၌ အလုံမြို့ကြီး၊ ဒီပဲရင်းနယ် မြို့ကြီးတစ်ခု၊ တစ်ခုမျှမက ကြီးကျယ်၏။ နေဗိမာန်တစ်ခုသည် ပင်လျှင် ငါတို့မြန်မာနိုင်ငံမျှမက ကြီးကျယ်၏"

(ကမ္ဗဋ္ဌာနဒီပနီ၊ ဒီ-ချုပ်၊ အတွဲ-၃။ စာ-၇၅၅)

## ဘာသာခြားအယူဝါဒများအကြောင်းကို နားလည်ခြင်း

လယ်တီဆရာတော်သည် မိမိ၏ ဗုဒ္ဓဘာသာအယူဝါဒမှ တစ်ပါး အခြားဘာသာအယူဝါဒများအကြောင်းကိုလည်း လေ့လာ တတ်သိနားလည်ဟန်တူပါသည်။ ထိုဘာသာခြားအယူဝါဒများ အကြောင်းကို အောက်ပါအတိုင်း ရေးသားထားပေသည်။

ထိုဘာသာတို့၌လည်း---

(၁) ထာဝရဘုရားသည် ကိုးကွယ်ရာတစ်ပါး၊

(၂) ထာဝရဘုရား၏ ပညတ်တော်သည် ကိုးကွယ် ရာတစ်ပါး၊

(၃) ကောင်းကင်တမန်များနှင့်တကွ ခရစ်ဆရာ, မဟာမက် ဆရာအစရှိသော သာသနာပြုဆရာများသည် ကိုးကွယ်ရာတစ်ပါး၊

(၄) မိမိတို့ပြုကြသော ဘာသာဝတ်တရားမှုဟူသော ကံသည် ကိုးကွယ်ရာတစ်ပါးဟူ၍ ဗုဒ္ဓဘာသာ မှာကဲ့သို့ ကိုးကွယ်ရာလေးပါးဖြစ်၏။

"ခရစ်ဘာသာ, မဟာမက်ဘာသာ, ဘုရင်ဂျီဘာသာတို့၌ ကမ္ဘာ၏အဖြစ်အပျက်, သတ္တဝါတို့၏ အဖြစ်အပျက်အလုံးစုံတို့သည် ထာဝရဘုရား၏ တန်ခိုးတော်ကြောင့်ချည်း ဖြစ်ကုန်သည်ဟု မှတ်ယူကြကုန်၏၊ ထာဝရဘုရားသည် မိမိကို ယုံကြည်စွာ ကိုးကွယ်ကြကုန်သော လူအပေါင်းတို့ကို တန်ခိုးတော်၏အစွမ်းဖြင့် ကယ်တင်၏၊ ထိုလူတို့၌ရှိသော ဒုစရိုက်အပြစ်တို့ကို တန်ခိုးတော်၏ အစွမ်းအားဖြင့် ပျောက်ငြိမ်းစေ၍ သေသည်မှနောက်၌ မိမိနေရာ ကောင်းကင်ဘုံသို့ ကယ်တင်၍ ထာဝရအသက် ထာဝရသုခကိုပေးနိုင်သည်ဟု မှတ်ယူစွဲလမ်းကြကုန်၏။ သတ္တဝါတို့၌ ကောင်းကျိုး, မကောင်းကျိုးဟူသမျှတို့သည် ထာဝရဘုရား ပြုပြင်ရာဖြစ်ရကုန်၏"

(မဂ္ဂင်ဒီပနီ၊ ဒီ-ချုပ်၊ တွဲ-၁။ စာ-၁၆၅)

ဆရာတော်ဘုရားကြီးရေးသားသွားသော ဒီပနီကျမ်းများမှ ဆရာတော်ဘုရားကြီး၏ ဘဝနှင့်ပတ်သက်သည်ထင်သော အကြောင်းအရာများကို လေ့လာတင်ပြခြင်းဖြစ်ပါသည်။ အကယ်၍ ယခု ရေးသားချက်များသည် ဆရာတော်ဘုရားကြီး၏ တကယ့်ဘဝဖြစ်ရပ်မှန်နှင့် မကိုက်ညီခဲ့သော် ဆရာတော်ဘုရားကြီးအနေဖြင့် ရောက်ရာဘုံဘဝမှ ခွင့်လွှတ်ပါရန် ရိုသေလေးမြတ်စွာ တောင်းပန်ကန်တော့အပ်ပါသည်အရှင်ဘုရား။ ။

ကျမ်းကိုးစာရင်း


၁။ ဝိပဿနာဒီပနီ (လယ်တီဆရာတော်)

၂။ ဝိဇ္ဇာမဂ္ဂဒီပနီ ။

၃။ ပဋိစ္စသမုပ္ပါဒဒီပနီ ။

၄။ အာနာပါနဒီပနီ ။

၅။ ဘာဝနာဒီပနီ ။

၆။ မဂ္ဂင်ဒီပနီ ။

၇။ ဗောဓိပက္ခိယဒီပနီ ။

၈။ နိယာမဒီပနီ ။

၉။ စတုသစ္စဒီပနီ ။

၁၀။ နိဗ္ဗာနဒီပနီ ။

၁၁။ ကမ္မဋ္ဌာနဒီပနီ ။

၁၂။ အနတ္တဒီပနီ ။

၁၃။ သမ္မာဒိဋ္ဌိဒီပနီ ။

၁၄။ ပါရမီဒီပနီ ။

၁၅။ အလင်းကျမ်း ။

၁၆။ တေမိယဇာတ်တော်ကြီး(နှစ်ဖက်လှဦးကျော်လွင်)

၁၇။ မြန်မာ့စွယ်စုံကျမ်း၊အတွဲ ၉။

၁၈။ ၄င်းကျမ်း ။အတွဲ ၁၀။

၁၉။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ ၄။

၂၀။ မြန်မာ့အလင်းသတင်းစာ။(၁၆-၇-၂၀၀၄)

၂၁။ ၄င်း သတင်းစာ (၁၀-၁၀-၂၀၀၈)

၂၂။ ရေသည်ပြဇာတ်အဖြေစုံ၊ (ဟံသာဝတီဦးဘရင်)

၂၃။ Weekly ELEVEN ဂျာနယ်၊၄၊၂၊၂၀၀၉

## ဒီပနီကျမ်းများက ပြောပြသော သမိုင်းအပိုင်းအစများ

စာရေးသူအရှင်သည် ၁၃၅၇-၅၈ ပညာသင်နှစ်မှစ၍ ဓမ္မာစရိယဒုတိယနှစ်နှင့် တတိယနှစ်တို့၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရေးသားတော်မူသော ဒီပနီကျမ်းစာများကို ပို့ချပေးဖြစ်ခဲ့သည်။ ပြဋ္ဌာန်းကျမ်းစာလေးအုပ်လောက်ကို အမြဲလက်ကိုင်ထား ဖတ်ရှုပို့ချပေးဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် အခြားကျမ်းစာများကိုလည်း အခါအားလျော်စွာ ဖတ်ရှုဖြစ်ခဲ့သည်။

ဖတ်ပါများလာသောအခါ ဆရာတော်ဘုရားကြီး၏ ဝါကျတည်ဆောက်ဟန်၊ စကားအသုံးအနှုန်း အကြောင်းတို့ကို သိခွင့်ရရုံသာမက ဆရာတော်ဘုရားကြီး၏ ဘဝတစ်စိတ်တစ်ပိုင်း၊ သမိုင်းနှင့်ပတ်သက်သော အပိုင်းအစကလေးများကိုပါ တွေ့လာရပါသည်။ ဆရာတော်ဘုရားကြီး၏ ဘဝနှင့်ပတ်သက်သော အကြောင်းအရာများကို "ဒီပနီကျမ်းများက ပြောပြသော လယ်တီဆရာတော်ဘုရားကြီး အကြောင်း" စာတမ်းတွင် တင်ပြခဲ့ပြီးဖြစ်သည်။ ယခု ဒီပနီကျမ်းများ၌ပင်ပါရှိသော သမိုင်းဆိုင်ရာ အပိုင်းအစကလေးများကို ကောက်နုတ်တင်ပြလိုပါသည်။

### လယ်တီကျောင်းတိုက်သမိုင်း

ဆရာတော်ဘုရားကြီး၏ အာနာပါနဒီပနီ၊ အနတ္တဒီပနီစသော ကျမ်းတစ်ချို့၏ "အဘိယာစကနှင့် ပဋိညာဉ်" ခေါင်းစဉ်အောက်ရှိ စကားရပ်များ၌ "မုံရွာမြို့၊ လယ်တီတောကျောင်းဆရာဝါသည်" ဟူသော စကားရပ်ပါရှိပါသည်။ ယင်းစကားရပ်ဖြင့်

လယ်တီကျောင်းတိုက်သမိုင်းကို ပြောပြနေခြင်းဖြစ်ပါသည်။ လယ်တီကျောင်းတိုက်သည် ဒီပနီကျမ်းစာများရေးသားစဉ် ၁၂၈၀–ပြည့်နှစ်အတွင်းကာလများတုန်းက မြို့ထဲမပါဝင်သေးဘဲ တောထဲ၌သာရှိသေးကြောင်း သိရပါသည်။ ယခုအချိန်တွင် မြို့ထဲပါဝင်နေလေပြီ။

ယင်းစကားရပ်ဖြင့် မြို့ပြနိုင်ငံများ၏ ပထဝီအနေအထားသည်မတည်မြဲ၊ ခေတ်ကာလအလျောက် ပြောင်းလဲနေတတ်ကြောင်း သိရလေသည်။ ထိုသဘောဓမ္မတာအရ ပိဋကတ်စာပေတို့၌ပါရှိသောကျွန်းကြီးလေးကျွန်း၊ ကျွန်းရံ ၂၀၀၀၊ သမုဒ္ဒရာကြီးလေးစင်းဆိုသောစကားများသည်လည်း အမှန်တကယ်ပင်ရှိခဲ့သော အရာများဖြစ်ကြသည်။ နှစ်ပေါင်း နှစ်ထောင့်ငါးကျော်အတွင်း ပထဝီအနေအထားတို့၏ ပြောင်းလဲသွားတတ်သောသဘာဝကြောင့် မည်သည့်နေရာကိုမည်သို့ခေါ်သည်ကိုသာ ပြောမပြတတ်ဘဲရှိနေရပါသည်။

## ပုဂ္ဂိုလ်ထူးတကယ်ရှိ

အာနာပါနကမ္မဋ္ဌာန်းအားထုတ်၍ ရုန့်ရင်းသော ထွက်သက်ဝင်သက်တို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသည်၏အစွမ်းဖြင့် ကိုယ်တွင်းသန္တာန်ပူပန်ချောက်ချားမှု ငြိမ်းသွားသောအခါ ရူပကာယတစ်ခုလုံးသည်လည်းကောင်း၊ စိတ်သည်လည်းကောင်း ပေါ့ပါးလာပါသည်။ ကိုယ်ခန္ဓာကြီးသည် ကောင်းကင်သို့ မြောက်တက်မည်ကဲ့သို့ရှိပါသည်။ ထိုစကားနှင့်အညီ ဖြစ်ဖူးသော ပုဂ္ဂိုလ်ထူးမျိုးရှိကြောင်း အောက်ပါစကားရပ်ဖြင့် သိရပါသည်။

"ထက်ဝယ်ဘွဲ့ခွေထိုင်နေရာမှ လက်လေးသစ်ခန့်ကွာအောင် ကောင်းကင်သို့ တက်ကြွ၍နေသူများကို ကြားဘူးရ၏"

(အာနာပါနဒီပနီ)

ဘုန်းတော်ကြီးကျောင်းပညာရေးသင်ရိုး

များစွာသော ရဟန်းရှင်လူများသည် သံသရာမှ ထွက်မြောက်နိုင်ရန်အတွက်၊ စိတ်အေးချမ်းမှုရရန်အတွက် တရားအလုပ်ကို အားထုတ်နေကြပါသည်။ ယင်းသို့ တရားအားထုတ်ရာ၌လည်း ကျောင်းသားများ စာသင်ရာ၌ လွယ်ရာမှအခက်ပိုင်းသို့ တဖြည်းဖြည်းတက်၍တက်၍ သင်ရသကဲ့သို့ တဆင့်ပြီးတစ်ဆင့် တက်၍တက်၍ အားထုတ်ရပါသည်။ ထိုသဘောကို ရှေးခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးသင်ရိုးဖြင့် ဥပမာပြရေးသားထားပါသည်။

"လောက၌ စာပေကျမ်းဂန်သင်ကြားမှုမှာ သင်ပုန်းကြီးသည် အစအဦးဖြစ်၏။ သင်ပုန်းကြီးကြေလည်မှ အထက်စာကို သင်ကြား၍ဖြစ်သည်။ ထို့အတူ ဘာဝနာအလုပ်မှာလည်း သတိပဋ္ဌာန်သည် အစအဦးဖြစ်၏။ သတိပဋ္ဌာန်အလုပ် နေရာကျ၍ စိတ်ရှုးစိတ်နောက်ပျောက်ငြိမ်းမှ အထက်အထက်သော ကမ္မဋ္ဌာန်း ဘာဝနာအမှုများကို တည်ကြည်စွာအားထုတ်နိုင်သည်"

"ထို့ကြောင့် သတိပဋ္ဌာန်အလုပ်နေရာကျ၍ မိမိကိုယ်ခန္ဓာအစုတို့၌ တစ်နေ့လျှင် ၁-နာရီ၊ ၂-နာရီ၊ ၃-နာရီစသည်ဖြင့် မိမိစိတ်ကို တည်ငြိမ်စွာထားနိုင်ကြသောအခါ၌ သင်ပုန်းကြီးကြေလည်ပြီးသောအခါ မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသည်များကို တက်၍ သင်ကြားရသကဲ့သို့ စိတ္တဝိသုဒ္ဓိဘာဝနာဟု ဆိုအပ်သော သမထစျာန်သမာဓိ လေးပါးကို အားထုတ်ရာသတည်း" (မဂ္ဂင်ဒီပနီ)

ဖော်ပြပါ စကားရပ်များဖြင့် ရှေးခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးသင်ရိုးကိုသိရရုံသာမက တရားအားထုတ်နည်းပါ သိရလေသည်။

နိုင်ငံခြားသာသနာပြုလုပ်ငန်း

လယ်တီဆရာတော်ဘုရားကြီးသည် ဥရောပနိုင်ငံများသို့ လူကိုယ်တိုင်ကြွရောက်သာသနာ မပြုဖြစ်ခဲ့သော်လည်း အင်္ဂလန်နိုင်ငံရှိ ပါဠိပညာအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ မစ္စစ်ရိုက်ဒေးဗစ် (လန်ဒန်ပါဠိဒေဝီ)စသော ပုဂ္ဂိုလ်များနှင့်ဆက်သွယ်၍ ဘာသာရေးစာပေများရေးသားပေးပို့ကာ နိုင်ငံခြားသာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း အောက်ပါစာပိုဒ်အရ သိရပါသည်။

"ဤတွင်ရွေ့ကား ဥရောပတိုက်သား ဗုဒ္ဓဘာသာလူအများတို့၏ အကျိုးငှါ ဝိပဿနာကမ္မဋ္ဌာန်း အလုပ်ကို အကျဉ်းချုပ်စီရင်ချက်ပြီး၏။ အကျယ်မူကား ပါဠိဘာသာဖြင့် ရေးသားပြီးရှိသော်လည်း အချောမတင်ရသေးသည့်အတွက် နောက်မှ ရေးပို့ရန် ကြံရွယ်လျက်ရှိသတည်း"

"မန္တလေးမြို့၊အနောက်ပြင် စင်ရှင်လမ်း ကျုံးထိပ်တွင် နိုင်ငံခြားဗုဒ္ဓဘာသာသာသနာပြုအသင်းကြီး နှစ်စဉ်စည်းဝေးရာဌာန ရတနာသီရိကျောင်းတိုက်ကြီး၌ ၄င်းအသင်းကြီးအစည်းအဝေးကိစ္စနှင့် ကြွရောက်နေထိုင်စဉ် စီရင်အပ်သော ဝိပဿနာဒီပနီကျမ်းသည် မြန်မာသက္ကရာဇ် ၁၂၇၆-ခု တပေါင်းလဆန်း ၁၄-ရက်နေ့တွင် ပြီးပေသတည်း" (ဝိပဿနာဒီပနီ)

ဖော်ပြပါ စကားရပ်များဖြင့် လယ်တီဆရာတော်ဘုရားကြီးနှင့် မြန်မာဗုဒ္ဓဘာသာလူကြီးများ နိုင်ငံခြားတိုင်းပြည်များ၌ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် မည်သို့မည်ပုံအားထုတ်ခဲ့ကြသည်ကို တစ်စေ့တစ်စောင်းမီးမောင်းထိုးပြလျက်ရှိပေသည်။ဆရာတော်ဘုရားကြီးက မြန်မာဘာသာ၊ ပါဠိဘာသာတို့ဖြင့် ရေးပို့သည်ကို အင်္ဂလန်ရောက်မှ အင်္ဂလိပ်ဘာသာပြန်ကြခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဥရောပ

တိုက်၌ ဗုဒ္ဓသာသနာတော်အဘယ်မျှလောက်အထိ ပြန့်ပွားခဲ့သည်ကိုမူ မသိရပေ။

## ပရိယတ္တိဓမ္မအမွေခံယူကြသူများ

လယ်တီဆရာတော်ဘုရားကြီးသည် "ဓမ္မဒါယာဒ" ပုဒ်၌ ဓမ္မအရ ပရိယတ္တိဓမ္မ, ပဋိပတ္တိဓမ္မ, ပဋိဝေဓဓမ္မ ဟူ၍ သုံးပါးရှိကြောင်း ထုတ်ပြပြီးနောက် ယင်းဓမ္မများကို အမွေခံယူကြသူများကိုလည်း ထုတ်ဆောင်ပြဆိုထားပါသည်။ ထိုတွင် ပရိယတ္တိဓမ္မအမွေခံယူကြသူများကို ထုတ်ဆောင်ပြဆိုရာတွင် အောက်ပါစာပိုဒ်တစ်ပိုဒ်ပါရှိသည်။

"မန္တလေးရတနာပုံမြို့တော် ပထမမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက် စကြာဒေဝီမိဖုရားကြီးအမှူးရှိသော နန်းတော်သူအပေါင်းတို့အား ကျမ်းတတ်အကျော် ဆရာတော်လေးများ နေ့စဉ်ဝင်ကာ စာချပေး၏။ သင်္ကြိုဟ်ကိုးပိုင်းနှင့်တကွ ပဌာန်းပစ္စယနိဒ္ဒေသပါဠိတော်, သတိပဌာန် ပါဠိတော်များကို တစ်နန်းတော်လုံး ဆောင်ရွက်ကြကုန်၏။ အချို့သော မြို့စားရွာစားနန်းတော်သူမများတို့သည် ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာဋီကာကျမ်းဂန်များကို နိဿယနံစောင်မရှိဘဲ ကြည့်ရှုနိုင်ကြကုန်၏။ စကြာဒေဝီ မိဖုရားကြီးသည် ပိဋကသုံးပုံကို အကုန်ပေါက်ရောက်၏" (သာသနဒါယဇ္ဇဒီပနီ)

ဖော်ပြပါစာပိုဒ်မှာ စကြာဒေဝီမိဖုရားကြီးအမှူးရှိသော နန်းတွင်းသူများ ပိဋကစာပေ သင်ယူကြသည့်အကြောင်းကို ပြောပြနေသော အဖိုးတန်သမိုင်းအပိုင်းအစလေးတစ်စပင်ဖြစ်ပါတော့သည်။

## ငွေကြေးအမျိုးအစား

လယ်တီဆရာတော်ဘုရားကြီးသည် အတတ်ပညာတန်ဖိုး၊

ဒါနစေတနာ၏ အကျိုးပေးစသည်တို့ကို ရေးသားရာ၌ ၎င်းတို့ ခေတ်တွင် သုံးစွဲရသော ငွေကြေးများကို ဥပမာပေးကာ ရေးသား ထားသည်ကို တွေ့ရပါသည်။

"အခြားတပါးသော ဥစ္စာဟူ၍ ကြေးနီပိုက်ဆံတပြား တန်မျှမရှိသော်လည်း အတတ်ပညာ အလိမ်မာဟူသော မနောကံရှိခဲ့ လျှင် ချမ်းသာအောင် ကြံဆောင်နိုင်တော့သည်" (မဃ်္ဂဒီပနီ)

"ယခုဘဝ၌ တမတ်တန်မျှ လှူဒါန်းမှုသည် နောက်နောက် ဘဝ၌ အထောင်တန်မျှမကသော အကျိုးကိုပေးနိုင်၏" (မဃ်္ဂဒီပနီ)

"ထာဝရဘုရားကို မကိုးကွယ်ကြသော လူမျိုးတို့အား ကုန် သွယ်ခြင်း, လယ်လုပ်ခြင်း အစရှိသော ပစ္စုပ္ပန်ကံအမှုတို့ကို ပြုလုပ် အားထုတ်ရကုန်သော်လည်း ထာဝရဘုရားကို မကိုးကွယ်ကြသော ကြောင့် တမူးတပဲမျှသော ပစ္စည်းဥစ္စာကိုမျှ မရနိုင်ကြကုန်ရာ" (မဃ်္ဂဒီပနီ)

"ထာဝရဘုရားကို ကိုးကွယ်ဆုတောင်းလျှင် ယခုဘဝ၌ တမူးတန်ချမ်းသာကို ရသည်၊ တမတ်တန် ချမ်းသာကို ရသည်ဟု အရိုးအစဉ် မျက်မြင်ဒိဋ္ဌမရှိကြပါကုန်ဘဲလျက်" (မဃ်္ဂဒီပနီ)

ဖော်ပြပါ စကားရပ်များ၌ တပြား၊ တမတ်၊ တမူး၊ တပဲဟူ သော စကားရပ်များဖြင့် အင်္ဂလိပ်ခေတ် မြန်မာနိုင်ငံ၌ သုံးစွဲရသော ငွေကြေးအမျိုးအစားကို ဖော်ပြနေခြင်းဖြစ်ပါသည်။

**မီးရထားသမိုင်း**

လယ်တီဆရာတော်ဘုရားကြီးသည် ခရီးဒေသစာရီကြွ တော်မူရာတွင် ရထားစီးလျက် ကြွတော်မူတတ်သည်။ဆရာတော် ဘုရားကြီးစီးရသောရထားသည် မည်သို့သောရထားဖြစ်သည်ကို အောက်ပါစကားရပ်များဖြင့် သိနိုင်လေသည်။

"မီးရထားမီးအိုးတို့၌ စိတ်သည် ထင်းနှင့်တူ၏။ စေတနာသည် ထင်းမှာစွဲသော မီးနှင့်တူ၏။ ထင်းသားတခြား မီးသားတခြား ပေတည်း" (နိယာမဒီပနီ)

"ကြွင်းသောရထားကား အခွင့်ရသောအခါ ထွက်ရအောင် အပြီးအစီး မီးထိုး၍အသင့်နေ၏" (ဥတ္တမပုရိသဒီပနီ)

ဆရာတော်ဘုရားကြီးတို့ ခေတ်(ကောဇာ-၁၂၅၇-ခုနှစ်) (ခရစ်-၁၈၉၆)စီးရသောရထားသည် ယခုခေတ် ရထားများကဲ့သို့ ဒီဇယ်လောင်စာအသုံးပြုသော စက်ခေါင်းများမဟုတ်ဘဲ ထင်းလောင်စာကို အသုံးပြုသော စက်ခေါင်းများဖြစ်ကြောင်း သိရပေသည်။

## လမ်းပန်းဆက်သွယ်ရေး

လယ်တီဆရာတော်ဘုရားကြီး ရန်ကုန်မြို့မှ မော်လမြိုင်မြို့၊ တစ်ဖန်မော်လမြိုင်မှ သထုံသို့ တရားဟောကြွတော်မူသည့်အကြောင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

"၁၂၆၇-ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက်နေ့တွင် ရန်ကုန်မြို့မှ ပင်လယ်လမ်းခရီးဖြင့် မီးသင်္ဘောစီးနင်းတော်မူ၍ မော်လမြိုင်မြို့သို့ ကြွတော်မူပြီးလျှင် တရားဓမ္မပြသဟောပြောတော်မူ၏"

"၁၂၆၇-ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂-ရက်နေ့တွင် မီးသင်္ဘောဖြင့် သထုံမြို့သို့ ကြွရောက်၍ တရားဟောတော်မူ၏" (သမ္ဗာဒိဋ္ဌိဒီပနီ)

အထက်ပါ စကားရပ်များဖြင့် လွန်ခဲ့သည့်နှစ်တစ်ရာကျော် (၁၀၄နှစ်)က ရန်ကုန်-မော်လမြိုင်၊ မော်လမြိုင် သထုံ ခရီးစဉ်အကြောင်း၊ စီးရသည့်ယာဉ်အကြောင်း သိစေပါသည်။ ထိုစဉ်က လမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းခရီးသာ သွားရေးလာရေး အဆင်ပြေဟန်တူပါသည်။ ကုန်းလမ်းခရီးမှာ အဆင်ပြေဟန်မတူပေ။

ထိုစဉ်က ရန်ကုန်-မော်လမြိုင်မီးရထားလမ်း ရှိဟန်မတူသေးပေ။ ကားများရှိလျှင်လည်း များများစားစားရှိမည်မထင်ပေ။ သို့ကြောင့် ရေလမ်းခရီးဖြင့် ကြွတော်မူခြင်းဖြစ်ပေလိမ့်မည်။

## အင်္ဂလိပ်မင်းတို့ သဘော

ဆရာတော်သည် ဘဝနိကန္တိတဏှာ၏သဘောကို "နိဿရဏစိတ်နှစ်မရှိသော သူတို့ကို ဘဝနိကန္တိတဏှာသည် ဘဝမှ ကျွတ်လွတ်အံ့သော ပဋိပတ်လမ်း ပဋိဝေဓလမ်းများကို အားကျခွင့်မပေးမူ၍ ဘဝစည်ကားအံ့သော ပုညာဘိသင်္ခါရမျိုးဖြစ်သော တစ်ရာကုန် တစ်ထောင်ကုန် တစ်သောင်းကုန် တစ်သိန်းကုန် လှူမှု ဒါန်းမှု ဇရပ်တန်ဆောင်း ဂူကျောင်း ဘုရားဆောက်လုပ်တည်ထားမှု ငါးပါး ရှစ်ပါး ဆယ်ပါးဥပုသ်မှု လူသီလဝတ္တ ရဟန်း သီလဝတ္တ ရသေ့သီလဝတ္တ ပြုလုပ်မှုစာချပေချ ဓမ္မကထိကကျမ်းပြုဂန်ပြု ပြုလုပ်မှုတို့၌သာ အားကျခွင့်ကိုပေးသတည်း"ဟူသော စကားရပ်များဖြင့် ရှင်းပြထားပါသည်။ ထိုသဘောကို နားလည်စေရန် အောက်ပါဥပမာဖြင့် ရှင်းပြပါသည်။

"အင်္ဂလိပ်မင်းတို့သည် မိမိတို့ပိုင်ရာ နိုင်ငံသားတို့အား ဆင်းရဲသားဘဝ ဥစ္စာစီးပွားဖြစ်ထွန်းအောင် လုပ်ဆောင်အားကျမှုကိုကား ကောင်းစွာအခွင့်ပေး၏။ ပုန်ကန်ပုန်စားပြုရာသော လက်နက်ကိရိယာမှုကိုကား တစ်ထွာလေးသစ်မျှ လုပ်ခွင့်မပေးသကဲ့သို့တည်း" (ဥတ္တမပုရိသဒီပနီ)

ထိုဥပမာစကားရပ်ဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အင်္ဂလိပ်အစိုးရ၏ သဘောကို သိခွင့်ရပေသည်။

## ခွေးရူးရောဂါကာကွယ်ရေး ဆောင်ရွက်ချက်

ဆရာတော်သည် ရုပ်ခန္ဓာ၏ အဿာဒသဘော (သာယာကောင်းမြတ်သောသဘော)နှင့် အာဒီနဝသဘော(ကြောက်မက်ဖွယ်သဘော)ကို ရှင်းပြရာ၌ အောက်ပါဥပမာစကားရပ်ဖြင့် ရှင်းပြထားပါသည်။

"အင်္ဂလိပ်အစိုးရတို့သည် အလွန်ပူလောင်၍ သေစေနိုင်သော အဆိပ်တို့ကိုထည့်ပြီးလျှင် နွားသား ဝက်သား အမဲသားတို့ကို အတုံးကြီးစွာ မွှေးကြိုင်စွာချက်၍ ခွေးပေါ်ရာဌာနၞ ချပစ်၍ ထားကြကုန်၏။ ထိုအသားတုံးတို့၌ အနံ့အရသာတို့သည် ထိုအသားတုံး၌ သာယာကောင်းမြတ်သော အဿာဒတည်း။ ထိုအသားတုံးတို့၌ ပါရှိသော အဆိပ်ဘေးသည် ထိုအသားတုံးတို့၌ ကြောက်မက်ဖွယ်သော အာဒီနဝဘေးတည်း။ အဿာဒနှင့် မိအောင်ဖမ်း၍ အာဒီနဝနှင့် သတ်မှုတည်း" (ဥတ္တမပုရိသဒီပနီ)

အင်္ဂလိပ်အစိုးရလက်ထက်၌ လမ်းများ၊ ရပ်ကွက်များ၌ ခွေးလေခွေးလွင့်များ ပေါ်ပေါက်တူပါသည်။ ယင်းတို့ကြောင့် လူများ၌ ခွေးရူးရောဂါဖြစ်မှာ စိုးရိမ်ဟန်တူပါသည်။ သို့နှင့် ယင်းခွေးလေခွေးလွင့်တို့ကို အဆိပ်ခတ်ထားသော အသားတုံးများကို ကျွေးကာ သုတ်သင်ခြင်းဖြစ်ဟန်တူပါသည်။ အင်္ဂလိပ်အစိုးရ၏ ခွေးရူးရောဂါကာကွယ်ရေးသမိုင်းတစ်ကွက်အဖြစ် ရှုမြင်ရပါသည်။

## ရေမြှုပ်ပုံးအကြောင်း

ဓာစိတ်သည် အရှိန်အဟုန် လျှင်မြန်ပြင်းထန်ခြင်းသဘောရှိပါသည်။ ယင်းဓာစိတ်အဟုန်ကြောင့် သွားခြင်းရပ်ခြင်း ထိုင်ခြင်းကြိယာပုထ်များ ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ ယင်းဓာစိတ်အဟုန်ကြောင့် လူ့ခန္ဓာကိုယ်၌ ရုပ်ဓာတ်တို့ လှုပ်ရှားဖြစ်ပေါ်လာပုံကို ရေမြှုပ်

ဖုံးဥပမာဖြင့် ရေးသားထားပါသည်။

"ဇာဆိုသည်ကား အရှိန်အဟုန်လျှင်မြန်ပြင်းထန်သော ဓာတ်ဆိုလိုသည်။ တစ်သုတ်တစ်သုတ်ဖြစ်ပေါ်၍ ခုနစ်ချက်ခုနစ်ချက်ဆင့်၍မှတ်သောအခါ တစ်ကိုယ်လုံးမှာ ရုပ်ဓာတ်တို့သည် ရေမြှုပ်ဖုံးကွဲရာ ရေအိုင်ငယ်၌ ဖြန်းဖြန်းပြုံသွက်သွက်လည် ရုပ်တည်မရ ဖြစ်၍သွားသော ရေအစုနှင့်တူလှ၏။ ရေမြှုပ်ဖုံးမှာ ပရမ်းပတာကွဲ၍ အိုင်တွင်းရှိရေ ပရမ်းပတာ လှုပ်ရှားသည်" (ဥတ္တမပုရိသဒီပနီ)

ဖော်ပြပါစာပိုဒ်၌"ရေမြှုပ်ဖုံး"ဟူသောစကားလုံးကို တွေ့ရပါသည်။ မင်းတုန်းမင်းတရားကြီး၏ညီတော် အိမ်ရှေ့စံကနောင်မင်းသားကြီးသည် အောင်ပင်လယ်ကန်အတွင်း၌ ရေမြှုပ်ဖုံးများ စမ်းသပ်ဖောက်ခွဲသည်ဟူသောအကြောင်းကို ကြားဖူးပါသည်။ ထိုအကြောင်းကိုများ ရည်ရွယ်ပြီးရေးလေသလား၊ သို့မဟုတ် အင်္ဂလိပ်ခေတ်ရောက်မှ နိုင်ငံခြားစစ်တပ်များ ဖောက်ခွဲသည်ကို မြင်ဖူးလေသလားဟု စဉ်းစားစရာရှိပါသည်။ မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၌ ရေမြှုပ်ဖုံးသုံးခြင်းနှင့်ဆိုင်သော သမိုင်းအစအနကလေးတော့ သိခွင့်ရလိုက်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဒီပနီကျမ်းများ၌ နက်နဲသော ပရမတ္ထအကြောင်းများကို အဓိကရေးသားထားပါသည်။ သို့ရာတွင် ဘာသာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ယာဉ်ရထား စသည်တို့နှင့် စပ်ဆိုင်ရာသမိုင်းဆိုင်ရာ အချက်အလက်ကလေးများကိုလည်းတွေ့ရပါသည်။ ထိုအချက်အလက်ကလေးများကို ကောက်နုတ်ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ သမိုင်းဆိုင်ရာအသိဉာဏ်များ တိုးပွားကြပါစေ။ ။

မန္တလေးသာသနာ့တက္ကသိုလ်မဂ္ဂဇင်း(၂၀၀၉)

❑

အမှတ် ၂၁၉၃၇
ရက်စွဲ
သာသနာ့စာကြည့်တိုက်



## ဒေသနာပန်းတို့ လန်းပါစေ

- ပန်းတစ်ဥယျာဉ် လန်းနေရှင်ဖို့
သုတ်သင် ပေါင်းမြက် ပိုးအဖျက်တို့
ရှင်းလျက်ဖယ်ပေး မြေဆီကျွေး၍
ရေအေးမှန်စွာ ဖျန်းပက်ပါမှ
သာယာစိုပြည် ရှိမည်လေ...။

- လူသားအထု ပူရှားမှုတွက်
လူ့ကျင့်ဝတ်ကောင်း အမြဲဆောင်းလျက်
ကောင်းသောအမြင် စင်သောအယူ
ဖြူသောစရိုက် အောင်လံစိုက်မှ
သောင်းတိုက်ဒီပါ သာကြီးသာကြ...။

- တို့ရွာ တို့မြေ သာယာစေဖို့
တို့တွေဂုဏ်တင့် ကမ္ဘာဝင့်ဖို့
လူ့ကျင့်ဝတ်များ စည်သွန်းကားဖို့
လူသားအလှ မြဲတည်ပဖို့
ဇမ္ဗူမိန့်ခြွေ ကမ္ဘာမြေတွက်
ဒေသနာစကား အမွေများကို
သည်းကြားခိုဝင် ပန်ကာခင်သော်
ယဉ်ကျေးအမွေ ထွန်းကားနေမည်
တို့မြေတို့ရေ သာယာစေ... ၊
လောကအလှ ဖြာဖြာဝေ... ၊
ဒေသနာပန်းတို့ လန်းပါစေ ။ ။

ပြေလင်းမင်းလွင်
၁၂-၁၁-၂၀၀၉